လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်
ရေးသားခဲ့သော

# မှော်ဆရာ မှတ်တမ်း

ပေါင်းချုပ်

အမှတ်(၃)

ဒု တိ ယ အ ကြိ မ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကြိုကြိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၅)

**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း - ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း


**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြဲ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဋ္ဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**စာအုပ်ချုပ်** - ဝင်းပပ

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၇ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၂၀၀၀ ကျပ်

ကိုကိုလေး ၈၉၅. ၈၃

မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၅ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၂၀၇ စာ၊ ၁၀ . ၅ စင်တီ × ၇ . ၃ စင်တီ

(၁) မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၅

# မာတိကာ

| | | |
|---|---|---|
| ၁။ | မုန်စီခေါင်းကြီး | ၅ |
| ၂။ | မီးစုန်းဘုရင်မ | ၃၇ |
| ၃။ | ကြောင်မျက်စိ | ၅၀ |
| ၄။ | ဂူကြီးစံ | ၈၈ |
| ၅။ | ဝိညာဉ်တောင်း | ၁၁၅ |
| ၆။ | ရန်သူ့ပိုင်နက် | ၁၄၂ |
| ၇။ | တစ်ဘီးလိမ့်မေတ္တာ | ၁၇၂ |

# မှန်စီဓါးပင်းကြီး

(၁၉၃၄-ခု၊ မတ်လတွင်ရေးသည်)

ကျွန်တော်သည် ကျေးဇူးရှင်ဆရာကြီးနှင့်အတူ မတ္တရာမြို့သို့ လိုက်ပါလာခဲ့သည်မှာ နှစ်လကျော်သုံးလနီးပါးမျှ ရှိလာခဲ့လေရာ ထိုနှစ်လ သုံးလအတွင်းမှာပင် အထက်အခါက ရေးသားခဲ့သည့်အတိုင်း မတ္တရာမြို့ စာရေးကြီးဦးဘထွားနေအိမ်တွင် တည်းခိုရင်းနှင့်ပင် ဇင်းစာရေးကြီး ဦးဘထွား၏ညီဦးဘကြွား ယခုရဟန်းဘဝဘွဲ့ ဦးကုသလ၏ဝေဒနာကိုလည်းကောင်း၊ မြို့သူကြီးဟောင်း၏တူ မောင်ဘသက်၏ကိစ္စကိုလည်းကောင်း၊ စောင့်ရှောက်ကူမခြင်းဖြင့် အချိန်ကုန်ခဲ့ရာ . . .

တစ်နေ့သ၌မူ အိမ်ရှင်စာရေးကြီး ဦးဘထွားနှင့် စာရေးကြီး ကတော်ဒေါ်သက်စုတို့သည် ဥပုသ်နေ့ဖြစ်သဖြင့် ဦးကုသလသီတင်းသုံး နေထိုင်သည့်ပြာသာဒ်ကြီးကျောင်းတိုက်သို့ ဥပုသ်စောင့် တရားနာလိုက်ပါရန် အတန်တန်ခေါ်သောကြောင့် ကျွန်တော်နှင့်ဆရာကြီးတို့လည်း စာရေးကြီးလင်မယားနှင့်အတူ ပြာသာဒ်ကြီးကျောင်းတိုက်သို့လိုက်သွားကြရာ ထိုကျောင်းတိုက်တွင်မကြာမီကမှ ရဟန်းခံသော ဦးဘထွား၏ညီ ဦးဘကြွားခေါ် ရဟန်းတော်

ဦးကုသလနှင့်တကွ ကျောင်းထိုင်ဘုန်းကြီး ဦးနန္ဒဝံသ၊ တိုက်အုပ်ဘုန်းကြီး ဦးပညာသာမိတို့နှင့် ဆရာကြီးရော, ကျွန်တော်ပါ ဆေးဝါးပယောဂ အကြောင်းများကို နှီးနှောပြောဆိုလျက် များစွာစကားလက်ဆုံဝင်လျက် ရှိလေ၏။

တိုက်အုပ်ဘုန်းကြီး ဦးပညာသာမိမှာ (၁၀)ဝါလောက်သာရှိသော ဘုန်းတော်ကြီးတစ်ပါးဖြစ်သော်လည်း တရားဟောကောင်းသည့် ကိုယ်တော် တစ်ပါးဖြစ်လေရာ ဒကာ၊ ဒကာမများ၏ အထူးကြည်ညို လေးစားခြင်းခံရကာ လာဘ်လာဘ၊ အလှူအတန်း ရွှင်လန်းသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီးလျှင် ကျောင်း ထိုင်ဘုန်းကြီး ဦးနန္ဒဝံသမှာမူကား ဝါတော် (၅၀)ကျော်ရှိလျက် သက်တော် (၇၀)ကျော်၊ အိုမင်းရင့်ရော်သော ရဟန်းအိုကြီးတစ်ပါးဖြစ်ရှာသောကြောင့် ဦးပညာသာမိကိုသာ အာဏာလွှဲ ပေးထားလေ၏။

ဦးဘထွားတို့နှင့်ကား ရင်းနှီးသော ဒကာလည်းဖြစ်သောကြောင့် တစ်ကြောင်း၊ ဆရာကြီးနှင့်ကျွန်တော်တို့ ပါလာသည်လည်းတစ်ကြောင်း၊ ဆရာကြီး၏ဂုဏ်သတင်းကို ကြားသိရသဖြင့်တစ်ကြောင်းများကြောင့် လောကီ, လောကုတ္တရာအကြောင်းများ၊ ဆေးဝါးပယောဂအကြောင်းများမှစ၍ မေးတန် သမျှမေး၊ ပြောတန်သမျှပြောဟောလျက်ရှိရာ အိုမင်းရှာသဖြင့် ခေါင်းတုန်တုန်၊ လည်တုန်တုန်နှင့် စကားကို ကြိုးစားပြောရ ရှာသောကြောင့် ကျွန်တော့်မှာ ကိုယ်တော်ကြီးအတွက် သနားကရုဏာပင် သက်မိလေတော့၏။

မြို့ထဲမှဥပုသ်စောင့်ရန် လာကြသောသူများလည်း ထိုနေ့အဖို့၌ အတော်ကလေး များပြားလေရာ (၁၀)နာရီအချိန်တွင် ပရိသတ်များ ဇရပ်ထဲ၌ ပြည့်နေပြီဖြစ်၍ ဦးပညာသာမိလည်း ဥပုသ်သည်များကို သီလပေးကာ သီလ ကထာတရားအနည်းငယ်ဟောပြောပြီး ကျွန်တော်တို့နှင့်အတူ ကျောင်းပေါ်သို့ ပြန်ပြီးတက်ခဲ့ပြီးနောက် မကြာမီပင် ကျွန်တော်နှင့်တကွ အခြားဥပုသ်သည် တစ်စုတို့လည်း နေ့စာစားသောက်ပြီးနောက် အချို့လည်းအလျားမှောက်၍ အိပ်သူအိပ်၊ တကြိတ်ကြိတ်စကားပြောသူပြော၊ တိတ်ဆိတ်ရာတွင် ပုတီးစိပ် သူစိပ်၊ ကမ္မဋ္ဌာန်းစာအုပ်ဖတ်နေသူက ဖတ်နေနှင့် ကိုယ်စီကိုယ်ငှ ဆိတ်ငြိမ်ရာ သို့ ကပ်ကြလေ၏။

ကျောင်းတိုက်ကြီးမှာလည်း ဥယျာဉ်၊ ပန်းမန်၊ ရေကန်၊ ရေတွင်း မှစ၍ ဇရပ်, တန်ဆောင်းကျောင်းပေါင်းများစွာရှိလေရာ အချို့နေရာများတွင်လည်း သစ်ပင်ကြီးဝါးပင်ကြီးတို့နှင့် အုံ့မှိုင်းဝေဆာ၊ သာယာအေးမြအရိပ် အာဝါသနှင့် ပြည့်စုံလှပေ၏။ ဆရာတော်ကြီး ကမ္မဋ္ဌာန်းဝင်သောအုတ်ဂူကြီး တစ်ခုလည်း သစ်ပင်ကြီးတို့အောက်၌ နေပြောက်မထိုးဘဲရှိပြီးလျှင် သစ်ကိုင်း များပေါ်တွင် ပျော်ရွှင်မြူးတူး သံစုံကျူးလျက်ရှိသော ကျေးငှက်သာရကာ အပေါင်းတို့နှင့် သောင်းသောင်းညံ၍ နေလေ၏။

ထိုအချိန်တွင် ကျေးရူးရှင်ဆရာကြီးသည် ကျောင်းအောက်တွင် ဆရာတော်ကြီး ဦးနန္ဒဝံသနှင့် စကားကောင်းနေလျက် စာရေးကြီး ဦးဘထွား တို့လင်မယားမှာလည်း ဆရာတော်ကြီးနှင့်ဆရာကြီးတို့ ပြော ကြသောတရားကို နားစိုက်လျက်ရှိကြလေရာ ကျွန်တော်နှင့်ဦးကုသလ၊ တိုက်အုပ်ကိုယ်တော် ကလေး ဦးပညာသာမိတို့ကား ကျောင်းဝင်းအတွင်းရှိ ဆရာတော်ကြီး ကမ္မဋ္ဌာန်း ယူသောအုတ်ဂူနှင့် ကြာမျိုးငါးပါးနှင့် ပြည့်စုံသည့်ရေကန်အကြား ရင်ကတ်ပင် များကာရံစိုက်ထားသည့် မြေလပ်ကလေးအတွင်း ဝါးစိမ်းဖြင့်ခင်းထားသော ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်ကြလျက် ဆေးဝါးပယောဂနှင့် ပတ်သက်သည့် စကားများကို ပြောဆိုနှီးနှောလျက်ရှိကြလေ၏။

“စကား၊ စကားပြောပါများ စကားထဲကဇာတိပြ”ဆိုသည့် အတိုင်း တိုက်အုပ်ကိုယ်တော်ကလေး ဦးပညာသာမိမှာ လောကုတ္တရာ တရားတွင် ကျွမ်းကျင်သလောက် လောကီပညာမှာလည်းနှံ့စပ်၍ ဗဟုသုတအတော်ပြည့်စုံ ကြောင်း သိရှိရလေရာ၊ ကျွန်တော်လည်း မန္တလေးချက်မြုပ်အစစ်ဖြစ်စေကာမူ မတ္တရာမြို့သို့မှုကားနီးလျက်နှင့် ယခုတစ်ခေါက်မျှသာ ဆရာကြီး၏ဂုဏ် ကျေးရူးနှင့် ရောက်လာခဲ့သူဖြစ် လေရာရောက်သည့်အခါမှာလည်း သစ်ပင်၊ ဝါးပင်၊ ရေယဉ် စိမ့်စမ်းမှစ၍ သာယာအုပ်ဆိုင်း ညို့မှိုင်းရီမှောင်၊ တောင်စဉ် တောင်တန်း ပတ်သန်းဝန်းကာ၍ လွမ်းစရာ၊ ကြည်နူးစရာကောင်းသော အရပ် ဖြစ်သည့်အလျောက် မြို့၏အခြေအမြစ်နှင့်တကွ မျက်စိအာရုံတွင် မြင်သမျှ သော အရာစုကို တစ်ခုမကျန် စုံစမ်းမေးမြန်းမိလေတော့၏။ တိုက်အုပ်ကိုယ်

တော်ကလေးကလည်း မေးသမျှကို စေ့ငှသေချာ၊ စိတ်ရှည်စွာ ပြန်လည်ဖြေကြားရှာလေ၏။

မတ္တရာမြို့၏ရာဇဝင်အတ္တုပ္ပတ္တိကို ကြားသိတန်သလောက် ကြားရခြင်းဖြင့် မတ္တရာဆိုသောအမည်မှာ သီရိဓမ္မာသောကမင်းကြီးသည် ရေတွင်းရှစ်သောင်းလေးထောင်၊ ရေကန်ရှစ်သောင်းလေးထောင်၊ ကျောင်းကန်ဘုရားစသည်တို့လည်း ရှစ်သောင်းလေးထောင်စီနှင့် အခြားမြားမြောင်လှစွာ မဟာကုသိုလ်တော်အပေါင်းဖြင့်မွေ့လျော်၍ သားတော်သမီးတော်တို့လည်း သာသနာ့အမွေခံ တိမ်ပျံ့ချာန်ရ၊ ရဟန္တာဘဝသို့ ရောက်ကြသော်လည်း နတ်ရွာစံခါနီး၌ ငြိစွန်းသောအာရုံကြောင့် မြတ်လှသည့်ဘဝသို့တစ်ကြိမ်တည်းရောက်သင့်လျက် စုတိကျသည့်အခြားမဲ့ဘဝ၌ မတ္တရာအရပ်တွင် အဟိတ်တိရစ္ဆာန်ဘဝ၊ ကြီးလှစွာသော စပါးကြီးမြွေကြီးဖြစ်၍နေရှာသဖြင့် သားတော်ရှင်မဟိန္ဒကိုယ်တော်တိုင် ကြွရောက်ချေချွတ်တော်မူရာအရပ်၊ အမတ်ပေါင်းတစ်ရာလည်း ထိုနေရာတွင် မြို့ပြတည်ထောင်နေကြ၍ အမတ်တစ်ရာ မြို့ပြတည်ထောင်သည်ကို အစွဲပြု၍ မတ္တရာမြို့ဟု တွင်သည်ဟူ၍သိရခြင်း၊ မတ္တရာမြို့အရှေ့မြောက်ဘက်တွင် စပါးကြီးမြွေကြီးသည် ရဟန္တာကို တိရစ္ဆာန်တို့ဘာဝခုခံပုန်ကန်နေရာဖြစ်၍ ထိုတောင်ကို ယခုတိုင် "မြွေပုန်ကန်တောင်" ဟုတွင်ကြောင်း၊ စပါးကြီးမြွေကြီးသည် သမင်၊ ဒရယ်၊ ယုန်ငယ်စသည့် တိရစ္ဆာန်သတ္တဝါများကို ဖမ်းစားဟပ်မျိုပြီးနောက် စားချင်ပြန်လျှင် အစာကြေညက်အောင် သစ်ပင်ထက်မှအရိုးများကို အန်ထုတ်ချရာတောင်ကိုလည်း "စားချင့်တောင်" ယခုကာလ "စကျင်တောင်"ဟု ခေါ်ကြောင်း။

ထိုတောင်မှရသော အထိကရကျောက်စလင်းတုံးများမှာ အမရပူရမြို့တွင် ကျောက်တော်ကြီးဘုရားဟု ကျောက်ဖြူဆင်းတုတော်ကြီး တစ်ဆူဖြစ်ရှိ၍ မန္တလေးမြို့၊ မန္တလေးတောင်ခြေတွင်လည်း ရတနာပုံမြို့တည် နန်းတည်၊ ပဥ္စမသင်္ဂါယနာတင် "မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်တော်မူသော ကျောက်တော်ကြီးဘုရား"ဟု ကြီးမားသော ကျောက်ဖြူရုပ်ပွားတော်ကြီးတစ်ဆူဖြစ်ရှိကြောင်း၊ တန်ခိုးကြီး ကျောက်ဆင်းတုတော်ကြီးများဖြစ်မည့် ထိုကျောက်စလင်းတုံးကြီးများမှာ စကျင်တောင်တွင် အခြားသာမန် ကျောက်တုံးကြီးများနှင့်

မတူ ကြီးမားသော ကျောက်ဖျာကြီးများ မိုးကာရံ ထားလျက်၊ တစ်စိတ်တစ်ဒေသထူးခြားစွာ တည်ရှိကြောင်းစသည်များ ကြားသိရပြီးနောက် ၎င်းမြို့အနောက်မြောက် ယွန်းယွန်းတွင် မင်းမွေးတောင်၊ မာလဲတောင်၊ ထို့ပြင် ရွှေတောင်၊ ငွေတောင်ခေါ်တောင်ကြီးများနှင့် ၎င်းရွှေတောင်၊ ငွေတောင် နှစ်လုံးကို ဝှေ့မည်ဟု ဟန်ပြင်နေသော ကျောက်နွားသိုးရုပ်ကြီးမှာလည်း တောင်ခြေမှ တောင်ကိုမျက်နှာပြု၍ တည်ရှိကြောင်း။ ထိုနွားရုပ်ကြီး၏လည်တွင် သုံးလွှန်းတင် လိမ်ထားသော ကျောက်ဖြင့်ပြီးသည့် ကြိုးတစ်ခုရှိကြောင်း၊ ထိုကြိုးမှာ သုံးလွှန်းရှိသည့်အနက် နှစ်လွှန်းမှာပြတ်နေကြောင်း။ ပထမတစ်လွှန်းပြတ်စဉ်က ဘယ်ကာလတွင် ပြတ်သည်ဟု ခန့်မှန်း၍မသိနိုင်သော်လည်း ဒုတိယတစ်လွှန်းမှာ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ် အစိတ်ခန့်က ပြတ်သွားကြောင်း။

ထိုအခါက တော်လျှောင်ဟီး မြေကြီးများ တုန်သွားသကဲ့သို့သော အသံကြီးတစ်ခုမှာ မတ္တရာမြို့တစ်ခုလုံး သိမ့်သိမ့်ခါသွားဖူးကြောင်း၊ သိုက်စာအဆိုအားဖြင့် ထိုကျောက်နွားရုပ်ကြီးမှ ကြိုးသုံးလွှန်းစလုံး ပြတ်သည့်အခါအဆိုပါနွားရုပ်ကြီးသည် ရွှေတောင်၊ ငွေတောင်ခေါ် တောင်ကြီးများကို တိုးဝှေ့ဖြိုဖျက်လိမ့်မည်၊ ထိုအခါ တောင်အောက်တွင်ရှိသော ရွှေငွေကျောက်သံပတ္တမြား အမြောက်အမြားပေါ်လာလျှင် မည်သူမဆို သွားယူနိုင်ကြောင်း။ အချို့သိုက်ဆရာများလည်း ကျန်သောလွှန်းကို ပြတ်အောင်ကြိုးစားခြင်း၊ အခြားနည်းဖြင့် သိုက်တူးခြင်းပြုကြသော်လည်း မရနိုင်၊ ဒုက္ခရောက်၍သာ ပြန်ကြရကြောင်း။

စသည်တို့ကို ကြားရသဖြင့် ကျွန်တော်လည်း တိုက်အုပ်ကိုယ်တော်ကလေးပြောသမျှကို သဘောကျ၍ မှတ်သားနေပြီးလျှင် မတ္တရာမြို့ အနီးအနားတစ်ဝိုက်ရှိ အထူးအဆန်းအကြောင်းအရာများကိုကြားရတိုင်း အံ့ဩခြင်းမက အံ့ဩနေသောအခါ ဦးပဥ္စင်းကလေးလည်း ကျွန်တော်အံ့ဩသည်ကို သဘောကျကာ-

"အင်း . . ဒကာကလေးက တယ်မှတ်သားချင်တဲ့ ဝါသနာရှိသကိုး၊ အင်း . . ဒါထက် ထူးဆန်းအံ့ဩစရာကောင်းပြီး ကြောက်စရာကောင်းတဲ့

အကြောင်းထူးတစ်ခုရှိသေးတယ်၊ အဲဒီ အကြောင်းကိုကြားရင် ဒကာလေး အများကြီးအံ့ဩမှာပဲ၊ ပြီးတော့ ဒကာကလေး တို့အလုပ်နဲ့ ပတ်သက်တဲ့ နာနာဘာဝအစိမ်းသရဲများရဲ့အကြောင်းလည်းပါတော့၊ သာပြီးသဘောကျမှာပဲ"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း . . .

"ကြားချင်လှပါတယ် ဦးပဥ္ဇင်းရဲ့၊ ထူးတဲ့အကြောင်းဆိုမှဖြင့် ကိုယ်ကိုယ်၌က အလွန်ဝါသနာကြီးလွန်းလို့ အမိန့်ရှိတော်မူစမ်းပါ"

ဟု ဝင်၍ထောက်ခံလျှင် တိုက်အုပ်ကိုယ်တော်ကလေးလည်း ကွပ်ပျစ်ပေါ်တွင် ဖြည်းညင်းသာယာစွာ တင်ပျဉ်ခွေ၍ထိုင်ပြီး . . .

"ဟောဒီ ဆရာတော်ကြီး ကမ္ဗဒ္ဓာန်းဝင်တဲ့ ကျောက်ဂူကြီးထဲမှာ ထူးထူးဆန်းဆန်း ကြည့်စရာပစ္စည်းတွေ အများကြီးရှိတယ်၊ ဒီဂူကြီးထဲကိုလည်း ဆရာတော်ကြီးက ဦးပဥ္ဇင်းမှတစ်ပါး မည်သူ့အားမျှဝင်ခွင့် မပြုခဲ့ဘူး၊ အမြဲသော့ခတ်ပြီး သော့တွဲကြီးလည်း ဦးပဥ္ဇင်းလက်အပ်ထားတယ်၊ ဦးပဥ္ဇင်းလည်း ဒီပစ္စည်းတွေ ဆရာတော်ဘုရားဘယ်အရပ်ကရပါသလဲလို့ မေးတာနဲ့ ရာဇဝင်အတ္ထုပ္ပတ္တိကို ဆရာတော်ကြီးကိုယ်တိုင် အမိန့်ရှိထားလို့ သိရတာကလား"

"ဘယ်လိုပစ္စည်းများလဲ ဦးပဥ္ဇင်းရဲ့၊ တပည့်တော်တို့လည်း ကြည့်ခွင့်ရရင် ကြည့်ပါရစေ"

"အေးလေ စကားဆုံးတော့ ပြရတာပေါ့ ဒကာကလေးရဲ့၊ အဲဒီ ပစ္စည်းရဲ့ အတ္ထုပ္ပတ္တိကလေးကလည်း အတော်ထူးဆန်းတယ်၊ ဒီတော့ ဆရာတော်ကြီးက အမိန့်ရှိတဲ့အတိုင်း ရေရေလည်လည်ပြောရဦးမှာပေါ့"

ဟု ဆိုကာ၊ ရှည်လျားသော စကားတစ်ခုကို ပြောမည့်အလား နေရာများပြင်ထိုင်လျှင် ကျွန်တော်နှင့် ဦးကုသလတို့လည်း တိုက်အုပ်ကိုယ်တော်ကလေး ပြောမည့်စကားကို မျှော်လင့်ကြီးစွာ နားစိုက်လျက် ရှိကြလေ၏။

"ဒီလိုတဲ့ ဒကာကလေးရဲ့ ဦးပဥ္ဇင်းတို့ဆရာတော်ကြီး ဦးနန္ဒဝံသဟာ ယခုသက်တော်(၇၀)ကျော်ရှိပြီ၊ (၁၀)နှစ်သားက မိဘများရှင်ပြုပြီး သာမဏေအဖြစ် ချီးမြှင့်ရာက တစ်ခါတည်းလူဝတ်ကြောင်ကို စက်ဆုပ်လို့ ပြန်မကြည့်ဘဲ သာမဏေဘဝကပဲ ရဟန်းဘဝရောက်ပြီး ယခုအရွယ်အထိ ငယ်ဖြူရဟန်း

တော်ကြီးအဖြစ်နဲ့ နေတော်မူရှာတယ်၊ ဦးပဥ္စင်းတို့ မြန်မာဘုရင်များစိုးစံစဉ်က အသက်နှစ်ဆယ်လောက်ပေါ့လေ၊ အရွယ်က ကောင်းတုန်းကိုး၊ နေ့ဝါ၊ ညဝါ၊ စာပေပရိယတ္တိများကို အားကြိုးမာန်တက်လေ့ကျင့်သင်ကြားတတ်မြောက်ပြီး ဦးပဥ္စင်းလိုပဲ ဟောဒီကျောင်းတိုက်ကြီးမှာ တိုက်အုပ်ဆရာတော်ကလေးဖြစ်နေ သတဲ့ . . .

အဲဒီတုန်းက ကျောင်းထိုင်ဆရာတော်ကြီးကလည်း သက်ကြီး၊ ဝါကြီး၊ ပညာကြီးပုဂ္ဂိုလ်တစ်ဦးပေါ့၊ ရွှေမြို့တော်မှာလည်း သီပေါမင်းအုပ်စိုးပြီး တန်ခိုးကြီးနေတဲ့အခါဆိုကိုးဒကာလေးရဲ့၊ ဒါနဲ့ တိုတိုပြောကြပါစို့၊ ရနောင် မင်းသားဆိုသူကလည်း ဘုရင်မြှောက်စားသလောက် ဘုန်းတန်ခိုးလွန်စွာ တောက်ပြီး မိန်းမလှလှမြင်တိုင်း ကောက်နေတာကိုး၊ ဆင်ခိုးမလေးဆိုတဲ့ မင်းသမီးများ လင်ကြီးနဲ့သားသမီးသုံးယောက်ရှိနေတာတောင် လင်ကြီးကို ရွှေသုံးပိဿာပေးပြီး အဝေးမြို့မှာမြို့သူကြီးခန့်ပြီး ပြောင်ပြောင်ကြီး သိမ်းပိုက် လိုက်တယ်၊ အငြိမ့်အပျိုတော်တို့ မင်းသမီးတို့ လှလှပပကလေးဆိုမှဖြင့် တစ်ခါ တည်း လင်ရှိရှိ မရှိရှိကောက်တာပဲတဲ့ . . .

အရပ်ထဲက အပျိုချောပြီဆိုရင် သူပဲယူသပေါ့၊ သူ့ရုပ်ကြီးကတော့ အသားညိုညိုကျောက်ပေါက်မတွေ သက်သက်နဲ့ ကွမ်းကလည်း သူ့ပါးစပ်မှာ အမြနီရဲနေအောင် စားထားသကိုး၊ ယူထားလိုက်တဲ့ မယားတွေဟာလည်း တစ်ရာထက်မနည်းဘူးတဲ့၊ သူနေတဲ့ အိမ်ကြီးဟာ အဆောင်တွေအများအပြားနဲ့ မယားတွေများလှလို့ အဝေးကများကြည့်လိုက်ရင် အိမ်ဝိုင်းကြီးထင်ရသတဲ့၊ "အရှင်မွေး-နေ့ချင်းကြီး" ဆိုသလို ဘုရင်ကမြှောက်စားပြီး နောင်တော်ကြီး အရာထားလို့ ဘုရင့်နောင်ရယ်လို့တောင် ထင်ရှားနေတော့ တော်တော့ မှူးမတ် အရာရှိတွေ မြို့ဝန်မင်းတွေများ၊ အဲ . . ရနောင်မင်းကတယ်ပြီး ပမာမထားဘူး၊ မခန့်လေးစားလုပ်သပေါ့လေ . . .

မာန်မာနတဟူးဟူးနဲ့ အထူးသွေးမြောက်နေသော်လည်း လောကဓံ စက်ရဟတ်က အပါတ်လည်အောင် လှည့်နေတော့ "အမြင့်ရှိရင်၊ အနိမ့်ရှိ ရမယ်" ဆိုတဲ့ စကားအတိုင်း ရနောင်မင်းသားဟာ တစ်နေ့သဥ္စတွင် ရာဇဝတ် သင့်ပြီး ထောင်ကြီးမှာအချုပ်ခံနေရတယ်၊ ဘုရင်မင်းမြတ်ကလည်း ရနောင်

မင်းသားကို မိမိလက်နက်နဲ့ မသတ်ပါဘူးလို့ ကတိသစ္စာရှိခဲ့တဲ့အတွက် ဘုရင့်အလိုနဲ့တော့ မသတ်ဘူးပေါ့။ မသကာလှ ထောင်တစ်သက်လွတ်ရက်မရှိထားမှာပဲ၊ သို့သော်လည်း သူကောင်းစားတုန်းက မထီမဲ့မြင်ပြုဖူးတဲ့ ရန်ငြိုးကြောင့် ထောင်ကြီးကို အစိုးရတဲ့ မြို့ဝန်ကြီးတစ်ပါးက ကပ်ကြေးပျက်တစ်ခုနဲ့ လည်မျိုကို ထိုးသတ်စေပြီး ဘုန်းတော်ကြီးလှသောဘုရင်ကိုတော့ ရနောင်မင်းသားဟာ သူ့ဟာသူ စိတ်ညစ်လို့ သတ်သေပါတယ်ဘုရားလို့ သံတော်ဦးတင်လိုက်သတဲ့ ဒကာလေးရေ”

ဟု ပြောကာ၊ အနည်းငယ်ရပ်ဆိုင်းနေလျှင် အနီးတွင်ထိုင်လျက်ရှိသော ဦးကုသလကလည်း . . .

“ဒါဖြင့် ဦးပဍွင်းရယ်၊ ဒီဂူထဲကပစ္စည်းဟာ ရနောင်မင်းသားနဲ့ ဘယ်လိုစပ်ဆိုင်ပါသလဲ”

ဟု ဆိုလျှင် တိုက်အုပ်ကိုယ်တော်ကလေးလည်း ဆက်လက်ကာ-

“အင်း . . ဆိုင်တော့မဆိုင်လှဘူးပေါ့၊ ဒါပေတဲ့ စကားဆိုတာ အခြေအမြစ်နဲ့ ပလ္လင်ခံရသေးတယ်၊ ပြီးတော့လည်း “တစ်နွယ်ငင်၊ တစင်ပါ” ဆိုတာလိုလည်း သည်လိုရနောင်မင်းသား ရာဇဝတ်ရောက်တော့ သူ့ကိုမှီပြီး ဘုန်းတောက်နေတဲ့ သူ့အဆွေအမျိုးများမှာလည်း ယမ်းချေးပန်းသလို မီးခိုးကြွတ်လျှောက် ရာဇဝတ်ရောက်ကုန်မှာ ကြောက်တာနဲ့ ရုပ်ဖျောက်ထွက်ပြေးပြီး ဝေးရာမှာပုန်းလျှိုးနေကြသတဲ့ အဲ-ဒါနဲ့ ရနောင်မင်းရဲ့နှစ်ဝမ်းကွဲတော်တဲ့ ညီတော်တစ်ယောက်၊ မောင်မောင်အုပ်ဆိုတာလည်း ထွက်ပြေးလာပြီး ယခု ဆရာတော်ကြီးရဲ့ ဆရာဘုန်းတော်ကြီးဆီမှာ လာပြီး ရုပ်ဖျောက်ပုန်းအောင်းနေလာသတဲ့ . . .

အဲဒီ မောင်မောင်အုပ်နဲ့ ဦးပဍွင်းတို့ ဆရာတော်ကြီး ဦးနန္ဒဝံသနဲ့တော့ ဟိုစဉ်အခါတုန်းက အသက်နှစ်ဆယ်ရွယ်တူဆိုကိုး၊ ပူးတွဲ ပူးတွဲနှင့် မောင်မောင်အုပ်နဲ့ မခွဲဘူးတဲ့၊ ဆရာတော်ကြီးမှာလည်း ဒုက္ခိတ သတ္တဝါတစ်ယောက်ခိုကိုးဖို့ ရောက်လာတော့၊ မထောက်မညှာမပြုရှာပဲ၊ ကရုဏာသဘောနှင့်လက်ခံကာယ်ဆယ်ခြင်းပြုထားပြီး မောင်မောင်အုပ်ကို လူသူလေးပါးမတွေ့မြင်နိုင်မည့်နေရာကိုထားလိုတာနဲ့ ဆရာတော်ကြီးဟာ မာလဲတောင်ခြေ

ကိုသွားပြီး ဝါးကျောင်းကလေးနဲ့ တောရဆောက်တည်တယ်၊ တပည့်တပမ်းဆိုလို့လည်း တခြားမခေါ်ဘူးတဲ့၊ ဦးပဥ္စင်းတို့ ဆရာတော်ကြီးဖြစ်နေတဲ့ ဦးနန္ဒဝံသရယ်၊ မောင်မောင်အုပ်ရယ်၊ ဒီနှစ်ယောက်ထဲသာခေါ်သတဲ့ . . .

နံနက်တိုင်ရင် ဆရာတော်ကြီးနဲ့ ဦးနန္ဒဝံသက ရွာနီးချုပ်စပ်မှာ ဆွမ်းခံဘုဉ်းပေးသုံးဆောင်တော်မူပြီး ဆွမ်းကျန်ကိုကပ္ပိယလုပ်တဲ့ မောင်မောင်အုပ်က စားသောက်ရသတဲ့၊ ဆရာတော်ကြီးကလည်း မောင်မောင် အုပ်အပြစ်လေးမှာစိုးလို့၊ အမျိုးမျိုးဝတ်ကျေအောင်ခိုင်းတာပဲ၊ မောင်မောင်အုပ်ကလည်း ပိတ်ဖြူဝတ်ပြီး ကပ္ပိယကြီးလုံးလုံးဖြစ်နေသပေါ့၊ "မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ"ဆိုတာလို သူတော်ကောင်းရဟန်း တော်ကြီးအပါးမှာနေရတာ မောင်မောင်အုပ်မှာ ဥပုသ်သီတင်းမြဲ၊ စိတ်ပုတီးကြီး လည်မှာဆွဲပြီး ကမ္မဋ္ဌာန်းဘာဝနာများစီးဖြန်းလို့ သူတော်ကောင်းတရားတွေ ပွားများပြီးနေရှာသတဲ့-

နံနက်တိုင်းလည်း တောရကျောင်းကလေး ပတ်ဝန်းကျင်အရပ်မှာ တလင်းပြောင်အောင် အမှိုက်သရိုက်လှည်း၊ စမ်းချောင်းကလေးထဲက ရေတွေခပ်ထား၊ တောပန်းတောင်ပန်းတွေချိုးပြီး ဘုရားညောင်ရေအိုးထိုး၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးမှစ၍ တောစောင့်နတ် တောင်စောင့် နတ်များအား အမျှမေတ္တာပေးဝေခြင်းအမှုကိုလည်း နေ့စဉ်ပြုသတဲ့၊ နေ့ခင်း နေ့လယ်များမှာလည်း တောရကျောင်းကလေးနောက်နားက ကျောက်ကမ်းပါးတောင်နံရံကြီးအနားထိုင်ပြီး စိပ်ပုတီးစိပ်နေလေ့ရှိသတဲ့။ ဒီလိုနဲ့ကြာတော့ မောင်မောင်အုပ်ဟာ နေ့နေ့တွင်သာမဟုတ်ဘဲ ညညများမှာလည်း အဲဟိုကျောက်ကမ်းပါးကြီးနားမှာ တငုတ်တုတ်တုတ်ထိုင်နေပါများတာနဲ့ ဦးပဥ္စင်းတို့ဆရာတော် ဦးနန္ဒဝံသကလည်း မောင်မောင်အုပ် အကဲမရ၊ မူလမမှန်တာကြာလို့ တစ်ခါဖြင့် သူဘာလုပ်တယ်ဆိုတာ မိအောင်ဖမ်းမဟဲ့လို့ တစ်နေ့သ၌တော့ ညအခါတွင် လကလေးသာသာမှာ မနီးမဝေးချုံပုတ်တစ်ခုကချောင်းပြီး အကဲကြည့်နေတာကိုး

အဲဒီလို ကြည့်နေလို့ မကြာခင်ပဲ ကျောက်ကမ်းပါးနောက် ချုံကြားထဲက ဆယ့်ခြောက်နှစ်အရွယ် ချစ်စဖွယ်မိန်းမပျိုကလေးတစ်ယောက် ထွက်လာသတဲ့ လကလေးကလည်းကြည်လင်တော့ အင်မတန် ထင်ရှားအောင်မြင်ရသပေါ့လေ၊ လှလိုက်တဲ့ဖြစ်ပုံကလည်း ယဉ်ပေါင်းစုံသွားတာပဲတဲ့၊ ပန်းစုံကြိုး

အချိတ်ထဘီကလေးဝတ်လို့ ဗျာပါဆံကလေးကလည်း နားနောက်မှာဝဲပြီး ဆံထုံးကလေးကလည်း နန်းတော်သူများပမာ သဇင်ပန်းကလေးတွေ ဖြာနေအောင်ပန်လို့ မျက်ပျံရောင်ရှိန် စိန်ကြောင်နီလာ သန္တာပတ္တမြား၊ ရတနာခုနစ်ပါးနှင့် စီချယ်ထားတဲ့ ပုတီး, နားဋောင်း, လက်စွပ်, လက်ကောက်တွေကလည်း ဝင်းဝင်းတောက်၊ ပြိုးပြိုးပျက်၊ တလက်လက်နဲ့ အရောင်မြူးပြီး အထူးလှပကြည့်မဝနိုင်အောင် ထိုမိန်းမပျိုကလေးရဲ့ ရူပါရုံက ဆွဲတောင်နေသတဲ့-

မောင်မောင်အုပ်မှာ အဲသည် မိန်းကလေးထွက်လာတော့ ဝမ်းသာအားရနဲ့ ခရီးဦးကြိုပြုပြီး ပြုံးပြုံးကြီးပေါ့လေ၊ ခြေမကိုင်မိ လက်မကိုင်မိနဲ့ လောကွတ်တွေများပြီး အရင်ကကိုင်ထားတဲ့စိပ်ပုတီးများ မေ့ပြီးလွှတ်ပစ်လိုက်တာဆိုပဲ၊ ချုံထဲကချောင်းနေတဲ့ ဦးနန္ဒဝံသကလည်း အလဲ-ကိုယ့်လူအမူအရာပျက်နေတာ ဒါကြောင့်ကိုးလို့သိတာနဲ့ ရှေ့ဘယ်လိုဖြစ်ပျက်ကြဦးမယ်ဆိုတာ ဆက်ကြည့်နေတာကိုး-

ပြီးတော့ ဦးနန္ဒဝံသစိတ်ထဲမှာလည်း ဒီတော ဒီတောင်ကြီးထဲမှာ ဒီလောက်ယဉ်ကျေးလှပနန်းသူတမျှ မိန်းမပျိုကလေးတစ်ယောက်တည်း ဘယ်လိုနည်းနဲ့မှ မလာနိုင်ဘူး၊ ဧကန္တ ကြတ်တစ္ဆေသော်လည်းကောင်း၊ ဥစ္စာစောင့်နာနာဘာဝသော်လည်းကောင်းဖြစ်မှာပဲ၊ မောင်မောင်အုပ်လည်း ဥစ္စာစောင့်နာနာဘာဝတို့ လှည့်ဖြားသွေးဆောင်ရာပါပြီး အမှန်မုချဒုက္ခတော့တွေ့ရမယ်၊ ငါကြည့်ရှုအကဲခတ်ပြီး ကယ်ဆယ်တန်လည်း ကယ်ဆယ်ရဦးမှ နေရာကျတော့မကိုးလို့ စိတ်ကူးရတာနဲ့ သူတို့အကဲကို စောင့်စားကြည့်ပြီး ပြောတဲ့စကားများကို ချောင်းမြောင်းနားထောင်နေသတဲ့၊ ဒီလိုနဲ့ပဲ မောင်မောင်အုပ်က ဝမ်းသာအားရဆီးပြီးလုပ်တော့ မိန်းမပျိုကလေးက စိတ်ဆိုးသလိုလိုနဲ့ ပေါ့လေ၊ ငိုမလိုလိုမဲ့ပြီး နှုတ်ခမ်းကလေးစူတဲ့၍-

"မောင်ကြီးရယ်၊ မောင်ကြီးများတော့ ယုံရမှာခပ်ခက်ခက်ပဲ၊ နှမကလေးကို ချစ်တယ်, ချစ်တယ်နဲ့ လာလာညာနေတာပဲထင်ပါရဲ့၊ မောင်ကြီး ချစ်တယ်ဆိုပြီး နှမကလေးကို မေ့နိုင်တာများအံ့ပါရဲ့ မောင်ကြီးရယ်၊ ဒီကဖြင့် မောင်ကြီးမပေါ်လာတဲ့နေ့များ မျှော်လိုက်ရတာ လည်ပင်းများကို ရှည်လို့၊ တော်ပါပြီ တော်ပါပြီ မောင်ကြီးပလီတာတွေနောက်တော့ မယုံဘူး"

လို့ သာယာကြည်လင်သော အသံကလေးနဲ့ မဲ့မဲ့ကလေး ပြောလိုက်တော့ မောင်မောင်အုပ် သူ့ခမျာမှာ ကရုဏာလေနီကြမ်းကြီး ဝှေ့လိုက်သည့် အလား မဟဲတရဲဖြစ်သွားပြီး အရေးတကြီးစိုးရိမ်စွာနဲ့ မိန်းမပျိုကလေးကို ပွေ့ဖက်ယုယကာ . . .

"ဘာကြောင့်လဲနှမရဲ့၊ ရွှေစိတ်တော်ညိုပြီး မောင်ကြီးကိုရန်တွေ့တော်မူတတ်လှပါကလား၊ မောင်ကြီး ဘာများလိမ်ပြောဖူးလို့လဲ နှမလေးရဲ့ တကတဲ တွေ့မယ်မှမကြံသေးဘူး၊ ရန်တွေ့တော်မူတာကအရင်ပဲ၊ ကဲ-ကဲ-အမိန့်ရှိစမ်းပါဦးဗျာ၊ မောင်ကြီးကဘယ်လိုညာမိပါသလဲ"

ဟု ပြုံးဖြဲဖြဲနှင့် ယုယစွာချော့မေးလျှင် မိန်းမပျိုကလေးလည်း ကန့်ကရနှင့် . . .

"မောင်ကြီးပြောတဲ့စကားကို စိတ်ထဲကမပါ၊ အပြင်ပန်းက ညာပြောလို့ မောင်ကြီးစကား မောင်ကြီးမေ့နေတာပါ၊ အစတုန်းက မောင်ကြီးပြောထားတယ် မဟုတ်လား၊ ညညကျရင် ဒီကျောက်ကမ်းပါး နားလာပြီး နှမလေးနဲ့ နေ့ရှိသမျှ ချစ်တင်းနှီးနှော စကားပြောနေပါမယ်ဆိုတာလေ"

"အို နို့ မောင်ကြီး လာသားပဲ မဟုတ်လား နှမလေးရဲ့"

မိန်းမပျိုကလေးမှာ စိတ်ဆိုးသုန်မှုန်ကာ . . .

"တယ်လာ မနေ့ညက တစ်ညလုံး နှမလေးဖြင့်စောင့်လိုက်ရတာ လင်းရောင်နီလာမှ တစ်ညလုံး စိတ်ပျက်ပြီးပြန်ခဲ့ရတယ်၊ မောင်ကြီး ဘယ်ဆီသွားပြီး အလေလိုက်တော်မူရနေသလဲ"

မောင်မောင်အုပ်မှာ ရယ်မောကာဖြင့် . . .

"ဩော် ဩော် အမယ်လေး၊ ဒါကြောင့် စိတ်ကောက်တော်မူရတာလား၊ မနေ့ညကလာမလို့ပဲ နှမလေးရဲ့၊ ဆရာတော်ဘုရားက နင်းခိုင်းနေတာနဲ့ မထွက်လာဘဲ ညဉ့်နက်သွားတာပေါ့၊ ပြီးတော့ သန်းခေါင်ကျော်မှ ထလာမယ်လုပ်ပြန်တော့လည်း ဆရာတော်ကြီးက ချောင်းသံပေးပြီး တရေးနိုးနေပြန်လို့ အချိန်မတော် ဘယ်သွားမလို့လဲ ဘာလဲနဲ့ မေးမြန်းစစ်ဆေးငြီး အထိတ်တလန့်ဖြစ်မယ်၊ အပြင်မထွက်လေနဲ့လို့ တားပြန်တာနဲ့ မထွက်ဝံ့ဘဲ လွမ်းရက်နဲ့ အောင့်နေလိုက်ရတာ ကလား နှမလေးရဲ့"

"ခုလည်း စောင့်လိုက်ရတာကြာလှပြီ၊ ခုမှ ရောက်လာတော့ တယ်၊ မေ့နေလို့မဟုတ်လား"

"တံမြက်လှည်းနေလို့ပါကွယ်၊ မောင်ကြီးစောစောထဲကလာဖို့ ကြံနေတာပါ။ မောင်မောင့်အချစ်ကလေးကို ဘယ်နည်းနဲ့မှမမေ့နိုင်ပါဘူး၊ ယုံပါတော့၊ နှမလေးကို တွေ့ရတဲ့နေ့ကစပြီး စားလည်းမင်းစိတ်၊ အရိပ်လို အမြဲထင်နေတဲ့ မင့်မျက်နှာကလေးကို ဘယ်လိုဖျောက်ဖျက်လို့မှ မရပါဘူး၊ ဘုရားစူးစေ့အဟုတ်ပါ။ ခုလိုတွေ့ရတဲ့အခါ စိတ်လုပ်မနေဘဲ ကြည်သာတော်မူလိုက်စမ်းပါကွယ်၊ ဘယ်လိုချစ်တဲ့ အချစ်ဆိုတာ မင်းသိလောက် ပါတယ်နော်၊ ယုံရဲ့လားဟုတ်လား၊ အိုဒီဘက်လှည့်စမ်းပါဦး၊ အဲ အဲ ဟုတ်ပြီ ဒီလိုမှပေါ့"

ဟု ဆိုပြီး၊ နှစ်ကိုယ်နီးကပ်အောင် ပူးပူးကပ်ကပ်နှုးနှပ်ပိုက်ထွေ့ပြီး ချစ်ခင်တဲ့သမီးရည်းစားတို့ ဓလေ့အတိုင်းပေါ့လေ၊ ဦးပဥ္စင်းတို့နဲ့ မအပ်စပ်တဲ့ စကားမို့ များများမပြောပါရစေနဲ့တော့၊ အချိန်ကုန်တော့ ပြန်လာကြတာပေါ့၊ ဦးနန္ဒဝံသကလည်း မောင်မောင်အုပ်တို့အကြောင်း စုံစမ်းမေးမြန်းတာကိုး၊ မောင်မောင်အုပ်ကလည်း အစကတော့ မဟုတ်ရကြောင်းကွယ်သတဲ့၊ ဦးနန္ဒဝံသကလည်း သူ့မျက်စိနဲ့ တတ်အပ်မြင်ရ ကြောင်း၊ တစ်ယောက်တစ်ပြန် ဘယ်လိုစကားပြောကြောင်းများပါ လုံးစေ့ ပတ်စေ့ပြန်ပြောတော့မှ မောင်မောင်အုပ်မှာ မကွယ်သာတော့ဘဲ ဟုတ်တဲ့အကြောင်း ဝန်ခံတာကိုး . .

ဒီတော့မှ ဦးနန္ဒဝံသက မောင်မောင်အုပ်နဲ့ မေတ္တာရှိနေသော ဒကာမကလေးဟာ မည်သည့်အရပ်မှာနေလို့၊ ဘယ်သူ့သားသမီးဖြစ် ကြောင်း သိပါရဲ့လားလို့ မေးတော့၊ မောင်မောင်အုပ်မှာမသိတဲ့အတွက် မပြောနိုင်ဘူးတဲ့၊ ဒီတော့မှ ဦးနန္ဒဝံသက မောင်မောင်အုပ်ကို ၎င်းမိန်းမပျိုမည်သည့်အမျိုး အနွယ်ဖြစ်ကြောင်း စုံစမ်းရန် အကြံဉာဏ်ပေးတော့ မောင်မောင်အုပ်ကလည်း ကောင်းပါပြီလို့ အာမခံတာနဲ့ နောက်တစ်ညကျတော့ မောင်မောင်အုပ်ချိန်းတဲ့ အတိုင်း ဦးနန္ဒဝံသလည်း လိုက်ပါလာပြီး ချုံထဲက ချောင်းနားထောင်နေတာ ပေါ့ . . .

မိန်းမပျိုကလေးလည်း မောင်မောင်အုပ်ရောက်ပြီး များမကြာခင်ဆိုသလိုပဲ ကမ်းပါးတစ်ဖက်က ထွက်ပေါ်လာပြီး ခါတိုင်းနည်းလိုမောင်မောင်အုပ်နဲ့နှစ်ယောက်ချင်း ချစ်တင်းနှီးနှော စကားပြောနေကြတာပေါ့လေ၊ အဲဒီလိုပြောနေကြတုန်း မောင်မောင်အုပ်က ဦးနန္ဒဝံသစကားရှိတဲ့အတိုင်း သူ့ဇာတိကိုမေးမလို့ စကားစချင်တာနဲ့ . . .

"ဒါထက်နှမရယ်၊ နှမလည်းမောင်နဲ့ ချစ်ခင်မေတ္တာရှိလာတာအတော်ကြာပါပြီ တစ်ယောက်နဲ့တစ်ယောက် ဒီလိုချည်းနေကြလို့လည်းကိစ္စပြီးမယ့်အလုပ်မဟုတ်ဘူး နှမရဲ့ ဒီတော့ နှမကလေးဟာ ဘယ်လိုမျိုးရိုး၊ ဘယ်အရပ်ဌာန အမည်နာမနဲ့ဇာတိက ဘယ်လိုဟု နှမရဲ့အခြေအမြစ်ကိုသိပါရစေ"

လို့ စ၍ မေးလိုက်တဲ့အခါ မိန်းမပျိုကလေးရဲ့မျက်နှာကလေးမှာမှေးမှိန်ညှိုးငယ်သွားပြီး . . .

"ဩော် . . မောင်ကြီးကလည်း နှမလေးအမည်နာမနဲ့ နေရပ်ဇာတိမသိရလို့ သိချင်တယ်ဆိုပါတော့၊ ပြောတော့ပြောချင်ရဲ့ မောင်ကြီးရယ်၊ သို့သော်လည်း မောင်ကြီးမယုံမှာ စိုးရိမ်လှပါတယ်၊ နှမလေးဖြစ်အင်ကအင်မတန်ထူးဆန်းလွန်းလို့ ပြောလိုက်တဲ့အခါ မောင်ကြီးယုံမှာမဟုတ်ဘူးမောင်ကြီးရဲ့"

ဟု ကန္တဲ့ကရကလေး ပြောလိုက်သောအခါ မောင်မောင်အုပ်မှာလွန်စွာသဘောကျသွားပြီး . . .

"နှမလေးပြောရင် မောင်ကြီးယုံမှာပေါ့ကွယ်၊ ဘယ်မယုံကြည်ဘူးရယ်လို့ ရှိနိုင်ပါ့မလဲ၊ ကဲ-ကဲ-ပြောသာပြောပါ ယုံပါမယ်၊ ထူးဆန်းတယ်ဆိုတာ ဘာအကြောင်းများလဲကွဲ့"

ဟု ပြောလျှင်၊ မိန်းမပျိုကလေးလည်း . . .

"ထူးလို့ပေါ့ မောင်ကြီးရဲ့ ဘယ်လိုထူးတယ်ဆိုတာ ပြောတဲ့အခါကျတော့ မောင်ကြီးသိမှာပဲလေ၊ ဒီလိုပါ မောင်ကြီးရယ် နှမလေးနာမည်ကသီရိမယ်ပါတဲ့၊ ဇာတိက ရတနာပူရ ရွှေအင်းဝမြို့သူပါ၊ ဒီအရပ်ကို ရောက်လာတာတော့ နှစ်ပေါင်း(၃၅၀)ကျော်ပါပြီ၊ အဲ-ဒါ မောင်ကြီး ယုံကြည်ပါရဲ့လား"

ဟု ဆိုလျှင် မောင်မောင်အုပ်လည်း နက်နဲစွာစဉ်းစားနေပြီးမှ . . .

"အင်း နှမပြောရင်ယုံပါတယ်၊ သို့သော် ဒီအရပ်ကိုရောက်လာတာ နှစ်ပေါင်း(၃၅၀)ကျော်ပြီဆိုတော့ လူတို့သက်တမ်းမှာ တစ်ရာကျော် ကလေး ရှိတဲ့ဥစ္စာ၊ ပြီးတော့နှမမှာလည်း အိုအိုမင်းမင်းကြီးမှ မဟုတ်ဘဲ၊ တစ်ဆယ့် ခြောက်နှစ်အရွယ် ချစ်စဖွယ်၊ အို အတွေးရခက်သားပဲ၊ ဒါထက် နှမဟာ လူသားစင်စစ်ပဲနော်"

"အဲဒါကြောင့် ပြောရင်ယုံမှာမဟုတ်ဘူးလို့ ပြောတာပေ့ါ၊ နှမဟာ ဥစ္စာစောင့်လည်း မဟုတ်ပါဘူး၊ နာနာဘာဝ တစ္ဆေသရဲလည်း မဟုတ်ပါ။ ဒေဝစ္ဆရာနတ်သူဇာမျိုးလိုလည်း မတွေးပါနှင့် လူစင်စစ်ပါ၊ မောင်ကြီးလည်း ယခုလောက် ပူးပူးကပ်ကပ်နေမိမှတော့သိရောပေ့ါ"

"နို့ ဒါလောက် အသက်ကြီးပြီး အဘွားကြီးမဖြစ်တာက ဝိဇ္ဇာမိုရ် တစ်ဦးဦးက ဇန္ဒရသရက်သီးခူးပေးသွားလို့ ဆံမဖြူသွားမကျေ၊ အဘွား အေကြီးလိုမအိုဘဲ အမြဲပျိုရွယ်နုနယ်နေခြင်းပါလားနှမရယ်"

"သြော် ဒီအချက်ကို နှမလေးဖြည်းဖြည်းပြောမလို့ပါပဲ မောင်ကြီး ရယ်၊ နှမမှာ ဘယ်လိုအကုသိုလ်မျိုးနဲ့ ဘယ်လိုအကျိုးပေးထူးတဲ့ ကုသိုလ်မျိုး တွဲဖက်နေတယ်ဆိုတာ မတွေးတတ်အောင်ရှိပါတယ်၊ မအို, မနာဘဲ အမြဲပျို ရွယ်နေတာကတော့ အကျိုးပေးထူးတယ်ဆိုပါတော့၊ ပြီးတော့နှမဟာ အာဟာရ သိဒ္ဓိပြီးတဲ့ဝိဇ္ဇာများလို ဘယ်အာဟာရကိုမှ မမှီဝဲရဘဲ အမြဲအားအင်ပြည့်တင်း လျက်ရှိပါတယ်၊ မကောင်းတဲ့အချက်ကတော့ နှမဟာ ဟောဒီကျောက်တောင် ကြီးအတွင်းမှာ ဆင်းရဲကျပ်တည်းစွာနေရပြီး ယခုထိုင်တဲ့ ကျောက်ကမ်း ပါးကြီးအနားကို အလွန်ဆုံးထားလို့ ရှေ့ကိုတစ်ဖဝါးမှသွားနိုင်တဲ့ အခွင့် အာဏာမျိုးမရှိပါ . . .

ဒီနေရာလာတာ အလွန်ဆုံးခရီးပါပဲ၊ ကျောက်တောင်ကြီး အတွင်းမှ ဟောဒီအပြင်ကိုလာခဲ့တာလည်း ဘယ်လိုနေရာက ထွက်လာခဲ့တယ်ဆိုတာ မပြောနိုင်ပါ၊ စိတ်ကရောက်ချင်တာနဲ့ ဒီဘက်ကိုအလိုလို ရောက်လာတာပဲ၊ ပြန်ဝင်ချင်တော့လည်း ဒီအတိုင်းပဲမောင်ကြီးရဲ့၊ အဲဒီနေရာမျိုးမှာတော့လည်း

ကမ္ဘောဇ်ဒွိတန်ခိုးရတဲ့နတ်များလို အိုကိုယ့်ကိုယ် ကိုယ်အမည်မတပ်နိုင်အောင် ရှိတော့တာပဲ၊ နှမဟာ လူတော့လူသား အစစ်ပဲလို့ ထင်ပါတယ်။

နှမကိုနိုင်လောက်တဲ့အတတ်ပညာနဲ့ တစ်သက်မျှမက ဘဝအဆက်ဆက်မှာ သွားလိုရာမသွားနိုင် နေလိုရာမနေနိုင်အောင် မတရားချုပ်ချယ်ထားခဲ့တဲ့ ရန်သူတစ်ဦးရဲ့လက်ချက်ကြောင့် ဟောဒီတောင်ထဲက ကျောက်ဂူကြီးထဲမှာ ငရဲခံရသလို အချုပ်အချယ်ခံပြီး နာလန်မထူနိုင်အောင် လူဖြစ်ရှုံးခံနေရပါတယ်၊ မောင်ကြီးကယ်ဆယ်နိုင်ရင်လည်း ဒုက္ခသည် နှမကလေးကို ဖေးကူစောင်မပြီး လွတ်လပ်တဲ့ဘဝရောက်အောင် ပြုလုပ်ပေးတော်မူခဲ့ပါ မောင်ကြီးရယ်"

ဟု ညှိုးငယ်သောမျက်နှာနှင့် သနားစရာပြောလေလျှင် မောင်မောင်အုပ်မှာ မျက်ရည်များပင် လည်မတတ်သနားပိုပြီး ငိုမလိုမဲ့ကာ သီရိမယ်ကို ပိုက်ပွေ့ယုယပြီး . . .

"မောင်ကြီးရှိပါပြီ၊ အားငယ်တော်မမူပါနဲ့ နှမရယ် နှမအတွက် ဆိုရင် မောင်ကြီးအသက်နဲ့လဲလို့ စောင့်ရှောက်ပါ့မယ်၊ ဘယ်နည်း, ဘယ်ပုံ ကယ်ဆယ်ရမယ်လို့သာ ညွှန်ပြတော်မူပါတော့"

ဟု ချော့မော့အားပေးစကားပြောလျှင် သီရိမယ်လည်း အားတက်ခြင်းဖြင့် ပြုံးရွှင်လာပြီးလျှင် . . .

"နှမလေးပြောမည့်စကားကို မောင်ကြီးသေသေချာချာနားဆင်တော်မူပါ၊ နှမကလေးကို နှိပ်စက်သွားတဲ့ရန်သူတော်ဟာ သက္ကရာဇ် (၈၈၈)ခုနှစ်က ရတနာပူရအင်းဝမြို့တော်ကြီးနှင့်တကွ မြန်မာနိုင်ငံတော်ကြီးကို တိုက်ခိုက်ကြီးစိုးပြီး မြတ်စွာဘုရားသာသနာတော်ကို ဘျူးလွန်စော်ကား၊ ရာဇဝင်တွင်အောင် ဖျက်ဆီးညှဉ်းဆဲသွားတဲ့ "သိုဟန်ဘွား" ဆိုတဲ့ ဘုရင်ရဲ့လက်သုံးတော်ကျွန်ယုံ"စောဖဟုံ"ဆိုတဲ့ စစ်ကဲတစ် ယောက်ဖြစ်ပါတယ်၊ သူဟာ အောက်လမ်းပညာနှင့် လောကီပညာအမျိုးမျိုးကို ဒိုးကဲ့သို့မွှေနိုင်သောသူတစ်ယောက်လည်း ဖြစ်ပါတယ်။

အဲဒီစောဖဟုံက နှမလေးကိုမြင်ရတဲ့နေ့ကစပြီး ချစ်ကျွမ်းဝင်လိုသော စိတ်ဆန္ဒနှင့်မရမကကြံစည်ပြီး လူကြီးမိဘများကိုလည်း အမြဲနားသွင်း ဖျောင်းဖျ

နေပါတယ်၊ နှမလေးတို့ဖခင်ကလည်း ဟိုစဉ်အခါတုန်းက ပစ္စည်းဥစ္စာ လွန်စွာကြွယ်ဝတဲ့ "သီရိဘောဂ"ဆိုတဲ့ ဘွဲ့ရ၊ သူကြွယ်ကြီးတစ်ဦးဖြစ်တော့ သမီးကလေးကို စောဖဟုံနဲ့ လက်ဆက်ရမှာ အထူးထိတ်လန့်ပြီး မပေးစားလိုကြောင်းကို အတိအလင်းဖွင့်ပြောရမှာကလည်း သူတို့က မတရားသဖြင့်ကြီးစိုးပြီး တန်ခိုးပြနေတဲ့အခိုက်ဆိုတော့ မကြိုက်တာမလုပ်ဝံ့သလောက်ကြောက်ရွံ့နေရတာနဲ့ နေ့ရွှေ့၊ ရက်ရွှေ့အချိန် ဆွဲပြီး ဖြားယောင်းသွေးဆောင်လာခဲ့ရပါတယ်။

နောက်ဆုံးတော့ သူတို့သခင် သိုဟန်ဘွားကို မြန်မာလူမျိုးတို့၏နာယကဖြစ်တဲ့ မင်းကြီးရန်နောင်က သုတ်သင်ရှင်းလင်းလိုက်ပြီး သိုဟန်ဘွားတို့တစ်သိုက်ကို တိုက်ခိုက်နှိမ်နင်းတော့ ရှုန်းရင်းဆံခတ် ပြေးကြလွှားကြရင်း စောဖဟုံဟာ နှမကလေးကိုဆင်နှင့် တင်ပြီး အတင်းခိုးလာလို့ ဟောဒီ "မာလဲတောင်"ကိုပါ လာခဲ့ရပါတယ်၊ သူ့နောက်က အခြွေအရံစစ်သားများလည်း လက်နက်ဓားလှံများဆွဲကိုင်ပြီး ဂနိုင်စိမ့်စမ်း၊ တောတန်းတောင်စဉ်တလျှောက် စောင့်ရှောက်ရန်လိုက်ပါလာကြပြီး နှမကို ဟောဒီ"မာလဲတောင်"ကျောက်ဂူကြီးထဲမှာ လှောင်ပိတ်ပြီး တိတ်တဆိတ် ချစ်မေတ္တာမျှဖို့ ဖျောင်းဖျနားချနေပါတယ်။

နှမလေးလည်း စောဖဟုံကို မျက်မုန်းကျိုးလွန်းလို့ ဘယ်နည်းနဲ့မှသူ့ကိုမေတ္တာမမျှနိုင်တာနဲ့ နေ့ရှိသမျှခုခံငြင်းဆန်ခြင်းပြုနေခဲ့ရာ စောဖဟုံမှာလည်း နှမကလေးကို သူ့လက်ခုပ်တွင်းကရေလို သွန်လိုသွန်, မှောက်လိုမှောက်သဘောအလျောက်ပြုနိုင်မယ့် အခြေရောက်နေသော်လည်း သူ၏လောကီဆေးဝါးမန္တရား အတတ်ပညာများဟာ အလိုမတူသောမိန်းမနှင့် အဓမ္မသူ့သဘောအတိုင်းပြုခဲ့သည်ရှိသော် ထိုအတတ်ပညာများဟာ တစ်ခါတည်းကွယ်ပျောက်ကုန်လိမ့်မယ်၊ သို့အတွက် နိုင့်ထက်စီးနင်းမပြုပါရစေနဲ့၊ နှမသဘောအလျောက် ကြည်သာစွာ ချစ်မေတ္တာတုံ့ပြန်ဖို့ ထုတ်ဖော်တောင်းပန်တော့ နှမကလေးက သူဘယ်နည်းနဲ့မှ ငါ့ကိုမတရားပြုကျင့်နိုင်တော့မှာ မဟုတ်ဘူးဆိုပြီး အကြောက်အလန့်မရှိဘဲ အတင့်ရဲပြီး အမြင်းဆန်ခဲ့ပါတယ်။

ဒီလိုနဲ့ ခုနစ်လ၊ ရှစ်လလောက်ရှိလာတော့ လူမိစ္ဆာစောဖဟုံမှာ ကာမဂုဏ်မာန်တက်ပြီး အမျက်ကြီးစွာနှင့်နှမလေးကို မုန်းသွားသပေါ့၊ “အချစ်ကြီးတော့အမျက်ကြီး”ဆိုသလို ဇာတိဂုဏ်ကိုကိုးပြီး သူ့အပေါ် ဆိုးရမလားလို့ အငြိုးကြီးထားလျက် “ကမ္ဘာမပျက်မခြင်း ဒီကျောက်ဂူထဲက မထွက်နိုင်စေသား၊ အရွယ်နှင့်အဆင်းလည်း ပျက်ယွင်းအိုမင်းခြင်းမရှိ၊ ပကတိတည်နေစေသား၊ ကျောက်ကမ်းပါးအပြင်ဘက် လက်တစ်လှမ်းမျှ မထွက်နိုင်စေသား”လို့ ကျိန်ဆဲပြီး နှမလေးကိုလည်း မူလတင်ခိုးလာတဲ့ ဆင်ကြီးရဲ့ ကျောကုန်းပေါ်တွင် မှန်စီခေါင်းကြီးတစ်လုံးကို အဖုံးအပိတ် တံဆိပ် အက္ခရာ-ဂါထာ-အင်းအိုင် အမျိုးမျိုးများနဲ့စီရင်ပြီး အဲဒီမှန်စီ ခေါင်းကြီးထဲ နှမလေးကိုဆွဲထည့်ပြီးနောက် ဆေးဝါးမန္တရားများနှင့်စီရင်ထားသော သံခြေချင်းကြီးတွေနှင့် ခြေရောလက်ပါခတ်ပြီး ခေါင်းကြီး ပိတ်လိုက်ပါတယ်။

အစောင့်အနေ စစ်သားခြောက်ယောက်ကိုလည်း လက်နက်၊ ဓား၊ လှံ၊ ပုဆိန်၊ ရဲတင်းမှစ၍ဆွဲကိုင်ပြီး ဆင်ကြီး၏ရှေ့နောက်ဝဲယာမှာ အမြဲရပ်၍ စောင့်နေစေပါတယ်၊ အကယ်၍နှမသည် ဒီကျောက်ဂူတစ် ဖက်သို့ ပြေးထွက်ဖို့ ကြံစည်မိသည်ရှိသော် ရဲတင်း၊ ပုဆိန်ဆွဲကိုင်သော စစ်သားများနှင့်တကွ မှန်စီခေါင်းတင်သောဆင်ကြီးပါ နှမနောက်သို့ အရေးတကြီးပြေးလိုက်လာလျက် ရိုက်နှက်ဖမ်းချုပ်ကာ နေရာကိုပြန်ခေါ် တတ်ကြပါတယ်။

သို့သော် နှမလေးလွတ်ဖို့အရေးမှာလည်း အလွယ်ကလေးပါ၊ ဂူထဲအရောက် ကျောက်နံရံကိုဖောက်၍ဝင်ပြီး ဆင်ကြီးပေါ်က မှန်စီခေါင်းကြီးဖွင့်လျက် ဆေးလက်ထိပ်၊ ဆေးခြေချင်းများ ဖြုတ်ပေးပါလျှင် နှမလေးသွားချင်ရာ သွားနိုင်ပါလိမ့်မယ်၊ အဲဒါမောင်ကြီးကယ်နိုင်ရင်ဖြင့် လွယ်လွယ်နဲ့ နှစ်ကိုယ်နီးရဖို့ပါပဲမောင်ကြီးရယ်၊ ကယ်မယ်မဟုတ်လားနော်၊ နှမလေးချစ်တယ်ဆိုကယ်ပါနော် မောင်ကြီးရဲ့၊ နှမလေးတော့ မောင်ကြီးနဲ့ တွေ့ရတဲ့နေ့ကစပြီး ကယ်ဆယ်မယ့်ကျေးဇူးရှင်ကြီးတွေ့ရပြီလို့ အောက်မေ့ပြီး အများကြီးအားထားခဲ့ပါတယ်မောင်ကြီးရဲ့”

ဟု ငိုမဲ့မဲ့နှင့်ကန္တဲ့ကရပြောလေရာ၊ မောင်မောင်အုပ် သူ့ခမျာမှာလည်း ထူးဆန်းလှသဖြင့် အံ့သြစွာနားစိုက်ထောင်ပြီးလျှင် ချစ်ခင်သူကလေး၏

အကျပ်အတည်းတွေ့ကြုံနေရသောဒုက္ခ မုချဆက်ဆက် အသက်နဲ့လဲပြီး ကယ်ဆယ်တော့အံ့ဟု စိတ်ပိုင်းဖြတ်ကာ သီရိမယ်ကို စိတ်အေးဖို့ အားပေးချော့မော့ကာ . . .

"အို ဒီလို ကယ်ဆယ်နိုင်တဲ့ နည်းလမ်းရှိတဲ့နောက် ဘာမှ ကြောက်ဖို့မရှိပါဘူးချစ်နှမ၊ နှမ၏ဒုက္ခကို မောင်ကြီးအမြန်ကယ်ဆယ်ပါမည်၊ ဒါနဲ့ နှမပြောတဲ့အတိုင်း မှန်စီခေါင်းကြီးထဲမှာ ဆေးလက်ထိပ်နဲ့ ခတ်ပြီးထည့်ထားတာ၊ နှမဒီဂူအပြင်ဘက်ကိုတော့ ဘယ်လိုနည်းနဲ့ ရောက် လာပါသလဲနှမရဲ့"

ဟု မေးသောအခါ၊ သီရိမယ်လည်း ပြုံးရယ်လျက် . . .

"ဒီလိုလား မောင်ကြီးရယ်၊ ခုနင်က ပြောတဲ့အတိုင်း ကမ္ဗဇိဒ္ဓိ တန်ခိုးရနေသလား၊ သူ့ဆေးဝါးအင်းအိုင်ရဲ့ တန်ခိုးလားတော့ဖြင့် မသိဘူးနော်၊ စိတ်ကသွားချင်ရင် ခေါင်းအပြင်ကိုအလိုလိုရောက်လာတာပဲ၊ ဩော် သို့ပေတဲ့ ခေါင်းထဲမှာ ပိတ်အလှောင်ခံရစ(၁၀)ရက်လောက်ကတော့ ဒီလိုမဖြစ်သေးဘူး မောင်ကြီးရဲ့ အင်မတန်မှမွန်းပြီး ရေနစ်တဲ့ လူများလို တဝူးဝူးတဝါးဝါးနဲ့ ဒုက္ခဝေဒနာခံစားနေရပါတယ်၊ နောက်တော့ နည်းနည်းမေ့ခနဲလိုလို အိပ်ပျော်သွားပြီး ဆေးလက်ထိပ်ခြေချင်းနဲ့ ချုပ်ချယ်ခြင်းခံနေရတဲ့ ခေါင်းထဲကကိုယ်ကို စွန့်ပစ်ပြီး အသစ်ဖြစ်တဲ့နှမလေးရဲ့ ခန္ဓာကိုယ်တစ်ခုထဲသို့ ရောက်လာပါတယ်။

ခန္ဓာကိုယ်အဟောင်းမှာတော့ မလှုပ်မရှား လူသေများလိုငြိမ်ပြီး တဖြည်းဖြည်း ပိန်ခြောက်သွားလိုက်တာ နှစ်ပေါင်းကအတော်များတော့ အရိုးတွေချည့်ရှိပါတော့တယ်၊ နှမလေးကို လွတ်လွတ်လပ်လပ် သွားလိုရာသွား နေလိုရာနေစေလိုလျှင် ထိုခေါင်းထဲက အရိုးစုရုပ်ကလပ်ဟောင်းတွေ ချည်နှောင်ထိပ်ခပ်ထားသော လက်ထိပ်ခြေချင်းများဖြုတ်ပြီး အရိုးစုများကိုလည်း ဂူအပြင်ထုတ်ပေးလိုက်လျှင် ထင်သလိုလွတ်လပ်ပါလိမ့်မယ်မောင်ကြီးရဲ့"

"ဒါဖြင့် နှမရယ် နှမဟာက တစ်ကိုယ်တည်းက နှစ်ကိုယ်ခွဲသလို ဖြစ်မနေဘူးလား"

"မှန်ပါတယ်မောင်ကြီးရယ်၊ မူလကိုယ်ခန္ဓာမှာ အချုပ်အချယ် ခံနေရလို့ နှမရဲ့ ယခုကိုယ်မှာလည်း အမှုပိုပြီး ဒုက္ခခံနေရခြင်းဖြစ်ပါ တယ်"

"နှမကိုယ်ခန္ဓာအဟောင်းကို နှမဘာသာထုတ်ယူလို့ကော မရဘူးလားနှမရဲ့"

"မဖြစ်ဘူးမောင်ကြီးရဲ့ အစောင့်အရှောက်ထားတဲ့ အကောင်တွေက နှမတော့ အလွန်နိုင်ကြတယ်၊ သူတို့ခမ်း, လှံကိုလန့်ပြီး အမြဲရှန့်နေရတာနဲ့ အချိန်ကုန်တာပဲ"

"ဩော် အင်း နှမပြောတဲ့ စောဖဟုံရဲ့ အစောင့်အရှောက် စစ်သားတွေဆိုတာလား၊ သူတို့လည်းနှစ်ပေါင်း(၃၅၀)ကျော်ပြီပေါ့၊ အို- မင်းတို့ဟာကလည်း ခက်သကွယ်၊ နို့ ဒီအကောင်တွေကလည်း ဘာဖြစ်လို့မသေဘဲ အသက်ရှည်နေကြတာတုံးလို့"

"သူတို့ကတော့ အသက်မရှိကြတော့ဘူး မောင်ကြီးရဲ့၊ ဒါပေတဲ့ လက်နက်ကိုထမ်းပြီး အမြဲတန်းစောင့်ရှောက်နေတဲ့ သူတို့ကိုယ်ခန္ဓာအရိုးစုကြီးတွေက နေရာမပျက် အထက်ကလိုပဲတည်ရှိပြီး ဆေးဝါးပယောဂနဲ့ စီမံထားခဲ့လို့ ကြောက်မက်ဖွယ်အဆင်းနဲ့ သရဲ, သဘက်ကောင်ကြီးတွေဖြစ်ပြီး စောင့်ရှောက်နေတယ် မောင်ကြီးရဲ့၊ နှမနဲ့မောင်ကြီး ပြောနေတာတောင် သူတို့ကြားချင်ကြားမှာပဲ"

"ဩော်-ချစ်နှမမှာ ဒီလိုဆိုရင် သနားစရာတယ်ပြီးကောင်းပါ ကလား၊ လူသားမိန်းမငယ်ကလေးတစ်ယောက်တည်း သဘက်, သရဲကောင်တွေရဲ့ အလယ်မှာ မျက်နှာငယ်ငယ်နဲ့ နေရရှာတာပါကလား၊ မောင်ကြီးကြာကြာ မထားဘူး၊ ကယ်မယ် ကယ်မယ်နှမ၊ မောင့်ကို စောင့်ရှောက်နေတဲ့ ဦးပဥ္စင်း ဦးနန္ဒဝံသနဲ့ တိုင်ပင်ပြီး အမြန်မကြာခင် ကယ်ဆယ်ပါတော့မယ် ချစ်နှမရယ်၊ မောင်ကြီးရှိပါပြီ အားငယ်တော်မမူပါနှင့်"

ဟု ပြောလေရာ သီရိမယ်လည်း ကျေးဇူးတင်လှသော မျက်နှာထားနှင့် အားရဝမ်းသာ . . .

"ကျေးဇူးကြီးပါပေရဲ့မောင်ကြီးရယ်၊ မောင်ကြီးကို ဒါကြောင့် . . . ဒါကြောင့် နှမကလေးအားကိုးပြီး ချစ်နေတာပဲ မောင်ကြီးရဲ့"

ဟု ကန္တဲ့ကရပြောဆိုကာ၊ ချစ်သူတို့စရိုက်အတိုင်း ယုယပိုက် ဖျားကစားကျီစယ် မေတ္တာလှယ်၍နေကြရာ ချောင်းကြည့်နေသော ဦးနန္ဒဝံသ

မှာလည်း သီရိမယ်ပြောစကားအရ ထူးဆန်းလှစွာသော အကြောင်းအရာများ အံ့အားသင့်စွာ နားထောင်နေမိပြီးလျှင် ယခင်က ဥစ္စာစောင့် နာနာဘာဝ၊ အစိမ်းသရဲဟု မိမိထင်ခဲ့မိသည်ကိုပင် ပြန်လှန်အပြစ်တင်ကာနေမိသတဲ့ ဒကာလေးရဲ့"

ဟုပြောကာ တိုက်အုပ်ကိုယ်တော်ကလေးလည်း အနည်းငယ်မောရှိ ပြောနေသောစကားကို ရပ်တန့်နေရာ ကျွန်တော်နှင့် ဦးကုသလတို့လည်း နားထောင်၍ကောင်းတုန်း ဆုံးခန်းမရောက်မီ ရပ်တန့်နေသည်ပင် နားစည်း စိမ်ပျက်ကာ တိုက်အုပ်ကိုယ်တော်လေး မြန်မြန်ဆက်ပြောပါစေဟု ဆုတောင်း နေမိကြလေ၏။

ဦးကုသလတွင်ကား ကျွန်တော်ထက်ပို၍ မရိုးမရွဖြစ်ကာ၊ မျိုသိပ်၍ မနေနိုင်ဘဲ . . .

"ပြောပါဦးပဥ္စင်းရဲ့ တကယ်နားထောင်ကောင်းတုန်းမှ ဖြတ်ထား သကိုးနော်၊ ကိုယ်တော်လည်း ငရဲကြီးနေပါလိမ့်မယ်"

ဟု ရွှေ့လောတကြီး ပြောနေပြန်သောကြောင့် တိုက်အုပ်ကိုယ် တော်ကလေးက ပြုံးကာ . . .

"ဟာ ဒီတောထွက်ရဟန်းကြီးကလည်း တယ်ပြီးလောသကိုး၊ ကျုပ် မောလွန်းလို့ နားနေတာ ပြောမှာပါပဲ"

ဟု ဆို၍၊ ရွှေ့ဆက်ပြောပြန်သည်မှာ . . .

"ဒါနဲ့ နှစ်ရက်လောက်ရှိတော့ ဦးနန္ဒဝံသနှင့် မောင်မောင်အုပ် တို့လည်း သီရိမယ်ကို ကယ်ဆယ်ရန် တိုင်ပင်ပြီး ဆရာတော်ကြီး ကျိန်းနေတုန်း တူရွင်း, ပေါက်ပြား, လက်နက်ကိရိယာများကိုထမ်းပြီး ကျောက်ကမ်းပါးကြီး နားလာ၊ တောင်ထဲဝင်စရာ အပေါက်ရရန် တောင်ကမ်းပါးယံကို တူးဖောက် နေကြတာကိုး၊ တစ်နေ့ တစ်နေ့နှင့် တူးဖြိုလာခဲ့ကြတာ၊ နောက်ဆုံးကျတော့ လူတစ်ယောက်ဝင်သာရုံ အပေါက်တစ်ခုရလာပြီး ကျောက်ဂူကြီးထဲ ဝင်စရာ လမ်းစပေါ်လာသတဲ့ . . .

ဒါနဲ့ နှစ်ယောက်သား ဝမ်းသာအားရနဲ့ သီရိမယ်ပြောတဲ့ ဂူကြီးဖြင့် တွေ့ပဟဲ့လို့ စိတ်အားထက်သန်စွာ အတွင်းသို့လှမ်းကြည့်လိုက်ရာ အလင်း

ရောင်မရှိ၊ ပကတိမည်းမှောင်နေသော တောင်ခေါင်းကြီးကို မြင်ရပြီးလျှင် အတွင်းမှ အေးစိမ့်သောလေများ ပက်ဖျန်းလာတာ ရှူရှိုက်ရသဖြင့် တောင်ခေါင်းကြီးမှာ အတော်ကျယ်မည်ဖြစ်ကြောင်း ခန့်မှန်းသိရှိရသောကြောင့် ကျောင်းဆီသို့ ပြန်လာကြပြီးလျှင် မီးစည်းမီးတိုင်များ ထွန်းညှိပြီး ဂူကြီးဆီသို့ ပြန်လာကြရာ ဂူပေါက်မှာ ယခင်ကလိုရှင်းလင်းစွာမရှိဘဲ ကြီးစွာသော ပင့်ကူအိမ်ကြီးတစ်ခု ပိတ်ဆို့နေသည်ကိုတွေ့ရသဖြင့် ဦးနန္ဒဝံသနှင့် မောင်မောင်အုပ်တို့သည်လည်း အံ့ဩခြင်းကြီးမက အံ့ဩကြရသတဲ့ ဒါနဲ့ မောင်မောင်အုပ်မှာ ချစ်သူကိုကယ်ဆယ်လိုတဲ့ဇောကြောင့် ရှေ့လောတကြီးနဲ့ အဲဒီပင့်ကူအိမ်နှင့်တကွ ဆန်ကောတမျှကြီးလှစွာသော ပင့်ကူကြီးပါ မီးစည်းနှင့်ရှို့မြှိုက်လိုက်တဲ့အခါ ပင့်ကူအိမ်ကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပြီး နေရာမှပျောက်သွားရောတဲ့ . . .

ဒီတော့မှ နှစ်ဦးသား မီးစည်းကြီးများကိုဝင့်ကိုင်ပြီး ဂူတွင်းသို့ ဝင်ခဲ့ကြတာပေါ့လေ၊ ဂူကြီးကလည်း ကျယ်ဝန်းအေးမြ၊ စိမ့်စိုထိုင်းမှိုင်းလျက် တစ်ခဲနက်မှောင်ကြီးကျပြီး ဘယ်ကအလင်းရောင်မှမရဘူးတဲ့ တစ်စ တစ်စနဲ့ ရှေ့တိုးလာခဲ့ကြတာ သီရိမယ်ပြောတဲ့အတိုင်း မှန်စီခေါင်းကြီးနဲ့ အစောင့်အရှောက်များ တွေ့နိုး၊ တွေ့နိုးပေါ့လေ၊ မီးစည်းကြီးများ မြှောက်ကာ မြှောက်ကာ ရှာရင်းဖွေရင်း ရှေ့တိုးလာကြ၊ သီရိမယ်ကိုလည်း အစ အနမှမမြင်ရသေးဘူးတဲ့၊ မောင်မောင်အုပ်လည်းရှာဖွေရင်း ပါးစပ်က တစာစာနှင့် . . .

"သီရိမယ်ရေ ချစ်နှမရေ မောင်ကြီးတို့ လာပြီကွဲ့၊ ဆီးပြီးများ ကြိုလှည့်ပါဦး"

ဟု အော်ကာ မရပ်မနားလိုက်ရှာနေသတဲ့ ဒီလိုနဲ့ ရှေ့တိုးတိုး ပြီးလာကြတာ မကြာခင်ပဲ တရှူးရှူးတရှဲရှဲ မြည်သံကြီးတွေကြားရသတဲ့ လိုက်ရှာနေတော့လည်း ဘာမှမမြင်ရဘူးဆိုပဲ တစ်ခါတစ်ခါလည်း သူတို့ အနီးအပါးမှာ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ကူးသွားတဲ့လူလိုလို ဘာလိုလို မသဲကွဲတဲ့သတ္တဝါတွေ တွေ့ရသတဲ့၊ တစ်ခါတစ်ရံလည်း လိုဏ်သံကြီးနဲ့ ရောနှောပြီး တသောသောညာသံပေးပြီး အော်မြည်ညည်းညူနေတဲ့အသံတွေလည်း ကြားရသတဲ့ တစ်ချက်တစ်ချက်မှာလည်း စူးဝါးနက်ကျယ်တဲ့ ဆင်အော်သံကြီးလည်းကြားရသတဲ့-

အဲဒါကြောင့် ဦးနန္ဒဝံသနှင့် မောင်မောင်အုပ်တို့မှာ ဒီဂူကြီးထဲဖြင့် ကေန္တ သရဲ သဘက်၊ နာနာဘာဝအစောင့်တွေ သောင်းကျန်းနေတာပဲဆိုတာ ရိပ်မိပြီး "အင်း တို့လာတဲ့အတွက် သူတို့ရှိကြောင်း သတိပေးတာပဲ၊ သီရိမယ် ကိုကယ်ဆယ်ရင်တော့ အကြီးအကျယ်နှောင့်ယှက်တော့မှာပါကလား"လို့ သတိ ထားစဉ်းစားဆင်ခြင်ပြီး မောင်မောင်အုပ်နှင့် ဦးနန္ဒဝံသတို့မှာ မြတ်စွာဘုရား ၏မုက္ခပတ်တော်၊ ဂါထာတော်ကြီးတွေ စည်းတားကာကွယ်ရွတ်ဖတ်လျက်သာ အဆက်မပြတ်ရှာဖွေနေရသတဲ့ . . .

မျှားမကြာမီ မောင်မောင်အုပ်ကဲ့နားထဲမှာ သီရိမယ်စကား ပြောသံ လိုလိုကြားရလို့ နားစိုက်ထောင်မှ သူတို့ကို ရှေ့တိုးတန်တိုး၊ နောက်ဆုတ် တန်ဆုတ်၊ ကွေ့သွားတန်သွားဖို့ လမ်းမမှားရအောင်ဟာ ခရီးညွှန်နေတဲ့ သီရိမယ်ကို မနီးမဝေးမီးရောင်အလင်းမှာ ထင်ရှားစွာမြင်ရသတဲ့ သည်တွင်မှ မောင်မောင်အုပ်တို့မှာ အားတက်ပြီး ရှေ့သို့ ခပ်သွက်သွက်သွားကြတော့ မကြာမီ ဖြူဖြူသဏ္ဌာန်တွေ မြင်ရတာနှင့် ဦးနန္ဒဝံသက . . .

"ဟော-ဟိုမှာမြင်ရဲ့လား ဒကာအုပ်ရေ၊ အစောင့်အရှောက်တွေ ဆိုတာထင်ပါရဲ့၊ အို-ဟိုနောက်က ဖြူဖြူအမြင့်ကြီးဟာကဘာလဲ၊ အမယ်- ဆင်ကြီးကိုးဒကာရဲ့၊ အင်း-အသားတွေမရှိလို့ အရိုးကောင်ကြီး သက်သက် မပျက်မစီးတည်နေလိုက်တာမြင်ရဲ့လား၊ ဟော အပေါ်က လင်းလင်းလက် လက်နှင့် တဖျပ်ဖျပ်တောက်ပနေတာက မှန်စီခေါင်းကြီးပါကလား၊ ဟုတ်ပြီ, ဟုတ်ပြီ၊ သီရိမယ်ပြောတဲ့အတိုင်း တွေ့နေရပြီ၊ တယ် ထူးဆန်းအံ့ဩဖို့ ကောင်း ပါကလား ဒကာအုပ်ရဲ့"

ဟု ပြောလျှင်၊ မောင်မောင်အုပ်လည်း မြင်ရသောပုံသဏ္ဌာန်များကို အံ့အားသင့်ကာ စူးစိုက်ကြည့်နေမိသတဲ့၊ လက်နက်၊ ဓား၊ လှံ၊ ရဲတင်း၊ ပုဆိန် ဆွဲကိုင်ပြီး ရန်သူလာလျှင် မညှာတာ ခုတ်ပိုင်းမည့်သဏ္ဌာန် အံကြိုးခဲပြီးရွယ်နေ ကြတဲ့ လူရိုးကမ္ဘဋ္ဌာန်းကောင်ကြီးတွေကလည်း သူတို့ကို သဲသဲမဲမဲစိုက်ကြည့်နေ တဲ့ဟန်၊ အင်မတန် ကြောက်စရာကောင်းသတဲ့ ဒကာကလေးရဲ့၊ ဒါနဲ့ မောင်မောင်အုပ်နဲ့ ဦးနန္ဒဝံသတို့မှာ မှန်စီခေါင်းကြီးရှိတဲ့နေရာသို့ ရုတ်တရက် မသွားဝံ့သေးဘဲ ခေတ္တခဏအကြံညဏ်ထုတ်နေကြသတဲ့၊ မနီးမဝေးမှာရပ်နေ

တဲ့ သီရိမယ်မှာလည်း မောင်မောင်အုပ် စိတ်ပျက်ပြီး ပြန်သွားမှာစိုးရိမ်သလို ရင်ကလေးတဖိုဖိုနှင့် ငိုမလိုမဲ့မဲ့ပြီး . . .

"မောင်ကြီးရဲ့ နှမကလေးကိုသနားရင် နောက်ဆုတ်မသွားပါနဲ့နော်၊ ဆက်ဆက်ကြီးကယ်ဆယ်ခဲ့ပါ မောင်ကြီးရဲ့၊ အစောင့်အရှောက်တွေအတွက်တော့ မစိုးရိမ်ပါနှင့် မောင်ကြီးဉာဏ်ရှိသလိုစီမံပါ၊ သူတို့ဟာ အခုနေမောင်ကြီးတို့ကို ရန်မမူနိုင်သေးပါဘူး၊ သူတို့ဆရာပေးခဲ့တဲ့ အမိန့်က နှမရဲ့ အရိုးတွေကိုယူမှ ဆွဲကိုင်ထားတဲ့ လက်နက်တွေနှင့် ခုခံနှောင့်ယှက်နိုင်မှာပါ၊ သူတို့ကိုင်ထားတဲ့ လက်နက်များကို သိမ်းထားလိုက်ပြီးမှ ပြုလုပ်စရာရှိသမျှ ပြုလုပ်လျှင် စိုးရိမ်စရာမရှိပါဘူး မောင်ကြီးရဲ့"

ဟု ပြောသောကြောင့် မောင်မောင်အုပ်နှင့် ဦးနန္ဒဝံသတို့လည်း အကြံရကာ အရိုးကောင်တွေမှာ ဆွဲကိုင်ထားသည့် လက်နက်စားလှံများကို ဖြုတ်ယူ၍ တစ်နေရာတွင် စုပုံထားလိုက်ကြသတဲ့၊ အဲဒီလို ကိုင်ထားတဲ့ လက်နက်တွေဆွဲယူတဲ့အခါ အသက်ဝိညာဉ်မရှိတဲ့ အရိုးကောင်တွေက အသက်ရှိတဲ့လူများလို မြဲမြဲကြီးဆုပ်ကိုင်ထားပြီး စားတော့မလို ဝါးတော့မလို မျက်နှာထားကြီးတွေ ပြောင်းလဲသွားလိုက်တာ၊ အလွန်တရာထိတ်လန့်ဖို့ကောင်းတာပဲတဲ့၊ တော်ရုံ တန်ရုံသတ္တိနဲ့သာဆိုရင် ထိုစဉ်အခါကတည်းက ပွဲချင်းပြီးလန့်သေလောက်တယ်ဆိုပဲ၊ သို့သော် မောင်မောင်အုပ်မှာ ချစ်သူကို ကယ်ဆယ်ရမယ့်အရေးမို့ ထိပ်သွေးရောက်နေတာနှင့် ကြောက်ရမှန်း လန့်ရမှန်းကိုမသိဘူး၊ ဦးနန္ဒဝံသမှာလည်း မြတ်စွာဘုရား၏တပည့်သား သံဃာတော်ဖြစ်တဲ့အပြင် ကျင့်ဝတ်သိက္ခာနှင့်တကွ တရားရှင်ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အတွက် သရဲ, သဘက်ဆိုတဲ့ နာနာဘာဝတွေ လောက်ကို အရေးဂရုမပြုလောက်သဖြင့် ကြောက်ရွံ့တဲ့စိတ်ဆိုလို့ ဘိတ်ဘိတ်သားမရှိဘူးတဲ့၊ ဒါကြောင့်လည်း ယခုလောက် ရဲရဲရင့်ရင့် လုပ်နိုင်ကြပေတာပေါ့လေ"

ဟု တိုက်အုပ်ကိုယ်တော်ကပြောရာ ဦးကုသလက ကြားဖြတ်၍

"နေပါဦး ဦးပဥ္စင်းရဲ့၊ သူတို့ဘာမှမဖြစ်ဘဲ ပြန်လာနိုင်ကြသတဲ့လား"

"အေးလေ ပြောတာပေါ့ ဆုံးအောင်နားထောင်ပါဦးကိုယ်တော်ရဲ့ အင်း ဒါနဲ့ အရိုးကောင်ကမ္ဘဍာန်းရုပ်တွေ စွဲကိုင်ထားတဲ့လက်နက်များ သိမ်းယူ

ပြီး တစ်နေရာတွင်ချထားကာ ဘေးကစည်းဝိုင်းထားပြီး မြတ်စွာဘုရား အမိန့်တော်နဲ့ စည်းဝိုင်းကို မည်သူမျှကျော်နင်း၍ အတွင်းကလက်နက်များကို မယူနိုင်စေရန် အမိန့်တော်ပြန်ပြီး မှန်စီခေါင်းကြီးတင်ထားတဲ့ ဆင်ကမ္ဗဋ္ဌာန်းကောင်ကြီးနားကပ်ကြရောတဲ့၊ အနားရောက်တော့ ဆင်ကြီးမှာလည်း အင်မတန်ကြီးတဲ့ဆင်ကြီးဆိုပဲ၊ အစွယ်ကြီးနှစ်ခုကလည်း ယှက်လို့ဆိုပဲ၊ နံရိုးကြီးတွေကလည်း အပြိုင်းပြိုင်း၊ ပေါင်ရိုး ဒူးရိုးတွေ ကလည်း ကြီးမားလိုက်တာ၊ လှုပ်တာတောင်မယိမ်းမယိုင်၊ ခိုင်ခိုင်မာမာ ကြီးရှိနေသတဲ့၊ ဆင်ကျောကုန်းပေါ်က မှန်စီခေါင်းကြီးမှာလည်း ကြီးမားသောကြိုးလွန်းနှစ်ချောင်းနှင့် ဆင့်ဝမ်းဗိုက်ပတ်ပြီးခေါင်းကြီးကိုတွဲချည်ထားသဖြင့် မောင်မောင်အုပ်မှာ ခေါင်းကြီးကိုဖွင့်ဖို့ အတော်ခဲယဉ်းနေတာနဲ့-

"ဘယ့်နှယ်တုံး ဦးပဥ္စင်းရဲ့၊ ခေါင်းကြီးဖွင့်ဖို့ရာ ဘယ်လိုကြံမလဲ၊ ဆင်ကြီးကလည်း အင်မတန်မြင့်တော့ လှမ်းဆွဲလို့လည်းရမယ်မဟုတ်ဘူး၊ ဆင်ပေါ်ကိုတွယ်တက်ရမှာကလည်း မတော်တဆအရိုးတွေပြုတ်ကျမှဖြင့်မလှမပနဲ့ အကြံမမြောက်ခင်သေရလိမ့်မယ် ဘယ်လိုကြံရမလဲဦးပဥ္စင်းရဲ့

ဟု အကြံပေးရန်ပူဆာတော့ ဦးနန္ဒဝံသမှာလည်း နဂိုကခပ် ရဲရဲမို့ ဆင်ကြီးနားတိုးပြီး ဆင့်ဝမ်းဗိုက်မှာသိုင်းချည်ထားတဲ့ကြိုးတစ်ခုကို ဆွဲကိုင်ကြည့်လိုက်သတဲ့၊ အမြင်ကတော့ ခိုင်မာတဲ့ကြိုးကြီးပဲထင်ရပေတဲ့ ကိုင်လိုက်တာနဲ့ တစ်ချက်တည်းပြာမှုန်ကလေးများကိုင်ရတာလို တစ်ခါတည်း ကြေကျသွားလိုက်တာတဲ့ ဒကာရဲ့၊ နှစ်ပေါင်းများစွာက သစ်စေးသရွတ်နှင့် လွှတ်ပြီး ခိုင်ခန့်သေသပ်အောင်လုပ်ထားတဲ့ ဆွေးမြေ့နေတဲ့ ပစ္စည်းကလား၊ ဦးနန္ဒဝံသလည်း ဆင်ရိုးတွေကို တစ်ခါကိုင်လှုပ်ကြည့်တော့ ကျောက်သားကျောက်တိုင်များလို ခိုင်မာနေတာတွေ့ရတာနဲ့ အံ့ားရဝမ်းသာ။

"ကိုင်း တစ်ခါဖြင့် နေရာကျပြီ ဒကာအုပ်ရေ၊ ဒကာအုပ်လက်ထဲက မီးစည်းကြီးကို ကျောက်တုံးကြားထဲ အသာစိုက်ထားပြီး ဆင်ကြီးပေါ်တက်၊ ဟောဒီလက်နက်နဲ့ခေါင်းကြီးကိုကလန့်ဖွင့် သီရိမယ်အရိုးတွေ လက်ထိပ်ခြေချင်းဖြေပြီး ဒကာရဲ့ခါးစီးပဝါနဲ့ ထုပ်ယူခဲ့ပေတော့၊ ဒီအကြံဟာ အကောင်းဆုံးပဲ ဒကာအုပ်ရဲပ့်မလား၊ အနှောင့်အယှက်အတွက်တော့ ဦးပဥ္စင်းတာဝန်

ထား ဘာမှမစိုးရိမ်နဲ့ လာသမျှဘေးရန်ကို မြတ်စွာ ဘုရားဂုဏ်တော်နဲ့ ဥုံခံကာ မန်းမှုတ်လွှတ်မယ်"

ဟု ဆိုကာ ဓားမြှောင်တစ်လက်ကိုပေးလျှင် မောင်မောင်အုပ်လည်း သဘောကြီးကျကာ ဦးနန္ဒဝံသ သညာပေးသည့်အတိုင်း ဓားမြှောင်ကို ခါးစောင်းတွင်ထိုးပြီး ခါးတောင်းကြီးမြှောင်လှအောင်ကျိုက်လျက် ဆင်ကမ္ဘဌာန်းကောင်ကြီးကို တွယ်တက်သွားရောတဲ့၊ ကျောပေါ်ရောက်တော့လည်း ဆင်အရိုးတွေဟာ မပြုတ်မပျက်၊ မယိုင်မရွဲ့ဘဲ ခိုင်မြဲတောင့်တင်း နေတာပဲတဲ့၊ ဒါနဲ့ ခေါင်းကြီးကို အရေးတကြီးဓားမြှောင်နဲ့ကလန့်ဖွင့်လို့ လေးမျက်နှာလုံးကြွထလာတော့မှ ကပ္ပာကယာအဖုံးကြီးဆွဲလှန်ပြီးအထဲ ကြည့်လိုက်တဲ့အခါ သိရိမယ်အရိုးစုတွေဟာ အကောင်အထည်မပျက် လက်ထိပ်ခြေချင်းနှင့်တကွ တွေ့ရသတဲ့၊ အဲဒီအခါတုန်းက သိရိမယ်ဟာ ဘာကြောင့်မှန်းမသိဘူး၊ မောင်မောင်အုပ်အနားမှာ အမြဲမရှိဘဲ ပျောက်ချည် ပေါ်ချည်ဖြစ်နေသတဲ့၊ ဒါနဲ့ မောင်မောင်အုပ်လည်း ခေါင်းထဲက အရိုးစုကိုခပ်ထားတဲ့ လက်ထိပ်ခြေချင်းများကိုကြည့်ပြီး

"ကဲ . . တစ်ခါဖြင့် ငါ့အချစ်ကလေးကို နှစ်ပေါင်းများစွာ ဒုက္ခပေးပြီး နှိပ်စက်နေတဲ့ လက်ထိပ်နဲ့ခြေချင်း တစ်ခါတည်းနင်းချိုးလိုက်မယ်၊ ကျိုးရော့လဟယ်"

ဟု ကြိမ်းဝါးကာ၊ တစ်ခါတည်းဆွဲဖြုတ်ချိုးဖွဲ့ပစ်လိုက်သတဲ့ ခုကာလအကျဉ်းသမားများခတ်တဲ့ သံလက်ထိပ်မျိုးမဟုတ်ဘူး ဒကာကလေးရဲ့၊ ဆေးနဲ့စီရင်ထားတဲ့ သစ်သားလက်ဖွဲ့ဖြစ်တဲ့အတွက် ရုတ်တရက်ချိုးလို့ရတာတဲ့၊ အဲဒီလို လက်ထိပ်, ခြေချင်းတွေလည်း ချိုးလိုက်ကရော၊ ကျောက်ဂူကြီးတစ်ခုလုံး ကြောက်စရာကောင်းတဲ့ အသံနက်ကြီးနဲ့ အော်လိုက်ကြတာ ဆူသွားတာပဲတဲ့၊ ပြီးတော့အံစောင့်ဖြစ်တဲ့ အရိုးစုကောင်တွေကလည်း ခေါင်းကြီးဘက်ကို ဆတ်ခနဲလှည့်လာကြပြီး လက်ကားယား၊ ခြေကားယား အံသွားကြီးများကြိတ်ဝါးပြီး မောင်မောင်အုပ်နဲ့ဦးနန္ဒဝံသကို အစိမ်းလိုက်ဝါးစားတော့မလို ကြည့်နေသတဲ့၊ ဆင်ကမ္ဘဌာန်းကောင်ကြီးမှာလည်း ရှေးကလိုအငြိမ်မနေဘဲ တလှုပ်လှုပ်တရှားရှားအစွယ်ကြီး တငွားငွား၊ ခွာဖျားတရုတ်ရုတ်နဲ့ ထိုးသတ်ချင်၊ နင်းသတ်ချင်တဲ့အလား ချောက်ချားတုန်လှုပ်လာသတဲ့ . . .

ဆင်ပေါ်ရောက်နေတဲ့ မောင်မောင်အုပ်မှာလည်း အရိုးတွေကို ကပျာကယာထုတ်ယူနေရင်း ဆင်ကြီးလှုပ်ရှားနေတော့လိမ့်ကျမှာ ကြောက်တာနဲ့ ကုတ်ကပ်ပိန်လိန်နေရသတဲ့ ဦးနန္ဒဝံသကလည်း ဂါထာမန္တန်အမျိုးမျိုးကို ဥုံခံကာရွတ်ဖတ်ရင်း . . .

"ဒကာအုပ်ရေ ဘာမှမကြောက်နဲ့ ကိုယ့်အလုပ်သာကိုယ်တွင် ကျယ်အောင်လုပ်ပြီး ခပ်သုတ်သုတ် သတိနဲ့ဆင်းခဲ့ပေတော့"လို့ ပြောတာနဲ့ မောင်မောင်အုပ်လည်း ခပ်သုတ်သုတ်ယူပြီး လှုပ်ရှားနေတဲ့ဆင်ကြီး တွယ်ကပ်ပြီး ဆင်းလာခဲ့ရသတဲ့ အောက်လဲရောက်ပါရော၊ သီရိမယ်လည်း ဝမ်းသာအားရနဲ့ အနားလာပြီး . . .

"မြန်မြန်ပြေးပါမောင်ကြီးရဲ့ ဂူထဲကမလွတ်သမျှ စိတ်မချရသေးဘူး၊ ဟော-ဟော-ပြေးလာကြပြီ၊ အရိုးတွေလုမလို့ မောင်ကြီးလက်ထဲမထားပါနဲ့၊ ဘုန်းကြီးဘုရားပေးလိုက်ပါ၊ ဘုန်းကြီးဘုရားကို သူတို့ အတော်ပဲကြောက်လန့်ကြပါတယ်"

ဟု ကပျာကယာစိုးရိမ်ကြီးစွာပြောသောကြောင့် မောင်မောင်အုပ်လက်ထဲက အရိုးထုပ်ကို ဦးနန္ဒဝံသလက်ပေးလိုက်ပြီး နှစ်ယောက်သား မီးစည်းကြီးတွေကိုင်ရင်း အလင်းရောင်ရှိတဲ့ ဂူဝကိုပြေးလာကြတော့ နောက်ကအရိုးစုကောင်တွေ လိုက်လာကြတာ မနည်းဘူးတဲ့၊ ဂူကြီးကလည်းကျယ်တော့ ပြေးပေတဲ့ တော်တော်နဲ့ အဝမရောက်နိုင်ဘူးတဲ့၊ ကမ္ဘဋ္ဌာန်းကောင်တွေကလည်း မှီလု၊ မှီလုနဲ့ပေါ့လေ။ တစ်ခါတစ်ခါ နောက်ကျန်နေတဲ့ မောင်မောင်အုပ်ကို ဆွဲထားကြလို့ ဦးနန္ဒဝံသက မရမက ပြန်ဆွဲခေါ်လာရသတဲ့ . . .

ဆင်အရိုးကောင်ကြီးကလည်း ဆူဆူညံညံအော်သံပေးပြီး အတင်းပြေးလိုက်လာသတဲ့၊ ပြီးတော့ မောင်မောင်အုပ်နဲ့ ဦးနန္ဒဝံသတို့ ပြေးတဲ့ရှေ့ကလည်း ဆန်ကောလောက်ရှိတဲ့ မျက်နှာမည်းကြီး၊ မျက်နှာနီ၊ မျက်နှာစိမ်းကြီးတွေဟာ အစွယ်ကြီးအငေါ်သားနဲ့ သွားတဲ့ရှေ့နောက် ဝဲယာမှာ အပြကာဆီးနေတော့တာပဲတဲ့၊ ဒါနဲ့ နောက်ဆုံးကျတော့ ဦးနန္ဒဝံသမှာ အရိုးထုပ်လက်တစ်ဖက်ဆွဲ၊ မောင်မောင်အုပ်လည်း လက်တစ်ဖက်ကတွဲပြီး အတင်းပြေးခဲ့ရာမှ ဂူဝသို့ အရောက်တွင် ကြောက်စရာကောင်းတဲ့ မျက်နှာစိမ်းကြီး ဆန်ကောလောက်

ငှက်ပျောဖူးတမျှ အစွယ်ကြီးတွေထွက်ပြီး မီးကျီးခဲလို တလက်လက်နီရဲနေတဲ့ မျက်လုံးဝိုင်းကြီးနှင့် အမွေးစုတ်ဖွားအကောင်ကြီးက ရှေ့ကဆီးပြီး မျက်နှာထားကြီးနဲ့လက်ဖမ်းဆွဲရင်း . . .

"ဘုန်းကြီးလက်ထဲက အထုပ်ကိုအပြင်ယူမသွားပါနဲ့"

လို့ ခန့်ခန့်ကြီးတားထားတာကိုး၊ ဒီတော့ ဦးနန္ဒဝံသလည်း လွတ်ခါနီးမှ ဒီအကောင်ကြီး ဘာလာရှုပ်ရပြန်သလဲဆိုပြီး သိမ်ဝင်ပုတီးနဲ့ အကောင်ကြီးရှိရာ ရမ်းလိုက်တော့ ချက်ချင်းပင်ပျောက်သွားပြီး . . .

"တောက်"

ဆိုတဲ့အသံနက်ကြီးနဲ့ တောက်ခေါက်ပြီး . . .

"ဘုန်းကြီးသက်န်းကြောင့် အရှုံးပေးလိုက်ရသဟဲ့နော်"

ဆိုတဲ့ ပြောသံကြီးကြားရသတဲ့၊ ဒါနဲ့ ဦးနန္ဒဝံသလည်း လွှားခနဲဂူအပြင်ကျော်ထွက်လိုက်ရော၊ နောက်ကပါလာတဲ့ မောင်မောင်အုပ်မှာ မျက်နှာနီ မျက်နှာစိမ်းအကောင်ကြီးတွေက တပြုံတခေါင်းကြီး ဝိုင်းဆွဲထားလို့ ဘုန်းကြီးအားနှင့်မနိုင်ဘဲ ဂူဝကမောင်မောင်အုပ်ကို ဂူထဲက အကောင်တွေက ဖက်ဆွဲ၊ ဂူပြင်က ဦးနန္ဒဝံသက အရိုးထုပ်ကြီးခြေနဲ့ နင်းဖိထားပြီး လက်နှစ်ဖက်နဲ့ မောင်မောင်အုပ်ကို တအားဆွဲနဲ့ အားနည်း အားများစမ်းပြီး လွန်ဆွဲသလိုဖြစ်နေပြီး နောက်ဆုံးတော့ မျက်နှာနီ မျက်နှာစိမ်းကောင်ကြီးတွေက မောင်မောင်အုပ်ကို ဆွဲရုံတင်မက အချို့ကဗိုက်ကို ထက်လှစွာသော လက်သည်းကြီးတွေနဲ့ ကုတ်ဆွဲဖြဲဆုတ်ပြီး ဝမ်းထဲက အူအသည်းနှလုံးများကို ဆွဲယူသွား၊ တချို့က အသားတွေဖဲ့စား လက်ခြေများ ကျွတ်ကျွတ်ပါအောင် ဝါးလိုဝါးနှင့် များမကြာမီ မောင်မောင်အုပ်မှာ ဆွဲရင်း ငင်ရင်းနှင့်ပင် အသက်ပျောက်သွားရှာသတဲ့။

ဒီတော့မှ ဦးနန္ဒဝံသမှာ မောင်မောင်အုပ်အတွက် လက်လျှော့လိုက်ရပြီး အရိုးထုပ်ကြီးသာ အဖတ်တင်ကျန်ရစ်တာနဲ့ မောင်မောင်အုပ်အတွက် ကြိုးစားရကျိုးမနပ်သဖြင့် သနားဝမ်းနည်းစွာနှင့်ပင် ထွက်ခွာလာရပြီးနောက် လက်ထဲက သီရိမယ်၏အရိုးများကိုလည်း ဂူကြီးနှင့်လွတ်ရာ အရပ်တစ်ခုတွင် မြေကိုယက်ကာ ဖုံးအုပ်မြှုပ်နှံထားခဲ့ပြီး အနီးတွင် မတ်တပ်ရပ်ကာ. .

"ကဲ . . ဒကာမသီရိမယ်လည်း လွတ်လပ်ရာသွားပေတော့၊ ငါကား သင်တို့ကို ကူညီအကျိုးဆောင်ရသော်လည်း အောင်မြင်ကာနီးမှ ကံနည်းသောဒကာအုပ်မှာ နာနာဘာဝကောင်တွေ၏ လက်သို့ပါရရှာချေပြီ၊ ရောက်ရာဘဝက အမျှရပါစေ ဒကာအုပ်ရေ အမျှ အမျှ"

ဟု ဆိုကာ ရဟန်းပင်ဖြစ်လင့်ကစား အတူနေဖြစ်သည့်အတွက် မောင်မောင်အုပ်ကို သနားလှသဖြင့် ဝမ်းနည်းစွာဖြစ်နေစဉ် သီရိမယ်လည်း ဦးနန္ဒဝံသအနီးတွင် ရောက်လာကာ . . .

"ဘုန်းဘုန်းဘုရား ဘုန်းဘုန်းဘုရား ကျေးဇူးတော်ကြီးလှပါတယ်၊ မောင်ကြီးအတွက်လည်း ယူကျုံးမရအောင် ရှိပါတော့တယ်ဘုရား။ တပည့်တော်မလည်း မောင်ကြီးနဲ့ ဘုန်းဘုန်းတို့ ကယ်ဆယ်တဲ့အတွက် လွတ်လပ်ရာဘဝသို့ ရပါပြီဘုရား၊ မောင်ကြီးအတွက်သာ ဝမ်းနည်းစရာကောင်းလှပါတယ်၊ တပည့်တော်မ မောင်ကြီးဘယ်ဘဝ ရောက်နေတယ်ဆိုတာစုံစမ်းပြီး မနားတမ်းလိုက်ရှာပါတော့မယ်"

ဟု ဆိုရာ၊ ဦးနန္ဒဝံသကလည်း . . .

"ဟဲ့ ဒကာမ နင့်ဒကာဟာ ဘဝတစ်ပါးပြောင်းသွားပေါ့ဟာ၊ နင်လိုက်ရှာလို့ ဖြစ်နိုင်ပါ့မလား၊ နင်လိုလူသားမဆိုထားနဲ့ နတ်သိကြားများမှ တန်ခိုးရှိမှမြင်ရတာကပဲ"

ဟု ဆိုလျှင်၊ သီရိမယ်လည်း . . .

"ဘုန်းတော်ကြီးဘုရား တပည့်တော်မလည်း လူမဟုတ်မှန်း ခုလွတ်လပ်တဲ့ဘဝရောက်မှ သိရပါတယ်၊ တပည့်တော်မဟာ သီရိမယ် ဘဝနဲ့ သေဆုံးနေခဲ့တာ နှစ်ပေါင်း(၃၀၀)ကျော်ပါပြီ၊ ရန်သူ၏ကျိန်စာကြောင့် ဒီတောင်ထဲကမထွက်နိုင်ဘဲ တပည့်တော်မရဲ့ဝိညာဉ်ကလေးဟာ ချုပ်ချယ်ခံပြီး တဝဲလယ်လယ်၊ ဘယ်မှထွက်ပြီး မတွယ်နိုင်ဘဲ နေခဲ့ရခြင်းဖြစ်ပါတယ်၊ ဘုန်းဘုန်းနဲ့ မောင်ကြီးတို့သာမကယ်ရင် ဘယ်ကမ္ဘာကျမှ ဒီဝဋ်ကကျွတ်ရမယ်ဆိုတာ မပြောတတ်အောင် ရှိလှပါတယ်၊ ဘုန်းဘုန်းဘုရား၊ ဒါကြောင့် အခုနေ အခါမှာ မောင်ကြီးဝိညာဉ်တွယ်ရာကို လိုက်ရှာပြီး မောင်ကြီးနှင့် နီးနီးနားနားမှာ တပည့်တော်မလည်း ဝိညာဉ်တွယ် ပါတော့မယ်၊ ဘုန်းဘုန်းဘုရား၊ ကိုင်း . . . ကြာနေရော့မယ်၊ သွားပေါ့ဘုရား"

ဟု ဆိုကာ၊ ဦးနန္ဒဝံသကိုဝတ်ချပြီး သီရိမယ်ပျောက်ကွယ်သွားရောတဲ့၊ ဒီတော့မှ ဦးနန္ဒဝံသမှာလည်း သီရိမယ်နှင့်မောင်မောင်အုပ်တို့အတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး နေရစ်ရသတဲ့၊ မောင်မောင်အုပ်ရဲ့ အလောင်းကို ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်ရမယ့် ကိစ္စကလည်းရှိသေးတော့ ဆရာတော်ကြီးထံ အလျင်အမြန်ပြန်ပြီး အကျိုးအကြောင်းတွေ အလုံးစုံလျှောက်ထားလို့ ဆရာတော်ကြီးမှာလည်း မောင်မောင်အုပ်အတွက် ယူကျုံးမရဖြစ်ရရှာသတဲ့၊ ဒါနဲ့ မောင်မောင်အုပ်အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ခြင်းပြုလိုက်ရသတဲ့ ဒကာရဲ့"

ဟု အဆုံးသတ်လိုက်ရာ ကျွန်တော်ကလည်း ဝမ်းနည်းသော အသံဖြင့်ပင် . . .

"အင်း . . ဖြစ်မှဖြစ်ရလေ ဦးပဥ္စင်းရယ်၊ နို့ သူတို့အကြောင်းက ဒါနဲ့ ကိစ္စပြီးရောလား၊ ဟို . . ခေါင်းကြီးနဲ့ သရဲတစ္ဆေတွေကကော၊ နောက် ဘယ်လို ဖြစ်ကြသေးသလဲဘုရား့"

တိုက်အုပ်ကိုယ်တော်ကလေးကဆက်ကာ . . .

"အင်း အဲဒီခေါင်းကြီးက ဒီလိုကွဲ့ဒကာရဲ့၊ မောင်မောင်အုပ် သေဆုံးပြီးနောက် ကျောက်ဂူထဲက တစ္ဆေသရဲတွေဟာ အလွန်တရာမှ သောင်းကျန်းနေသတဲ့၊ နေ့မရှောင်, ညမရှောင် ကြောက်မက်ဖွယ် ကောင်းတဲ့အသံဆိုးကြီးတွေနဲ့ အမျိုးမျိုးခြောက်လှန့်နေတဲ့အပြင် ညနေဝင် ရိတရောများမှာလည်း ဦးနန္ဒဝံသက အမှတ်တမဲ့ တောတန်းကလေးနား အမှိုက်သရိုက်လှည်းပြီးနေတဲ့ အခါများ အိမ်ငယ်လေးတမျှ ကြီးမားတဲ့ ခေါင်းပြတ်ကြီးတွေ တောင်ခေါင်းထဲက လိှမ့်လိှမ့်ထွက်လာလိုက်တာ . . .

မျက်လုံးကြီးတွေက ဆန်ကောလောက်၊ ပါးစပ်ပေါက်ကြီးတွေက အပြဲသား သွားကြီးတွေက ငှက်ပျောဖူးတမျှ၊ စားကြဝါးကြမယ့် သဏ္ဍာန် အင်မတန်အကြည့်ရဆိုးတဲ့ ပုံမျိုးကြီးတွေနဲ့ ခြောက်ပြနဲ့ ဦးနန္ဒဝံသကိုဖြင့် အငြိုးကြီးငြိုးနေတော့တာပဲတဲ့၊ အဲ-ဒါနဲ့ ဆရာတော်ကြီးကလည်း ဦးနန္ဒဝံသ အတွက်ပါ စိုးရိမ်တာကတစ်ကြောင်း၊ ကမ္မဋ္ဌာန်းထိုင်လို့မှ ကောင်းကောင်း အာရုံမရ၊ နာနာဘာဝတွေ နှောင့်ယှက်ခြောက်လှန့်တဲ့ အသံက ဆူညံလှသဖြင့်

တစ်ကြောင်း၊ ၎င်းတစ္ဆေ သရဲတွေလည်း အကျွတ်တရားမှ ရကြပါစေတော့လို့ ဂူဝနားကို ဆရာတော်ကြီးကိုယ်တိုင် နေ့စဉ် သွား သွားပြီး အမျှများပေး မေတ္တာပို့လို့။

"ဟဲ့ . . . နာနာဘာဝတွေ နင်တို့ကို အစောင့်အရှောက်ထားခဲ့သော်လည်း ယခုအခါနင်တို့ဝတ္တရားကုန်ပြီ၊ ဒီဘဝက လွတ်ချင်ကြရင် ငါ့ဆီလာကြ၊ ငါ့အမျှမေတ္တာများခံယူကြလို့ မေတ္တာရပ်ခံပြီးပလားဆို ကမ္မဋ္ဌာန်းတရားတော်ကြီးကို ထိုနေရာတွင် နေ့စဉ်နှင့်အမျှ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုသတဲ့၊ အဲ-ဒီလို နေခဲ့ရာက အခြောက်အလှန့်များလည်း တစ်နေ့တခြား ငြိမ်သက်လာပြီး နောက်ဆုံးဆရာတော်ကြီးခါတိုင်းလို ဂူဝလာ၍ ပရိတ်မေတ္တာပို့ပြီး ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့နေ့တစ်နေ့မှာ မျက်နှာစိမ်း၊ မျက်နှာနီ၊ မျက်နှာဝါ၊ မျက်နှာနက် မျက်လုံးပြူးပြဲ ပါးစပ်ပြဲနဲ့ အမွေးစုတ်ဖွားသရဲကြီးများဟာ ဆန်ကောပမာကြီးစွာသော မျက်လုံးကြီးနှင့်တကွ တစ်ကိုယ်လုံးကိုယ်ထင်ပြပြီး ဆရာတော်ကြီးရှေ့မှောက်မှာ ဒူးထောက်၍ ရှိခိုးရင်း . . .

"ဆရာတော်ဘုရား ဆရာတော်၏ကျေးဇူးကြောင့် ကျွန်တော်မျိုးတို့မှာ အကျွတ်တရားရပါပြီ၊ ဒီဘဝက ကျွတ်ချိန်ရောက်သဖြင့် ဆရာတော်၏ရှေ့မှောက်သို့ အကန်တော့ရောက်လာရခြင်း ဖြစ်ပါတယ်၊ တပည့်တော်တို့ရဲ့အစွယ်များလည်း ကျွတ်ကုန်ကြပါပြီဘုရား"

လို့ ပြောပြီး ရှေးကအစွယ်ကြီးတွေပြည့်နေတဲ့ ပါးစပ်ကြီးများတွင် ယခင်လို အစွယ်ဖြူဖြူကြီးတွေမရှိဘဲ သွားဖုံးမည်းကြီးတွေသာရှိကြောင်း၊ သွားတွေဖြိုပြသတဲ့ ဒီတော့ ဆရာတော်ကြီးကလည်း ဝမ်းသာအားရနဲ့ . . .

"အေး . . အေး . . ငါ့တပည့်များ ချမ်းသာကြစေ၊ ကောင်းရာဘဝရောက်ကြစေ"

ဟု ပြောသောအခါ နာနာဘာဝကောင်တွေက . . .

"တပည့်တော်များလည်း ဒီအရပ်မှာမနေဘဲ ကြုံကြိုက်ရာဘဝသို့ သွားရပါတော့မယ်၊ တောင်ခေါင်းထဲက ခေါင်းကြီးကိုလည်း အရှင်ဘုရားအသုံးပြုလိုရာပြုရန် လှူဒါန်းခဲ့ပါတယ်ဘုရား"

ဟု ပြောပြီး တစ်ခါတည်း ပျောက်ကွယ်သွားကြရောတဲ့၊ ဒီကထဲက အစပြုပြီး ဂူကြီးဟာလည်း တိတ်ဆိတ်ငြိမ်သက်သွားပြီး ရန်ရှာ ခြောက်လှန့် ခြင်းခံနေရရှာတဲ့ ဦးနန္ဒဝံသမှာလည်း တစ်ခါတည်း လွတ်လပ်အေးချမ်းသွား သတဲ့ . . .

အဲဒီလို ဖြစ်ပျက်ပြီးတဲ့နောက် ဆရာတော်ကြီးမှာ ဝါကျွတ်သည်နှင့် တောရကျောင်းမှ မတ္တရာကျောင်းသို့ ပြောင်းလာတော့ အဲဒီ ခေါင်းကြီးနှင့် တကွ ဆင်ရိုးဆင်စွယ်ကြီးတွေ အစောင့်တွေရဲ့ အရိုးကောင် ကမ္ဗဋ္ဌာန်းကောင် တွေပါယူလာပြီး ယခုမြင်ရတဲ့ ဂူကြီးထဲမှာ ကမ္မဋ္ဌာန်းရှုစရာ ဆက်စပ်ပြင်ဆင် ထားတာပဲ၊ အဲဒီဆရာတော်ကြီးလည်း သက်တော်ရှစ်ဆယ်ကျော်မှ ပျံလွန် တော်မူတယ်၊ ဆရာတော်ကြီးပျံလွန်တော်မူတုန်းက အလှပဆုံးဖြစ်တဲ့ အဲ- ဒီမှန်စီခေါင်းကြီးနှင့် ဆရာတော်ကြီးအလောင်းကိုထည့်ပြီး ဘုန်းကြီးပျံကိစ္စပြီး တော့ ဒီဂူထဲမှာ ပြန်သိမ်းထားခဲ့တယ်။

ရည်ရွယ်ချက်မှာတော့ ဒီကျောင်းတိုက်က ကျောင်းထိုင်ဘုန်းကြီး အဆက်ဆက်ပျံတော်မူတဲ့အခါ အသုံးပြုဖို့လို့ထားတာပဲ၊ အခုလည်း ဦးနန္ဒဝံသ ဟာ ဆရာတော်ကြီးပျံတော်မူပြီးကထဲက တိုက်အုပ်ဘုန်းကြီးဘဝက ကျောင်း ထိုင်ဘုန်းကြီးအဖြစ်ရောက်တာ နှစ်ပေါင်း(၄၀)ကျော်လာပြီ၊ ဒီကိုယ်တော် ကြီးပျံတော်မူတဲ့အခါလည်း အသုံးပြုရဦးမယ်၊ ယခု ဆရာတော်ကြီးပျံတော် မူလို့ ကျုပ်ကတိုက်အုပ်ဖြစ်တဲ့အတိုင်း ဆရာတော်ကြီးနေရာကို တက်ရပြီးတဲ့ နောက် အနိစ္စသဘောအတိုင်း ပျံတော်မူမယ်ဆိုရင်လည်း ဒီမှန်စီခေါင်းကြီးကိုပဲ အသုံးပြုရဦးမှာပဲ”

ဟု ပြောသောကြောင့် ကျွန်တော်လည်း ရှေးနှစ်ပေါင်းများစွာက လျှို့ဝှက်ထူးဆန်းစွာ ပြုလုပ်ထားခဲ့သော ထိုမှန်စီခေါင်းကြီးကို များစွာမြင်လို သောကြောင့် ဦးပညာသာမိအား . . .

“ကဲ ကိုယ်တော်၊ အဲဒီမှန်စီခေါင်းကြီးကို တပည့်တော်ကြည့်ပါရစေ၊ တဆိတ်ကမ္မဋ္ဌာန်းကျောက်ဂူထဲကြွပါတော့”

ဟု ပြောရာ ဦးကုသလကလည်း ကျွန်တော့်နည်းတူ ပူဆာပြန်သည် နှင့် တိုက်အုပ်ကိုယ်တော်ကလေးလည်း . . .

"ကဲ လာကြ လာကြ"

ဟု ဆို၍ ရှေ့ကသွားသဖြင့် ကျွန်တော်နှင့် ဦးကုသလတို့လည်း နောက်မှ ထက်ကြပ်လိုက်ပါသွားကြလေ၏။

တိုက်အုပ်ကိုယ်တော်ကလေးလည်း သော့တွဲကြီးမှသော့တစ်ချောင်းနှင့် ဂူတံခါးကိုဖွင့်၍ ကျွန်တော်တို့နှင့်အတူ အတွင်းသို့ဝင်ခဲ့ရာ ယခင်ပြောထားသည့်အတိုင်းပင် အကောင်အထည်မပျက် ဆက်စပ် ထားသောဆင်ကောင်ကြီးနှင့် လူရုပ်ကမ္ဗဋ္ဌာန်းကောင်များကို တွေ့မြင်ရပြီးလျှင် ရွှေသလွန်ပေါ်တွင် တင်ထားသော အရောင်တလက်လက်ထွက်နေသည့် မှန်စီရွှေချခေါင်းကြီးကိုလည်း တွေ့မြင်ရသဖြင့် ကျွန်တော်လည်း အနီးသို့ကပ်၍ သေချာစွာ ကိုင်တွယ်စမ်းသပ်ကြည့်ရှုရာ . . .

လွန်စွာထူထဲလှပသေသပ်လှသော ခေါင်းကြီးဖြစ်ပြီးလျှင် အပွင့်ဘက်တွင် နီရဲသော ဟင်္သာပြဒါးဆေးများသုတ်လျက်၊ အကွက် အကွက်ချထားသော အင်းကွက်များမှာလည်း လေးမျက်နှာပြည့်နှက်နေပြီးလျှင် အပြင်ကမူကား သစ်စေးသရိုးကိုင်ပြီး အရောင်တလက်လက် ဖြစ်သည့် မှန်စီရွှေချထားသည်ဖြစ်လေရာ ရှေးစနစ်ကျကျ လှပခိုင်ခန့်စွာ ပြုလုပ်ထားသော လက်ရာများကို အံ့သြစွာချီးမွမ်းကြည့်ရှုနေမိပြီးလျှင် ထိုခေါင်းကြီး၏ ထူးဆန်းသောရာဇဝင်ကိုလည်း စာတင်ရန်ကောင်းသည့် အဖြစ်အပျက်အကြောင်းတစ်ရပ်ပေတကားဟု မှတ်သားရန် စာရင်းတင်သွင်းလိုက်ကာ . . .

ရှေးနှစ်ပေါင်း လေးငါးရာက ပြုလုပ်ထားခဲ့သောပစ္စည်းပင် ဖြစ်လင့်ကစား မပျက်မစီးတည်ရှိနေသည်ကို တွေ့မြင်ရခြင်း၌ များစွာပင် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ကာ အနားကပင် မခွာနိုင်အောင်ကြည့်ရှုနေမိသဖြင့် အချိန်မည်မျှရှိပြီဟု သတိမရ၊ အပြင်က ကျောင်းသားကလေးတစ်ယောက် တိုက်အုပ်ကိုယ်တော်ကို ညနေတရားဟောချိန်ရောက်ပြီဟု လာရောက်ခေါ်မှသတိရကာ ဂူတွင်းမှထွက်လာကြပြီးနောက် ဇရပ်ပေါ်ရောက်၍ ဦးပညာသာမိက ဥပုသ်သည်များအား သီလဆေး၍ သီလကထာတရားကို ရှည်လျားစွာ ဟောနေသော်လည်း ကျွန်တော့်မှာတရားတော်တွင် စိတ်မဝင်စားနိုင်ဘဲ မှန်စီခေါင်းကြီး၏အကြောင်းကိုသာ တွေးတောပြီး ဝိညာဉ်သူသီရိမယ်နှင့် မောင်မောင်အုပ်တို့အကြောင်းကိုလည်း ပြန်ပြောင်းတွေးတော သနား၍နေမိလေတော့သတည်း။

# မီးစုန်းဘုရင်မ

## (၁၉၃၅-ခု၊ ဇွန်လတွင်ရေးသည်။)

ကျွန်တော်တို့သည် ကျေးဇူးရှင်ဆရာကြီးနှင့်အတူ ရေစုန်းရွာဝယ် ငယ်ရွယ်သောကလေးများကို နွားနို့နှင့် အသက်ဆက်၍ ဇီဝိတဒါနပြုလျက် ရှိကြရာ "အမိမဲ့သား ရေနည်းငါး" ဆိုဘိအလား အမိအဘတို့နှင့် ကင်းဝေးရရှာသော တစ်ရွာလုံးရှိရှိသမျှ ကလေးငယ်တို့မှာ မိခင်၏နို့ စသော အာဟာရတို့မှ ကင်းဝေးရရှာသဖြင့် တအိုအို၊ တအာအာ ငိုကြွေးကြကာ ဆာလောင်မွတ်သိပ်ခြင်းဖြင့် ဒုက္ခဝေဒနာခံစားရင်း အစာရေစာများပြတ်၍ သေအံ့မူးမူးရှိသော အခြေအနေမှ အားအင်ပြည့်တင်းကာ ထူထူထောင်ထောင်ဖြစ်လာကြသောကြောင့် ၎င်းတို့၏ဝေဒနာခံစား နေရသောမိဘများကို မီးစုန်းတောင်ကြီးရှိရာသို့ သွားရောက်ကယ်ဆယ်ရန်ရှိသေးသဖြင့် ကလေးကြီးငယ်တို့ကို စားရေရိက္ခာ ပြည့်စုံစွာဖြည့်တင်းထားခဲ့ပြီးလျှင် အတော်အတန် သိရှိနားလည်ပြီးဖြစ်သော ကလေးအကြီးများကို နို့စို့အရွယ် လူမမယ်တို့အား စောင့်ရှောက်ထိန်းသိမ်းကြည့်ရှုရန် မှာထားခဲ့ပြီးနောက် ရွာတံခါးကို လုံခြုံစွာပိတ်ဆို့ထားခဲ့ကာ ဆရာကြီးအမှူးရှိသော ကျွန်တော်နှင့်ပခုက္ကူသားမောင်လှ၊ ပျဉ်တလားရွာက မောင်မျှင်တို့ပါ ရေစုန်းရွာ၏ အရှေ့မြောက်ယွန်းယွန်းတွင်ရှိသော မီးစုန်းတောင်ကြီးဆီသို့ ခရီးမကြာထွက်၍လာကြပါကြောင်း။

"အပင်ကြီး အသီးသေးညောင်၊ အမြင်နီး ခရီးဝေးတောင်" ဆိုသည့် စကားအတိုင်း အမြင်အားဖြင့် နီးနီးကလေးပင်ဟု ထင်မှတ်ရသော ညို့ညို့ ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းမှောင်မှောင် မတ်စောက်မြင့်မားသော မီးစုန်းတောင်ကြီးမှာ သွားကြည့်မှများစွာ မနီးလှကြောင်း သိရပေ၏။ သို့သော် ကျွန်တော်တို့ ထွက်လာစဉ်က နံနက်လင်းအားကြီး ဝေလီဝေလင်းအချိန်ဖြစ်လေရာ မနေ မနားကြိုးစား၍သွားခြင်းအားဖြင့် ညနေသုံးနာရီလောက်တွင် တောင်ခြေသို့ တက်မိကြလေ၏။

တောင်ကြီးမှာ အလွန်ကြီးမားမြင့်မောက်လျက်၊ ချောက်ကြား၊ လျှိုကြား၊ ကမ်းပါးစောက်ကြီးများဖြင့် တန်ဆာဆင်လျက် အမျိုးမျိုးသော တောပန်းတောင်ပန်းတို့ဖြင့် တင့်တယ်စွာရှိပြီးလျှင် ရေတံခွန်စိမ့်စမ်း၊ ကျောက် စက်ရေစမ်းဇလုပ်တို့ဖြင့် ဝေဝေဆာဆာ သာယာရွှန်းစို၍ နေလေရာ မီးစုန်း တောင်ဆို၍သာကြားသိရသော်လည်း ယခုအမြင်ကား ခြောက်ခြောက်သွေ့ သွေ့ တောင်ခြောက်ကြီးမျိုးမဟုတ်ဘဲ စိုစိုပြည်ပြည် ဝေဝေဆာဆာ သာယာစိမ်း လန်းလျက်ရှိသောကြောင့် နာမည်ကြီးသော မီးစုန်းတောင်ကြီးပင်ဖြစ်လင့်ကစား ယခင်တွေ့ခဲ့ရသော ရေစုန်း၊ မြေစုန်း၊ သစ်ပင်စုန်းတို့လောက် မကြောက်မလန့် မိဘဲရှိလေ၏။

မီးစုန်းတောင်ဆိုသဖြင့် တစ်စုံတစ်ခုသော မီး၏အရိပ်အငွေ့ အစ အနများကိုမျှ မတွေ့ရလေသောကြောင့် ကျွန်တော့်တွင်စိတ်တွင်းမှ သို့လော သို့လောတွေးတောလျက်ရှိချေ၏။

နှုတ်အငြိမ်မနေနိုင်လှသော လှမောင်ကား ကျွန်တော့်အနားသို့ ကပ်လေပြီး . . .

"ဆရာလေး ဘယ့်နှယ်ခင်ဗျာ၊ ဒီတောင်မှာ မီးစုန်းရှိတယ်ဆိုပြီး မီးနဲ့တူတာဘာမှမတွေ့ရပါကလား"

ဟု မေးသဖြင့် ကျွန်တော်ကလည်း ထိုအကြောင်းကိုတွေးလျက် ရှိနေသူဖြစ်သောကြောင့် . . .

"အေး . . ငါလည်း ဒါကိုတွေးနေတာပဲကွဲ၊ မီးစုန်းရှိတယ်ဆိုလို့ ဘာများတွေ့ရမလဲလို့ ကြည့်လာတာ၊ ခုထက်ထိ ဘာမှမတွေ့ရသေးဘူးကွဲ့"

ဟု ပြန်၍ပြောရင်းနှင့်ပင် တောင်ခါးပန်းကိုပန်း၍ လျှောက်ခဲ့ကြရာ မကြာမီတောင်၏တစ်ဖက်သို့ ကွေ့မိပြန်လေသတည်း။

ဆရာကြီးလည်း ရှေ့ကစိုက်စိုက် စိုက်စိုက်နှင့် မနားမနေ သွားလျက်ရှိလေ၏။ ထိုအခိုက်တွင် မောင်မျှင်လည်း ကျွန်တော့်အနီးသို့တိုးလာပြီး . . .

"ဆရာလေး . . ဆရာလေး . . ကျွန်တော့်လိပ်ပြာ ရောက်သွားတာ ဒီနေရာပဲ ဆရာလေးရေ ဟောဟိုဘက်က ချောက်ကြီးနဲ့ကမ်းပါးပြတ်ကြီးပေါ့၊ မီးခဲတွေ ရေတံခွန်ကြီးလိုကျနေတာ ကျွန်တော်ရပ်နေတာက ဟောဟိုဘက်က ကမ်းပါးမြင့်မြင့်ကြီးမှာပဲ၊ တစ်ဖက်ကရေတွေပြည့်နေတဲ့ ချောက်ကြီးတစ်ခုရှိတယ်၊ အိုဒါဘာလဲ၊ ဟောဟိုမှာမြင်ရဲ့လား ဆရာလေးရဲ့၊ ချောက်ထဲကလူတွေ ထွက်ပြေးရင် ဆီးဆီးပြီးညှပ်ထားတဲ့ အပေါက်ဝက ကျောက်ပြားကြီးနှစ်ခု"

ဟု တစ်မျိုးပြီးတစ်မျိုး လက်ညှိုးထိုး၍ပြသဖြင့် ကျွန်တော်လည်း မောင်မျှင်ပြသည့်နေရာများကို ကြည့်ရှုကာ-

"နို့ကွာ မီးစုန်းဆိုတာတွေလည်း မရှိပါကလား၊ မင်းရောက်ခဲ့တုန်းကတော့ မီးတွေမှတဝုန်းဝုန်းနဲ့ တောက်လောင်နေတယ်ဆို ပြီးတော့ မီးတောက်နဲ့မီးခဲတွေဟာ ရေတံခွန်ကျသလို တဝေါဝေါကျနေတယ်ဆို ခုတော့မီးနဲ့တူတာဆိုလို့ ဘာတစ်ခုမှမတွေ့ရပါလား"

ဟု ပြောကာ၊ ချောက်နှင့်ကမ်းပါးကြီးများကိုကြည့်မိရာ ထိုတောင်ကြီးတစ်ဖက်အပိုင်းမှာ ယခင်တစ်ဖက်ကကဲ့သို့ စိမ်းစိမ်းစိုစိုမရှိဘဲ ခြောက်ကပ်ကပ် မွဲတေတေ၊ ရေန်ချောင်း ရေန်ကျပ်အရပ်တွင်ရှိသော ထုံးကျောက်တောင်များကဲ့သို့ ရှိသည်ကိုတွေ့ရပေ၏။

ဆရာကြီးမှာလည်း ကမ်းပါးအနီးက ကျောက်တုံးကြီးတစ်ခုအနီးတွင် ခေတ္တရပ်နားပြီးနောက် မောင်မျှင်အား ၎င်းရောက်ခဲ့သည့် နေရာများကို စုံစမ်းလျှင် ထိုနေရာများပင်ဖြစ်ကြောင်း သို့သော် မီးတောက်မီးလျှံများနှင့် ဒုက္ခဝေဒနာခံစားနေရသူများကိုမူ မတွေ့မမြင်ကြတော့ကြောင်း ပြောသောကြောင့် ဆရာကြီးလည်း ခေါင်းညိတ်ကာ ချောက်ကြီးနောက်ဘက်တွင်ရှိသော တောင်ထိပ်ကလေးတစ်ခုကိုကြည့်ပြီး အနည်းငယ် ပြုံးသွားသည်ကို တွေ့မြင်ရလေ၏။ ထို့နောက် ဆရာကြီးလည်း ထိုနေရာတွင်ပင်ထိုင်လျက် . . .

"ကိုင်း . . တပည့်တို့ ဒီနေရာမှာပဲ စခန်းချကြစို့ နေမဝင်ခင် မီးစုန်းကိုမြင်ရဦးမှာမဟုတ်သေးဘူး"

ဟု အမိန့်ရှိသဖြင့် ကျွန်တော်တို့လည်း ဆရာကြီးအနီးတွင်ပင် ငြိမ်ဝပ်စွာထိုင်နေကြရလေ၏။ ကျွန်တော်တို့ရှေ့တည့်တည့်ရှိ ချောက်ကြီးမှာ များစွာနက်ကျယ်လျက် တစ်ဖက်တွင်ကျောက်ပြားကြီးနှစ်ခုဖြင့် မစေ့တစေ့ ပိတ်ထားသော အပေါက်ငယ်တစ်ခုရှိ၍ တစ်ဖက်မှာကား ယခင်ဆရာကြီးစိုက်ကြည့်လိုက်သော တောင်ထွတ်ကလေးမှ အောက်တည့်တည့်ချောက်တွင်းအထိ ဖြူသောကျောက်နံရံကြီးတစ်ခုကို တွေ့ရပေ၏။ ချောက်ကြီး၏ ဘေးတစ်ဖက်တစ်ချက်တို့၌ကား မတ်စောက်သော ကမ်းပါးဟုပင်ဆိုရသော်လည်း ကျောက်သားအတိုင်းမနေဘဲအပေါ်တွင် သစ်ပင်ချုံနွယ်ကလေးများ ဖုံးလွှမ်း ပေါက်ရောက်လျက်ရှိပေ၏။

ကျွန်တော်လည်း ဘာမျှမရှိသော ချောက်ကြီးကိုငေးကြည့်ကာ မောင်မျှင်ပြောသောစကားနှင့်ပင် အမျိုးမျိုးထင်မြင် တွေးတောလျက် ရှိလေ၏။ လှမောင်မှာလည်း ဘယ်လိုအရေးများ ကြုံကြိုက်မည်ကို တင်ကြိုတွေးတောကာ အမျိုးမျိုးကျွန်တော့်အား မေးမြန်းစုံစမ်းလျက် ရှိချေတော့၏။ နေမင်းကြီးသည်လည်း တစ်စ, တစ်စ အနောက်ဘက် တောင်စွယ်သို့ နိမ့်ဆင်းနေလေ၏။

ကျေးသံ, ငှက်သံ, ဆက်ရက်သံတို့လည်း ဆူဆူညံညံအိပ်တန်းတက်ကြလေ၏။ ကျွန်တော်တို့ ရောက်သည့်နေရာ၏ရှေ့တည့်တည့်တွင် အဆိုပါ မီးခဲမီးလျှံတို့ကျရာ ချောက်ကြီးရှိလျက်၊ ၎င်းချောက်နှင့်ကျောက်နံရံကြီးများ ခြားလျက်ရှိသော အခြားချောက်ကြီးတစ်ခုတွင်ကား အလွန် တရာအေးမြကြည်လင်သောရေအယဉ်တို့ဖြင့် ပြည့်လျှံလျက်ရှိသည်ကို တွေ့ရလေရာ အဆိုပါကျေးငှက်တို့အနက် အချို့ငှက်တို့ကား ထိုရေစပ်တွင်ရှိသည့် သေးငယ်သောပိုးမွှားငယ်တို့ကို ကောက်ယူစားသောက်နေကြတုန်းပင် ရှိလေ၏။

ထိုအခိုက်တွင် နေမင်းကြီးလည်း အနောက်ဘက်တောင်တန်းတွင် တစ်ခြမ်းတင်၍နေလေ၏။ ယခင်က ကြည်လင်စိမ်းစိုနေသော တောင်ကြီးမှာလည်း အကြောင်းမဲ့မသဒိစရာ ဖြစ်လာဘိအလား၊ ကျွန်တော်၏စိတ်ထဲတွင် မသိုးမသန့် ရှန့်တန့်တန့် ရွံ့တွန့်တွန့်ဖြစ်လာသလိုလို ရှိလေ၏။ ကြည်လင်သော

တောင်တန်းကြီးတစ်ခုလုံး မြူမှုန်တွေသန်းကာ မရှင်းမလင်းဖြစ်လာလေပြီ၊ နေဝင်သည်နှင့်တစ်ပြိုင်တည်း မီးစုန်းတောင်ကြီး ၏ကြောက်မက်ဖွယ်ရာသော အခြင်းအရာတို့ကိုတွေ့ရတော့မည့်နိမိတ် လက္ခဏာတို့ပင် ဖြစ်ခဲ့လေတော့၏ တကာ့၊ ရှေ့တည့်တည့်တွင်ရှိသော ချောက်ကြီးအတွင်းမှလည်း ညည်းညူသံ တွေလိုလို ကယ်ပါယူပါအော်သံတွေလိုလို ကျွန်တော်တို့၏နားထဲတွင် တသန့် သန့် ကြားယောင်လျက်ရှိလာပြီး မောင်မျှင်ကား မျက်လုံးမျက်ဆံများပြူးကာ-

"ဟောဆရာ . . ဘာသံတွေလဲ၊ ကြားပြီမဟုတ်လား"

ဟု အနားမှ တတွတ်တွတ်ပြော၍ နေလေ၏။ လှမောင်သည် ကား တောင်ကြီးမှ အနည်းငယ်ထူးခြားလာကထဲက မြင်ရအံ့နိုးနိုးနှင့် မျှော်ကိုး စောင့်စားလျက် ရှိလေ၏။

ထိုအခိုက်တွင် ဆရာကြီးလည်း ဆေးအစ်ကိုဖွင့်ကာ ဒေဝစက္ခု မျက်ကွင်းဆေးကိုယူလျက် ကျွန်တော်၏မျက်စိကို ဆရာကြီးကိုယ်တိုင် ကွင်းပေး ပြီးလျှင် ကျွန်တော်နှင့်လှမောင်၊ မောင်မျှင်တို့ကို ပရိတ်ချည်များ လည်ပင်းတွင် ဆွဲပေးကာ . . .

"ငါ၏တပည့်များ အဘယ်မျှကြောက်ဖွယ်ကောင်းသောအခြင်း အရာကိုတွေ့၍မျှ ကြောက်ရွံ့အားငယ်သောစိတ်မဖြစ်ပေါ်ကြနှင့်။ ဤပရိတ် ချည်, ပရိတ်ကြိုးတို့ တန်ခိုးအာနိသင်ကြောင့် ငါ့တပည့်တို့အား မည်သည့်စုန်း, တစ္ဆေ, မြေဖုတ်စသော နာနာဘာဝ၊ ယက္ခိုက်၊ ဘီလူးတို့မျှ မညှင်းပန်း မနှိပ် စက်နိုင်ကြ၊ ရှေ့၌မြင်ရတွေ့ရလတ္တံ့သော အရေးကိစ္စတို့၌ ဆရာကောင်း တပည့်ပီပီ ရဲရင့်တည်ကြည်စွာရှိကြစေ"

ဟု မှာကြားအမိန့်ရှိထားလေ၏။ ကျွန်တော်နှင့်တကွ တပည့် ငယ်နှစ်ယောက်တို့လည်း ဆရာကြီးအမိန့်ကြောင့် အားတက်လာကြပြီး ရှေ့အဖို့၌ မည်သို့ထူးခြားဆန်းပြားသော ကြောက်မက်ဖွယ်တို့ကို တွေ့ရစေကာ မူ မြူမှုန်မျှ ကြောက်စိတ်မထားဟု ရဲဝန့်စွန့်စား စောင့်စားမျှော်လင့်၍ နေကြ လေသတတ်။

နောက်တစ်ခဏမျှကြာလျှင် နီလွင်သောနေလုံးကြီးလည်း အနောက် ဘက်တောင်ကုန်းသို့ လုံးလုံးကြီး လျှိုးဝင်သွားလေတော့၏။ ထိုအတွင်း တောင်

ကြီးတစ်ခုလုံးသည် တော်လည်းသကဲ့သို့ တဟီးဟီးမြည်ကာ၊ လျှော်လှုပ်သလို သွက်သွက်ခါလာပြီး တရှူးရှူးတရှားရှားအသံကြီးများ ထွက်ပေါ်လာပြီး တောင်စဉ်, တောင်ဝှမ်း, တောင်ခါးပန်း အသီးသီးမှ မီးခိုးလုံးကြီးများ တအူအူ ပေါ်ထွက်လာကြသည်ကို တွေ့မြင်ရလေ၏။

ဆရာကြီးလည်း ခါးပန်းအထက်မှထိုင်လျက် တစ်ဖက်ရှိတောင်ထွတ်ကလေးကိုသာဂရုပြု၍ ကြည့်ရှုနေသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ဆရာကြီးကြည့်ရာ တောင်ထွတ်ကလေးဆီသို့ကြည့်မိရာ ထိုတောင်ထွတ်ကလေးမှာ အခြားနေရာများထက် သာလွန်ထူးကဲစွာ တဖြာဖြာသော မီးခိုးလုံးကြီးများ မြောက်မြားစွာပန်းထွက်နေပြီး တောင်ထွတ်ကလေး အလယ်တည့်တည့်မှာ ကွဲချည်၊ စေ့ချည်နှင့်ကြက်ခွပ်သကဲ့သို့တောင် နှစ်ခြမ်း၊ ပူးချည်, ခွာချည်ဖြစ်လာသည်ကို တွေ့ရသောအခါ ကျွန်တော်လည်း စိတ်အားထက်သန်စွာ စူးစိုက်ကြည့်နေမိလေ၏။

လှမောင်နှင့်မောင်မျှင်တို့လည်း ထိုတောင်ထွတ်ကလေး၏ ထူးဆန်းစွာလှုပ်ရှားထိခတ်နေသော အခြင်းအရာများကို အံ့အားအသင့် ကြီးသင့်ကာ ကြည့်နေကြလေ၏။ ဆရာကြီးလည်း ကျွန်တော့်အား လှည့်ကြည့်ပြီးလျှင်-

"ကိုင်းငါ့တပည့် ကိုကိုလေး၊ အဲဟိုတောင်ထွတ်ကို သေသေချာချာ ကြည့်နေစမ်း၊ မင်းတို့ ထူးထူးဆန်းဆန်းတွေ မြင်ရလိမ့်မယ်"

ဟု အမိန့်ရှိသဖြင့် ကျွန်တော်လည်း ထိုတောင်ထွတ်ကိုပင် စူးစူးစိုက်စိုက်ကြည့်၍နေမိပေ၏။ တောင်ထွတ်ကလေးမှာ ပူးချည်, ခွာချည်လုပ်နေရာမှ မကြာမီခွာသွားပြီးနောက်အတွင်းမှ တစ်စုံတစ်ယောက်သောလူ၏ သဏ္ဍာန်တစ်ခုထွက်ပေါ်လာပြီး ချောက်ထဲသို့ငုံ့ကြည့်နေသည်ကို တွေ့ရပေ၏။

တစ်ဖန် ထိုသဏ္ဍာန်သည် ကောင်းကင်သို့ မော့ကြည့်ပြန်လျှင် ကျွန်တော့်တွင် မကြုံစဖူး၊ ထူးကဲစွာ အံ့သြသောစိတ်များ ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့လေတော့၏။ အဘယ်အကြောင်းကြောင့်ဟူမူကား ထိုသဏ္ဍာန်မှာ သာမန်လူသားမျိုးမဟုတ်ဘဲ လွန်ကဲသောအဆင်းနှင့်ပြည့် စုံသည့် ကုမ္မာရီမိန်းမပျိုကလေးတစ်ယောက်၏သဏ္ဍာန်ဖြစ်လေရာ အယဉ်နှင့်အချောတွင် ပြောစရာမရှိအောင် အထူးလှသူတစ်ဦးဖြစ်သည့် အားလျော်စွာ ကိုယ်ဟန်နွဲ့

ပြောင်း၊ ဖယောင်းသားရုပ်လုံးပမာ ပြေပြစ်ကျစ်လျစ်လှသောကိုယ်ထည်ရုပ်သဏ္ဌာန်လို ရှည်လျားသောဆံကေသာတို့ဖြင့် ဝေဆာအောင် ချယ်လှယ်မွမ်းမံထားဘိအလား ထူးခြားလှပရှုမဝအောင် ရူပလက္ခဏာကိုဆောင်၍နေကုန်တော့၏။

"အို အကြင် လှပသောမိန်းမငယ်၊ အဘယ်အတွက် ကြောက်မက်ဖွယ်ကောင်းသော ဤတောနက်မြိုင်ချောင်၊ မီးစုန်းတောင်ကြီးတွင် အဖော်မနီး တစ်ကိုယ်တည်းနေရှာဘိသနည်း၊ သင်၏လက္ခဏာကြန်အင်တို့ကား ခြောက်ဝသောအပြစ်တို့မှ ကင်းစင်လျက် နူညက်သိမ်မွေ့လှ ပါလျက်၊ သစ်, ကျား, သားရဲတို့ ခိုအောင်းရာ ဝနာမြိုင်တိုက်တွင် မထိုက်မတန်နေခြင်းကား မသင့်မလျော်ပေ၊ နန်းဘွေသီဟာ၊ ပလ္လင်ညာတွင် ပျော်ရွှင်စံစား၊ ခြွေရံများနှင့်ခစားဝန်းရံ မဟေသီဘွဲ့ထူးကို ခူးယူပန်ဆင် ထိုက်သူကလေးဖြစ်ချေသည်"

ဟု ကျွန်တော်၏စိတ်ထဲတွင် ရေရွတ်မြည်တမ်း၍ နေမိယောင်တကား။ လှပယဉ်ကျေးသော အဆိုပါမိန်းမပျို၏ အဝတ်အဆင်တို့ကား မီးတောက်မီးလျှံများကဲ့သို့ တောက်ပဝင်းထိန်လျက် အရောင်ချင်းယှက်၍နေလေ၏။

ပုစွန်ဆီရောင်၊ တကျွန်းထဘီ အနီကလေးသည်လည်းကောင်း၊ ပုလဲအဆင်းကဲ့သို့ ဖြူဝင်းသောအကျႌသည်လည်းကောင်း၊ မီးကျီး၊ မီးခဲကဲ့သို့ရဲနီသောရင်စည်းပဝါနှင့် ပိုးစုန်းကြူးတွေပျံ့ဝဲနေသည့်ပမာ တဖြာဖြာတဝင်းဝင်း အချင်းချင်းအရောင်ယှက်နေသော နှစ်ဖက်စခေါင်းစီးပဝါတို့သည်လည်းကောင်း၊ အကြင်မိန်းမပျို၏ ရူပါရုံကို ပိုမိုတင့်တယ်ရန် ခြယ်လှယ်ဖန်ဆင်း၍ထားသကဲ့သို့ရှိသည်ကို တွေ့မြင်ရပေကြောင်း။

၎င်းမိန်းမပျိုသည် ထိုခဏ၌ပင် ချောက်ထဲသို့ ငုံ့ကြည့်ပြန်၏။ ထို့နောက် မိမိနောက်သို့လှည့်၍ တစ်စုံတစ်ယောက်ကိုခေါ်လိုက်ရာ အလွန်တရာကြီးမားလှသော အစွယ်ပြူးပြူးနှင့် ဘီလူးကြီးရှစ်ယောက်ရုတ်တရက်ပေါ်လာပြီးလျှင် သမင်မ၏ အမိန့်ကိုနာခံရန် တစ်ဖက်လေးယောက်စီတန်းကာထိုင်ကြလေလျှင် မိန်းမပျိုလည်း အဝေးသို့လှမ်းမျှော်ကာတစ်ဖန်လက်ခုပ်တီးလိုက်ပြန်လေ၏။

ဤတွင်လည်း ကောင်းကင်တစ်ခုလုံး လင်းနို့တွေ တဖြုးဖြုး ပျံလာသလို ထိုထိုသော အရိုးခြောက်နာနာဘာဝ၊ ကမ္ဘဋ္ဌာန်းကောင်တွေသည် အဝတ်နက်ကြီးတွေခြုံကာ တဖြိုးဖြိုးတဖျောက်ဖျောက် ပျံဝဲကျ ရောက်လာကြပြီး ယခင်မိန်းမပျိုအနီးတွင် ရှိသေကျိုးနွံစွာ ထိုင်ကြသည်ကို တွေ့ရှိရသဖြင့် ကျွန်တော့်မှာ ထိုမိန်းမပျိုသည် ထိုထိုသော နာနာဘာဝတို့ အပေါ်တွင်အတော် ပင်ပါဝါထွားကြောင်း သိရှိရပေ၏။

ထို့နောက် မိန်းမပျိုလည်း ဘီလူးကြီးများကို ချောက်ထဲသို့ လက်ညှိုးညွှန်လျက် တစ်စုံတစ်ခုစေခိုင်းလျှင် ယခင်ကြီးမားထွားကျိုင်းသော ဘီလူးကြီးများသည် ၎င်းတို့ရှေ့ရှိချောက်ကြီးထဲသို့ လွှားခနဲ လွှားခနဲ ခုန်ချသွားကြပြီးလျှင် ကျောက်နံရံကြီးတွင် ထောင်ထားသောကျောက်ဖျာကြီးတစ်ခုကို အားကြီး၊ အင်ကြီးဖြင့်တွန်းဖယ်ကြရာ ကျောက်ဖျာကြီး ရွေ့လျားသွားပြီး အတွင်းက ဂူပေါက်ကြီးပေါ်လာလေ၏။

ဘီလူးတို့လည်း ဂူပေါက်ဖြင့် ဝင်သွားပြီးသော် များပြားလှသော ယောကျ်ားမိန်းမတို့ကို တသီတတန်းကြီး ဆွဲထုတ်ခေါ်လာကြရာ ကယ်ပါ၊ ယူပါနှင့် ဆူညံစွာသောအသံတို့သည် ကောင်းကင်သို့လျှံတက်လာကုန်၏။

ဘီလူးကြီးများလည်း များစွာသောအဆိုပါ ရွာသူ၊ ရွာသားတို့ကို တွန်းထိုးပုတ်ခတ်ကာ ချောက်တွင်းသို့ နွားအုပ်ကြီးကို သွင်းဘိသကဲ့သို့ သွင်းလိုက်ပြီးလျှင် ယခင်ကဂူတံခါးကြီးကိုလည်း ပြန်လည်ပိတ်ထားလိုက်ကြပြီးနောက် ချောက်နှုတ်ခမ်းပေါ်သို့ ပေါ့ပါးစွာခုန်၍တက်ကာ မိန်းမပျိုအနီးတွင် ရှိသေကျိုးနွံစွာ ထိုင်ကြပြန်လေ၏။

မိန်းမပျိုလည်း ချောက်တွင်းကလူများကို ဒေါသအမျက်ခက်ထန်စွာဖြင့် ခါးကိုစုံထောက်၍ တစ်ချက်ကြည့်ပြီးလျှင် လက်နှစ်ဖက်ကို ကောင်းကင်သို့ ဆန့်တန်းကာ တစ်စုံတစ်ရာပြောဆိုလျက် မိမိလက်နှစ်ဖက်ဖြင့် ပါးစပ်ထဲက မီးလုံးတစ်လုံးကိုအန်ချကာ တစ်ဖန်ကောင်းကင်သို့ ပစ်မြှောက်လိုက်လျှင် မီးလုံးကြီးမှာ အတော်မြင့်စွာတက်သွားပြီး ထန်းတစ်ဖျားလောက်တွင် ထိန်းခနဲပေါက်ကွဲ၍ မီးခဲ၊ မီးတောက်၊ စိမ်းစိမ်း၊ ဝါဝါ၊ ပြာပြာ၊ ရွှေရွှေတွေပြန့်ကြဲအောင်ဖြာခနဲ ကျလာကာ ချောက်ထဲက ဒုက္ခသည်တို့၏ကိုယ်ပေါ်သို့ မိုးရွာဘိအလား

တည့်တည့်မတ်မတ်ကြီး မီးခဲတွေကျသွားရာ ချောက်အတွင်းမှ ကယ်ပါယူပါနှင့် ငယ်သံပါအောင် အော်ကြသော အသံတွေမှာ တစ်ပြိုင်တည်းပေါ်၍လာကြရာလေ၏။

ကျွန်တော့်မှာ အဆိုပါဒုက္ခသည်တို့အတွက် သနားကရုဏာ လွန်စွာ သက်မိပြီးလျှင် ယခင်မိန်းမပျိုကိုလည်း အဆင်းလှသလောက်ရက်စက်ရမည်လားဟု အမျက်ပွားမိလေတော့၏။ မိန်းမပျိုလည်း ရှောက်သီးလုံးခန့်ရှိ မီးလုံးများကို ဆက်ကာ ဆက်ကာ အန်ထုတ်ပြီး၊ ယခင်နည်းအတိုင်း ကောင်းကင်သို့ ပစ်မြှောက်လိုက်ကာ အပေါ်တွင်အလျှံဖြာဖြာနှင့် ပေါက်ကွဲလျက် ချောက်တွင်းရှိဒုက္ခိတတို့၏ ဦးခေါင်းထက်သို့ ဆက်ကာ ဆက်ကာ ကျရောက်နေလေရာ ဒုက္ခဝေဒနာခံစားနေရရှာသော သတ္တဝါ အပေါင်းတို့မှာ သောင်းသောင်းအုတ်အာ၊ ကယ်ပါ ယူပါ တစာစာအော်ဟစ်ကာနေရရှာပြီး အချို့လည်းအသက်ဘေးမှလွတ်ရာလွတ်ကြောင်း ပုန်းအောင်းပြေးထွက်အံ့သောငှာ ချောက်၏တစ်ဖက်ရှိ အပေါက်ငယ်တစ်ခုသို့ ပြေးထွက်ရောက်လာကြသောအခါ အပေါက်၏တစ်ဖက်တစ် ချက်တွင်ရှိသော ကျောက်စွန်းကြီးနှစ်ခုမှာ ဝင်လာသူကို ဖိညှပ်ကြိတ်သတ်လိုက်ခြင်းဖြင့် မီးဘေးမှထွက်ပြေးလာသူတိုင်း ခန္ဓာရွှေ့လျောရရှာလေ၏။

သို့နှင့်အဝနားတွင် ကျောက်ပြားကြီး၏ဖိညှပ်ခြင်းဖြင့် အူအသည်းပေါက်ထွက်သေဆုံးသူများအား အဝတ်နက်ခြုံထားသော ကမ္ဗဍ္ဍာန်းတစ္ဆေကောင်တို့သည် ခွေးသေကောင် လင်းတဆွဲသလို အူအသည်းများကို သူထက်ငါ၊ ပျော်ရွှင်စွာ ဆွဲယူစားသောက်လျက်ရှိကြပြီး တစ်ဖန်လည်း ၎င်းတို့စားသောက်ပြီးစီး၍ ဖယ်ရှားလိုက်သော အလောင်းကောင်များကို ဘီလူးကြီးတို့သည် လာရောက်ကာ တစ်ဖက်ရှိရေပြည့်သော ချောက်ထဲသို့ ပစ်ချကြလေ၏။

ထိုသို့ပစ်ခံရသော အလောင်းများလည်း ရေထဲသို့ရောက်လျှင် မကြာခင်အသက်ဝင်လာကာ ရေထဲတွင်ယက်ကန်ကူးသွားကြပြန်၏။ ထိုသို့ ကူးယက်နေဆဲလည်း ရေထဲမှ ကိုးယိုးကားယား တိုးနယားနှင့်ရေနဂါးလို အကောင်ကြီးများသည် ဘွားခနဲပေါ်လာကာ စားမျိုရန်လိုက်လာကြသဖြင့်

အဆိုပါလူတစ်စုလည်း အသက်ကိုလု၍ကူးပြေးပြီးလျှင် နောက်ဆုံးတွင် ကျောက်နံရံကိုတွယ်တက်ခြင်းဖြင့် ကမ်းပါးထိပ်သို့ရောက် လာကြရာလျှင် ယခင်ဘီလူးကြီးတို့သည် မီးပွား မီးပန်းဖြင့် ပြည့်သောမူလချောက်တွင်းသို့ တွန်းချပြန်၍ ဒုက္ခဝေဒနာကို အပြန်ပြန် အလှန်လှန် ခံစား၍နေရရှာသည် တို့ကို တွေ့မြင်ရရာ ကျွန်တော့်မှာ မကြည့်ဝံ့ မရှုဝံ့ အူအသည်းတွေ တွန့်၍ တွန့်၍သွားမိလေတော့သတည်း။

မိန်းမပျိုလည်း မီးပန်းမီးတောက်တို့ကို ရှေးကထက်တိုး၍ ပစ်မြှောက် လေရာ ချောက်တစ်ခုလုံး မီးကျီးစုတို့ဖြင့် ပြည့်နှက်၍ နေသည့် တိုင်အောင် မရပ်မနားဘဲ သဲကြီးမဲကြီးနိုင်ထက်စီးနင်း နှိပ်စက်ကလူ ပြုလျက်ရှိသော်လည်း ခံစားရသူဝေဒနာရှင်တို့ ကသီလင်တ၊ အော်ဟစ်ကြတိုင်း မိန်းမပျိုတွင် အားရ ဝမ်းသာ လက်ခုပ်လက်ဝါးတီးကာ ရယ်မောလျက်ရှိလေရာ ကျွန်တော့်မှာ ထိုမိန်းမ၏ရုပ်ရည်နှင့်မလိုက်အောင် ရက်စက်ခြင်းအတွက် အလွန်တရာပင် စက်ဆုပ်ရွံရှာမိလေ၏။

မိန်းမပျိုလည်း ထိုသို့မီးပေါက်၊ မီးပန်း၊ မီးခိုး၊ မီးလျှံတို့ဖြင့် အမျိုးမျိုး ပစ်ဖောက်နှိပ်စက်ရာမှ အားမရသေးဘဲအလား မိမိရပ်နေရာ ကျောက်စွန်းကို ဖနောင့်နှင့်သုံးချက်မျှဆောင့်လိုက်ပြန်လျှင် ကျောက်နံရံထိပ်တွင် အပေါက်ကြီး တစ်ခုပေါ်လာပြီး ထိုအပေါက်ထဲမှ မြောက်မြားစွာသော မီးကျီး, မီးခဲနှင့် မီးတောက်မီးလျှံတို့သည် ရေတံခွန်ကျဘိအလား တဝေါဝေါ, တရှဲရှဲမြည်ကာ ချောက်ထဲသို့ တစ်ရှိန်တည်း စီးဆင်းလာပြီး လူစုထဲသို့ ဖုံးကွယ်လွှမ်းမိုးလိုက် ပြန်လျှင် ဒုက္ခသည်တို့၏ ပူပြင်းစွာအော် ဟစ်ကြသောအသံတို့မှာ ကမ္ဘာ ပျက်သကဲ့သို့ ပွက်ပွက်ဆူညံ၍ နေလေသတည်း။

ယင်းသို့ဒုက္ခသည် ရေစုန်းရှာသားတို့ မီးကျီးစု၊ မီးတောက်မီးလျှံ တို့အတွင်းတွင် ပူပြင်းသောဒဏ်ကို မခံနိုင်သဖြင့် ဟစ်အော်ပြေးလွှားနေသူနေ၊ မီးလျှံ၊ မီးရဟတ်တို့ဖြင့် ရစ်ပတ်ဖမ်းယူခြင်းခံရ၍ သေသူသေနှင့် အထွေထွေ အမျိုးမျိုး ငရဲအိုးတွင် ဒုက္ခခံနေရသော ငရဲသားတို့အလား သနားစရာကောင်း သော လူအပေါင်းတို့ကို ဆရာကြီးနှင့်တကွ ကျွန်တော်တို့တတွေမှာ အလုံးစုံ အကုန်အစင် တွေ့မြင်ကြရလျှင် ဆရာကြီးမှာ မေတ္တာတရားအထူးပွားများ လျက် ရှိလေ၏။

ကျွန်တော်တို့အားလည်း မေတ္တာတရားကိုပွားများနေကြရန် အမိန့်ရှိသဖြင့် မျက်စိရှေ့တွင် ပူပြင်းစွာဒုက္ခခံနေရရှာသော သတ္တဝါတို့အား မေတ္တာရေချမ်းဖြင့် ဆွတ်ဖျန်း၍နေရတော့ပေ၏။ ထို့နောက် ကျေးဇူးရှင်ဆရာကြီးလည်း နှုတ်မှတစ်စုံတစ်ရာကို ရွတ်ဆိုပြီးလျှင် ယခင်မြင်ရသောမီးတောက်မီးလျှံများကို လက်ဝါးဖြင့်တားမြစ်လိုက်လျှင် အရှိန်ပြင်းစွာနှင့် ချောက်ထဲသို့ကျဆင်းနေသော မီးကျီး၊ မီးလျှံများမှာ ရုတ်တရက် တန့်နားရပ်တန့်သွားလေ၏။

တစ်ဖန် ဆရာကြီးလည်း ချောက်ထဲသို့ လက်ဝါးဖြင့်တားမြစ်လိုက်ပြန်ရာ ဒုက္ခသည်သတ္တဝါတို့ကို အရှိန်ပြင်းစွာနှင့် ဖမ်းယူလောင်မြိုက်နေသော ချောက်တွင်းရှိ မီးတောက်မီးလျှံတို့မှာ ရေစင်၊ ရေချမ်းတို့ဖြင့်ပက်ဖျန်းလိုက်ဘိအလား ရုတ်တရက် ငြိမ်းအေးသွားလေလျှင် ဒုက္ခသည်သတ္တဝါတို့မှာ ပူပြင်းသော မီးဘေးမှ အတော်အသင့်ကလေးချမ်းသာခွင့်ရသွားရှာကြပေ၏။

သို့သော် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ဖြစ်သော တောင်ထိပ်ရှိ မိန်းမပျိုမှာ မိမိလွှတ်သောမီးကျီး မီးလျှံတို့ ရုတ်တရက် ရပ်တန့် ငြိမ်းအေးသွားသည့်အတွက် ပထမသော် အံ့ဩသကဲ့သို့ရှိနေပြီးနောက်မှ ကျွန်တော်တို့ဆရာကြီးက တားဆီးထားကြောင်း သိရှိသွားသောအခါ၊ မိမိအလုပ်ကိုဝင်ရောက်ရှုပ်စွက်ရမည်လားဟု ရုတ်တရက် ဒေါသတရားကြီးများ လွှမ်းမိုးလာပြီးလျှင် ကျွန်တော်တို့အား စိမ်းစိမ်းဝါးဝါးကြီးစိုက်ကြည့်လျက် မြေကိုခြေနှင့်သုံးချက်ဆောင့်လိုက်ရာ ယခင်တွေ့ရသော ဘီလူးကြီးများနှင့် တစ္ဆေ သရဲအပေါင်းတို့ ၎င်း၏ အနားတွင်ပေါ်လာကြလေ၏။

မိန်းမပျိုလည်း ထိုဘီလူးနှင့်နာနာဘာဝတို့အား ကျွန်တော်တို့ရှိရာသို့ညွှန်ပြပြီး နှိပ်စက်သတ်ဖြတ်စေခြင်းငှာ စေလွှတ်လိုက်ရာ ဘီလူးနှင့်နာနာဘာဝအပေါင်းတို့လည်း ချောက်ကမ်းပါးကြီးကိုလွှားကျော်ကာ ကျွန်တော်တို့ရှိရာသို့ လာရောက်ဝိုင်းအုံခြောက်လှန့်ကြပြီး တစ်ခါတည်း ဖမ်းယူအံ့သောငှာ အားထုတ်ကြရှာလေ၏။

သို့ရာတွင် ဆရာကြီးပေးထားသော အကွယ်အကာများ၏ အစွမ်းကြောင့် နှမ်းတစ်လုံးခန့်မျှသော ဘေးဥပါဒ်တို့ မငြိမတွယ်ဘဲရှိရုံမျှမက ဒေါသ

တရားကြီးနှင့်ရောက်လာသော ဘီလူးတစ္ဆေတို့ပင်လျှင် ဆရာကြီး၏ဆေးကြိမ်ဖြင့် ကျွန်တော်က မကြာခဏလွှဲ၍ရိုက်ခြင်းများကြောင့် တစ်ကောင်ပြီးတစ်ကောင် စကြဝဠာအပြင်သို့ လွင့်စင်ထွက်ပြေးကြကုန်သည်ဖြစ်သောကြောင့် နောက်ဆုံး၌ ကျွန်တော်တို့အနီးတွင် တစ်ကောင်တစ်မြီးမှ မရှိကြတော့ဘဲရှိလေ၏။ ချောက်တွင်းက ဒုက္ခသည်တို့လည်း ကျွန်တော်တို့ကို အားကိုးကြီးနှင့် မျှော်ကြည့်ပြီးလျှင် . . .

"ကယ်နိုင်ရင်ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ၊ ဒီမီးစုန်းဘုရင်မဟာ နေ့ရှိသမျှ မသနား မညှာတာ နှိပ်စက်နေပါတယ်"

ဟု အသွယ်သွယ် အဝဝ ဟစ်အော်ပြောဆိုလျက်ရှိကြလေ၏။

မီးစုန်းဘုရင်မဆိုသူမိန်းမပျိုလည်း ဒေါသကြီးလှလေပြီ၊ ဘုရင်မတစ်ဆူဟု ငါတည်းဟူသော မာန်မာနတံခွန်ထူနေသူဖြစ်၍လည်း ယခုကဲ့သို့ တစ်စုံတစ်ယောက်၏ နှောင့်ယှက်ပိတ်ပင်တားဆီးခြင်းကို အလျဉ်းမခံလို၊ ထိုထိုသော ဒေါသမာနတရားတို့သည် တအားကုန်ပေါ်ပေါက်လာကြလျှင် ယခင်နည်းအတိုင်း ရှောက်သီးလုံးခန့်ရှိ မီးလုံးကြီးများကို တစ်လုံးပြီးတစ်လုံး ပါးစပ်ထဲမှ အန်ထုတ်ကာ ကျွန်တော်တို့ဆရာကြီးရှိရာသို့ ပစ်ပေါက်လေ၏။

ကျွန်တော်တို့မှာ အစပထမကမူ မီးလုံးကြီးတို့ရှေ့သို့ရောက်လာလျှင် ပေါက်ကွဲလျက် မီးကျီးခဲတို့ ဦးခေါင်းထက်သို့ ကျလေမည်လောဟု တွေးတောကြောက်ရွံ့မိသော်လည်း ရောက်လာသမျှ မီးလုံးတို့မှာ ဆရာကြီး၏အစွမ်းဖြင့် ကောင်းကင်တွင် ထက်ခြမ်းကွဲပြီး မီးကျီးခဲတို့အစား မွှေးကြိုင်သော ပန်းပွင့်များသာဖြစ်ကုန်လျက် ကျွန်တော်တို့ဦးခေါင်းထက်သို့ သက်သာစွာ ပန်းမိုးရွာချသည်ကို တွေ့ရပေ၏။

လှမောင်နှင့် မောင်မျှင်တို့တွင်ကား ဦးစွာသော်ကြောက်ရွံ့ခြင်းဖြင့် ကုတ်၍နေခဲ့ကြသော်လည်း ယခုမူကား ဘိုင်စကုတ်စတန့်ဇာတ်ကားများကြည့်ရသလို အလိုလိုပျော်ရွှင်ကာ လက်ခုပ်လက်ဝါးတီး၍ ကောင်းချီးပေးခြင်း၊ ကြွေးကြော်ခြင်းအမှုတို့ကို ပြုမူလျက်ရှိကြလေတော့၏။

မီးစုန်းဘုရင်မလည်း မိမိတန်ခိုးမစူးရှသည့်အပြင် တစ်မျိုးတစ်မည်ပင်ဖြစ်သွားသောကြောင့် မခံမရပ်နိုင်အောင် ဒေါသဖုံးလွှမ်းလျက် ရှိချေ၍

မူလမြင်ရသော လှပယဉ်ကျေးသော အဆင်းကလေးများပင် တဖြည်းဖြည်း ကွယ်ပျောက်ကာ ကဝေရုပ်ပေါက်၍လာလေ၏။ မီးတောက်၊ မီးလုံးတို့ကိုလည်း အဆက်မပြတ်ရှေးကထက် မြောက်မြားစွာပိုမို၍လွှတ်လေ၏။

လွှတ်တိုင်းလည်း ဆရာကြီးအနီးတွင် မွှေးကြိုင်သင်းပျံ့ရနံ့ရှိသော ပန်းဖူး, ပန်းငုံ, ပန်းအုံ, ပန်းပွင့်တွေဖြစ်၍သာသွားကုန်သဖြင့် မီးစုန်းဘုရင်မမှာ ပြုလုပ်သမျှ အကျိုးမဆိုက်ဘဲ မောဟိုက်ပင်ပန်း၊ ခြေကုန်, လက်ပမ်းကျ၍ သွားလေတော့၏။ သို့နှင့်လည်း ဒေါသကြီး သောကဝေမျိုးဖြစ်သည့်အတိုင်း စိတ်အားမလျော့သေးဘဲ မီးကျီး, မီးလုံးတို့ကို တအား ကျုံး၍လွှတ်ပြန်လေ၏။

ယခုတစ်ကြိမ်ကား ဆရာကြီးသည် မီးစုန်းဘုရင်မ၏မာနကို ချအံ့ သောငှာ ရောက်လာသော မီးလုံးများကို လက်နှင့်ကာ၍တားလိုက် လျှင်ပင်၊ မီးစုန်းဘုရင်မရှိရာသို့ တစ်ဖန်ပြန်သွားပြီး ၎င်း၏ဦးခေါင်းတည့် တည့်တွင် ပေါက်ကွဲကာ စိမ်းစိမ်း, နီနီ, ရွှေရွှေ, ဝါဝါ အဖြာဖြာသော မီးပွားမီးခဲတို့ကို သွန်ချဘိသကဲ့သို့ရှိသဖြင့် မီးစုန်းဘုရင်မမှာ သူတစ်ထူးကို နှိပ်စက်ရန်လွှတ် သော မိမိ၏မီးလုံးတို့ကပင် မိမိကိုပြန်၍ ဒုက္ခပေးသဖြင့် ဟိုပြေး, သည်လွှား ပူလောင်ခြင်းဖြင့် အော်ဟစ်ညည်းတွားလျက် ရှိလေ၏။

ချောက်ထဲကဒုက္ခသည်များလည်း မီးစုန်းဘုရင်မ၏ဖြစ်ထွေကို မြင်ရ လျှင် မိမိတို့ကို နှိပ်စက်သူဖြစ်သောကြောင့် အငြိုးကြီးကြီးနှင့်ဝမ်း မြောက်ဝမ်း သာ၍မငြီးနိုင်အောင်ရှိကြကာ . . .

“ကောင်းပါပေ့ဗျာ၊ တို့ကိုနှိပ်စက်ချင်တဲ့ သူယုတ်မ ခုမှဝဋ်လည် ပေတော့တယ်”

ဟူ၍လည်းကောင်း . . .

“ကောင်းပါပေ့တော်၊ တို့ကိုအသနားမဖက်၊ ရက်စက်တဲ့မိန်းမ၊ ခုမှနိုင်သူပေါ်တော့တယ်”

ဟူ၍လည်းကောင်း၊ သောင်းသောင်းအုတ်အော ဆူညံစွာ ဟစ်အော် ကြွေးကြော်လျက်ရှိကြလေသတည်း။

မီးစုန်းဘုရင်မမှာ ဒေါသလည်းထွက်၊ ရှက်လည်းရှက်၊ ပင်ပန်း နွမ်းနယ်သည်တို့ကတစ်ဖက်၊ မိမိလုပ်သမျှလည်း အချည်းနှီးပျက်ရသဖြင့်

မခံမရပ်နိုင်အောင်ဖြစ်ကာ အလျှံကြီးစွာသော မီးတောက်ကြီးများကို မိမိ ပညာအစွမ်းဖြင့် ဖြစ်ပေါ်လာစေပြီးလျှင် ကောင်းကင်သို့အလံတစ်ရာ, နှစ်ရာ မကတတ်စေလျက် ဆင်နှာမောင်းကဲ့သို့ တဝေ့ဝေ့, တရမ်းရမ်း ကွေ့ဝိုက်ကာ ဆင်းပြီးလျှင် ယခင်နည်းအတိုင်း ဆရာကြီးနှင့်ကျွန်တော်တို့ အပါးသို့ ဖမ်းယူရန်ရောက်လာလေရာ ဆရာကြီးလည်း ရှေးနည်းတူ လက်ဝါးကာ တားမြစ်လိုက်သောခဏ၌ အဆိုပါမီးတောက်ကြီးများမှာ မီးစုန်းဘုရင်မရှိရာသို့ လှည့်၍ လိုက်လေ၏။

ဘုရင်မလည်း ကြောက်ရွံ့ခြင်းကြီးသဖြင့် ပြင်းထန်စွာ ဟစ်အော်လျက် ပြေးလေဘိ၏။ မီးတောက်မီးလျှံကြီးများလည်း လျင်မြန်လှသော အဟုန်ဖြင့်လိုက်လေ၏။ မီးစုန်းဘုရင်မမှာ နဂိုကလည်းအတော်ပင်ပန်းနေပြီဖြစ်သောကြောင့် ရှေ့သို့ပြေးရန်မတတ်နိုင်ဘဲ မကြာခဏခွေ၍ လဲလေ၏။ ချောက်ထဲကလူများလည်း ဝမ်းသာအားရဟစ်အော်ကြွေးကြော်ကြလေ၏။

ယခင် ထိုသူတို့ဒုက္ခရောက်စဉ်ကမူ မီးစုန်းဘုရင်မက နှစ်သက်သဘောကျစွာ ရယ်မောနေသကဲ့သို့ ယခုလည်းဘုရင်မ အတိဒုက္ခရောက်သည်တွင် ၎င်းတို့ ပြန်လှန်ဝမ်းမြောက်နေကြသည်ကို လွန်စွာအခံရခက်လှလေတော့၏။ မချိသဖြင့် လက်သီးကြီးဆုပ်ကာ အံကြိတ်ကာဖြင့် တစ်ချက်မျှ မျက်စောင်းထိုးပြီး မီးတောက်ကြီးကနီးလာ ပြန်သောကြောင့် ထ၍ပြေးရပြန်လေ၏။ ယင်းသို့ဖြင့် မီးစုန်းဘုရင်မနှင့်မီးတောက်ကြီးတို့မှာ တောင်စဉ်, တောင်ဝှမ်း, တောင်ခါးပန်းတို့တွင် ကွေ့ကာ, ဝိုက်ကာပြေး သူပြေး၊ လိုက်သူလိုက်နှင့် နောက်ဆုံးတွင် မီးစုန်းဘုရင်မမှာ ပြေးရင်း လွှားရင်း ဆရာကြီးအနီးသို့ ရောက်ခဲ့လေ၏။ ဆရာကြီးလည်း သနားကရုဏာသက်သောမျက်နှာထားနှင့်

"ဟော့ . . သူငယ်မရဲ့ မင့်မာနကို မချသေးဘူးလား" ဟု မေးကာ အသံပြုလိုက်ရာ မီးစုန်းဘုရင်မလည်း နောက်က မီးတောက်ကြီး နီးကပ်လာပြီဖြစ်သည်တစ်ကြောင်း၊ အားအင်ကုန်ခမ်း ပင်ပန်းလှပြီဖြစ်သည် တစ်ကြောင်း၊ ထို့ကြောင့် မာနတည်းဟူသော တံခွန်အလံကိုလှဲချကာ ဆရာကြီး၏ခြေအစုံကို ဦးခိုက်လျက် . . .

"အသက်ဘေးမှချမ်းသာခွင့်ပေးတော်မူပါဆရာကြီးရယ်၊ ဆရာကြီးအကြောင်းကိုလည်း မသိလို့တစ်ကြောင်း၊ ရန်သူတွေကိုအနှစ်ငါးဆယ်တိတိပညာဆည်းပူးပြီးမှ ဝဝကြီးကလဲ့စားချေနေခိုက်မှာ ဆရာကြီးက နှောင့်ယှက်တဲ့အတွက် အမျက်ထွက်ပြီးပြစ်မှားမိခြင်း ဖြစ်ပါတယ်၊ ချမ်းသာပေးတော်မူပါဆရာကြီးရယ်၊ အမယ်လေး မီးတောက်တွေလည်း နီးလာပါပြီ၊ ကယ်တော်မူပါ"

ဟု ပြောကာ ကြုံကြုံပါအောင် ငိုလေသတည်း။

ကျေးရွာရှင်ဆရာကြီးလည်း မီးတို့ကို အေးငြိမ်းစေလျက် မီးစုန်းဘုရင်မကိုသက်သာရာရစေပြီးလျှင် . . .

"အေး အေး သူငယ်မ၊ မင့်အသက်ကို မသေစေရပါဘူး၊ ဒါလောက်မငိုပါနဲ့"

ဟု အမိန့်ရှိသော်လည်း ဘုရင်မမှာရှိုက်ကာ, ရှိုက်ကာ ငိုလျက်ပင်ရှိပေ၏။

"သူငယ်မရဲ့ မင့်မှာ ဘေးဥပါဒ်မရှိတော့ပါကလား၊ ဘာပြုမဲ့သည်ကလောက်တောင်ငိုနေရသလဲ"

ဟု ထပ်မေးပြန်ရာ ဘုရင်မက ငိုရာမှမော့လျက် . . .

"ကျွန်မ အနှစ်ငါးဆယ်လုံးလုံး ဆည်းပူးလာတဲ့ ပညာတွေကိုစိတ်တိုင်းကျအသုံးမပြုရတဲ့အတွက်တစ်ကြောင်း ရန်သူတွေကို အားရအောင်မှ လက်စားမချေရသေးဘဲ နိုင်မဲ့သူပေါ်လာတဲ့အတွက် ဝမ်းနည်း ပက်လက်ဖြစ်လွန်းလို့ပါဆရာကြီးရယ်"

ဟု ငိုသံကြီးနှင့် ပြောသောအခါ ကျွန်တော်လည်း မမေးဘဲ မနေနိုင်သောကြောင့် "ခင်ဗျားရုပ်ကတော့ ငယ်ငယ်ရှိပါသေးကလား၊ အနှစ်ငါးဆယ်ကြာအောင် ဒီပညာတွေ ဆည်းပူးရတယ်ဆိုတော့ အခု ခင်ဗျား အသက်ဘယ်လောက်ရှိနေလို့လဲ"

ဟု ထောက်၍ မေးလိုက်သည်တွင် မီးစုန်းဘုရင်မလည်း ကျွန်တော့်ကိုလှည့်ကြည့်ကာ . . .

"အမေကြီး အသက်(၇၀)ရှိပါပြီမောင်ရယ်၊ မောင်တို့က ငယ်ငယ်ကလေး ထင်ရတာကတော့ အမေကြီးပညာနဲ့လုတဲ့အရွယ် ဖန်တီးထားလို့ပါ"

ဟု ပြောလေ၏။ ဆရာကြီးလည်း ချောက်ထဲကလူများကို ကြည့်ကာ-

"ဒီချောက်ထဲကလူတွေကို ဘာပြုလို့ဒါလောက်ညှင်းပမ်းနှိပ်စက်ထားရသလဲ၊ သတ္တဝါတစ်ဖက်သားကို သနားကြင်နာစိတ်မရှိတဲ့သူဟာ မိမိကိုလည်း တစ်ပါးသူက သနားကြင်နာစိတ်ရှိမည် မဟုတ်ဘူးဆိုတာ တွေးမိရဲ့လား၊ ဟိုမှာကြည့်စမ်း၊ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ်မှစပြီး အဘိုးကြီး၊ အမယ်ကြီးမျှမကျန်အောင် ဒုက္ခဝေဒနာခံနေရရှာကြတယ်။ ဘယ်လောက်သနားစရာကောင်းသလဲ"

"မှန်ပါတယ် ဆရာကြီးရယ် သို့ပေတဲ့ ကျွန်မမှာ သူတို့တတွေနှိပ်စက်လိုက်လို့ ဒီမျှမကတဲ့ ပရိဒေဝမီးအပူကို သည်းအူကျွမ်းလောက် အောင်ခံစားရခဲ့ဖူးပါတယ်။ ဒီဟာတွေကို မကျေနိုင်လွန်းလို့ ရန်ငြိုးထားပြီး အခုကလဲ့စားချေနေတာပါ ဆရာကြီးရဲ့"

"ဘယ်လိုကြီးကျယ်တဲ့ ရန်ငြိုးဆိုတာ ပြောစမ်းပါဦးလေ၊ ဆရာတို့သဘောကတော့ "ရန်ကို ရန်ချင်းမတုံ့လျှဉ်းနှင့်"ဆိုတဲ့ စိတ်မျိုးထားရင်ကောင်းလိမ့်မယ်လို့ ထင်တာပဲ"

"ငယ်ရွယ်သူ သွေးဆူတုန်းဆိုတော့လည်း မဆင်ခြင်နိုင်ဘူးပေါ့ ဆရာကြီးရယ်၊ ပြီးတော့ပေမတဏှာနဲ့ စပ်ဆိုင်တဲ့ ကိလေသာမီးဆိုတော့ သာပြီးဆိုးတာပ၊ ကဲ . . ကျွန်မအဖြစ်အပျက်တွေကိုလည်း ပြောပြပါမယ်။ သူတို့နဲ့ ကျွန်မ ဘယ်သူက စတင်ဆိုးတယ်ဆိုတာ ဆင်ခြင်ကြည့်ပါတော့၊ ကျွန်မအသက်(၂၀)အရွယ်လောက်တုန်းက ကျွန်မနဲ့ကလေးချင်းဘာဝ မေတ္တာမျှနေတဲ့ရည်းစားသည် ကိုရွှေဖန်နဲ့ ကာလပျက်ကြီးထဲမှာ ဒီအရပ်ထွက်ပြေးလာရတဲ့ အကြောင်းကလည်း ဒီလိုပါဆရာကြီးရယ်-

ကျွန်မမိဘဆွေမျိုးတွေနဲ့ ကိုရွှေဖန်ရဲ့မိဘဆွေမျိုးတွေဟာ မြေယာတစ်ကွက်အတွက်စကားများပြီး တရားတွေ့ဖက်တွေပါ၊ ဒီတော့ နှစ်ဦးနှစ်ဖက်ရန်သူတွေလိုဖြစ်နေလို့ ကျွန်မနဲ့ ကိုရွှေဖန်ရည်ငံချစ်ကြိုက်နေတာ၊ ဘယ်ဘက်ကမှ သဘောမတူတော့ ယူရင်လိုက်သတ်ကြမှာဖြစ်လို့ ယူဖို့ရာ အင်မတန်ခက်နေကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ကလည်း အင်မတန်စွဲလမ်းချစ်ကျွမ်းပြီးနေကြတော့ အတော်စိတ်ဒုက္ခရောက်ကြတာပဲ . . .

အဲဒီလိုနဲ့ ရက်ရှည်ဆွဲပြီး ဇာတ်မျောကြီးခင်းနေကြတုန်းမှာပဲ၊ (၄၇) ခုနှစ် အရေးတော်ပုံကြီးဖြစ်ပြီး ကျွန်မတို့မြန်မာပြည်ကြီးကို ကုလားဖြူတွေ လက်ဝါးကြီးနှင့်အုပ်ကြတော့ တစ်တိုင်းလုံး၊ တစ်ပြည်လုံးမှာ မငြိမ်မသက်နဲ့ ဗရုတ်သုက္ခဖြစ်ပြီး တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုတာ မျိုးလို၊ လူဆိုး၊ သူခိုး၊ ဓားပြတွေရန်ကိုကြောက်တာနဲ့ အိမ်ပစ်အိုးပစ်ထွက် ပြေးပြီး တောထဲမှာ တစ်စုတဝေးကြီးပုန်းလျှိုးနေကြ ရတဲ့အခါကြီးမှာ ကိုရွှေဖန် ကျွန်မဆီကို အသက်စွန့်ထွက်ပြေးလာပြီး မယ်ဆုံရယ်၊ ဒီလိုကျီးလန့်စာစား ဆိုသလို နေရတဲ့အရေးထဲမှာ တကယ်လို့ မင်းနဲ့ကျုပ်တစ်ယောက်ယောက် မတော်တဆသေသွားရင် ကျုပ်တို့အချစ်တွေဟာ အလကားဖြစ်ရတော့မယ်-

ဒီတော့မင်းနဲ့ ကျုပ်ဟာ ပေါင်းရသလောက်အချိန်ကလေးဟာ အမြတ်ကြီးပဲလို့ သဘောထားပြီး လွတ်ရာတခြားကိုထွက်ပြေးကြစို့ရဲ့၊ ကာလ ဗရုတ်ဗရက်ထဲမှာ ကျုပ်တို့ တောရွာကလေးကလူများ၊ ပုန်းလား လျှိုးလား ကျီးလန့်စာစားဆိုသလိုနေရတုန်းမို့ မင်းတို့ကျုပ်တို့ ဆွေမျိုး များလည်းလိုက်ပြီး နှောင့်ယှက်နိုင်မှာမဟုတ်လို့ ကျုပ်တို့နှစ်ယောက် လွတ်မယ်ထင်တဲ့ရွာတစ်ရွာကို သွားနေချေကြစို့ရဲ့လို့ ပြောပြီးခေါ်လာတာနဲ့ ကျွန်မလည်း မိဘဆွေမျိုးတွေကို စွန့်ပြီး ကိုရွှေဖန်နဲ့အတူ ထွက်ပြေးလာခဲ့တာ၊ နောက်ဆုံးတော့ ဟောဒီအနားက ရေစုန်းရွာဆိုတာကို ရောက်လာပါရော . . .

အဲ-ဒီရွာကိုရောက်တော့ နှစ်ယောက်သား၊ အကြင်လင်မယား အဖြစ်နဲ့ ချစ်ချစ်ခင်ခင် အေးအေးချမ်းချမ်းနေကြပါတယ်၊ ဒီအရပ်က ချောင်ကျ လွန်းတောကျလွန်းတဲ့အရပ် လူသူကူးသန်းသွားလာခြင်း နည်းတဲ့အရပ်ဖြစ်လို့ မြို့ပေါ်မှာ ဘယ်လိုအရေးကိစ္စဖြစ်ပေါ်နေတယ်ဆိုတာ ဒီရွာကလူများမသိကြပါ ဘူး၊ ကျွန်မတို့ကလည်း ဒီရွာကလူများရဲ့ အကြောင်းကိုမသိရသေးဘူး၊ ကိုရွှေဖန် ကလည်း အသက်က အစိတ်လောက် လူချောလူလှသျှောင်ပွကြီးကိုးဆရာရဲ့၊ ကျွန်မနဲ့အကြင်လင်မယားမှန်းလည်းသိကြရက်သားနဲ့ ရွာထဲကမိန်းမတွေဟာ ကိုရွှေဖန်ကို အင်မတန်ပိုးပန်းကြတယ် . . .

တစ်နေ့ တစ်နေ့လည်းအိမ်လာပြီး ကိုရွှေဖန်ကိုပဲ ထိကပါး၊ ရိကပါး၊ စကားပြောလား၊ အရောဝင်လား လုပ်နေတာပဲ၊ ကျွန်မကလည်း ဒီရွာက

မိန်းမတွေဟာ ဖော်ဖော်ရွှေရွှေရှိရှာကြလေတယ်လို့ ဂရုမစိုက်အလိုက် ဘာသာ နေတာပါပဲ၊ သို့ပေတဲ့ အဲဒီမိန်းမတွေဟာ ကိုရွှေဖန်ကိုသာဂရုစိုက်ပြီး ကျွန်မကျ တော့ ဟဟမခေါ် ချင်ကြဘူးရှင့်၊ နောက်လည်းတစ်နေ့ထက်တစ်နေ့သဲလာပြီး ကျွန်မနဲ့မျက်နှာချင်း ဆိုင်မိပြီဆိုမှဖြင့် မျက်စောင်းထိုးလား, ငြူစူစောင်းမြောင်း လား အင်မတန်ရန်လိုရန်စ များနေကြပါတယ်။

ကျွန်မကို ရန်လုပ်သလောက် ကိုရွှေဖန်ကို ချစ်ချစ်ခင်ခင်နဲ့ ပရော ပဝင်လုပ်ကြတာပဲ၊ ဒီရွာကကောင်မတွေဟာ စုန်းမ-ကဝေမတွေကလား၊ ဒီတော့ ကိုရွှေဖန်ကို ဆေးခပ်ပြီး သူတို့ကိုချစ်အောင်-ကြိုက်အောင်လုပ်ပါရော၊ ကျွန်မကိုလည်း ကိုရွှေဖန်ကမုန်းသွားအောင် အမုန်းတိုက်တာကိုး၊ ဘာကြောင့် အမုန်းတိုက်သလဲဆိုတော့ ကိုရွှေဖန်က ကျွန်မကိုအင်မတန်ချစ်-အင်မတန် အရေးလုပ်တယ်၊ သူတို့က ဘယ်လိုပဲလိုက် စား-လိုက်စား၊ ကိုရွှေဖန်က ကျွန်မ အနားက တစ်ဖဝါးမှမခွာဘူး၊ ဒါကြောင့် မနာလိုဝန်တိုဖြစ်ပြီး ကျွန်မကို ကိုရွှေဖန်က မုန်းပြီးပစ်ထားအောင်ကြံကြတာလား ဆရာကြီးရဲ့-

ကျွန်မကလည်း ဒင်းတို့ပညာသည်တွေမှန်း မသိသေးဘူး ခပ်အေး အေးပဲ၊ ဒီလိုနဲ့-ဒီလိုနဲ့ ကိုရွှေဖန်ဟာ ကျွန်မကို တစ်နေ့တခြား မျက်နှာထားကြီးနဲ့ နေနေလာတယ်၊ ကျွန်မက ရယ်ရယ်ပြုံးပြုံးလုပ်လို့လည်း မလုပ်ဘူး၊ ငေါက်ချင် ငေါက်၊ အော်ချင်အော် တော်တော်ဆိုးလာတယ်ရှင့်၊ နောက်-တစ်နေ့ထက် တစ်နေ့ကဲလာပြီး ကျွန်မကိုမြင်ရင် တုတ်တပြက် ဓားတပြက်နဲ့ ရိုက်မယ်သတ် မယ်ချည်းလုပ်တာပဲ၊ ကျွန်မမှာလည်း တစ်ရပ်တကျေးမှာ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီးနေရတုန်း ကိုယ်အားထားရမယ့်လူက ဒီလိုမညှာမတာရက်စက် နေတော့ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေရတာပေါ့ရှင်၊ ကိုရွှေဖန်ဟာ ကျွန်မကို မောင်းမဲရိုက်ပုတ်နေပေတဲ့ သူ့ယုတ်မာမတွေနဲ့ကျရင် ချစ်ချစ်ခင်ခင်, ပျော်ပျော် ရွှင်ရွှင်ကြီး ကျီစယ်နေကြတော့ ကျွန်မမှာသာပြီး စိတ်မကောင်းခြင်းဖြစ်ရ ပါတယ်-

ဒီလိုနဲ့ နေလာရတာကြာတော့ ကြံရာမရဖြစ်ပြီး ကြားဖူးနားဝ ရှိတဲ့နည်းတစ်နည်းကို တွေးမိတာပေါ့ဆရာကြီးရယ်၊ ဘယ်လိုတွေးမိပါ သလဲဆိုတော့ ကိုရွှေဖန်ဟာ ငါ့ကိုအင်မတန်ချစ်ရှာတာပဲ၊ ခုလိုချက်ချင်း

သူ့အမူအရာပြောင်းလဲခြင်းဟာ စင်စစ်မရိုးသားဘူးလို့ ထင်တယ်၊ ဒီရွာက မိန်းမတွေဟာ ပညာသည်တွေမို့လို့ တို့ဆေး၊ ခပ်ဆေးတွေနဲ့ ငါတို့လင်မယားကွဲအောင်လုပ်ကြလေသလားလို့ တွေးမိပြီး ဒီလိုဆေးမိတဲ့လူများကို ဖြေဆေးပေးဖို့ နည်းတစ်ခုကြားဖူးတာရှိတယ်၊ ဘယ်လိုနည်းလဲဆိုတော့ တံမြက်စည်းကိုထောင်လျက် ရေလောင်းချပြီး အဲ-ဒီရေကိုသောက်စေ ရရင် ဆေးပြယ်တယ်လို့ ကြားဖူးလို့ ကိုရွှေဖန်ရဲ့သောက်ရေအိုးထဲမှာ သူမသိအောင် တံမြက်စည်းရေရောထည့်ထားလိုက်တယ်။

ဒီရေကို ကိုရွှေဖန် သုံးလေးရက်လောက် ဆက်သောက်မိရင်ပဲ အရင်လို ကြမ်းတမ်းခက်ထန်တဲ့စိတ်တွေ မရှိတော့ဘူး၊ နဂိုစိတ်ရင်းပြန်ပေါ်လာပြီး ကျွန်မကိုလည်း ရှေးနည်းအတူ ချစ်ချစ်ခင်ခင်၊ ယုယုယယ နေပြန်တယ်၊ ကျွန်မလည်း ဒီရွာသူတွေ မကောင်းကြောင်း၊ မနေဖို့ အကြောင်းပြောတာနဲ့ ကိုရွှေဖန်လည်းရွှေ့အရေးတွေးပူပြီး လင်မယားနှစ်ယောက် တိတ်တဆိတ်ထွက်ပြေးခဲ့ကြတယ်။

လမ်းခရီးကလည်း တောကြီးတောင်ကြီးတွေမို့ တစ်တောဝင်၊ တစ်တောထွက်၊ တစ်တောင်ကျော်၊ တစ်တောင်ဆင်းနဲ့ လာခဲ့ကြတာ၊ တစ်ရက်နှစ်ရက်ခရီးပေါက်လာရင်ပဲ ရေစုန်းရွာက မမတို့လက်ချက် ကြောင့် ထင်ပါရဲ့၊ ကိုရွှေဖန်ဟာ သွားရင်း၊ လာရင်း မျက်လုံးကြီး ပြူးထွက်ပြီး ဆန့်ငင်၊ ဆန့်ငင်နဲ့တက် ပါးစပ်ထဲက သွေးတွေအန်၊ အော်လိုက်တဲ့အသံကြီးကဆိုလည်း တစ်တောလုံးဟိန်းသွားတာပဲ၊ မချိတရိနဲ့ ဒုက္ခဝေဒနာခံစားလိုက်ရတာ၊ ကျွန်မမှာလည်း မျက်ကလဲဆန်ပျာ၊ ဘာမှလည်း မလုပ်တတ်လို့ တတ်သမျှ၊ မှတ်သမျှကလေး ရွတ်ဖတ်ပြီး ကိုရွှေဖန်ကို ပွေ့ထားရုံမှတပါး မတတ်နိုင်ဘူး၊ စုန်းမတွေ၊ ကဝေမတွေဟာ တယ်ရက်စက်ပါကလား၊ မစားရတဲ့အမဲ သဲနဲ့ ပက်မယ်ဆိုတဲ့စိတ်ထားနဲ့ တစ်ဖက်သားကို သေအောင်လုပ်တာပါပဲ။

တိုတိုပြောပါရစေတော့ ကိုရွှေဖန်လည်း အဲ-ဒီတောထဲတွင်ပဲ၊ မချိမဆန့်နဲ့ သေပွဲဝင်ရရှာတယ်၊ ကျွန်မမှာလည်း တောကြီးမျက်မည်း ထဲမှာ အားကိုးစရာ လင်တစ်ယောက်လုံး ဆုံးရှုံးရတဲ့အတွက် မယ်ပဓာ လက်သစ်ဖြစ်ပြီး ဟစ်အော်လူးလှိမ့်ငိုကြွေးရင်း တောင်ပြေး၊ မြောက်ပြေး သောင်ပြင်မှာ

လွှတ်တဲ့ခွေးလို ခိုစရာ, မှီစရာမရှိ၊ ဒုက္ခကြီးရောက်ရပါတယ်၊ အဲ-ဒီလို တလည်လည် ဒုက္ခကြီးတွေ့ပြီး ပရိဒေဝမီးငွေ့ကလည်း အပြင်းမြိုက်သနဲ့ တရှိက်ငင်ငင်တောင်စဉ်တောင်တန်းမှာ မျက်စိလည် လမ်းမှားပြီး သွားချင်ရာ သွားနေတုန်း မီးစုန်းဆရာ အဘိုးအိုကြီးတစ်ယောက်နဲ့တွေ့လို့ သင်းတို့ ရေစုန်းရွာကိုဖြင့် ငါမသေသ၍ တစ်နေ့မှာထုံးလိုချေလို့ ရေလိုနှောက်မဟဲ့-ငါတို့ကို ဒုက္ခရောက်အောင်ပြုသူများနှင့် သင်းတို့ရဲ့ သား, မြေး, မြစ်များကို လှလှကြီးလက်စားချေမယ်ဆိုတဲ့ ရန်ငြိုးကြီးထားပြီး မီးစုန်းဆရာကြီး၏ တပည့် ခံပြီး အောက်လမ်းပညာရပ်အသီးသီးတို့ကို ဆည်းပူးလေ့ကျင့်လာခဲ့တာ နှစ်ပေါင်းများစွာကြာပါတယ်။

ပညာသင်လို့ ပြီးဆုံးတော့မှ သင်းတို့ရွာနဲ့ မနီးမဝေးမှာရှိတဲ့ ဒီတောင်ကြီးမှာလာပြီး နေပါတယ်၊ ညစဉ်ညတိုင်း မီးစုန်းပညာတွေကို အနည်းငယ်ပြတာနဲ့ တွေ့မြင်သူတို့က ဒီတောင်ကြီးကိုပဲ မီးစုန်းတောင် ကြီးရယ်လို့ အမည်ပေးထားပါတယ်၊ ကျွန်မလည်း သင်းတို့တစ်ရွာလုံးကို သွေးဆောင်ပြီး ထောင်ဖမ်းချင်တာနဲ့ ဒီတောင်ကြီးက မီးစုန်းကိုဖမ်းယူနိုင်တဲ့ ပညာသည်များဟာ ကိုးဆယ့်ခြောက်ပါးသော ဥပါဒ်အန္တရာယ်ကင်းရှင်း၍ အသက်သုံးရာကျော်နေရမယ်လို့ သိုက်စာလိုလို ပေစာ တစ်ခုကို သင်းတို့ရွာမှာ မသိမသာပစ်ထားတဲ့အတွက် သိုက်စာအရ အသက်ရှည်ချင်ရှာကြလို့ တစ်ရွာ လုံးမီးစုန်းကို ဖမ်းရအောင်ချီတက်လာကြတော့ ကျွန်မလည်း အားရဝမ်းသာ ဖမ်းပြီး ဟောဒီချောက်ကြီးထဲ ပိတ်လှောင်ပြီး နေ့တိုင်းနေ့တိုင်း မီးလောင် တိုက်သွင်းနေတာပါပဲ၊ ကိုင်း ဆရာကြီးရယ် အစအဆုံးစဉ်းစားကြည့်ပါ၊ ကျွန်မအဆိုးချည့်မဟုတ်ပါဘူး၊ သူတို့က ဆိုးလို့ငြိုးရတာပါ"

ဟု ပြောလေရာ၊ ကျွန်တော်တို့မှာ ထိုအခါမှပင် မီးစုန်းဘုရင်မကြီး၏ ဇာတိရစ်မြစ် အဖြစ်အပျက်တို့ကို သိရှိရပေတော့၏။

ထို့နောက် ကျေးဇူးရှင်ဆရာကြီးလည်း ဒေါ်ဆုံခေါ် မီးစုန်းဘုရင် မကြီးအားလည်းကောင်း၊ ရေစုန်းရွာသူရွာသား အပေါင်းတို့အားလည်းကောင်း၊ နှစ်ဦးနှစ်ဖက်အမျက်မပွားရအောင် စေ့စပ်ပြီးလျှင် တရားဓမ္မ ဟောပြောပြသ လျက် ကုသိုလ်, အကုသိုလ်, ဒုစရိုက်, သုစရိုက်တို့၏ အကျိုးအပြစ်ကို

အကျယ်တဝင့်ဟောပြကာ သရဏဂုံသုံးပါးနှင့်ပဥ္စသီလတော်မြတ်ကြီးများကို သိရှိနားလည်ဆောက်တည် ကျင့်သုံးနိုင်ကြသည်အထိ လုံးစေ့ပတ်စေ့ သေချာ ဂဏ တရားချလျက် အသက်ထက်ဆုံး ဆိုးသွမ်းညစ်ညမ်းသော မိစ္ဆာဝါဒ အလုပ်များကို မပြုမလုပ်ကြရန် အာမဝန္တာခံစေပြီးလျှင် ရွာသူရွာသားတို့အား ကျောက်တံခါးကြီးကိုဖွင့်၍ လွှတ်ခဲ့လေရာ ရွာသူရွာသားတို့မှာ မိမိတို့ သားငယ်သမီးငယ်များထံ ဝမ်းမြောက်စွာ ပြန်ကြလေ၏။

ဒေါ်ဆုံမှာလည်း အသက်အရွယ်ကြီး၍ သားသမီးအထောက် အခံမရှိသော အဘွားအိုကြီးဖြစ်သဖြင့် အေးချမ်းစွာနေ၍ တရားအား ထုတ်နိုင်ရန် စစ်ကိုင်းတောင်ခြေ မင်းကွန်းအရပ်ရှိ သူအိုရုံသို့ ခရီးလမ်း ညွှန်ကြားလိုက်ခြင်းအားဖြင့် အမယ်ကြီးမှာဝမ်းမြောက်ဝမ်းသာ၊ ထိုအရပ် သို့သွားပါမည်ဟု ဝန်ခံကတိထားရှာသောကြောင့် ကျွန်တော်တို့မှာလည်း အမယ်ကြီးအတွက် သာစုများခေါ်မိလိုက်ဝေသတတ်။

S S S

# ကြောင်မျက်စိ

(၁၉၃၇-ခု၊ ဩဂုတ်လတွင် ရေးသည်။)

ဦးမြတ်ထွန်းသည် ပျို့ရွယ်စဉ်က နာမည်ရ မြန်မာ့လက်ဝှေ့သမားကြီးတစ်ဦး ဖြစ်ခဲ့ဖူးလေ၏။ လက်မောင်းရိုးတစ်လုံးတည်းရှိသူ ဖြစ်သောကြောင့် ဦးမြတ်ထွန်း၏ပြင်းထန်လှသော လက်သီးဒဏ်ကို မည်မျှပီးဆေးပါသူဖြစ်စေ၊ ခွန်အားဗလကြီးသူဖြစ်စေ ပက်လက်လန်ကာ စုတ်ပြပေါက်ကွဲ၊ သွေးသံတရဲရဲနှင့် အသေအလဲခံရပါများသောကြောင့် တံခွန်စိုက်လက်ဝှေ့သတ်များမှတစ်ပါး ဦးမြတ်ထွန်းကို ယှဉ်ပြိုင်ဝံ့သောသူ ရှားပါးလျက်ရှိရကား ဗိုလ်မြတ်ထွန်းဟူ၍ပင် အမည်ရခဲ့ပြီးသူတစ်ယောက်ဖြစ်ခဲ့ဖူးလေ၏။

သို့ကြောင့် မောင်မြတ်ထွန်း၏မိဘများမှာ သားဖြစ်သူဝါသနာပါလှသောအလုပ်ဖြစ်၍ လက်ဝှေ့ထိုးသည်ကို သဘောမကျလှဘဲ ကြည့်နေခဲ့ရရာက အချိန်အရွယ်ရောက်ရုံမက အသက်သုံးဆယ်ပါးနီး လာသောအခါတွင်မူကား မိဘများမှာ သားဖြစ်သူမောင်မြတ်ထွန်းကို အမျိုးမျိုးအဖုံဖုံဆုံးမမြစ်တားကြကာ-

"ငါ့သားရယ်၊ ဒီအလုပ်ဟာ အင်မတန်မှ အကုသိုလ်များပါတယ်၊ ဒီအလုပ်ကို အဖေတို့၊ အမေတို့လည်းသဘောမကျဘူးကွဲ့၊ မင့်မှာလည်း အချိန်အရွယ်လွန်လာပြီ၊ ဒီလိုကြမ်းတမ်းခက်ထန်တဲ့အလုပ်ကြီးကို စွန့်ပစ်ပြီး သားမယားအိုးအိမ်နဲ့ ကောင်းရောင်းကောင်းဝယ် အလုပ်ကို လုပ်ကိုင်နေတာ၊ အဖေတို့ မသေခင်မြင်သွားပါရစေကွယ်"

ဟု အမယ်ကြီး, အဘိုးကြီးတို့က နေ့ရှိသမျှတောင်းပန်နေကြရကား မောင်မြတ်ထွန်းမှာ မိဘများကို သနားလာသောကြောင့် နောက်ဆုံးတွင် လက်ဝှေ့သတ်အလုပ်ကို တစ်ခါတည်းစွန့်ပစ်လိုက်ပြီးလျှင် ငယ်စဉ်ကတည်းက ချစ်ခင်ရည်ငံလက်စရှိခဲ့ဖူးသော မလွန်းမယ်ဆိုသည့် မိန်းမပျိုတစ်ဦးကို တောင်းရမ်းကာ အကြင်လင်မယားအဖြစ်နှင့် အေးချမ်းစွာနေကြရင်းပင် မိဘများ၏လယ်ယာများကို တောင်သူသားသမီးဘာဝ ကူညီလုပ်ကိုင်ကာ မိသား, ဖသားပီပီနေထိုင်ခဲ့သောအခါ အဘိုးကြီးနှင့် အမယ်ကြီးများမှာ သားဖြစ်သူမောင်မြတ်ထွန်းအတွက် စိတ်လက်အေးချမ်းသွားရှာကြ၏။

ချွေးမဖြစ်သူမလွန်းမယ်မှာ လိမ္မာပြေပြစ်ကျစ်လျစ်သိပ်သည်းစွာ အိမ်ထောင်သိမ်းဆည်းခြင်း၊ လင်သားအပေါ်တွင် ကျိုးနွံစွာပြုစု၍ အမူခပ်သိမ်းတို့တွင်လည်း သာယာချေငံစွာ ဖျောင်းဖျပြောဆိုတတ်ခြင်းကြောင့် မောင်မြတ်ထွန်းမှာလည်း ကြမ်းတမ်းခက်ထန်သောစိတ်များ တစ်နေ့တခြား လျော့ပါးခြောက်ခန်းသွားကာ နူးညံ့ပျော့ပျောင်း၊ စိတ်သဘောကောင်း၍လာသောကြောင့် မောင်မြတ်ထွန်းမယားလိမ္မာကိုရသဖြင့် နူးညံ့သိမ်မွေ့လာရပေသည်ဟု မလွန်းမယ်ကို များစွာချစ်ခင် အရေးယူ၍နေကြလေရာ သမီးရင်းဖြစ်သူ မောင်မြတ်ထွန်း၏နှမအရင်း မမင်းသုံကပင် မကျေမနပ်ဖြစ်လာရာက နောက်ဆုံးတွင် ၎င်း၏လင်ယောကျ်ား မောင်ဘိုးစုံနှင့် တသီးတခြားခွဲထွက်သွားပြီး မနီးမဝေးတွင် တစ်အိမ်တစ်စင်ထူ၍နေလေ၏။ စိတ်သဘောကောင်းသော မလွန်းမယ်မှာကား ယောင်းမဖြစ်သူအား အမြဲချော့မော့၍ အောက်ကျနောက်ကျခံကာ ပေါင်းခဲ့ရှာပေ၏။

ယင်းသို့ ကိုယ့်အလုပ်နှင့်ကိုယ်အသက်မွေးမှု စင်ကြယ်စွာနှင့် လုပ်ကိုင်စားသောက်နေထိုင်ခဲ့ရာ မောင်မြတ်ထွန်းနှင့် မလွန်းမယ်တို့မှာ များမကြာမီပင် မောင်ထွန်းစံခေါ် သားကလေးတစ်ယောက် ဖွားမြောက်ခဲ့လေ၏။

ကျွန်တော်မောင်ထွန်းစံသည် ယခုအထ္ထုပ္ပတ္တိများကို စတင် တွေ့မြင်ရသောအချိန်၌ (၁၀)နှစ်သားအရွယ်မျှရှိလာပြီဖြစ်သောကြောင့် မောင်မြတ်ထွန်းမှာ ဦးမြတ်ထွန်းဖြစ်လာလျက် မလွန်းမယ်မှာ ဒေါ်လွန်းမယ်ဘဝသို့

ရောက်လာပေ၏။ ကျွန်တော်ကား ရွာဦးဘုန်းကြီးဦးတေဇကျောင်းတွင် ပရိတ်ကြီးကုန်ရုံမျှသင်ခဲ့ပြီးနောက် ဖခင်၏အလိုလိုက်ခြင်း ခံရသော သား တစ်ယောက်ဖြစ်သည့်အတိုင်း ဆိုးနွဲ့ကာ ကျောင်းကို သပိတ်မှောက်လိုက်ပြီး ရွာထဲတွင်ဆော့ချင်တိုင်းဆော့နေတော့၏။ ကျွန်တော်၏အဖေ ဦးမြတ်ထွန်းမှာ တစ်ယောက်တည်းသော သားဖြစ်သူ ကျွန်တော့်အား များစွာချစ်ခင်လျက် နာမည်ကိုပင်မခေါ်ရက်ဘဲ လူကလေး, လူကလေးနှင့်သာ ပြီးရရှာပြီး (၁၀) နှစ်သားအရွယ်ကြီးကျအောင်ပင် သူသွားရာလာရာတို့တွင် ပခုံးပေါ်ခွတင်၍ ခေါ်ငင်သွားတတ်ရှာ၏။ ကျွန်တော်ကလည်း ဖခင်ကိုအထူးကပ်နေကာ ယာလုပ်သွားရာတွင်လည်း ပခုံးပေါ်စီးလျက် ပါသွားတတ်ပြီး အပြန်မောမော ပန်းပန်းအခါများမှာသာ အဘနှင့်လက်တွဲကာ အိမ်အထိခြေလျင်လျှောက်ပြန် လာသည်တိုင်အောင် တစ်လမ်းလုံးမှာ "လူကလေး ညောင်းလာသလား၊ ညောင်းရင် အဘပခုံးပေါ်ကလိုက်လေ"ဟု တတွတ်တွတ်လုပ်နေတတ်ရှာ၏။

ထိုအခါက ရွာထဲတွင် အထူးဆိုးသွမ်းကာ နာမည်ကြီးသော ကြောင် နက်ကြီးတစ်ကောင်မှာ နေ့စဉ်ညစဉ် ရွာတွင်းရှိ ကြက်, ငှက်, တိရစ္ဆာန် ကလေးများကို ကိုက်သတ်စားပါများသဖြင့် အလှမွေးထားသော ကြက်တူရွေး, သာလိကာအစ ကြက်ငယ်ငှက်ငယ်များ၏ ပိုင်ရှင်ဖြစ်သူတို့မှာ ရင်ဘတ် စည်တီးဖြစ်ရပေါင်း များလှပြီဖြစ်သောကြောင့် အဆိုပါကြောင်နက်ကြီးအား များစွာမုန်းတီးရွံရှာကြရုံမျှမက နီးနီးကပ်ကပ်တွေ့မြင်ရသူမှန်သမျှ တွေ့က ရာကျောက်ခဲ, အုတ်ခဲ စသည်တို့နှင့်ရရာ ဆွဲယူပစ်ပေါက်နှင်ထုတ်မိသူ ချည်းသာဖြစ်လေ၏။

ထိုကြောင်ကြီး၏ပိုင်ရှင်မှာလည်း မည်သူမည်ဝါဟု အတပ်မသိ တစ်ရွာလုံး ကြောင်ကြီးကို မုန်းသူချည်းဖြစ်သောကြောင့် ပိုင်ရှင်မရှိသော ကြောင်လေ, ကြောင်လွင့်, ကြောင်ဂျပိုးကြီးတစ်ကောင်ဖြစ်လေရာ လူများက သူ့ကိုမုန်းသလောက် သူကလည်း လူသူလေးပါးအနီးသို့ မချဉ်းမကပ် ရိုင်း စပ်စပ်ကြီးဖြစ်၍နေလေ၏။

သို့နှင့် ထိုကြောင်ကြီးကား တစ်လျှောက်လုံး မည်းနက်ထည်ကြီး ဖြစ်သောကြောင့် အခြားကြောင်များထက် အစွမ်းထက်မြက်သည်ကိုလည်း

လူတိုင်းသိကြ၏။ ကျောင်းကြီးခုန်အုပ်လိုက်လျှင် မမိသည်မရှိချေ၊ သူ့အစွမ်းနှင့်သူ စားပေါက်စားလမ်းပွင့်လှသောကြောင့် လက်သပ်မွေးထားသော ကြောင်များထက်ပင် စိုစိုပြည်ပြည်၊ ဝဝဖြိုးဖြိုးကြီးဖြစ်၍နေပြီးလျှင် အိမ်တကာမှ သိမ်းဆည်းသိုမှီးထားသော အစားအသောက်များကလည်း မနေရ၊ အလှည့်ကျ ကြုံကြိုက်သလို ကိုက်ဝါးခိုးဝှက်စားသောက်သည်မျှမက . . .

တစ်ခါကမူ ရွာထဲမှ မွေးခါစမီးကပ်တွင်းရှိ ရက်သားကလေး တစ်ယောက်သိပ်ထားစဉ် လူကြီးတွေအိပ်ပျော်နေခိုက် ကြောင်နက်ကြီးသည် ဖာဖုံးအတွင်းသိပ်ထားသည့် ကလေးငယ်၏ ယက်ကန်လှုပ်ရှားနေသော ခြေထောက်နုနုကလေးကို ကိုက်ဝါးစား၍ ခြေသလုံးနှစ်ဖက် ငုံးငုံးတိုသောအခါကျမှ ပြင်းပြစွာငိုကြွေးသောကလေးအသံနှင့် လူကြီးများနိုး၍အနီးရောက်လာခြောက်လှန့်ရိုက်ပုတ်လွှတ်မှ ထွက်ပြေးပြီးလျှင် ကလေးမှာလည်း ထိုဝေဒနာနှင့်ပင် သေဆုံးရရှာသောကြောင့် နဂိုက မျက်မုန်းကျိုးနေကြသော ကြောင်သူခိုးကြီးကို ပိုမိုမုန်းတီးစက်ဆုပ်လာပြီး ကြောင်စုန်းကြီးဟုလည်း နာမည်ကြီးလာပြန်လျက် တွေ့လျှင်အသေသာ သတ်လိုက်ချင်ကြသည့်အတိုင်း ဓားနှင့်တွေ့ဓား၊ တုတ်နှင့်တွေ့တုတ် ဝိုင်းအုံထိုးခုတ်ရိုက်နှက်ကြစေကာမူ ကြောင်ကြီးမှာမဖြုံ ကျောစိမ့်ရုံမျှမရှိဘဲ လူလစ်သည်နှင့် တစ်ပြိုင်တည်း တွေ့ရာကြက်ငှက်တို့ကိုဆွဲ၍ ပြေးမြဲပြေးသည်သာတည်း။

ကျွန်တော်၏အဘဦးမြတ်ထွန်းကား ယိုးဒယားတိန်ညင်မျိုး ကြက်ဖြူလေးတစ်စုံကို အမြတ်တနိုးချစ်ခင်စွာ အရိပ်တကြည့်ကြည့်နှင့် မွေးလာခဲ့သူဖြစ်လေရာ ထိုကြောင်နက်ကြီးရန်ကိုလည်း အထူးကြောက်လန့်ရသဖြင့် ကြက်ဖြူလေးတစ်စုံမှာ လှောင်အိမ်ထဲကအပြင်သို့ မလွှတ်ဝံ့ဘဲ အမြဲမျက်စိမပြတ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရာ တစ်နေ့သောအခါတွင်ကား အလွန်တရာ ညောင်းနေရှာသော ကြက်ကလေးနှစ်ကောင်ကို သနား၍လားမသိ၊ ကျွန်တော်၏အဘသည် သလင်းပြောင်မြေကွက်လေးပေါ်တွင် နှမ်းနှင့်စပါးကလေးများ ကျွေးမွေးရန်နှင့် ခြေညောင်းဆန့်ရန် ကြက်ဖြူလေးနှစ်ကောင်ကို အပြင်သို့ထုတ်ယူလာပြီး အနီးရှိကွပ်ပျစ်ကလေးတစ်ခုပေါ်တွင်ထိုင်ကာ ကြောင်နက်ကြီးမလာဝံ့စေခြင်းငှာ လောက်လွှဲတစ်ခုနှင့် ဟိုဟိုဒီဒီပစ်ခတ်နေ

စဉ် အလွန်တရာပါးနပ်ဖျတ်လပ်လှပြီး စားပေါက်မြင်တတ်သော ကြောင်စုန်းကြီးသည် ဘယ်ဆီက ဘယ်ကဲ့သို့ ပုန်းလျှိုးဝင်လာသည်မသိ၊ အဘထိုင်သော ကွပ်ပျစ်အောက်သို့ ရောက်လာပြီး ဥခါနီးဆဲဆဲဆူဖြိုးလှသည့် ကြက်မကလေးကို ဖြုးခနဲကိုက်ချီဆွဲပြေးသွားကာ လွှားခနဲ၊ လွှားခနဲနေအောင် ခုန်ပြေးသဖြင့် အဘမှာ အသည်းနှလုံးဆတ်ဆတ်ခါမျှ နာကြည်းလျက် အလွန့်အလွန်ဒေါသထွက်ကာ ကြောင်ကြီးကိုမတွေ့မခြင်း လိုက်၍ရှာလေ၏။

ဒေါသထွက်ထွက်နှင့် သုံးလေးရက်မျှ ဆက်၍ရှာဖမ်းသော်လည်း ပါးနပ်သောကြောင်ကြီးမှာအမိမခံ ခြေသံကြားတိုင်း လှစ်ခနဲ ထွက်ပြေးတတ်သောကြောင့် အဘမှာ အမောသာအဖတ်တင်ကျန်ရစ်ခဲ့ လေရကား နောက်ဆုံးတွင်မှ အကြံတစ်မျိုးရတော့ကာ ကြောင်ကြီးမြင်လျှင် သွားရည်ယိုစရာဖြစ်သော ကြက်သားအုပ်မတစ်စုံကို သံဆန်ခါ လှောင်အိမ်တစ်ခုတွင် ကြိုးနှင့်ချည်ထားပြီး သံဆန်ခါအပေါက်ကို ထောင်ချောက်သဖွယ်ပြု၍ထောင်ထားလျက် မနီးမဝေးမှစောင့်စားနေရာ များမကြာမီပင် စားပေါက်မြင်လွယ်တတ်သော ကြောင်စုန်းကြီးလည်း ဆန်ခါအနီးသို့ ရောက်လာလေ၏။

အဘလည်း ကြောင်ကြီးကိုသတ်ရန် အိမ်ပေါ်တွင်စားရှည်ကြီးကို မြဲနေအောင်သွေးရင်း အံတကြိတ်ကြိတ်နှင့် အငြိုးကြီးငြိုးလျက် တစ်ချက်တစ်ချက်တွင်မူကား ကြောင်ကြီးလှောင်အိမ်တွင်းသို့ ဝင်ပြီလားဟု ထရံကြားက ချောင်းမြောင်းကြည့်နေလေ၏။

ထိုအခိုက်မှာပင် ကွေ့လည်ဆန်းပြားသော လူတို့၏အကြံဉာဏ်ကို မရိပ်မိရှာသောကြောင်စုန်းကြီးမှာ စားချင်သောအာသာနှင့်သံဆန်ခါ ပေါက်မှ အထဲရောက်အောင် ဝင်လိုက်မိသည်နှင့် တစ်ပြိုင်တည်း လှောင်အိမ်တံခါးဖြန်းခနဲပိတ်သွားသောအခါ ငါ့မှာရန်သူလက်တွင်းသို့ ရောက်လေပြီဟု သိရှိဘိအလား ကြောင်နက်ကြီးမှာ ထွက်ပေါက်ကိုအတင်းတိုး၍ ရှာဖွေနေလေ၏။

အဘမှာ အခါကောင်းကို ချောင်းနေသူဖြစ်သည့်အားလျော်စွာ ကြောင်ကြီးမိနေသည်နှင့်တစ်ပြိုင်တည်း ဓားရှည်ကြီးကိုဆွဲကာ ပြေးသွားလျက်-

"နင့်အမေလွှားတဲ့အကောင်ကြီး သေပေတော့"

ဟု ပြောကာ၊ ဒေါသကြီးစွာနှင့်သံဆန်ခါပေါ်မှနေပြီး ကြောင်ကြီးကို ခေါင်းနှင့် တအားထိုးလေ၏။ အချက်ပေါင်းမြောက်မြားစွာ ချွန်မြသော ခေါင်းဦးဖြင့်တအားစိုက်၍လိုက်လံထိုးနေသော်လည်း ထိုးသမျှခေါင်းချက်တို့မှာ ငါးရံ့အရှင်ကိုထိရဘိအလား ရှောခနဲ၊ ရှောခနဲသာ ချော်ထွက်သွားသောကြောင့် အဘမှာမကြံတတ်အောင်ရှိလာသည်နှင့် အကူ အညီများကိုခေါ်ကာ ထွက်ပေါက်ကို ဂုန်နီအိတ် နှုတ်ခမ်းဝနှင့် တေ့ထားလျက် တစ်ဖက်မှ မောင်းထုတ်လိုက်လျှင် ကြောင်ကြီးသည် ဂုန်နီအိတ်တွင်းသို့ ထိတ်ထိတ်လန့်လန့်နှင့် ပြေး ဝင်သွားလေရာ . . .

"ဟော့ . . ကြောင်စုန်းကြီးမိပြီဟေ့၊ လာကြ . . လာကြ"

ဟု ဟစ်ခေါ်လျက် ဂုန်နီအိတ်ကြီးနှင့် သေချာခိုင်မြဲစွာ အထပ်ထပ် စုချည်ပြီး အထဲတွင် တုပ်မိသောကြောင်ကြီးအား တစ်ယောက်တစ်လက် ဂုန်နီအိတ်ပေါ်မှနေ၍ အဆက်မပြတ် ရိုက်နှက်ကြရာ အထဲက ကြောင်ကြီးမှာလည်း ဒေါသကြီး၍ တခွီးခွီးအော်မြည်ရုန်းကန်လျက်ရှိလေ၏။ ဝိုင်းရိုက်ကြသော တုတ်ကြီးများမှာလည်း ရှားနှစ်သားတုတ်ကြီးများ၊ မောင်းထောင်းကျည်ပွေ့ကြီးများသာဖြစ်၍ ခဝါသည်များအဝတ်ရိုက်ဘိအလား အနှစ်နှစ်အလလက ငြိုးထားသော ရွာသားများမှာ တစ်ယောက်တစ်လက် မနားတမ်း ရိုက်နှက်နေကြရာ ကျွန်တော်၏စိတ်ထင်အားဖြင့် ဂုန်နီအိတ်တွင်းရှိ ကြောင်ကြီးမှာ ဖွဲနုအိတ်ပမာ မှုန့်မှုန့်ညက်ညက်ကျေနေရှာပြီဟု ထင်ရသောကြောင့် သနားစိတ်များဝင်ကာ အနီးသို့သွားပြီး တုတ်ကြီးတစ်ချောင်းနှင့် ထိုးစမ်းကြည့်သောအခါ ကြောင်ကြီးမှာ ကျွန်တော်ထင်သလို မှုန့်မှုန့်ညက်ညက်ကျေနေမည်ဝေးစွ ပျော့ခွေ၍မျှမနေဘဲ ၎င်း၏ကိုယ်ကြီးတစ်ခုလုံးမှာ ကျောက်ခဲတမျှမာကျောပြီး ခုံးခုံး ကြီးဒေါထနေသည်ကို တွေ့ရပေ၏။ ဝိုင်းရိုက်သူများ မောဟိုက်လာသည်တိုင်အောင် ကြောင်ကြီးကား ဒေါပွလျက်ပင် ရှိသေးသောကြောင့် . . .

"ဟယ် . . ကြောင်စုန်းကြီးပဲ သိပ်အစွမ်းကောင်းတယ်၊ တော်တော်နဲ့သေမှာမဟုတ်ဘူး(အမြဲတေ)များရှိတယ်ထင်ပါရဲ့"

ဟု ပြောကြပြီး၊ တဒီးဒီးကျလာသော ချွေးများကိုသုတ်ကာ ရပ်နားနေကြလေ၏။

အဘမှာမူ သူ၏ကြက်ဖြူမကလေးအတွက်ကြောင့် အလွန်တရာ စိတ်ထွက်နေသဖြင့်-

"ဒင်းမသေနေရမလား၊ သေအောင်သတ်မယ်၊ ကိုင်း-ကိုင်း-ကိုင်း"

ဟု ဒေါသတကြီး ဓားဦးကြီးနှင့်တအားလွှဲ၍ လွှဲ၍အဆက်မပြတ် အချက်ပေါင်းများစွာ ထိုးသတ်လေရာ ကြောင်ကြီးကိုတင်းကျပ်စွာ ထုပ်ထားသော ဂုန်နီအိတ်ကိုထုတ်ချင်းဖောက်လျက် ဓားဦးမြေကြီးသို့စိုက်၍ စိုက်၍ သွားပြီး ကြောင်ကြီးမှာလည်း ဂွီ-ဂွီ-ဂွီနှင့် ဓားနှင့်ထိတိုင်း အော်ရုံမျှသာအော် လျက် သွေးတစ်စက်မျှမထွက်လာ၊ ဂုန်နီအိတ်မှာ ဓားဖောက်ထွင်းရာချင်းထပ် ၍ အောက်ဘက်တွင်လည်း ဓားဦးစိုက်မိသော မြေကြီးမှာ ဖွာရရာကြဲ၍သာနေ လေ၏။ ကြောင်ကြီးကို စမ်းကြည့်ရာတွင်လည်း ပထမကကဲ့သို့ပင် ခုံးခုံးလုံးလုံး ကျောက်တုံးတမျှ တင်းခံနေသည်ကိုတွေ့ရ၍ . . .

"ကဲ . . ကိုမြတ်ထွန်း၊ ဒီအကောင်ကြီးဟာ တော်တော်နဲ့သေမှာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်တို့လည်း အမောပြေအောင် နားနားနေနေ ဝိုင်းသတ် တာပေါ့ဗျာ၊ ဒါမှမဟုတ်လည်း မွန်းပြီးအလိုလိုသေသွားအောင် စဉ့်အိုးတစ်ခုထဲ အထုပ်ပါထည့်ပြီး အပေါ်ကပျဉ်ပြားပိတ် ကျောက်တုံးကြီးကြီးနဲ့ ဖိထားရ အောင်"

ဟု ဝိုင်းပြောကြသည်တွင်မှ အဘလည်း စဉ့်အိုးကြီးတစ်လုံးတွင် အဆိုပါကြောင်ကြီးထုပ်ထားသော ဂုန်နီအိတ်ထုပ်ကြီးကိုထည့်သွင်းကာ အပေါ် က နှစ်လက်မခန့်အထူရှိသော သစ်တုံးပြားကြီးတစ်ခုဖုံးပြီး ၎င်းပျဉ်ချပ်ကြီး အပေါ်မှ ဖောင်းခံအိုးပမာဏရှိသော ကျောက်ဖြူတုံးကြီးတစ်တုံးကို လူသုံး ယောက်မတင် ဖိထားလိုက်ကာ . . .

"ကိုင်း ကိုင်း နှစ်ရက်သုံးရက်မဖွင့်ဘူးဗျာ၊ ဝင်္ခပါချင်ပါပေစေ၊ လေမွန်းသေပြီး ပုပ်ရိနေလောက်မှ ဖွင့်ကြည့်မယ်"

ဟု ပြောကာ၊ ကြောင်ကြီးမိသွားသည့်အတွက် ကြက်ငှက်တိရစ္ဆာန် ပိုင်ရှင်များမှာ ဆိုးသွမ်းသောင်းကျန်းနေသောရန်သူကြီးဘေးမှ ကင်းဝေးပြီဟု ဝမ်းသာအားရဖြစ်ကြပြီး နောက်တစ်နေ့ကစ၍ မိမိတို့ မွေးမြူထားသော ကြက်ငယ်, ငှက်ငယ်ကလေးများကို-

"ကဲ-ကဲ-နင်တို့ ရန်သူတော်ကြီး မရှိတော့ဘူး၊ လွတ်လွတ်လပ်လပ် နေကြပေတော့"

ဟု အခွင့်ပြုဘိအလား လွတ်လပ်စွာ လွှတ်ထားနိုင်ကြလေတော့၏။

သို့နှင့် နှစ်ရက်မြောက်သောနေ့ ညနေခင်းအချိန်တွင် ရွာအရှေ့ပိုင်းမှ ထန်းတောပိုင်ရှင် ဦးကြွက်ကြီးသည် ပျားယီးပျာယာနှင့် ပြေးလာပြီး-

"ဗျို့ ကိုမြတ်ထွန်း ကြောင်ကြီးကို ဘာကြောင့်မပြောမဆိုနဲ့ လွှတ်ပစ်လိုက်ရတာလဲဗျ၊ ကြောင်နက်ကြီးရန်အေးပြီဆိုပြီး ကြက်ကလေးလွှတ်ထားမိတာ ခုပါသွားပြီ၊ ဒီကြက်ဟာ နှယ်နှယ်ရရမျိုးမဟုတ်ဘူးဗျ၊ ပုဂံမင်းလက်သုံးတိုင်းကျော်ဆိုတဲ့ တိုက်ကြက်ရဲ့အနွယ် အနယ်နယ်မှာ ခွပ်လက်ပေးပြီး ကြေးကြီးနဲ့စားလာတဲ့ မျိုးကောင်းကလေး၊ ပုခန်းမြို့သူကြီး ဦးမွေးကတောင် ငွေသုံးပိဿာပေးဝယ်တာ မရောင်းဘူး၊ ခင်ဗျားလည်း အသိသားပဲ၊ အဲဒီကြက်ကလေး ကြောင်ပါးစပ်ထဲပါသွားပြီဗျ"

ဟု ဒေါသတကြီးနှင့်ပြောလျှင် ကျွန်တော်၏အဘလည်း ပါးစပ်ကြီးဟောင်းလောင်းနှင့်အံ့အားသင့် နားထောင်နေရင်းက . . .

"ကိုကြွက်ကြီးရဲ့၊ ခင်ဗျားအပြစ်တင်ရင် မေးမြန်းပြီးမှတင်ပါဗျ၊ ဘယ်ကလာဒီအကောင်ကြီးကို လွှတ်ပစ်ရမှာလဲ၊ ကျုပ်ကခင်ဗျားထက် အခဲမကျေတဲ့လူ၊ ဟိုမှာမြင်ရဲ့လား၊ ဟိုနေ့ကအတိုင်း ကျောက်ဖိထားတယ်၊ လွှတ်ပစ်ဖို့မျှား လားလားမှ စိတ်ကူးမကြည့်မိဘူး၊ ခင်ဗျားကြက်ကို တခြားကြောင်လာခုတ်မှာပါ၊ ဒီအကောင်တော့ ဘယ်ထွက်နိုင်မှာတုံး"

ဟု ပြောသော်လည်း ဦးကြွက်ကြီးမှာ . . .

"ဟာ-ဒီအကောင်ကြီးပါဗျာ၊ ကျုပ်ကိုယ်တိုင် သေသေချာချာ တပ်အပ်မြင်လိုက်ပါတယ်။ ကြက်ကလေး ကော့ ကော့နဲ့ အော်သံကြားလို့ ကပျာကရာပြေးသွားတော့ လည်ပင်းကလေးက ဒီအကောင်ကြီး ပါးစပ်ထဲမှာ အတောင်ပံကလေးတဖျပ်ဖျပ်နဲ့ ခါနေရှာတော့တယ်။ ကျုပ်လည်း ကျောက်ခဲနဲ့ ကောက်ပေါက်တာ ရွာစည်းရိုးဖောက်ထွက်ပြီး ဘယ်ဘက်စွပ်ပြေးမှန်းမသိတာနဲ့ လက်လျှော့လာခဲ့ရတာကလား ကိုမြတ်ထွန်းနှယ်"

ဟု ပြော၍အဘကလည်း . . .

"ဟာ-ဒီမှာလည်း လက်ဖျားနဲ့မှမထိရသေးတာ အမှန်ပဲဗျာ၊ ကိုင်း-ကိုင်း-ဒါလောက်ရှိတာ သံသယကင်းအောင်လာဗျာ၊ ဟောဒီ ကျောက်ခဲကို မ,ဖွင့်ကြည့်ရအောင်"

ဟု ပြောကာ၊ စဉ့်အိုးကိုဖွင့်ပြီး အတွင်းက ဂုန်နီအိတ်ကြီးကို ဆွဲယူလိုက်ရာ အတွင်းတွင် ကြောင်ကြီးမရှိတော့ဘဲ စည်းနှောင်ထားသော ကြိုးများလည်း အနည်းငယ်မျှနေရာပျက်ခြင်း မရှိသည်ကိုတွေ့ရလျှင် အဘမှာများစွာ အံ့ဩ၍နေလေ၏။

"ကြောင်ကြီးမရှိတော့ဘူးတဲ့၊ စဉ့်အိုးထဲက အလိုလိုပျောက်သွားသတဲ့"

ဟူသောသတင်းမှာ ခဏခြင်းပင်တစ်ရွာလုံးပျံ့နှံ့သွားပြီး ကြက်ငယ်၊ ငှက်ငယ်တို့ကို အရေးတကြီး သိမ်းကြရပြန်လေ၏။

ဦးကြွက်ကြီးနှင့် ကျွန်တော်၏အဘမှာ ကြောင်ကြီးမည်သို့မည်ပုံလွတ်ထွက်ရသည်ကို တွေးမရတိုင်း ဒေါသတကြီးနှင့်မခံချင်ဖြစ်နေကြရာ ကျွန်တော်၏ အဘိုးသည် ထိုအခိုက်မှာပင် ဘုန်းကြီးကျောင်းမှ ဥပုသ်ရက်ရှည်စောင့်ရာက တောင်ဝှေးကလေးကို အားပြုကာ ကုန်းကုန်း, ကုန်းကုန်းနှင့်ပြန်ရောက်လာပြီး . . .

"ဟဲ့ ငါ့သားကြီးရဲ့၊ ဆူဆူ, ဆူဆူနဲ့ ဘာများပြောနေကြတာတုံးကွဲ့"

ဟု တုန်ရီသော လူအိုသံကလေးနှင့် မေးလေရာ အဘလည်း ကြောင်နက်ကြီးရိုက်နှက်ဖမ်းထားရာက ထူးဆန်းစွာလွတ်ထွက်သွားကြောင်းများ အစအဆုံးပြောပြလျှင် အဘိုးမှာ . . .

"ကြောင်နက်ဆိုတာ အင်မတန်စွမ်းတယ်သားရဲ့၊ ဖွဲ့လည်း အင်မတန်ကောင်းတယ်၊ ပဉ္စင်းပါးစုံ မည်းမှောင်နေတဲ့ကြောင်များဟာ ကြာတော့ ကိုယ်တောင်ပျောက်သတဲ့၊ ကောင်းကင်မှာ ပျံသွားတဲ့ငှက် အရိပ်ကို မြေပေါ်ကနေပြီး လိုက်ခုပ်တာနဲ့ အလိုလိုကျွမ်းပြန်ကျရသတဲ့"

ဟု ပြောမှ ဦးကြွက်ကြီးမှာ ပဉ္စင်းပါးမက မျက်လုံးကြီးပါနက်နေသောကြောင်နက်ကြီးအား မည်သည့်နည်းနှင့် စဉ့်အိုးအပြင်ရောက်ကြောင်း ရိပ်မိလာကြလေရာ ဦးကြွက်ကြီးမှာမကျေနိုင်ဘဲ . . .

"အိုဗျာ ဘကြီးရယ်၊ ဒင်းကပဲစွမ်းမလား၊ ကျုပ်ကပဲစွမ်းမလား သိကြသေးတာပေါ့"

ဟု ပြော၍ ကြောင်ကြီးကို တစ်နည်းနည်းနှင့် သေအောင်လုပ်ရန်အကြံထုတ်နေပြန်လျှင် အဘိုးက . . .

"ငါ့တူရယ် ပြီးတာပြီးပါစေ၊ ငရဲမခံချင်ပါနဲ့တော့၊ သံသရာမှာ အတုံ့အလှည့်ပါနေပါ့မယ်"

ဟု ဆုံးမနေ၍ အဘိုးရှေ့တွင်ငြိမ်နေလိုက်ရသော်လည်း ဦးကြွက်ကြီးမှာ ကြောင်ကြီးကို အခဲမကျေနိုင်ဖြစ်နေလေတော့၏။

ယင်းသို့ဖြစ်ကြပြီးနောက် သုံးလေးရက်မြောက်သောအခါ ဦးကြွက်ကြီးသည် အဘထံသို့ ဝမ်းမြောက်အားရသောမျက်နှာနှင့် ရောက်လာပြီး အဘိုးမကြားအောင် တီးတိုးအသံနှင့်-

"ကိုမြတ်ထွန်းရေ၊ ဒီတစ်ကြိမ်ထိသွားပြန်ပြီ၊ ယဉ်ယဉ်ကလေးနဲ့ သေအောင်သတ်လိုက်တယ်ဗျ"

ဟု အားရပါးရပြောသဖြင့် ကျွန်တော့်ကိုချီပိုးထားသူအဘမှာလည်း များများကြီးဝမ်းမြောက်လေရကား-

"ပြောစမ်းပါဦးကိုကြွက်ကဲ့၊ ဘယ်လိုလုပ်လိုက်သလဲ"

ဟု မေးရာ-

"ကျုပ်ဒီအကြံကို တစ်ညလုံးစဉ်းစားမှပေါ်တယ် သိလား၊ အမဲသားအစိတ်သားလောက်ကို လေးထောင့်အတုံးလေးတွေလုပ်၊ ပြုတ်ပြီး စိန်မှုန့်နဲ့သံပုရာရောထားတဲ့ အခဲကလေးတွေကို အမဲတုံးကလေးတွေထဲ လက်သည်းစောင်းနဲ့ထွင်းပြီး အတုံးစေ့အောင်သွင်းထည့်ထားတယ်။ ပြီးတော့ ဒီအမဲတုံးတွေကို အိမ်သူအိမ်သားများ မစားမိအောင်သတိပေးပြီး မီးဖိုခန်းထဲမှာ သံဇလုံကလေးတစ်ခုနဲ့ထည့်ထားတယ်။ ရွှေကိုယ်တော် ညက တိတ်တိတ်ကလေးဝင်လာပြီး အဲဒီဇလုံထဲက အမဲတုံးကလေးတွေ ငတ်ငတ်နဲ့ နင်းကျုံးသွားပြီ၊ ဇလုံတစ်ခုလုံး တက်တက်ကိုပြောင်ကျန်ရစ်တာပဲ ကိုမြတ်ထွန်းရဲ့၊ ကျုပ်အစအဆုံး ချောင်းကြည့်နေတယ်၊ ကိုယ်ပျောက်တယ်, တုတ်ပီးတယ်ဆိုတဲ့အကောင် ဒီတစ်ခါအဆိပ်ကျွေးသတ်လိုက်ပြီ"

ဟု ကျေကျေနပ်နပ်ကြီးပြောရာ အဘမှာလည်း ကြက်ဖြူမ ကလေး အတွက်နှင့် ရန်လက်စမပြေသူဖြစ်သောကြောင့် ကိုကြွက်ကြီးနည်းတူ ဝမ်းမြောက်ကျေနပ်၍ နေလေ၏။

သို့နှင့်လည်း "ကြောင်နက်ကြီးလာဦးမလား"ဟု စောင့်စားနေကြရာ ထိုနေ့ကစ၍ ရွာထဲသို့လာသည်ဟု မည်သူကမျှမပြောတော့ဘဲ တစ်သီတင်း ခွဲလောက် အေးချမ်းသွားသဖြင့် အဘတို့မှာ ကြောင်နက်ကြီးဖြင့် အဆိပ်နှင့် ကိစ္စချောရှာပြီဟု ယုံကြည်စိတ်ချ၍နေကြရာ အချို့မှာ လုံးလုံးစိတ်မချရသေးသဖြင့် သေသည်, မသေသည်, အတပ်တကယ် သိရန် အသေကောင်ကိုပင် တမင်လိုက်လံရှာဖွေနေကြလေ၏။ သို့နှင့်ပင် ရက်ပေါင်းနှစ်ဆယ်အစိတ် ခန့်ရှိလာသောအခါ တစ်နေ့တွင် ကျွန်တော်နှင့် အဘတို့မှာ နှမ်းခင်းမှ ပေါင်းသင်အလုပ်ပြီးစီးသဖြင့် အိမ်သို့ပြန်လာခဲ့ကြရာ မိုးကလေးလည်း တစိမ့်စိမ့်နှင့်ဖြစ်၍ တောလမ်းအတိုင်းပြန်လာ ရင်းပင် အိမ်အပြန် ဟင်းကျွေးအလို့ငှာ မှိုရှာလိုသေးသဖြင့် တောလမ်းဘက်သို့ဖဲ့ထွက်ကာ တောစပ်ချုံပုတ်ကလေးတွေ ရှိရာသို့လျှောက်လာပြီး သစ်ပင်ချုံနွယ်တို့အကြားဝယ် တငုံ့ငုံ့နှင့် မှိုရှာလျက် ရှိစဉ် တစ်ခုသော တောခံချုံကလေးအနီးမှ ကြောင်အော်ညည်းသံကဲ့သို့ ညောင့်-ညောင့်-ညောင့်ဟုတစ်ချက်ချင်း၊ ခပ်နားနားကလေးမြည်နေသံကို ကြားရ၍ ၎င်းတောခံချုံကလေးတစ်ဖက်သို့ ကွေ့တက်လာကြရာ အလွန် တရာထူးခြားသော အခြင်းအရာတစ်ခုကို မယုံနိုင်အောင် တွေ့နေရလေ၏။ ကျွန်တော်ကား နေ့ကြောင်တောင်သရဲခြောက်သည်ထင်ပြီး ခေါင်းနားပန်း ကြီး၍ ကြက်သီးများထကာ အဘ၏ခါးကို တင်းကျပ်စွာဖက်ထားမိလေတော့၏။

ထိုမြင်ရသောအံ့ဖွယ်ကောင်းလှသည့် အခြင်းအရာကား ကြောင် နက်ကြီးပင် ဖြစ်သော်လည်း အဆိုပါကြောင်ကြီးမှာ ဦးကြွက်ကြီး၏အဆိပ် ကြောင့် နေ့ရက်ပေါင်းအတန်ကြာက သေဆုံးနေရှာပြီး အသားအရေများပင် မြေကြီးသြဇာဖြစ်လျက် တစ်ကိုယ်လုံးအရိုးစုမျှ ဖြူဖွေးစွာ ကျန်နေသော်လည်း ခေါင်းပိုင်းမှာ သေပြီးကာစကဲ့သို့ မပျက်မစီး အမွေးနက်ကြီးတွေ ထိုးထိုး ထောင်ထောင်နှင့် လက်ယာဘက် မျက်လုံးတစ်ဖက်မှာလည်း အသက်ရှင်နေ ဘိသကဲ့သို့ မျက်တောင်တစ်ချက်တစ်ချက်ခတ်နေပြီးလျှင် ပါးစပ်ကလေးက

လည်း တစ်ခါ, တစ်ခါ တလျက်၊ ညောင့်- ညောင့်ဟု မြည်နေခြင်းဖြစ်လေရာ ကလေးဖြစ်သူ ကျွန်တော်မှာ တစ္ဆေခြောက်သည်ထင်၍ အဘခါးကို တင်းကျပ်စွာဖက်ထားသော်လည်း အဘမှာကား အရိုးချည်းကျန်သည်တိုင်အောင် ခေါင်းပိုင်းမပုတ်ရိသေးဘဲ မျက်လုံးပုတ်ခတ်နှင့် အော်မြည်နေသေးသည့်ကြောင် နက်သေကြီးကို စေ့စေ့ကြည့်ကာ အလွန်တရာအံ့သြနေသည်ကို တွေ့မြင်ရလေ၏။

အဘမှာ ကြောင်ခေါင်းကြီးကို တုတ်နှင့်လည်းထိုး၍ကြည့်၏၊ ဟိုမှ, ဒီမှဆွဲယူလှန်လှောကြည့်၏။ ပိုးလောက်များ တရွရွတက်လျက်ရှိသော ကြောင်ခေါင်းပြတ်ကြီးကို ထိုမှ ဤမှလှိမ့်ကြည့်သော်လည်း ညောင်-ညောင်နှင့် အော်မြအော်၍ မျက်လုံးကြီးတစ်ဖက်မှာလည်း မျက်တောင်ခတ်မြဲခတ်နေ၏၊ လက်ဝဲဘက်မျက်လုံးတစ်ဖက်မှာကား အရေအသားများခန်းခြောက်ကာ အတွင်းဘက်သို့ ဟောက်ပက်ကြီးချိုင့်ဝင် လျက်ရှိလေ၏။

အဘလည်း ကြောင်ကြီးကိုစေ့စေ့ကြည့်ကာ . . .

"အင်း ဓားပီး, တုတ်ပီး ကိုယ်ပါဖျောက်နိုင်တဲ့အကောင်ကြီးစိန်နဲ့ သံပုရာကျတော့ ဘာတတ်နိုင်သေးလဲ၊ သေရပြီပဲ"

ဟု ခေါင်းတဆတ်ဆတ်ခါ၍ ပြောနေပြီးလျှင် . . .

"လူကလေးရေ၊ ဒီကြောင်ကြီးဟာ ကြောင်နက်ဖြစ်နေရုံနဲ့ စွမ်းတာထက် ခုလို အရိုးဆွေးခါနီးကျအောင် မျက်လုံးကြီးပုတ်ခတ်နဲ့ မြည်နေတာဟာ သူများကြောင်ထက်ပိုပြီးစွမ်းတဲ့ တစ်ခုခုအပီးရှိပြီ၊ တိရစ္ဆာန်ဆိုတော့ ပီးဆေးလည်းမဆောင်နိုင်ပါဘူး၊ တန်တော့"အမြုတေ"ရှိတယ်ထင်တယ်၊ ဒါကြောင့်သာ တစ်ကိုယ်လုံး အရိုးချည့်ကျန်တာတောင် ခေါင်းပိုင်းက ယခုလောက်ကြာကြာခံနေတာပဲ၊ ကိုင်း ပြောနေတာကြာတယ်၊ ဓားနဲ့ခွဲရှာကြစို့"

ဟု ပြောကာ၊ ပါလာသောထင်းခုတ်ဓားနှင့် ခေါင်းခွံကိုခွဲလေ၏၊ ခေါင်းမှာ ရုတ်တရက်မကွဲဘဲ ဒုတ်-ဒုတ်နှင့်မြည်ပြီး ဓားသွားကြီးသာ အထက်သို့ ခုန်တက်လာသောကြောင့် အဘလည်း စိတ်မရှည်နိုင်ဖြစ်ကာ ပြူးပြဲကြည့်နေသောမျက်လုံးကို လက်ညှိုးနှင့် ကော်ထိုးယူလိုက်လျှင် ကြောင်မျက်လုံးကြီးမှာ အရိအရွဲများတွဲတွဲကျလျက်၊ အဘလက်သို့ပါလာလေ၏။ အဘလည်းပြူးကြည့်

နေသော ထိုမျက်လုံးအိမ်ကြီးကိုပင် စေ့စပ်စွာကြည့်ပြီး ဖျစ်ညှစ်လိုက်ရာ မျက်လုံးအိမ်ကြီးမှာ ဖောက်ခနဲ ပေါက်ပြဲပြီး အရည်တွေကျလာလျက် မျက်ဆံကဲ့သို့ ရွှေးကြီးစေ့ခန့်မျှ မာကြောသောအလုံးကလေးတစ်ခု ထွက်လာသည်ကို တွေ့ရသဖြင့် အဘမှာ အဝတ်စနှင့် အညစ်အကြေးများ သုတ်သင်ကြည့်ရာ ထိုအလုံးကလေးမှာ ပြောင်ပြောင်လက်လက် အရောင်တဖိတ်ဖိတ် ထွက်နေသော သံမဏိလုံးကလေးဖြစ်နေရကား အဘမှာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီးလျှင် . . .

"ကြောင်အမြှုတေ ကြောင်အမြှုတေ ငါနဲ့ထိုက်လို့ ရခဲ့တဲ့ ပစ္စည်းမျိုးကံအားလျော်စွာလာတွေ့ရတယ်၊ ငါ့သားဘယ်သူ့ကိုမှ သွားမပြောနဲ့ကွဲ့"

ဟု ပြောကာ၊ အဆိုပါ "ကြောင်အမြှုတေ" လုံးကလေးအား ခါးကြားထဲက ပဝါစကလေးတစ်ခုတွင် ချည်နှောင်ပြီး တရိုတသေသိမ်းဆည်းထားလိုက်သည်ကိုတွေ့ရပြီးနောက် ကျွန်တော်လည်း ကလေးသူငယ်တို့ဘာဝ မေ့မေ့ပျောက်ပျောက်နေခဲ့ရာကကြာသော် ထိုအကြောင်းကို လုံးလုံးသတိမရလောက်အောင် ကြာမြင့်လာခဲ့လေ၏။

ယင်းသို့နှင့်ပင် တောသူ၊ တောင်သားတို့ဘာဝ လုပ်ကိုင်စား သောက်လာကြရာက အဘ၏အဖေ, အမေဖြစ်ကြသော ကျွန်တော်၏ အဘိုးနှင့်အဘွားတို့မှာ သက်ရွယ်အိုမင်းလှသူများဖြစ်၍ မကြာမီပင် လူကြီးနာနှင့် ကွယ်လွန်သွားရှာကြရာ ၎င်းတို့၏ လက်ငုတ်, လက်စဖြစ်သော လယ်ယာမိုးမြေများကို အဘနှင့် မရီးမမင်းသုံတို့မောင်နှမနှစ်ဦး ညီမျှစွာခွဲဝေယူကြပြီး အဘလည်းကိုယ်တွက်ကိုယ်တာရသော လယ်ယာများကိုပင် ဆက်လက်လုပ်ကိုင်စားသောက်ခဲ့ရာမှ တစ်နှစ်တွင်ကျွန်တော်တို့ အထက်အရပ်ဒေသ၌ မိုးများအထူးခေါင်သောကြောင့် လယ်, ယာ, ချောင်း, မြောင်းတို့ ပျက်စီးဆုံးပါးကြရာ တစ်နှစ်လုံးအတွက် ဝမ်းစာပင် မရှိသလောက် ဖြစ်သွားသဖြင့် အဘနှင့်အမေတို့လည်း စီးပွားရေးအတွက် ခေါင်းချင်းဆိုင်တိုင်ပင်ကြကာ အောက်ပြည်, အောက်ရွာသို့ အညာကုန်များနှင့်သွားရန် စိတ်ကူးပေါ်လာကြသည့်အတိုင်း အမေစုဆောင်းထားသော ငွေကလေးများနှင့်စက်လှေကြီးတစ်စီးကိုဝယ်ယူကာ အညာကုန်ဖြစ်သော ထန်းလျက်, သနပ်ခါးတုံး, ဆေးရိုးအိတ်, နွားမလိုက် စောင် (စောင်နီ

အစင်းကြီးများ နားရွက်နား ငင်းကိုနမလိုက်စောင် (နွားမလိုက်စောင်) ခေါ်သည်) စသည်တို့ကိုတင်ဆောင်ပြီးလျှင် ကျွန်တော်တို့ မိသားတစ်စုနှင့်တကွ လှေထိုးသားအစုံအလင်နှင့် အောက်မြစ်စဉ် တလျှောက်သို့စုန်ဆင်းလာခဲ့ကြပြီးလျှင် မြစ်ရိုးမြစ်စဉ်တလျှောက်ရှိ မြို့ရွာများတွင် လှေဝင်ဆိုက်ကာ ရောင်းစရာကုန်တို့ကိုရောင်း၍ ဝယ်စရာကုန်များကိုလည်း ပြန်ဝယ်ရင်းနှင့်ပင် တဖြည်းဖြည်းစုန်ဆင်းလာခဲ့ကြရာ မူလကျွန်တော်တို့နေရင်းဌာန မြင်းခြံမြို့အနီးရှိ နဂါးပေါက်ရွာကြီးမှ ထွက်သည့်နေ့မှစ၍ ရက်ပေါင်းတစ်ဆယ်ကျော်ကြာသော နေ့တစ်နေ့တွင် မကွေးမြို့ မြစ်ကမ်းပါးသို့လှေကပ်မိလေ၏။

ထိုအချိန်တွင် မကွေးမြို့ရှိတန်ခိုးကြီး၍ ထင်ရှားကျော်စောလှသော မြသလွန်ဘုရားကြီး၏ ပွဲတော်ကြီးကျင်းပနေခိုက်ဖြစ်လေရာ ကျွန်တော်တို့ အညာလှေကြီးမှာလည်း မကွေးမြို့ဆိပ်ကမ်းတွင် မဆိုက်ကပ်ဘဲ မြသလွန်ဘုရားပွဲခင်းဆိပ်တွင်ဝင်ဆိုက်ရာ ကျွန်တော်တို့ကဲ့သို့ပင် အရပ်ရပ်မှ ရောက်လာကြသော ကုန်လှေ, စဉ့်အိုးဖောင် စသောရောင်းချရန် ကုန်လှေနှင့်ဖောင်များ စုရုံးဆိုက်ကပ်ထားသည်ကိုတွေ့ရရာ ဘုရားပွဲလာ သူတို့မှ အညာကုန်ဝယ်လိုသူများလည်း လှေဆိပ်အနီးတွင် စုရုံးစည်ကားလျက်ရှိသလောက် နေ့ပွဲ, ညပွဲနှင့်မစဲအောင် ကြိတ်ကြိတ်တိုးနေသော ဘုရားပွဲဈေးတန်းကြီးမှာကား လူချင်းညပ်ပါသွားမတတ် စည်ကားကြီး ကျယ်လှပေ၏။

သို့နှင့် ထမင်းများစားသောက်ပြီးစီး၍ ဆွမ်းခံပြန်ချိန်လောက်ရှိလျှင် အဘလည်း ဘုရားပွဲခင်းထဲသို့သွားရန် ကျွန်တော်နှင့်မိခင်ဒေါ် လွန်းမယ်တို့အပြင် လှေသားအချို့ကိုခေါ်ကာ သစ်လွင်သောအဝတ်အစားများကို လဲလှယ်၍ ဘုရားပွဲဈေးတန်းဆီသို့ ထွက်လာကြလေ၏။ ဆိုင်ကြီး, ဆိုင်ငယ် အသွယ်သွယ်တို့ကို လျှောက်ကြည့်ရင်း ဘုရားကုန်းပေါ်တက်၍ ပန်းဆီမီးဖယောင်းတိုင်များဖြင့် ရှိခိုးပူဇော်ကြပြီးနောက် ဘုရားပေါ်တွင် အတန်ကြာလှည့်လည်နေပြီး နေအတန်မြင့်မှ ပြန်ဆင်းလာကြရာ ဘုရားပွဲခင်းတွင် နံနက်အချိန်ကထက်စည်ကားလျက် အငြိမ့်ဇာတ်ပွဲတို့မှာလည်း နေ့အတွက်ပါ ခင်းကျင်းပြသကာ ခြင်းလုံးပွဲ, မျက်လှည့်ပွဲ, လှေပြိုင်ပွဲ, လက်ဝှေ့ပွဲ စသည်တို့မှာလည်း ဆိုင်းတချိမ့်ချိမ့်နှင့်စနေပြီဖြစ်၏။

အဘမှာ လူတွေစည်ကားလာ၍ တိုးမိတိုက်မိမည်စိုးသဖြင့် ကျွန်တော့်အား ပခုံးပေါ်ထမ်းယူလာပြီးလျှင် လူစုစုရှိရာ ခြင်းပွဲ, မျက်လှည့်ပွဲ, အငြိမ့်ပွဲ, လှေပွဲတို့ကို လှည့်လည်ပြလာလေရာ တစ်ခုသောမဏ္ဍပ်တွင် လေးကင်းဆိုင်းတီးလျက် လက်ဝှေ့တိုက်နေသည်ကို တွေ့ရပြန်သောကြောင့် ဝင်ကြည့်ကြရာ လက်ဝှေ့ထိုးသူမှာ "ပထမကျားပျံကြီး"ခေါ် နာမည်ကျော် တစ်ဦးဖြစ်နေပြီးလျှင် သူ့ကိုလည်းမည်သူမျှမယှဉ်နိုင်အောင် လာသမျှလက်ဝှေ့ ကျော်တို့ကို အကွဲအပြဲဆော်လွှတ်နေသဖြင့် ထိုခဏ၌ပင် သူနှင့်ယှဉ်ပြိုင်ရန် အဆိုင်းမပေါ်သေးရာ ကျားပျံကြီးမှာလည်း အထူးမာန်တက်ကြွနေကာ လက်ခမောင်းတဖြောင်းဖြောင်းခတ်လျက် ပြိုင်ဖက်ရှာနေ၏။ လက်ဝှေ့ဆိုင်းမှာလည်း တထီးထီးနှင့် လေးကင်းသံ မြိုင်မြိုင်ကြီးတီးနေသောအခါ ကျွန်တော့်ကိုထမ်းချီထားသော အဘမှာ နဂိုဝါသနာအခံလည်းပါ၊ ကျားပျံကြီး သူ့အပြင်မရှိထကြွနေသော အမူအရာကိုလည်း မျက်စိစပါးမွေးစူးလာလျက် လေးကင်းဆိုင်းကြောင့်လည်း စိတ်အရှုကြီးရှုလာပြီးလျှင် . . .

"ရှင်မ-ငါဝင်ထိုးမယ်ဟေ့၊ ရော့ ညည်းသားလက်ကိုဆွဲထား၊ လည်ပင်းက ရွှေဒေါင်းခွက်ကလေးလည်း လူအလစ်ဖြုတ်ယူသွားဦးမယ်"

ဟု ပြောကာ၊ ကျွန်တော့်ကို ပခုံးထက်မှချပေးပြီး အပေါ်ဝတ် ပင်နီအကျႌ ကြယ်သီးများကို ဖြုတ်လျက်ရှိလျှင် အမေလည်း-

"ကိုမြတ်ထွန်း ကြီးတောင့်ကြီးမားနဲ့ လူငယ်တွေထဲဝင်မပါချင်ပါနဲ့တော်၊ မရှက်ဘူးလား၊ အရင်ကလို ငယ်ရွယ်သန်မာတော့တာလည်း မဟုတ်ပါဘဲနဲ့၊ ကလေးတွေနဲ့ ပြိုင်တိုက်လို့ ဖြစ်နိုင်ပါ့မလား၊ အေးအေးနေပါ၊ လာသွားမယ်"

ဟု ပြောကာ၊ အဘကိုဆွဲခေါ်သော်လည်း အဘမှာလေးကင်း ဆိုင်းကြောင့် စိတ်အရှုကြီးရှုနေပြီ ဖြစ်၍တားဆီးမရတော့ဘဲ . . .

"မဆွဲပါနဲ့ရှင်မရ၊ ငါ့မှာ "ကြောင်အမြုတေ" လည်းပါတယ်၊ နဂိုကလည်း မောင်းတစ်လုံးတည်းရှိတဲ့လူ၊ အသက်အရွယ်ကြီးရုံနဲ့ ဒီအကောင်ကို ကြောက်စရာမရှိပါဘူး၊ မင်းတို့အသာကြည့်နေကြ"

ဟု ပြောကာ၊ အင်္ကျီနှင့်ပဝါ, ပုဆိုးများကို တပည့်လှေသမားများ လက်သို့ပေးခဲ့ပြီး သျှောင်ကြီးကို ကျစ်လျစ်ပြင်ထုံးကာ ခါးတောင်းမြှောင်အောင် ကျိုက်လျက် ကျားပျံကြီးရှိရာသို့ ခုန်ထွက်လာလျှင် ကျားပျံကြီးနှင့်တကွ ကြည့်ကြသောပရိသတ်များလည်း အံ့အားသင့်သွားကြလေ၏။ အဘသည် ဒိုင်အကြီးအကြပ်များအား ကျားပျံနှင့်ထိုးမည့်အကြောင်း ပြောရာ ကျားပျံကြီးမှာ အဘကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးသော် မထေမဲ့မြင်ပြုံးလျက် . . .

"ဗျို့ ဘကြီး၊ အသက်ကြီးတောင့်ကြီးမားရှိမှ မရှုမလှမဖြစ်ချင် စမ်းပါနဲ့ဗျာ၊ ငွေလိုချင်ရင် ကျုပ်အလကားပေးလိုက်မယ်၊ ခင်ဗျားကို သနားလို့ ပြောနေတာ၊ ထိုးမိရင် လက်လွန်တတ်လွန်းလို့၊ ကျုပ်လက်ကိုကလည်း ပြင်းပါတယ်ဗျာ၊ လျှော့ထိုးတာတောင် အနည်းဆုံးနံရိုးသုံး ချောင်းလောက်တော့ ကျိုးသေးတာပဲ"

ဟု လေထွားနေသောအခါ အဘမှာ သည်းမခံချင်သထက် မခံချင် ဖြစ်လာပြီး . . .

"ဟေ့ ဟေ့ ဝါယောတွေထုတ်မနေနဲ့ မင်းပဲကျိုးမလား၊ ငါပဲ ကျိုးမလားသိရအောင်လာကွာ၊ ထွက်"

ဟုဆိုလျက် လက်ခမောင်းခတ်ကာ ထိုးရန်အချက်စောင့်တော့ရာ ကျားပျံကြီးလည်း ဘာမှမပြောသာဘဲ . . .

"ကဲ . . လာ"

ဟုသာဆိုရတော့လျက် ဒိုင်၏အချက်ပေးမည်ကို စောင့်စားနေစဉ် များမကြာမီပင် ဗေထီး ဗေထီးဟု နှက်နေသော ပတ်မချက်နှင့် လေးကင်းဆိုင်းများအကြားတွင် အဘနှင့်ကျားပျံကြီးတို့ လက်ဝှေ့စ၍ ထိုးကြတော့၏။ ကျားပျံကြီးမှာ ဘုရားပွဲစသည့်နေ့ကစ၍ လာသမျှကို ချိုးပစ်နေသူဖြစ်လေရာ ကြည့်သူပရိသတ်များမှာ ကျားပျံကြီးကို အလွန်အမင်း သဘောတွေ့နေသူများဖြစ်ရကား . . .

"ကျားပျံကြီးကွ . . . ကျားပျံကြီးကွ"

ဟု ဆူညံစွာဟစ်အော်အားပေးနေကြရာ အဘဘက်ကမူ မည်သူမျှ ဟစ်အော်အားပေးမည့်သူမရှိအောင်ဖြစ်နေလေလျှင် လှေထိုးသားများနှင့်တကွ ကျွန်တော်တို့မှာ မခံချိမခံသာဖြစ်လာကြသောကြောင့်-

"ဘကွ . . ဘကွ"

နှင့် ဝိုင်း၍အားပေးအော်ဟစ်ကြရလေ၏။ သို့နှင့် အဘနှင့် ကျားပျံတို့တစ်ပြန်စီ လုံးထွေးထိုးသတ်ကြရာ အဘမှာ ကျားပျံကြီး၏လက်သီး, ဒူးစသည်တို့နှင့် မိသည့်အခါမိသွားသော်လည်း ပွန်းရှပေါက်ပြဲခြင်းမရှိ၊ အဘ၏လက်သီး, ဒူးတို့နှင့် ထိမိသောကျားပျံကြီးမှာသာ သွေးတွေ သံတွေ ထွက်လာသည်ကိုတွေ့ရလျှင် ကြည့်သူများမှာ အတော်စိတ်ဝင်စားလာရုံမက ယခင်ကျားပျံကြီးဘက်က အားပေးနေသောဆူညံသံတို့လည်း တဖြည်းဖြည်းအားလျော့၍လာရာက၊ တစ်ဖက်က . . .

"ဘကွ . . ဘကွ"

ဟူသောအသံတွေ ဆူညံသောင်းကျန်း၍လာလေ၏။

သို့နှင့်ကျားပျံကြီးမှာ တဘိုင်းဘိုင်း အတွယ်ခံနေရပြီး သွေးတွေသံတွေမှာလည်း တစ်နေရာပြီးတစ်နေရာထွက်လာရာက နောက်ဆုံးတွင် မောင်းရိုးတစ်လုံးတည်းရှိသော အဘ၏လက်သီးချက်ကိုမခံနိုင်သဖြင့် ကိုင်ရိုက်လိုက်သလို ဘိုင်းခနဲလဲသွားပြီး အောက်မေးရိုးကြီး ပြုတ်ကျကာ သွေးဖြာဖြာယိုစီးလျက် ရုတ်တရက်လူမှန်းမသိ မေ့မြောသွားလေတော့၏။

ပွဲတစ်ခုလုံးလည်း တရုန်းရုန်းဖြစ်လာကာ လက်ခုပ်သြဘာတွေဝေဝေလျှံနေရာက လှေသားများမှာမူ သူတစ်ထူးထက်ကဲပြီး အဘ၏ ကိုယ်ကြီးကို ဝိုင်း၍ချီမြှောက်ထမ်းပိုး၍-

"ဘကွ . . ဒါမှဘကွ"

ဟု အားရဝမ်းသာ အော်ဟစ်လေရာ အဘလည်းတပည့်များအား ဘုရားပွဲတွင်သုံးစွဲရန် မိမိအတွက်ရလာသောဆုငွေကို မိမိတစ်ပြားမှ မနုတ်ယူဘဲ တပည့်များကိုသာလွှဲပေးခဲ့ပြီး အဝတ်အစားများဝတ်ဆင်ကာ ကျွန်တော့်ကို ထမ်းချီလျက် လှေဆီသို့ပြန်လာခဲ့ကြပေ၏။

လှေသို့ရောက်လျှင် အဘက . . .

"ဘယ့်နှယ်လဲကွဲ့ရှင်မ၊ ညည်းကကျုပ်ကို အသက်ကြီးမှကလေးတွေနဲ့ မတုချင်ပါနဲ့ဆို၊ နွားပျိုသန်လှတယ်ဆိုတာ နွားအိုပေါင်ကျိုးနေသလောက်ရှိပါသေးတယ်ကွ"

ဟု ပြုံးတုံးတုံးကြီးလုပ်၍ စလိုက်ရာ . . .

"တော်ပါ ကိုမြတ်ထွန်းရယ်၊ နောက်လည်း ဘယ်တော့မှ ဒါမျိုး ဝင်မလုပ်ပါနဲ့၊ တော်အသက်ကြီးလှပြီ၊ ငယ်စိတ်တွေဖျောက်မှပေါ့"

ဟု ပြောရာ၊ အဘမှာလည်း . . .

"အေးပါကွာ၊ ညည်းပြောလွန်းလို့ ငါအလုံးစုံဖြတ်ပြီး ပြုပြင်နေလိုက်တယ်မဟုတ်လား၊ ခုမှလက်ဝှေ့ဆိုင်းသံကြားရတော့ မရိုးမရွကြီးဖြစ်လာတာ တစ်ကြောင်း၊ ဟိုအကောင် လေလုံးထွားနေတာ နားကြားပြင်းကပ်တာတစ်ကြောင်း၊ ကိုယ့်မြို့ကိုယ့်ရွာလည်း မဟုတ်တာတစ်ကြောင်းတို့ကြောင့် ဝင်ပြီး စွာပြလိုက်တာပါ။ နောက်မလုပ်ပါဘူးကွာ၊ သေသေချာချာစဉ်းစားကြည့်လိုက်ရင် သိပ်ငရဲကြီးတာကလား၊.ကျားပျံကြီးဟာ ငါခုလိုသာ ဝင်ပြီးမနှိပ်လိုက်ဘူးဆိုရင် သူ့ခမျာ အပုံကြီးစားလမ်းပွင့်နေမှာ၊ ငါချိုးလိုက်တဲ့အတွက် တစ်သက်လူ့ဖြစ်ရှုံးသွားရှာပြီ၊ တန်-တန်-နောက် ဘယ်တော့မှမလုပ်တော့ဘူး"

ဟု သူ့ဟာသူတရားရလာလေရာ ဤဆိပ်ကမ်းတွင်ပင် ကြာကြာမနေတော့ဘဲ နောက်တစ်နေ့နံနက်တွင် လှေစ၍ထွက်ခဲ့ကြပြန်လေ၏။

ယင်းသို့နှင့်ပင် တစ်မြို့ဝင်တစ်မြို့ထွက် တစ်ရွာဝင်တစ်ရွာထွက် အဆက်မပြတ်စုန်ဆင်းလာခဲ့ရာ ဟင်္သာတမြို့သို့ ရောက်လျှင်ပင်၊ အညာကပါ သမ္ဘာကုန်ပစ္စည်းများအားလုံး ရောင်းချကုန်သွားပြီဖြစ်ရာ ကျွန်တော်တို့လှေကြီးမှာ ဝမ်းဟောင်းလောင်း အခေါင်းချည်းသာပြန်ရတော့မည်ရှိသဖြင့် အမေက-

"ကိုမြတ်ထွန်းရေ၊ ကျုပ်တို့လှေလွတ်ကြီးတော့ မပြန်ပါနဲ့၊ "သွားရင်းဟန်လွဲ" ဆိုတာလို အညာကုန်ရောင်းရတဲ့ငွေတွေကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ဝယ်ပြီး လှေဝမ်းပြည့်တင်တာပေါ့၊ အလာတုန်းကလို တစ်မြို့ဝင်-တစ်မြို့ထွက် ရောင်းရင်းချရင်းပြန်ကြရအောင်တော်ရေ့"

ဟု အကြံပေးသည့်အတိုင်း အပြန်တွင် ငါးပိလှေကြီးအဖြစ်နှင့် ရွက်ကြီးဖွင့်ကာ တလွင့်လွင့် ဆန်တက်လာကြလေ၏။ ထိုစဉ်အခါမှာ ကျွန်တော်လည်း ဆယ့်သုံးနှစ်သားမျှရှိခဲ့ရာ အရွယ်မှာမလောက်လေး၊ မလောက်စားဖြစ်၍ အဘယ်အလုပ်ကိုမျှ ဟုတ်ဟုတ်ညားညား အကူအညီမပေးနိုင်သေးသောကြောင့် မိခင်အနားတွင်တစ်လှည့်၊ ဖခင်အနားတွင်တစ်လှည့် ပူးကပ်ဆိုးနွဲ့လျက်သာ

ရှိခဲ့လေ၏။ အဘမှာ လှေပဲ့စင် ပေါ်တွင်ထိုင်ကာပဲ့ကိုင်၍ အမိမှာ လှေပေါင်းထဲတွင် လှေထိုးသားများအတွက်ပါ စားသောက်ရန်ထမင်း, ဟင်းချက်ပြုတ်ရရှာ၏။

လှေကြီးမှာလည်း တအိအိ တရေးရေး ရွက်ဖွင့်ဆန်တက်ကာ တစ်ရွာဝင်တစ်ရွာထွက်နှင့် အဆက်မပြတ်လာခဲ့ကြရာက တစ်နေ့သော အခါတွင် အာလံ, သရက်, တောကျောင်းစသောဒေသတို့မှထွက်လာစ၊ လ, အားကလည်းကောင်းသောကြောင့် နံနက်စောစော မင်းလှမြို့သို့ အရောက် တစ်ညဉ့်လုံးတဖြည်းဖြည်းဆန်တက်မည်ဟု နေဝင်ရိုးရီအချိန် မတိုင်မီက ထွက်ခဲ့ရာ ညစာကိုပင်လှေပေါ်တွင် စားသောက်ကြရတော့မည်ဖြစ်၍ အမေမှာ လှေဦးတွင် ထမင်းပွဲပြင်ဆင်၍ ကျွန်တော်တို့မိသား တစ်စုစားသောက်ကြပြီး လှေပေါင်းတွင်းမှာလည်း လှေသမားများဝိုင်းဖွဲ့ စားသောက်လျက်ရှိကြစဉ်-

လက်ယာဘက်မြစ်ပြင်မှ လှေငယ်တစ်စင်းသည် လူ၁၀ယောက်ခန့်ကိုတင်ဆောင်လျက် မှိတ်ချည်လင်းချည်ပြု၍ ကျွန်တော်တို့လှေရှိ ရာသို့ ဦးတိုက်လှော်ခတ်လာလေရာ အမူအရာထူးခြားသောလှေကို ကြည့်၍ ဤလမ်းတွင်အခေါက်ခေါက် အခါခါသွားလာနေကျဖြစ်သော လှေထိုးသားများက စိုးရိမ်စွာနှင့်-

"ဘရ-ဒီလှေဟာ မရိုးဘူးထင်တယ်၊ သတိဝီရိယနှင့်နေဗျို့၊ ဒီနားတစ်ဝိုက်မှာ "ကြောင်တစ်ရာ"ဆိုတဲ့ ဓားပြဗိုလ်ကြီးဟာ အင်မတန်ဆိုးတယ်၊ ရက်လည်းရက်စက်တယ်၊ သူ့တစ်ကိုယ်လုံးမှာ ကြောင်ရုပ်ပေါင်းတစ်ရာတိတိ ဆေးထိုးထားလို့ "ကြောင်တစ်ရာဗိုလ်" ခေါ်နေကြတယ်၊ စွမ်းလည်း အင်မတန်စွမ်းတယ်၊ ဒီလမ်းကို ညအချိန်လာတဲ့ ကုန်လှေများကို အမြဲဆီးပြီးတိုက်တယ်၊ ကျွန်တော်တို့ သူ့ကိုမေ့ပြီး ဒီခရီးညထွက်လာမိတာ နည်းနည်းမှားသွားပြီဘရဲ့"

ဟု ပြောရာ၊ အဘမှာ မတုန်မလှုပ် မထူးခြားသော်လည်း အမေနှင့် ကျွန်တော်မှာ ခေါင်းနားပန်းကြီးအောင် ကြောက်ရွံ့လာကာ ထမင်းကိုပင် ကောင်းစွာမစားနိုင်၊ တုန်တခိုက်ခိုက်ဖြစ်လာကြလေ၏။

အဘမှာ အနည်းငယ်မျှ မထူးခြားဘဲရှိရာမှ၊ လှမ်း၍ . . .

"ဟော့ . . ထမင်းစားမှာသာ ဖြောင့်ဖြောင့်စား၊ ဘာမှကြောက်နေစရာမလိုဘူး၊ ကြောင်တစ်ရာဗိုလ်မကလို့ ကြောင်တစ်ထောင်ဗိုလ် ဖြစ်ပါစေကွာ"

ဟု ပြောဆိုနေဆဲတွင်ပင် လှေငယ်ကလေးမှာ နီးကပ်လာပြီဖြစ်ရကား လှေပေါ်မှလူများတွင် စွဲကိုင်ထားသော ဓားလှံလက်နက်များမှာ လရောင်တွင် ပြိုးပြိုးပြောင်ပြောင် မြင်ရလေ၏။ ပဲ့ပိုင်းတွင် ခုံမြင့်ကလေးနှင့် အကြီးအမှူးပြုသူကထိုင်လျက် ၎င်း၏တစ်ဖက်တစ်ချက်တွင်လည်း အရောင်တလက်လက်နှင့် ထက်မြက်သော ဓား, လှံလက်နက်တွေ အပြည့်ပါပြီးလျှင် လှေ၏ဦးပိုင်းတွင် ကြက်လျှာလိုလို အလံငယ်တစ်ခုလည်း စိုက်ထားသည်ကိုတွေ့ရလေ၏။

အဘကား ထမင်းကိုအခြေမပျက်စားနေလေရာ ကျွန်တော်တို့နှင့်တကွ လှေသားတစ်စုကား ထမင်းကို ဖြောင့်ဖြောင့်မစားနိုင် တုန်တုန်ရီရီနှင့် ကြွေပျက်နေကြလေ၏။ ကေန္တ ကြောင်တစ်ရာ ဓားပြဗိုလ်ဟူ၍မပြောရဘဲ ရိပ်မိကြလေ၏။ ထိုအခိုက်ကြောင်တစ်ရာဗိုလ်သည် ၎င်း၏လှေကလေးပေါ်မှ လက်ခုပ်တစ်ဖောင်စာမျှမြင့်နေသော ကျွန်တော်တို့ လှေကြီးပေါ်သို့ လွှားခနဲ ပေါ့ပါးစွာ ခုန်တက်လာပြီး ထမင်းစားနေသော အဘအနီးတွင် ဓားလွယ်ရိုးကြီးကို ဆုပ်ကိုင်ကာရပ်ကြည့်မှ အဘလည်းမော့ကြည့်ကာ များစွာအရေးမကြီးလှသောမျက်နှာနှင့်-

"ထိုင်လေ-ထိုင်ပါလား၊ ဘာကိစ္စရှိလို့လဲ၊ ကိစ္စရှိလည်း ပြီးတော့ပြောကြတာပေါ့၊ ကျုပ်တို့ထမင်းပြီးအောင် စားလိုက်ဦးမယ်"

ဟု ပြောလိုက်ရာ၊ ကြောင်တစ်ရာဗိုလ်လည်း အဘကိုအံ့အားသင့်စွာတစ်ချက်ကြည့်လိုက်ပြီး . . .

"အင်း . . စားဦး၊ ဝအောင်စား စောင့်နေမယ်"

ဟု ပြောကာ၊ အနီးတွင်ပမာမထားသော အမူအရာနှင့် လက်ပိုက်ကာ စကြီသွား၍နေလေ၏။ အဘလည်း ထမင်းကိုဝသည်တိုင်အောင် အေးဆေးစွာစားနေလေရာ ကျွန်တော်တို့တတွေမှာကား လက်ဖျားတွေအေးနေပြီး ဆက်လက်မစားနိုင်ဘဲ အစသိမ်းလိုက်ရလေ၏။ အဘလည်း ထမင်းစားပြီး

လက်များဆေး ရေသောက်၍ ထမင်းပွဲကို သိမ်းသွားစေပြီး ကွမ်းအစ်ကြီးကို ပေါင်ကြားတွင်ထား၍ကွမ်းယာရင်း-

"ဟော့ . . မင်းတို့အားလုံး လှေပေါင်းထဲမှာနေကြ၊ မထွက်ခဲ့ကြနဲ့၊ ဒီမှာငါဧည့်သည့်နဲ့ စကားပြောဦးမယ်"

ဟု လှည့်ပြောလိုက်ရာ၊ ကျွန်တော်တို့သားအမိနှင့်လှေသား များမှာ လှေပေါင်းထဲက တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ငြိမ်သက်စွာ ကြည့်နေကြရလေ၏။ အဘလည်း ပဲ့စောင်တွင် ကွမ်းယာကြီးကိုခဲလျက်၊ ကြောင်တစ်ရာ ဗိုလ်ဘက်သို့လှည့်ကာ . . .

"ကဲ . . လာလာ မိတ်ဆွေ၊ စောင့်ရတာလည်းကြာလှပြီ၊ အားနာ ပါရဲ့ဗျာ၊ ထမင်းကလည်းမြိန်လွန်းတာနဲ့ ကိုင်း . . ဘာကိစ္စလဲ ပြောစမ်း ပါဦး"

ဟု ခပ်ပြုံးပြုံးပင်မေးလိုက်ရာ ဓားပြဗိုလ်လည်း လက်ကြီးပိုက်လျက် ပင်-

"ကြောင်တစ်ရာဗိုလ်ဆိုတာကျုပ်ပဲ၊ ခင်ဗျားဆီကို ဘာကိစ္စလာတယ် ဆိုတာ အထူးပြောဖို့မလိုဘူး၊ အသက်မသေချင်ရင် ပါတဲ့ငွေများသာ မြန်မြန် ထုတ်ပေတော့"

ဟု ပြောရာ၊ အဘမှာ . . .

"ဟား-ဟား-ဟား"

ဟု ရယ်လိုက်ကာ . . .

"ဩော် . . ကြောင်တစ်ရာ ငွေလိုချင်လို့လား ခင်ဗျားကုသိုလ်ပဲလေ၊ ငွေတော့မပါဘူး၊ ငါးပိကလေး၊ ငါးခြောက်ကလေး စားချင်ရင်တော့ တစ်ခါ ချက်လောက်ရနိုင်ပါရဲ့"

"ဟဲ့ . . မောင်လေးကြီးတို့ ငါးပိကလေးတစ်ခါချက်ထည့်ပေးလိုက် ကြပါကွယ်"

ဟု ပြောလိုက်သောအခါ၊ ကြောင်တစ်ရာဗိုလ်မှာ မိမိနာမည်ကို ကြားလျှင် လူတိုင်းပင် ဆပ်ဆပ်ခါအောင် ကြောက်လန့်မြဲဖြစ်ပါလျက် ပမာမခန့် ပြောရပါမည်လားဟု များစွာဒေါသထွက်ကာ လွယ်ထားသော ဓားကြီးကို ဆွဲချွတ်ပြီး . . .

"ဟဲ့ . . တယ်စော်ကားပါလား၊ ကြောင်တစ်ရာဗိုလ် ဘယ်လိုရက်စက်တယ်ဆိုတာ မကြားဖူးဘူးလား"

ဟု ပြောကာ၊ ဓားနဲ့တအားလွှဲ၍ ခုတ်လိုက်လေရာ ကျွန်တော်၏အဘမှာ ထိုအခါက အင်္ကျီကိုယ်တုံးလုံးနှင့်ဖြစ်လျက် ကြောင်တစ်ရာဗိုလ်ခုတ်လိုက်သော ဓားကိုလက်မောင်းဖြင့်တအားခံလိုက်ရာ ကျွန်တော်တို့မှာ မကြည့်ဝံ့၊ အဘကိုဓားထိပြီဟု တစ်ထစ်ချစွဲယူကာ မျက်လုံးမှိတ်ပစ် လိုက်ရလေ၏။

ထို့နောက် မကြည့်ဘဲလည်း မနေနိုင်ပြန်သောကြောင့်၊ မျက်လုံးကိုဖွင့်မိပြန်ရာ အဘနှင့်ကြောင်တစ်ရာမှာ သူတစ်ပြန်ငါတစ်ပြန်လုံးထွေးကာ ကြောင်တစ်ရာကလည်း အဘအား ဓားနှင့်တအားလွှဲ၍ လွှဲ၍ခုတ်လျက် အဘကလည်း ကြောင်တစ်ရာအား လက်သီးဖြင့် မရပ်မနားထိုး၊ ဒူးနှင့် တိုက်ဖြစ်နေကြရာ ကြောင်တစ်ရာ၏ထက်မြသောဓားမှာ အဘ၏အသားကို အချက်ပေါင်းများစွာထိလျက် အဘတွင် သွေးမထွက်သံမယို၊ မည်သည့်နေရာကိုမျှ မပေါက်, မပြဲ, ဓားပြီးနေသည်ကို တွေ့မြင်ရပြီး ကြောင်တစ်ရာမှာလည်း အဘ၏မောင်းတစ်လုံးတည်း ထိုးသောဒဏ်ချက်ဖြင့် တစ်စက်မျှနာကျင်ပုံမရဖြစ်နေရာ အဘမှာ နောက်တစ်ကြိမ်လှိမ့်သတ်ရာမှ ကြောင်တစ်ရာကို လေ့ပေါ်က ခြေနှင့်ကန်ချလိုက်ရာ ကြောင်တစ်ရာ ဓားပြဗိုလ်ကြီးမှာ ရေထဲသို့ ဖောက်ထိုးမိုးမျှော်ကျသွားလေ၏။

သို့သော် ရေထဲသို့ ဝုန်းခနဲကျသွားသည်နှင့် တစ်ပြိုင်တည်း ဘွားခနဲပြန်ပေါ်လာကာ စက်ကြိုးဖြင့် ဆွဲတင်လိုက်ဘိအလား လှေပေါ်သို့ ပေါ့ပါးစွာ ခြောက်ခနဲခုန်တက်လာပြီး ရှေးနည်းအတူ အဘအား လွှဲ၍ခုတ်ခြင်း၊ အရှိန်ပြင်းစွာ ဓားဦးနှင့်ထိုးစိုက်ခြင်းပြုသော်လည်း အဘမှာ မဖြုံရုံမက ကြောင်တစ်ရာကို အရှိန်မပျက် အချက်ပေါင်းများစွာ ပြင်းထန်သော လက်သီးဖြင့် ထိုးသတ်၍သာ နေလေ၏။ ကြောင်တစ်ရာမှာလည်း အဘက မကြာခဏကိုင်ပေါက်ခြင်း၊ ခြေနှင့်ကန်ချခြင်းဖြင့် ရေထဲသို့အခါ ပေါင်းများစွာကျလိုက်ရင်း လှေပေါ် ခုန်တက်လိုက်ရင်းနှင့်ပင် နောက်ဆုံးတွင် ကြောင်တစ်ရာမှာ မောပန်း၍လာလေ၏။

အဘလည်း ကြောင်တစ်ရာ မောနေသည်ကိုမြင်လျှင် . . .

"မောပလားကွဲ့၊ လာလေ၊ ရေကလေးများသောက်ပြီးမှဆက် လုပ်တာပေ့ါ၊ မင့်လှေထဲက ဓားတွေ၊ လှံတွေရှိသမျှနဲ့ ထိုးကြ၊ ခုတ်ကြဦး၊ ငါလက်ပိုက်ပြီးခံနေမယ်"

ဟု ပြောရာ၊ ကြောင်တစ်ရာမှာ မကျေချမ်းနိုင်ဘဲအလား ဓားဦးကြီးကိုမြှောက်ကာ အဘရင်ညွန့်သို့တအားလာ၍စိုက်ပြန်ရာ ဤအခါတွင် အဘလည်း ၎င်းအားတစ်စုံတစ်ရာပြန်၍မခုခံဘဲ ပြုံးကာ လက်ပိုက်ခံနေလိုက်သဖြင့် ကြောင်တစ်ရာမှာ ဓားဦးကြီးကို အဘ၏ရင်ဝသို့ မိမိကိုယ်လုံးနှင့်ဖိ၍သွင်းနေသည်တိုင်အောင် အဘမှာ ရင်ကိုကော့၍ အသားညှစ်ပြီး တောင့်တောင့်ကြီးရပ်နေစဉ် ထက်မြသောဓားဦးကြီးမှာ ရင်ညွန့်အသားထဲသို့ မဝင်နိုင်ရုံမက သံမဏိဓားသွားကြီးမှာ ထန်းရွက်တံပူပြားကဲ့သို့ ပျော့ခွေကွေးကောက်သွားလေရာ ကြောင်တစ်ရာသည် မိမိအတွက် အကောင်းဆုံး လက်သုံးဓားကြီးကို လွှင့်ပစ်လိုက်ကာ အဘ၏ လက်ကိုဆွဲပြီး-

"မိတ်ဆွေ ချီးမွမ်းလောက်ပါပေတယ်ဗျာ၊ ကျုပ်ဆိုးတိုက်လာခဲ့တာ နှစ်ပေါင်းကြာပါပြီ၊ ဒီလိုစွမ်းတဲ့လူမျိုးတစ်ဦးမှမတွေ့ခဲ့ရသေးပါဘူး၊ ဒီနေ့ကစလို့ ကျုပ်ကိုလည်း မိတ်ဆွေတစ်ယောက်လို့ သဘောထားပါ၊ ကျုပ်ကလည်း မိတ်ဆွေကို ဘယ်အခါမှမနှောင့်ယှက်တော့ပါဘူး"

ဟု ပြောရာ၊ အဘသည် ကြောင်တစ်ရာ စိတ်ပြောင်းလာသည်ကို ပြုံးပြုံးကြီးကြည့်နေရာ ကျွန်တော်တို့တတွေမှာကား ပြောစရာမရအောင် ဝမ်းသာနေရလေတော့၏။

ထို့နောက် ကြောင်တစ်ရာဗိုလ်လည်း မိမိလောင်းလှေကလေးဦးတွင်စိုက်ထားသော ကြက်လျှာကြောင်ရုပ်ရေး အလံကလေးကို အဘလက်သို့ပေးအပ်ကာ . . .

"မိတ်ဆွေ-ဟောဒီအလံကလေးကို လှေဦးမှာ အမြဲစိုက်ထားပါ၊ လှေပဲ့မှာလည်း ကြောင်ရုပ်တစ်ခုထုထားပါလေ၊ မိတ်ဆွေ၏လှေ ဒီမြစ်အတွင်းသွားလာနေသမျှ ဘယ်အခါမှ ကျုပ်တို့ကြောင်တစ်ရာအဖွဲ့က အနှောင့်အယှက်မပြုပါဘူး၊ ဒီအမှတ်အသားမပါတဲ့လှေဆိုရင်တော့ ကျုပ်တို့အမဲပါပဲ"

ဟု ပြောပြီး၊ ကောင်းမွန်စွာနှုတ်ခွန်းဆက်၍ လာရင်းလှေ ကလေး ပေါ်သို့ခုန်ဆင်းသွားရာ၊ အဘလည်း . . .

"နို့ . . ငါးပိကလေး၊ ငံပြာရည်ကလေး စားဖို့ယူသွားဦးလေ၊ မိတ်ဆွေ"

ဟု လှမ်းပြောလိုက်ရာ . . .

"ဟာ . . ခင်ဗျားကလည်း မလှောင်စမ်းပါနဲ့ဗျာ"

"လှောင်တာမဟုတ်ပါဘူး၊ တကယ့်စေတနာနဲ့ ပြောတာပါ မိတ်ဆွေ၊ မိတ်ဆွေတို့တောထဲအုံထဲမှာ ဒါလောက်ကောင်းတဲ့ငါးပိ၊ ငံပြာရည်များ စားရခဲပါတယ်၊ ဟဲ့ . . မောင်လေးကြီး ငါးပိတစ်ပုံး၊ ငံပြာရည်တစ်ပုံး၊ ငါးခြောက် တစ်အိတ်သယ်ခဲ့ပါ"

ဟု ပြောကာ၊ ကြောင်တစ်ရာ၏လှေထဲသို့ ချပေးလိုက်လျှင် ကြောင်တစ်ရာ၏လှေကလည်း တဖြည်းဖြည်းဝေးသွားလေတော့၏။

ထိုအခါမှအစပြု၍ ကျွန်တော်တို့သည် အထက်ကုန်၊ အောက်ကုန်များ၊ ဧရာဝတီမြစ်ရိုးတလျှောက်တွင် ဒေးချမ်းစွာအခေါက်ခေါက်အခါခါ တင်ချရောင်းနေခဲ့ရသဖြင့် အချို့လှေကြီးများပိုင်ရှင်တို့မှာလည်း ကျွန်တော် တို့လှေကြီးပွဲပိုင်းတွင် ထူထားသောကြောင်ရုပ်အတွက် ကြောင်တစ်ရာ ဓားပြများရန်မှ ကင်းလွတ်သည်ဟု တစ်ဆင့်စကား ပေါက်ကြားသဖြင့် ၎င်းတို့၏ လှေကြီးများတွင် ဆင်တူရိုးမှား ကြောင်ရုပ်ကလေးများပါရှိတတ်သည်ကို တွေ့မြင်ရပေ၏။

ယင်းသို့ပင် ကျွန်တော်တို့မှာ လယ်ယာအလုပ်ကိုပင် လုံးဝစွန့်လွှတ်လိုက်ပြီး လှေကြီးတစ်စီးကနှစ်စီး၊ သုံးစီးအထိ စီးပွားဖြစ်မြောက်စွာ အထက်နှင့်အောက် ဖောက်ကားရောင်းဝယ်၍နေကြရာ ကျွန်တော်မှာလည်း တဖြည်းဖြည်းကြီးမြောက်၍ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်၊ လူပျိုပေါက်ဖြစ်၍လာတော့၏။ အဘစွမ်းပုံ၊ ဓားပီး၊ တုတ်ပီးပုံများကိုလည်း ကျွန်တော့်မျက်မြင်ကိုယ်တွေ့ဖြစ်ရာ ကြောင်အမြဲတေအတွက်ကြောင့်သာ အဘ၏မှူစွမ်းနေသည်ဟု အတပ်သိရလေ၏။

ကြောင်တစ်ရာနှင့် အဘတို့ ပထမဖြစ်ပျက်ခဲ့ရသောအရေးတော်မှာလည်း လှေထိုးသားတစ်စုတို့မှ တစ်စ၊ တစ်စစကားပွကာ တစ်ရွာလုံးသိနေ

ကြသဖြင့် အဘစွမ်းသည်ကို အများသိကြရပေ၏။ သို့သိသူများအထဲတွင် အဘ၏နှမ မမင်းသုံ့မှာ မိမိအစ်ကိုကြီးအတွက် အတော်ပင် စိတ်အားတက်ကြွ၍နေပြီး တစ်ခါတစ်ရံ . . .

"အစ်ကိုကြီးရယ်၊ အစ်ကိုကြီးဟာ ငယ်ငယ်ကလည်း လက်ဝှေ့သတ်နာမည်ကြီး မောင်းရိုးတစ်လုံးတည်းမို့ သူများထက်ပိုစွမ်းတယ်၊ အံပွားလည်း ရှိတယ်၊ ဆေးဝါးတွေလည်း တော်တော်စုံအောင်ထိုးဖူးတယ်၊ ဒါတွေကြောင့် ခုလောက်စွမ်းတာ ထင်ပါရဲ့"

ဟု မေးရာ၊ အဘက . . .

"ဒါတွေကြောင့်လည်း တစ်မျိုးပေါ့ မင်းသုံ့ရယ်၊ သို့ပေတဲ့ အမြဲ မပီးဘူးဟဲ့၊ ငါ့ထိုးထားတဲ့ဆေးဝါးက "တစ်ပွဲပြန်"လောက်သာစွမ်းတာကလား၊ အံပွားကလည်း သေနတ်နဲ့ပစ်ရင် မီးမကူးဘူးလို့ ပြောကြတယ်။ ငါလည်း စမ်းမကြည့်ဖူးသေးပါဘူး၊ အခုအသက်ကြီးမှသိပ်စွမ်းပြီး တုတ်တွေ ဓားတွေ ပီးနေတာက ဟော-ဒါဟ၊ ဟော-ဒါကလေးရဲ့ကျေးဇူး၊ ဒီဟာ အရင်ရွာမှာ သေသွားတဲ့ကြောင်နက်ကြီးရဲ့ မျက်လုံးထဲကရတဲ့ "ကြောင်အမြုတေ"ဟဲ့"

ဟု ပြောကာ၊ ခါးကြားတွင် တရိုတသေခါးစည်းကြိုးနှင့် ချည်နှောင်ဆောင်ထားသော "ကြောင်အမြုတေ" ကလေးကိုထုတ်ပြပြီး မူလအတိုင်း ရိုသေစွာပြန်၍ သိမ်းဆည်းထားလိုက်သည်ကို တွေ့ရလေ၏။ မမင်းသုံ့လည်း ထိုအကြောင်းများကို ၎င်း၏လင်မောင်ဘိုးစုံကို စကားစပ်မိသောအခါ ပြောပြရာ မောင်ဘိုးစုံမှာ အဆိုပါ "ကြောင်အမြုတေ" ကလေးကို ငန်းငန်းတက်လိုချင်နေကြောင်း၊ နောင်အခါ ကျွန်တော်သိရပါ၏။ ယင်းသို့နေထိုင်လာခဲ့ကြရာ-

**အနိစ္စာဝတ၊ သင်္ခါရာ၊**
**ဥပ္ပါဒါဝယ၊ ဓမ္မိနော၊**
**ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိ၊**
**တေသံ၊ ဝူပသမောသုခေါ၊**

ဆိုသောတရားတော်ကြီးအတိုင်း မည်မျှအစွမ်းကောင်းသူ၊ မည်မျှ ဓားခုတ်ပီးသူ၊ အပွဲပွဲနွှဲခဲ့သူပင်ဖြစ်လင့်ကစား ချုပ်ငြိမ်းတတ်သောသဘောနှင့် အနိစ္စတရားကြီးကိုကား လွန်ဆန်နိုင်သူမရှိကြသည့်ဓမ္မတာအတိုင်း ကျွန်တော်

၏အဘနှင့်အမိတို့မှာ ပလိပ်ကပ်ရောဂါဖြင့် ငါးရက်စီသာကွာ၍သေဆုံးရှာကြသောအခါ ကျွန်တော်မှာ အရွယ်ကလည်းမကြီး မငယ်၊ သောကအပူကလည်းဆိုက်နေခိုက်၊ အဘကိုပိုက်ပိုက်တုပ်တုပ် ပြုစုနေကြသော အရီးမမင်းသုံနှင့်ဦးလေးကိုဘိုးစုံတို့မှာ ထိုအခါက ကျွန်တော့်ထက် အရေးသာနီးစပ်လျက်ရှိကြပြီး ကျွန်တော်လည်း"ကြောင်အမြီး တော"ကို သတိမရနိုင်ရှိခဲ့လေ၏။ သို့နှင့်သုံးလေးလရှိမှ သတိရခဲ့လေရာ ဦးလေးကိုဘိုးစုံကို မေးသော်လည်း မတွေ့ရကြောင်းသာငြင်းကွယ်လျက် . . .

"မင်းအဖေအလောင်း ငါကိုယ်တိုင် ရေချိုးပေးတာပဲ၊ သူ့ကိုယ်ထဲမှာဘာမှမတွေ့ရဘူး"

ဟု ကွေ့လည်ချောင်ပတ်ပြောရာ ကျွန်တော်လည်း ဘယ်နည်းနှင့်မျှမဟုတ်နိုင်ကြောင်း၊ ဦးဘိုးစုံလက်တွင် ထို"ကြောင်အမြီးတော" ရှိရမည်ဖြစ်ရကြောင်း၊ အစင်းသိသဖြင့် တစ်နေ့နေ့တွင် တစ်နည်းနည်းနှင့်ရအောင်ပြန်ယူမည်ဟု ကြံစည်ဆုံးဖြတ်ကာ တစ်စုံတရာမရိပ်မိဟန်ဆောင်လျက်၊ ၎င်းအကြောင်းနှင့် ပတ်သက်၍လည်း နောက်ထပ်ဘာမှ မမေးတော့ဘဲ မိဘရှာဖွေထားခဲ့သော ပစ္စည်းများကို မပျောက်မပျက်ရအောင် ဆက်လက်အုပ်ချုပ်ထိန်းသိမ်းကာ ရွာမှကျွန်တော်မျက်စိတဲ့သော မိန်းမပျိုတစ်ယောက်ကို တောင်းယူပြီးနောက် အရီးနဲ့ဦးလေးတို့ကိုပဲ မိဘသဘောထားပြီး နီးနီးနားနားပြုစုချင်ပါတယ်ဟု အလိမ္မာနှင့်ပြောကာ ၎င်းတို့ အိမ်သို့ ထဲဝင်ပြင်ထွက် ရင်းနှီးစွာရောနှောနေထိုင်ခဲ့ပါသော်လည်း ဦးဘိုးစုံ၏ လျှို့ဝှက်သိပ်သည်းခြင်းဖြင့် "ကြောင်အမြီးတော"၏ အရိပ်အခြေသဲလွန်စကိုမရနိုင်ဘဲ တစ်ဆယ့်လေးနှစ်မျှသော အချိန်တို့မှာ ကုန်မှန်းမသိကုန်ဆုံး၍လာခဲ့ရပေ၏။

ကျွန်တော်လည်း မလျှော့သောလုံ့လနှင့် အဘ၏ကြောင်အမြီးတောကို မရမခြင်း ဇွဲကောင်းစွာ စောင့်စားလာခဲ့ရာ နောက်ဆုံးအတိုချုံးရမည်ဆိုသော် ဦးလေးကိုဘိုးစုံသည် ထန်းရည်အရက်ကို အထူးနှစ်သက်စုံမက်တတ်သူဖြစ်သည့်အားလျော်စွာ တွေ့ရာမရှောင် အရက်သောက်တတ်ရာက တစ်နေ့သောအခါ အခါးဖောက်ထားသောပေရည်ကို ထန်းရည်အမှတ်နှင့် သောက်လာပြီး အိမ်တွင်အရီးချက်ထားသော ဝက်သားဟင်းနှင့်ထမင်းစားမိလေရာ

ဝက်သားနှင့်ပေရည်ရောစားမိသောအခါ လူကိုသေစေတတ်သော အဆိပ်ဓာတ်မျိုးဖြစ်လာတတ်သည့်အတိုင်း ဦးဘိုးစုံမှာ စားသောက်ပြီး၍ မှားမကြာမီပင် ရင်ထဲကပူလှပါသည်ဟု အော်ညည်းကာ ပြင်းထန်စွာ လူးလိမ့်လျက်ရှိသောကြောင့် တစ်အိမ်လုံးမှာလည်း ဗျာပါကြီးဆိုက်၍နေကြလေတော့၏။ ဘာဖြစ်သည်ဟုလည်း မည်သူမျှမတွေးနိုင်ဖြစ်ရာ ကျွန်တော့်မှာမူကား အကြံနှင့်လူဖြစ်သောကြောင့် ဦးဘိုးစုံအားအနားမှမခွာဘဲ အမြဲကပ်၍ ပိုက်ဖက်ပြုစုလေရာ ယုတ်မာသောဦးဘိုးစုံမှာ သေခါနီးအခါတိုင်အောင်ပင် မချွေရစိတ်ယှဉ်လျက် ကြောင်အမြုတေကိုခါးကြားမှထုတ်ကာ ပါးစပ်တွင်ဖျပ်ခနဲ မျိုချလိုက်သည်ကို တွေ့မြင်လိုက်ရလေ၏။

သို့နှင့် ကျွန်တော်လည်း စိတ်ချလက်ချ နောက်မှဖော်ယူတော့မည်ဟု ပိုင်းဖြတ်ပြီး ၎င်းသေဆုံးသွားသည်အထိ စောင့်စားနေရလေ၏။ သေပြီးသောအခါမှ ပေရည်နှင့် ထန်းရည် မှားသောက်သွားကြောင်းကို ပေါ်တော့ကာ အမှုလွန်ပြီးမှမတတ်နိုင်တော့သဖြင့် အလောင်းကိုသာ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ကြရလေ၏။

"အမြုတေ"တို့မည်သည် သေသည်နှင့်တစ်ပြိုင်နက် မျက်လုံးတွင်ဖြစ်စေ၊ ဦးနှောက်တွင်ဖြစ်စေ မြင့်ရာ, မြတ်ရာနေရာများတွင် ကပ်နေတတ်သည်ကို စုံစမ်းသိရှိရပြီး ဖြစ်သောကြောင့် ဦးဘိုးစုံ အလောင်းမြှုပ်နှံ သင်္ဂြိုဟ်ပြီးနောက် ရက်များမကြာမီသွားရောက်တူးဖော်မည် ကြံစည်ရာ အရီးမမင်းသုံမှာ မိန်းမသားဖြစ်၍ အားငယ်သောကြောင့် ကျွန်တော်တို့အား သူတို့ထံသို့ ညစဉ်လာရောက်အိပ်ရန် အတန်တန်ခေါ်၍ ရက်လည်ဆွမ်းကျွေးပြီးသည်တိုင်အောင် ညဉ့်အိပ်နေကြရပြန်၍ ဦးဘိုးစုံအလောင်းကို တူးဖော်ရန်အချိန် မရနိုင်ရှိခဲ့ရာ ကျွန်တော်လည်းကြာကြာ မဆိုင်းနိုင်အောင် "ကြောင်အမြုတေ"ကို လက်ဝယ်ရလိုလှသဖြင့် အရီးမမင်းသုံအား ကျွန်တော်၏မယား မဦးနှင့်အတူ မန္တလေးမြို့သို့ စိတ်ပြေလက်ပျောက် ဘုရားဖူးသွားကြရန် တွန်းလွှတ်လိုက်သောကြောင့် နောက်တစ်နေ့မှာပင် ရွာကလူကြုံကောင်းများနှင့်အတူ မန္တလေးမြို့သို့ လိုက်သွားကြသဖြင့် ကျွန်တော်လည်း အိမ်စောင့်အဖြစ်နှင့်ကျန်ရစ်ရာက အလောင်းကိုတူးဖော်ရန် အခွင့်အခါကောင်းကြုံရလေတော့၏။

သို့နှင့် နောက်တစ်နေ့ နေ့ခင်းအချိန်မှာပင် တူရွင်း, ပေါက်ပြား အစုံအလင်နှင့်သင်္ချိုင်းသို့ထွက်ခဲ့ပြီး ဦးဘိုးစုံ၏မြေပုံအနီးတွင် ထိုင်မိလေတော့၏။ တောရွာသင်္ချိုင်းဖြစ်သည်အားလျော်စွာ သင်္ချိုင်းအစောင့်အရှောက်မရှိသဖြင့် သဘောရှိတူးဖော်နိုင်ခွင့်လည်းရနေရာ မည်သည့်အနှောင့်အယှက်ကိုမျှ စိုးရိမ်စရာမရှိတော့၍ မြေပုံကိုတူရွင်းနှင့်တူးဖော်လေတော့၏။ အလောင်းမြှုပ်နှံပြီးသည်မှာ စုစုပေါင်းဆယ့်ငါးရက်ခန့်မျှ ရှိပြီဖြစ်သော်လည်း ဖို့ထားသောမြေကြီးတို့မှာ မိုးတွင်းအခါဖြစ်၍ တစိမ့်စိမ့်ရွာသောမိုးရေတို့ကြောင့် စွတ်စိုပျော့အိနေလေရာ များစွာမပင်ပန်းဘဲ တစ်နာရီနီးပါးမျှ တူးမိလျှင်ပင် ပျဉ်ခေါင်းကြီးပေါ်လာလေ၏။

ကျွန်တော်လည်း စိုထိုင်းနေသော ပျဉ်ခေါင်းကြီးအဖုံးကို တူရွင်းဖြင့်ထိုးဖွင့်လိုက်ရာ စွဲရိုက်ထားသော သံများနှင့်အတူ အဖုံးပျဉ်ချပ်ကြီးမှာ ကွာတက်လာသည်နှင့်တစ်ပြိုင်တည်း မခံမရပ်နိုင်အောင် ဆိုးရွားလှသော လူသေအပုပ်နံ့ကြီးမှာ ထောင်းခနဲထွက်ပေါ်လာလေ၏၊ သို့နှင့်လည်း မလုပ်လျှင် အလုပ်မပြီးမည့်ကိစ္စဖြစ်သောကြောင့် အသက်အောင့်ကာ အဖုံးကို အစအဆုံး ဆွဲဖျက်ဖွင့်လှစ်လိုက်လျှင် ဦးဘိုးစုံ၏အလောင်းကြီးမှာ ပုပ်ပွလျက် အရည်တွေလည်း စီးယိုစိမ့်ထွက်ကာ ပိုးလောက်တွေ တရွရွတက်နေသည်ကို တွေ့ရသော်လည်း ညာဘက်မျက်လုံးကြီး တစ်ဖက်မှာမူ ပုစွန်မျက်စိကဲ့သို့ ပြူးပြဲပြဲကြီး စူထွက်ကာ ထူအမ်းဖောယောင်နေသော မျက်ခွံကြီးကိုတစ်ချက်တစ်ချက် မှိတ်တုံ, ဖွင့်တုံခတ်နေသည်ကို တွေ့ရလျှင် နေ့ခင်းကြောင်တောင်ကြီးပင် ဖြစ်စေကာမူ ကျွန်တော့်မှာ အတော်ပင်ကြောက်ရွံ့တုန်လှုပ်လာမိလေ၏။

သို့နှင့်လည်း ယောကျ်ားပဲဟု အားခဲစိတ်တင်း၍ ငယ်စဉ်က နက်ကြောင်ကြီးမျက်လုံးကို အဖေနှိုက်ယူလိုက်သည့်နည်းအတိုင်း "အမြုတေ" ကိုလိုချင်ဇောနှင့် ကြောက်စရာကောင်းလှသောမျက်လုံးကြီးကို လက်ညှိုးနှင့်တအားကုတ်၍ ကော်လိုက်သည့်ခဏ၌ ပုပ်ပွနေသော ဦးဘိုးစုံ၏အလောင်းမှ လက်ကြီးနှစ်ဖက်မှာ ကျွန်တော့်လက်ကိုလာဆွဲ ဖယ်ရှားပစ်ပြီး လောက်တဖွားဖွားနှင့် ဒွံရွဲပုပ်ပွနေသော အလောင်းကောင်ကြီးမှာလည်း ပျဉ်ခေါင်းထဲမှ ထိုးထိုးထောင်ထောင် တုန်ဟုန်ရှိရှိကြီး ထ၍ယိုင်ကာ-ဟီးဟီး-ဟီးဟီး-နှင့်

ညည်းသံကြီးပေါ်လာပြီး ပြူးကြောင်သောမျက်လုံးကြီးမှာလည်း ကျွန်တော့်ကို စိမ်းစိမ်းကြီးကြည့်နေရာ သတ္တိကောင်းလှပါသည်ဆိုသော ကျွန်တော့်မှာ လိပ်ပြာလွင့်စင် သွားမတတ်မတ်မတ်ကြီး ကြောက်ရွံ့ဇောကြောင့် မေ့မော နေမိရာက နောက်ဆုတ်နောက်ဆုတ်နှင့် တဖြည်းဖြည်းခွာလာခဲ့ရ၏၊ အလောင်း ပုပ်ပွကြီးမှာလည်း လက်ကားယား, ခြေကားယားနှင့် တုန်ဟီးသောအသံကြီးကို ဖြစ်စေကာ ကျွန်တော်ရှိရာသို့ တရွရွထမှန်းမသိ ထလိုက်လာရာ ကျွန်တော် လည်း အကြောက်ကြီးကြောက်ကာ လက်ကကိုင်ထားသော တူရွင်းကြီးနှင့် ရမ်းရင်း တဖြည်းဖြည်း နောက်ဆုတ်နောက်ဆုတ်နှင့် ခပ်သုတ်သုတ် လှမ်း အလာတွင် ရွာလမ်းမ မရောက်တရောက်မှာ နောက်ကချိုင့်တစ်ခုကို နင်းမိပြီး ပက်လက်ကြီးလန်လဲသွားသည်နှင့် တစ်ပြိုင်နက် ဦးဘိုးစုံ၏ လောက်တရွရွနှင့် ပုပ်ပွရိရွဲသော အလောင်းကောင်ကြီးလည်း ကျွန်တော်၏ကိုယ်ပေါ်သို့ တအား ထိုးကြီး ခွစီးမိလျက်ဖြစ်သွားသောကြောင့် ကျွန်တော်လည်း အကြောက်ဇော ကြောင့် တစ်ခါတည်း မေ့မောနစ်မြော၍ သွားလေ၏။

မည်မျှကြာအောင်နစ်မြောမေ့လျော့နေသည်ကိုကားမသိ၊ ရုတ်ခနဲ သတိလည်လာ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မှာ အိပ်ရာ တစ်ခုပေါ်တွင် ရောက်နေလျက် အနီးတွင် အရီးမမင်းသုံ ဒနီးမဦးတို့နှင့် အခြား အိမ်နီးပါးချင်းများ စိုးရိမ်စွာဝိုင်းကြည့်နေသည်ကို တွေ့မြင်ရလျှင် ကျွန်တော့်မှာ သူတို့တတွေကို ဘာအကြောင်းမှမပြောနိုင်သေးမီ "ကြောင်အမြုတေ"ကို လိုချင်သောစိတ်က အပြင်းအထန် တွန်းကန်နှိုးဆွနေသောကြောင့် . . .

"ဦးဘိုးစုံအလောင်းကြီးကော၊ ဦးဘိုးစုံအလောင်းကြီး ဘယ်မလဲ"

ဟု စိတ်ဆောင်ကာ အရေးတကြီးမေးလေရာ အကြောင်းရင်းကို မသိရှာကြသူများမှာ ကျွန်တော်ကြောက်လန့်နေသေး၍သာ မေးသည် ထင်ရကား-

"အို-မောင်ထွန်းစံ မကြောက်နဲ့၊ အလောင်းကြီးမရှိတော့ဘူး၊ တွင်းထဲ ပြန်မြှုပ်လို့လည်းမရဘူး၊ ထထထိုင်နေတာနဲ့ မြစ်ထဲခဲဆွဲပြီး မြှုပ်လိုက်ပြီးပြီ၊ စိတ်ချ မလာနိုင်တော့ဘူး"

ဟု ပြောလိုက်သည့်ခဏ၌ ကျွန်တော့်မှာအလွန်တရာအမြတ်တနိုး အရေးတကြီးအလိုရှိနေသော အဖိုးထိုက်လှသည့်“ကြောင်အမြုတေ” မှာ အလောင်းကြီးနှင့်အတူ မြစ်ရေအောက်တွင် ပျောက်ပျက်ဆုံးပါးရတော့ပြီဟု စိတ်အပျက်ကြီးပျက်ကာ “ဟိုက်”ဟု တစ်ခွန်းတည်း လေးနက်စွာ အော်လိုက်မိပြီးနောက် စိတ်အားလျော့သွားသည်နှင့် တစ်ပြိုင်နက် ယခင်က လိပ်ပြာလန့်ခဲ့ပြီး အကြောက်ကြီးကြောက်ခဲ့သောအရှိန်မှာ နှလုံးအိမ်သွေးပျက်ခဲ့ပြီဖြစ်သောကြောင့် ကျွန်တော်၏မျက်လုံးတို့မှာ ချာချာလည်လျက်ရှိကာ မြင်သမျှအရာ, မြင်သမျှလူတို့အား စိမ်းစိမ်းစားစားကြည့်လိုက်၊ “အလောင်းကောင်ပုပ်ကြီးလိုက်လာပြီ လုပ်ကြပါဦး”ဟု ဟစ်အော်ကာ ထထပြေးလိုက်နှင့် နေ့ရှိသလောက် အိမ်သားတွေကို ဒုက္ခပေး၍ နေခဲ့လေ၏။ ဤမျှမက တစ်ခါတစ်ရံလည်း “အလောင်းကောင် ပုပ်ကြီးထဲမှာ ငါ့ကြောင်မျက်စိပါသွားပြီ-ဆုံးပါပြီ-ငါရေထဲဆင်းရှာယူမယ်”ဟု အော်ဟစ်ပြီး မြစ်ထဲဆင်းပြေးမည်တကဲကဲလုပ်တတ်သောကြောင့် လိုက်ဆွဲရသည်မှာလည်း နားရခြင်းမရှိသလောက်ဖြစ်နေရာ ကြာသော် လိပ်ပြာလန့်၍ ရူးနေသူတစ်ယောက်အား တတ်ကျွမ်းနားလည်သော ဆရာသမားအလဲလဲနှင့် မွဲရာမှကြွေးတင်လာသည်အထိ အကုန်အကျခံ၍ ကုသကြသော်လည်း ငွေကုန်လူပမ်း ရောဂါသာကျွမ်းခဲ့ရပါသည်။

နောက်ဆုံးမှာတော့ ကုသိုလ်ကံကလေး မကုန်သေးသဖြင့် ကျေးဇူးရှင်ဆရာကြီးနှင့် ဆရာလေးတို့ကိုတွေ့ရပြီး ဦးစောက်ကျွမ်းပြန်၊ သွက်ချာလန်အောင် ရူးနောက်သွားသူ ကျွန်တော့်အား သမာဓိတရားနှင့် စိတ်ထားတည်ငြိမ်မှုကို အရင်းပြုလျက် သက်ညာစွာပြုစုကုမမှုကြောင့် အထက်ပါအဖြစ်အပျက်အစအဆုံးတို့ကို ပေါင်းရုံးသိမ်းကြုံးကာ အစအဆုံး အစီရင်ခံနိုင်လာရပါကြောင်းနှင့် မောင်ထွန်းစံ၏အဖြစ်အပျက်မှန်ကို ကျွန်တော်၏ မှော်ဆရာမှတ်တမ်းတွင် လက်ခံသိမ်းဆည်း တည်းမှတ်ထားခဲ့ရခြင်း ဖြစ်လေသတည်း။

S S S

# ဂူကြီးစံ

(၁၉၃၇-ခု၊ မတ်လတွင်ရေးသည်။)

ကျွန်တော်သည် နောင်မွန်စော်ဘွားကလေးထံမှ ပြန်လာခဲ့ပြီး မူလ တည်းခိုရာဖြစ်သော နမ်းခမားရွာ၊ ဦးစောနန်းတို့မှ ကျေးဇူးရှင်ဆရာ ကြီးနှင့်အတူ ခရီးဆက်လက်ထွက်ခဲ့ပြန်ရာ အထက်တစ်ကြိမ်ခရီးထွက်စဉ် အခါကကဲ့သို့ပင် တစ်တောထွက်ဝင် တစ်ပင်ရိပ်နား၊ တောလမ်းခရီးကြား၌ မနေမနား တစ်နေ့လုံး ကြိုးစားလာခဲ့ကြရာ နေဝင်ရီတရောအချိန်တွင် တစ်ခု သော တောင်ခြေရင်းသို့ ဆိုက်ရောက်ကြသဖြင့် တောင်ကမ်းပါးယံအနီး ညို့ညို့ဆိုင်းဆိုင်း အုံ့မှိုင်းသာယာ အရိပ်အာဝါသကောင်းသော ညောင်မုတ် ဆိတ်ပင်ကြီးအောက် ကျောက်ဖျာကြီးတစ်ခုပေါ်တွင် ကျေးဇူးရှင်ဆရာကြီးနှင့် အတူ နောက်ပါတပည့်ငယ်နှစ်ယောက်နှင့်တကွ အပန်းဖြေ နားနေကြသော အခါသမယဖြစ်လေ၏။

ဆရာကြီးလည်း ပုတီးကိုစိပ်ကာ အနီးတစ်ဝိုက်တွင် တွေ့မြင်ရသော တောတောင်ရေမြေ အခြေအနေများကို စုံစမ်းကြည့်ရှုပြီး အနည်းငယ်ပြုံးလျက် ကျွန်တော်၏ဘက်သို့လှည့်ကာ . . .

"ငါ့တပည့်၊ ဆရာဒီနေရာမှာ ခေတ္တစခန်းချပြီး တစ်ည၊ နှစ်ည အိပ်မည်ကြံသည်၊ နေရာထိုင်ခင်းများ ပြုပြင်ပေတော့၊ ဆရာ့ဤနေရာမှာ ရှိခိုက် အနီးအနားတစ်ဝိုက်တွင် ဒုက္ခဆင်းရဲတွင်းမှ လွတ်ကင်းထိုက်တဲ့ သတ္တဝါကလေး များတွေ့ရင်လည်း ငါ့တပည့်ကို ကယ်ဆယ်စောင့်ရှောက်ဖို့ အခွင့်အရေးများ ပေးအပ်ထားမယ်၊ ငါ့တပည့်က ဆောင်ရွက်ခွင့်ရှိသလောက် ကြည့်ဆောင်ရွက် ပေတော့"

ဟု အမိန့်ရှိသဖြင့် ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးကား တစ်စုံ တစ်ခုသော လာဘ်ကိုသာမြင်၍ ပြောကြားအမိန့်ရှိခြင်းပေတကားဟု အတပ် သိရသည့်အတိုင်း . . .

"ကောင်းလှပါပြီခင်ဗျာ"

ဟု ဆရာကြီးအမိန့်ကိုနာခံကာ တပည့်ငယ်နှစ်ယောက်နှင့်အတူ နေရာထိုင်ခင်း ခင်းကျင်းစီမံပေးပြီး ပါလာသောရေဘူးထဲမှ ရေများကိုလည်း ဆရာကြီးအားငဲ့ပေးကာ ဦးစောနန်းထည့်ပေးလိုက်သော ကောက်ညှင်းကျည် တောက်နှင့် ဘယာကြော်များကို ကျွန်တော်တို့၏ညစာ အဖြစ်စားသောက်ကြပြီး ဆရာကြီးအနီး၌ထိုင်လျက် ရှေ့အဖို့ဆက်လက်သွားရမည်ဖြစ်သော ခရီးစခန်း များကို ပြောဆိုဆွေးနွေးလျက်ရှိလေ၏။

ထို့နောက် ဆရာကြီးလည်း တစ်ဖက်သို့လှည့်၍ ပုတီးစိပ်နေပြီဖြစ် သဖြင့် ကျွန်တော်နှင့် တပည့်ငယ်နှစ်ယောက်တို့ ညောင်မုတ်ဆိတ်ပင်ကြီးအနီး သို့ လျှောက်လာကြကာ အထက်အကိုင်းများမှ မြေပေါ်သို့ မုတ်ဆိတ်ကဲ့သို့ အမျှင်ကြီးငယ် စီကာရီကာ ကျဆင်းလာသောအမြစ်များကို ကိုင်တွယ်ကြည့်ရှု မိကြလေ၏။

အဆိုပါညောင်မုတ်ဆိတ်ပင်ကြီးကား လွန်စွာကြီးမားလျက် တစ်ဖက် တစ်ဖက်တွင် ဖြာထွက်၍နေသော ညောင်ကိုင်းကြီးများမှ အမြစ်များ၊ တသန့်စီ, တသန့်စီကျနေသည်မှာ တစ်ဖက်နှင့်တစ်ဖက် လိုက်ကာခန်းဆီးများ ချထား ဘိသကဲ့သို့ရှိချေ၏။

တပည့်ငယ်တို့လည်း ကြည့်ချင်စဖွယ်ကောင်းသော ညောင်မုတ် ဆိတ်အမြစ်များကို လှည့်ပတ်ကိုင်တွယ်ကြည့်ရှုနေရစ်ကြစဉ် ကျွန်တော်လည်း

ညောင်ပင်၏ အရိပ်အပြင်ဘက်သို့ လှည့်ထွက်ခဲ့ရာ မနီးမဝေးရှိနေရာတွင် ကျောက်တောင်တန်းကလေးတစ်ခုကို တွေ့မြင်ရပြီး ထိုတောင်တန်းကလေး တစ်ဝိုက်တွင် အခြားနေရာများကဲ့သို့ သစ်ပင်ခြုံနွယ်များရှုပ်ထွေးခြင်းမရှိဘဲ အထူးသဖြင့် သာသာယာယာဖြစ်နေလျက် တောင်တန်းကလေးပေါ်တွင် ပေါက်လျက်ရှိသော အပင်များမှာလည်း အလေ့ပေါက်သောသစ်ပင်များ မဟုတ်ဘဲ စပယ်, ကြက်ရုံး, နန်းလုံးကြိုင်, ယုဇန, သော်က, မြတ်လေးစသော မွှေးကြိုင်သင်းပျံ့ရနံ့ကောင်းသော ပန်းပင်များကို တွေ့ရသည့်အပြင် စိမ်းလန်း သော သစ်ပင်တို့အလယ်မှ ဖြူစင်သောကျောက်စလင်းသား ဂူကလေးတစ်ခုကို လည်း တွေ့မြင်ရသဖြင့် ဤမျှလူသူမနီးသည့် တောကြီးအလယ်တွင် အဘယ် သူတို့ လာရောက်တည်ထားလေသနည်းဟု အတွေးကြီးတွေးနေမိလေ၏။

ကျောက်ဂူပုံသဏ္ဌာန်ကို မြင်ရခြင်းအားဖြင့် အလောင်းမြှုပ်နှံ သင်္ဂြိုဟ်ထားရာဟု အတပ်သိရပြီး လူနေမနီးသောဌာနတွင် အဘယ် အကြောင်းကြောင့် လာရောက်မြှုပ်နှံ သင်္ဂြိုဟ်ရလေသနည်း၊ လူမနီးသော တောရကျောင်း ဘုန်းကြီးများပျံတော်မူသဖြင့် ကိုးကွယ်သူတို့အမြတ်တနိုး သင်္ဂြိုဟ်ကာ ကောင်းစွာပြုပြင်ထားခြင်းပေလောဟု တွေးတောလျက် ထိုဂူ အကြောင်းကို သိလိုဇောကြောင့် တောင်တန်းကလေးပေါ်သို့ တက်လာမိကာ မွှေးကြိုင်သော ပန်းပင်တို့အလယ်တွင်ရှိသော ကျောက်ဂူကလေးကို နီးကပ်စွာ ကြည့်မိလေ၏။

သို့သော်လည်း မည်သို့မျှအကဲမခတ်နိုင် ဂူ၏ခေါင်းရင်းတွင် စာတမ်း ထိုးထားသည်ကို တွေ့ရသောကြောင့် စိတ်အားထက်သန်စွာ ဖတ်ကြည့်မည်ပြု ရာလည်း စာမှာ ကျွန်တော်တို့မြန်မာစာမဟုတ်ဘဲ ရှမ်းဘာသာနှင့် ရေးထား သောစာတမ်းဖြစ်နေသဖြင့်မဖတ်နိုင် လှပသေသပ်သော ကျောက်ဂူကလေးကို ကိုင်တွယ်ကြည့်ရှုပြီး တောင်တန်းကလေး အခြားတစ်ဖက်မှကွေ့၍ ဆင်းသက် လာခဲ့မိရာ တောင်ခြေရင်းမြေသလင်းကလေးပေါ်တွင် လတ်ဆတ်သော မြင်းချေးနှင့် မြင်းခွာရာများကို တွေ့ရပြန်သဖြင့် အတော်အံ့အားသင့်၍ နေမိလေ၏။

ဤကျောက်ဂူကလေးရှိရာသို့ မကြာမီက လူတစ်ယောက် ရောက်လာ ကြောင်း အတပ်သိနိုင်သော်လည်း ကျွန်တော်သိလိုသော ဂူအကြောင်းကိုမူကား

မည်သည့်ဂူမျိုးဖြစ်သည်ဟု မသိနိုင်သဖြင့် စခန်းချရာဆီသို့ တဖြည်းဖြည်း လျှောက်၍ပြန်ခဲ့ပြီး တပည့်ငယ်တို့အား ကျွန်တော်တွေ့မြင်ခဲ့ရသော ဂူကလေး ကိုပြလျက် တစ်ဖက်တွင်မြင်းခွာရာများကိုပါ တွေ့ခဲ့ကြောင်းကို ပြောကြားမိရာ တပည့်တို့လည်း ကျွန်တော်တွေးထင်သည့်နည်းအတိုင်း-

"ရှမ်းဘုန်းကြီးအရိုးကို ဂူတည်ထားတာ ဖြစ်မှာပေါ့ ဆရာလေး ရယ်၊ ဒီနယ်က လူတွေဟာ လူသေတာကို ဒါလောက်အရေးတယူ ဂူတွေ ဘာတွေ မတည်နိုင်ပါဘူး၊ ဧကန္တ ဘုန်းကြီးအရိုးပါ"

ဟု ထောက်ခံပြောကာမှ ညောင်ပင်ကြီးအောက်သို့ ပြန်လာ ခဲ့ကြလေ၏။

သို့နှင့် ညအချိန်သို့ရောက်သည့်တိုင်အောင် လသာသာ၌ ကျွန်တော် ၏မျက်နှာစာတွင် မျက်နှာရင်ဆိုင်တွေ့မြင်နေရသော ဂူဖွေးဖွေးကလေးအား မြင်တိုင်း၊ မြင်တိုင်း မည်သူ၏ဂူဖြစ်ကြောင်း စဉ်းစားမိပြီးလျှင် ဂူကလေးကို စိုက်ကြည့်လိုက်မိတိုင်း သနားသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်နေမိတော့ လေ၏။

ကျေးဇူးရှင်ဆရာကြီးသည်ကား ၎င်း၏ဝတ္တရားအတိုင်း ကျောက်ဖျာ ၏ခေါင်းရင်းတွင် မလှုပ်မရှက်ထိုင်ကာ အဓိဋ္ဌာန်ပုတီးစိပ်လျက်ရှိရာ ခြေရင်း တွင်အိပ်လျက်ရှိသော တပည့်ကလေးနှစ်ယောက်မှာကား ခရီးပန်းလာသော အရှိန်ဖြင့် မြိန်ယှက်စွာအိပ်ပျော်နေရှာကြလေ၏။

ကျွန်တော့်တွင်ကား ထွေရာလေးပါးစဉ်းစားရင်း တော်တော်နှင့် အိပ်မပျော်နိုင်ရှိပြီးလျှင် မန္တလေးမြို့တွင် ကျန်ရစ်ရှာသောဇနီးသည် မခင်ယုံ အတွက်ကလည်း တစ်ချက်တစ်ချက် သောကကလေး ဝင်ဖက်မိလျက် ယခုအခါမည်သို့ရှိရှာမည်နည်းဟု စဉ်းစားရင်း သူမှာလည်း ကျွန် တော်ကဲ့သို့ပင် သတိတရ လွမ်းဆွတ်တသနေရှာပေလိမ့်မည်။

ဤအချိန် ဤအခါ ကောင်းကင်က ထိန်ထိန်သာသော ဖိုးရွှေ လမင်းကြီးအား ကျွန်တော့်ကို လွမ်းဆွတ်တသသောစိတ်ထားဖြင့် တိတ် တဆိတ်ကြည့်နေရှာမည်လား။ ကျွန်တော်ကား ရွှေလမင်းကို အတင်းလက် နှင့်တို့၍ မေးလိုက်ချင်သောစိတ်များဖြစ်ပေါ်ကာ ကာလအတန်ကြာ ခွဲခွာ

ထွက်လာခဲ့ရခြင်းများကို စဉ်းစားမိတိုင်း အိပ်မပျော်နိုင် ငုတ်တုတ်ထိုင်လျက် တစ်ချက်တစ်ချက်လည်း မျက်နှာမူရာ ရှေ့တည့်တည့်တွင် တွေ့မြင်နေရသော ဂူဖွေးဖွေးကလေးကိုလည်း တရေးရေးထင်မြင်စဉ်းစားနေမိ ပေ၏။

လရောင်ကလေးကား ဖြူဖွေးသောဘော်ငွေစင်ကို သွန်းလောင်း ချဘိအလား လောကဓာတ်တစ်ခုလုံးအား အေးမြကြည်လင်သော လင်းရောင် ခြည်ကို ဖြန့်ဖြူးဝေငှထားသဖြင့် တောတောင်ရေမြေ အထွေထွေသော ရှုမျှော်ခင်းများကို ပြတ်ပြတ်သားသား ကွဲပြားအောင် တွေ့မြင်နေရလေရာ ဖြူဖွေးသောကျောက်ဂူကလေးမှာ တောင်ကုန်းတန်း ကလေးထိပ်ပေါ်တွင် ပေါ်လွင်ထင်ရှား၍နေပြီး အနီးရှိပန်းပင်များမှာလည်း လေညှင်းကလေး တသုန်သုန်တွင် တုန်လှုပ်ရွေ့လျားဂူကလေးအပါးတွင် ပွင့်ခိုင်ပွင့်ညှာများ ဘယ်ညာယိမ်းအိ၊ အချင်းချင်းထိခပ်ကာ မွှေးကြိုင်သောပန်းရနံ့များသည်လည်း လေသွေးယူဆောင်ရာသို့ လိုက်ပါလွင့်ပါးလျက်ရှိကုန်ရာ ထိုအချိန်ထိုအခါ၌ အဆိုပါတောင်ကုန်းခင်တန်းကလေးမှာ ကိန္နရီတို့ကျက်စားပျော်ပါး၊ ပန်းဝတ် ယက်ကစားသောဌာနကြီးအလားများစွာမှ သာယာပျော်မြူးဖွယ် ကောင်း လျက်ရှိသည်ကို တွေ့မြင်ရပေ၏။

ကျွန်တော်လည်း သာယာသော ထိုခင်တန်းကလေးဆီမှ မျက်လုံး ကိုလွှဲဖယ်၍မရနိုင်အောင်ရှိသဖြင့် ကျောက်ဂူကလေးကို စူးစူးစိုက်စိုက်ကြည့်၍ နေမိလေ၏။

ယင်းသို့ ကြည့်နေစဉ်မှာပင် ကျောက်ဂူကလေး၏ဖြူဖွေးသော နံရံတွင် လူတစ်ယောက်၏ ပုံသဏ္ဌာန်တစ်ခုထင်လာလျက် အနည်းငယ် လှုပ်ရှားလာပြီး တဖြည်းဖြည်းရှေ့သို့တိုးလျက် လရောင်လင်းရာဘက်သို့ ထွက် လာသောအခါ ထိုသဏ္ဌာန်မှာ လှပပျိုမြစ်ချစ်စဖွယ် နုနယ်သောရှမ်းမပျို ချောကလေးတစ်ဦးဖြစ်နေသည်ကိုတွေ့ရပြီးလျှင် တဖိတ်ဖိတ် တလက်လက် ရွှေချည်ငွေချည်တို့ဖြင့် ရက်လုပ်ထားသောတဘက်ကလေးကို ခေါင်းပေါ်တွင် ရှမ်းမကလေးများပေါင်းသကဲ့သို့ ပွယောင်းယောင်းရစ်ပတ်ကာ ရွှေချည်ဇာ ဖြင့်ပြီးသော ထိုင်မသိမ်းအင်္ကျီ၊ ရွှေကြယ်စီသောကြိုးထဘီတို့ဖြင့် တင့်တယ် သပ်ယပ်စွာ ဝတ်စားထားသည်ကို လရောင်တွင် ကြည်လင်ပြတ်သားစွာ

တွေ့မြင်ရသောအခါ ကျွန်တော့်မှာ များစွာအံ့ဩမိလျက် ဥစ္စာစောင့်စသော နာနာဘာဝများ ဖြစ်လေသလားဟု စဉ်းစားကြည့်ရှုမြဲကြည့်ရှုနေမိလေရာ . .

အဆိုပါရှမ်းမကလေးလည်း ပန်းပွင့်ပန်းခိုင်တို့အကြားတွင် ပျော်ရွှင်စွာပြေးလွှားကစားမြူးပျော်လျက် ပန်းခက်ပန်းခိုင်ကလေးများကို ယုယကြင်နာစွာ ဆွဲကိုင်နမ်းရှုပ်ပြီးလျှင် လှပန္ဒဲ့နှောင်းသော ပန်းခိုင်ကြီးများကိုလည်း ဝမ်းသာအားရဆွတ်ခူးကာ ဝေဝေဆာအောင် ခေါင်းပေါ်တွင် ပန်ဆင်လျက် ဝတ်ယက်ဖြင့် ပျော်ပါးသော ကိန္နရီမကလေးအလား သွယ်လျနွဲ့နှောင်းသော လက်ချောင်းကလေးများကို ဟန်နွဲ့ယိမ်းနွဲ့ ဘယ်ညာလှည့်၍ကပြီး အပျော်ကြီးပျော်နေသည်ကို တွေ့ရလေ၏။

ထိုသို့တွေ့ရပြီးနောက် ရှမ်းမကလေးသည် တဖြည်းဖြည်း မျက်နှာကလေးညိုကာ တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေရင်း တစ်ခါတစ်ခါလည်း တစ်စုံတစ်ယောက်ကို ပေါ်လာနိုးနှင့် ကြည့်မျှော်သူအလား လည်တိုင်ကလေးရှည်လှအောင် အမျှော်စိုက်နေသည်ကို တွေ့ရလေ၏။

သို့နှင့်လည်း မျှော်သူမှာမပေါ်လာ၊ ရှမ်းမကလေးမှာ မျက်နှာညှိုးငယ်ရာမှ မျက်ရည်ကလေးကို သုတ်စပြုနေလေ၏။ ထိုအခိုက်တွင် တောအုပ်၏တစ်ဖက်မှ စူးဝါးနက်ကျယ်သော တောခွေးအူသံများ အဆက်မပြတ်ကြားရပြီး တောတန်းထဲမှမည်းနက်သော သတ္တဝါကြီးတစ်ကောင် ပေါ်ထွက်လာသည်ကို တွေ့မြင်ရလေ၏။

ထိုအကောင်ကြီးလည်း တဖြည်းဖြည်း တောင်ကုန်းကလေးရှိရာသို့ရောက်လာခဲ့ရာ ၎င်းမှာမျောက်ဝံကြီးအလား အမွေးစုတ်ဖွားနှင့် ကြီးမားထွားကြိုင်းသော သရဲကြီးဖြစ်နေလျက် ပါးစပ်မှငေါ်ထွက်နေသော အစွယ်ကြီးများနှင့် ပြူးကျယ်ဝင်းလက်သောမျက်လုံးကြီးများမှာ ရှမ်းမပျိုကလေးရှိရာသို့ နှုတ်ခမ်းတပြင်ပြင်နှင့် ကြည့်နေပြီး ထိုသရဲကြီး၏နောက်မှလည်း မီးခဲတမျှနီရဲလှသော မျက်လုံးများနှင့် နီရဲသောလျှာကြီးတွဲလွဲချကာ လိုက်ပါလာကြသော ခွေးနက်ကြီးများကို တွေ့မြင်ရလေ၏။

သရဲကြီးလည်း ရှမ်းမကလေးအပါးသို့ တရွေ့ရွေ့နီးသွားလေရာ ရှမ်းမကလေးမှာ မိမိအနီးသို့ သရဲကောင်ကြီးရောက်နေမှန်းမသိဘဲ တစ်စုံတစ်ယောက်ကို စွဲစွဲလမ်းလမ်းစောင့်မျှော်လျက် ရှိလေ၏။

ထို့နောက် သရဲကြီးလည်း ရှမ်းမကလေးအနီးတွင် ရပ်ကာ မည်းနက်သော လက်ကြီးဖြင့် ပခုံးကိုကိုင်ဖမ်းယူလိုက်ရာ ရှမ်းမကလေးမှာ ငယ်သံပါအောင် အော်ဟစ်ပြီး အကြောက်ကြီးကြောက်ကာ အရုပ်ပမာ သတိလစ်ကာ ပျော့ခွေကျသွားသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း ရှမ်းမကလေးမှာ လူသားစင်စစ်မဟုတ်ဟု သိရှိရိပ်မိပြီးဖြစ်သည့်အတိုင်း ရုတ်တရက် ဝင်ရောက်ကူညီခြင်းမပြုသေးဘဲ ၎င်းတို့၏အရိပ်အကဲကို စောင့်ကြည့်မြဲကြည့်နေခဲ့ရာ သရဲကြီးမှာ ရှမ်းမကလေးကို လက်နှစ်ဖက်နှင့်ကိုင်မြှောက်ပြီး ဖြူဖွေးနုထွတ်သော ကုပ်ကလေးကို ချိုးလျက်၊ ထက်မြက်သောအစွယ်ကြီးများနှင့် တအားကုန် သွေးစုတ်သောက်လိုက်လေရာ နီရဲသောသွေးစက်များမှာ သရဲကြီးပါးစပ်မှပင် ဖိတ်စင်လျှံကျလာလေ၏။

ခွေးနက်ကြီးမှာလည်း အောက်သို့ဖိတ်ကျလာသော သွေးစ, သွေးနများကိုလျက်ပြီး အမြီးတနန့်နန့်နှင့် ပျော်ရွှင်သော အမှတ်လက္ခဏာကို ပြကြလေ၏။

သရဲကြီးလည်း ပျော့ခွေနွမ်းလျနေသော ရှမ်းမကလေးအား လက်တစ်ဖက်နှင့်လည်ပင်းမှ ကိုင်ဆွဲကာ ကျောက်ဂူကလေးကို လက်တစ်ဖက်တည်းနှင့်ဖြဲ၍ ရှမ်းမကလေးကို ဂူအထဲသို့ပစ်ချလိုက်လျက် လက်နှစ်ဖက်နှင့် ဂူကိုပြန်ဆက်ခဲ့ပြီး ခွေးနက်ကြီးများနှင့်အတူ လာလမ်းအတိုင်း ပြန်သွားသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း ၎င်းတို့မှာ မည်ကဲ့သို့အဆက်ရှိ၍ မည်ကဲ့သို့ ဖြစ်ကြရသည်ကို မတွေးတတ်ဘဲရှိကာ သနားစရာကောင်းသောကျောက် ဂူကလေးကို တရေးရေးကြည့်၍စဉ်းစားရင်း လင်းအားကြီးလောက်မှ အိပ်ပျော်ခြင်းသို့ ရောက်ရလေသတည်း။

***

နံနက်လင်းသောအခါ ဆရာကြီးအတွက် ဝတ္တရားမပျက် ဝတ်ကြီး, ဝတ်ငယ်တို့ကို လုပ်ကိုင်ပေးပြီး ညဥ့်ကတွေ့မြင်ရသောအဖြစ်အပျက်များကို သတိရကာ ကျောက်ဂူကလေးရှိရာသို့ ထွက်လာခဲ့လျှင် ဂူကလေးမှာ ညဥ့်အခါက ထက်ခြမ်းကွဲရာမှ စေ့သွားသည်ကို မျက်မြင်ဖြစ်သော်လည်း ယခုအနီးသို့

ရောက်သောအခါ အက်ကြောင်းရာကိုပင် မတွေ့မမြင်ရဘဲ ရှိစေကာမူ အနီး အနားတွင် ခွေးခြေရာများနှင့် ညဥ့်ကမြင်ရသော သရဲကြီး၏ တစ်တောင် ကျော်ကျော်မျှ ရှိမည်ထင်ရသော ခြေရာကြီးများကိုတွေ့မြင်ရပြီး ၎င်းအနီးတွင် ကစင့်ကရဲ ပြန့်ကျဲကျနေသော ပန်းခက်, ပန်းခိုင်များကို တွေ့ရခြင်းအားဖြင့် အဆိုပါနာနာဘာဝများ၏ ထူးခြားခြင်းကို အနည်းနည်း စဉ်းစားခန်းဝင်လိုက် မိလေ၏။

ထိုအတွင်း ဂူကလေးတစ်ဖက်မှ ရှပ်ရှပ်, ရှပ်ရှပ်နှင့် ခြေသံတစ်ခုကို ကြားရပြီး ရှိုက်သံကြီးနှင့်-

"စောအုံမြရေ-အို-စောအုံမြရဲ့၊ မောင်ကြီးလာပြီ နှမရဲ့၊ မောင်ကြီး ဒုက္ခရောက်နေရစ်သလောက် နှမကလေးမှာတော့ အေးချမ်းပါပေရဲ့ကွယ်၊ စောအုံမြကလေးအတွက် မောင်ကြီးဘယ်လိုရှူးနေရစ်ရတယ်ဆိုတာ ဂူထဲက ထပြီး ခဏလောက်ကြည့်ပါဦးလား နှမရဲ့၊ နှမလေးကို တွေ့ချင်လွန်းလို့ အသက် စွန့်ပြီးနံနက်တိုင်းလာကြည့်ရင်း အလွမ်းမီးတွေအပြင်းတောက်လောင်နေရတဲ့ စောဖဦးတစ်ယောက်ကို ဒီအပူတွေအေးအောင် နှမလေးဘာဝလိုက်ပါရစေ၊ မြန်မြန်ခေါ်လှည့်ပါ စောအုံမြရဲ့"

ဟု အူလှိုက်, သည်းလှိုက် တစ်ယောက်တည်း စိတ်ရှိ, လက်ရှိ ပူဆွေး မြည်တမ်းနေသော အသံကို ကြားရသဖြင့် ကျွန်တော်လည်း ရုတ်တရက် အံ့အားသင့်၍ နားထောင်နေမိပေ၏။

ကြားရသောအသံမှာလည်း ယောကျ်ားရင့်မာကြီးဖြစ်လင့်ကစား လွန်စွာ ပူလောင်ချောက်ချားနှလုံးသားဆွေးမြေ့လျက် နက်နက်နဲနဲ အသည်းကို ဖောက်ခွဲထွက်လာသော အသံကြီးမျိုးဖြစ်လေရာ ယခင်ကြားရသကဲ့သို့ပင် အမျိုးမျိုးဖွဲ့နွဲ့မြည်တမ်းလျက် ရှိနေပြန်၍ ကျွန်တော်ပင်လျှင် သနားခြင်း, ဝမ်းနည်းကြေကွဲခြင်းများ အကြောင်းမဲ့ဖြစ်ပေါ်လာမိလေ၏။

သို့နှင့်လည်း ထိုသူမှာ သေဆုံးသူအတွက် ပရိဒေဝမီးမသိမ်း မဆည်း နိုင်အောင် တောက်လောင်နေရှာသဖြင့် သင်္ခါရဓမ္မနှင့်တရားပြလျက် သက်သာ ရာရစေခြင်းငှာ ထိုသူရှိရာသို့ထွက်လာခဲ့ပြီးလျှင် အနီးတွင်ရပ်နေရာ ထိုသူမှာ အထက်တန်းစားနှင့်တူသော ရှမ်းလူပျိုလူရွယ်တစ်ယောက်ဖြစ်၍ တောင်ခြေ

တွင် ၎င်းစီးလာသော မြင်းချိတ်ထားသည်ကို တွေ့မြင်ရသောကြောင့်လည်း အတော်ဝေးကွာသောခရီးမှ လာရသူဖြစ်ကြောင်းသိရပြီးလျှင် ၎င်းကိုယ်တွင် လွယ်ထားသော ငှက်ကြီးတောင်စားရှည်ကြီးကို မြင်ရခြင်းအားဖြင့်ပင် ထိုသူတွင် အနှောင့်အယှက် ရန်စနက်မကင်းကြောင်း သိနိုင်လေ၏။

၎င်းကား ကျွန်တော့်ကိုမမြင်၊ ကျောက်ဂူကလေးကို ခေါင်းနှင့်တိုက်ကာ စိတ်ရှိလက်ရှိ ပရိဒေဝမီးတောက်နေရှာသည်တွင် ကျွန်တော်လည်း နောက်ဆီမှအသံပြုလိုက်လေ၏။ ပူဆွေးငိုကြွေးနေသော ယောကျ်ားပျိုသည် လူသံလိုလို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် ခေါင်းထောင်ကာ ထက်လှစွာသော ငှက်ကြီးတောင်စားကို အိမ်မှချွတ်ပြီး ဒေါသကြီးသောမျက်နှာနှင့် ကျွန်တော့်ကို စိမ်းစိမ်းဝါးဝါးကြည့်ကာ . . .

"ခင်ဗျား . . ကျွန်တော့်ကို နယ်ကျူးလွန်မှုနဲ့ ဖမ်းဖို့လာသလား၊ ခင်ဗျားတို့စော်ဘွားက မတရားသဖြင့် ကျုပ်ကိုချုပ်ချယ်ပေတဲ့ ကျုပ်ရည်းစားဂူကို ဘယ်နည်းနဲ့မှ မလာဘဲမနေနိုင်ဘူး၊ ဖမ်းချင်ဖမ်း၊ ကျုပ်ကိုအရှင်ဖမ်းချင်သလား၊ အသေဖမ်းချင်သလား၊ လာခဲ့"

ဟု ပြောကာ၊ ပြိုးပြိုးပြောင်ပြောင် အရောင်တလက်လက်ဖြစ်သော ထက်မြသည့်ငှက်ကြီးတောင်စားကြီးကို တအားချွတ်ကာ ခုခံကာကွယ်ရန် ဝှေ့ရမ်းရင်း ပြောနေသောကြောင့် ကျွန်တော်လည်း အနည်းငယ်ပြုံးမိကာ-

"မောင်ရင် . . ကျုပ်မောင်ရင့်ရန်သူမဟုတ်ပါဘူး။ ခရီးသွားရင်း ဂူကလေး လှလွန်းလို့လာကြည့်ရာက မောင့်အသံကြားလို့"

ဟု ပြောလိုက်မှ ရှမ်းသူငယ်လည်း ဓားကြီးကို ဓားအိမ်သို့ ပြန်သွင်းပြီး . . .

"စိတ်မရှိပါနဲ့ နောင်ကြီးရယ်၊ ကျွန်တော်က ဒီနယ်မှာရန်သူများရှိတဲ့အတွက် ရုတ်တရက်ဆိုတော့ အထင်လွဲမိပါတယ်"

ဟု ပြောကာ . . ကျောက်ဂူကလေးကို ယုယစွာမှီရပ်နေလေ၏။

"မောင်-ဒီနယ်ထဲက မဟုတ်ဘူးလား၊ ဒီဂူကလေးနဲ့ မောင်နဲ့ ဘယ်လို စပ်သွယ်လို့ ခုလိုလာပြီး ဒုက္ခမီးတောက်နေရတာလဲ၊ မောင်ရင်ရဲ့"

"ဒီဂူကလေးဟာ ကျွန်တော်ရဲ့ အသက်တမျှ ချစ်လှတဲ့ရည်းစား စောအုံမြဂူပါနောင်ကြီးရယ်၊ ကျွန်တော်လည်း အစကတော့ဒီနယ်သားပါ။ ခုတော့ ကျွန်တော့်ကိုမတရားသဖြင့် ဒီနယ်က ထုတ်ပယ်ထားတဲ့အတွက် တစ်နယ်မှာ သွားနေရပါတယ်"

"ဘယ်လိုဖြစ်ကြတာလဲ၊ မောင်တို့အဖြစ်အပျက်ကို ပြောစမ်းပါ။ ကျုပ်လည်း ဒီဂူရဲ့အကြောင်းသိတန်သလောက် သိမြင်ထားတာရှိတဲ့ အတွက် မောင့်စကားနဲ့ဆက်ကြည့်ပြီး မောင်စိတ်ချမ်းသာမယ့်နည်း ပေါ်ပေါက်လာရင်လည်း ကျုပ်ကူညီပေးခဲ့ပါ့မယ်၊ ကျုပ်တို့ဟာ အထက်လမ်းမှော်ဆရာတွေပဲ မောင်လည်း အားကိုးတန်သရွေ့ အားကိုးနိုင်ပါတယ်"

ဟု ပြောလိုက်သည်တွင်မှ ရှမ်းလုလင်သည် လန်းရွှင်အားတက်သောမျက်နှာသို့ ပြောင်းသွားပြီး ကျွန်တော်တို့၏အနီးသို့တိုးကပ်ကာ . . .

"နောင်ကြီး ဒီဂူကလေးရဲ့အကြောင်းကို ဘယ်လိုများသိပါသလဲ နောင်ကြီးရယ်၊ စောအုံမြဟာ အစိမ်းမကလေးများ ဖြစ်နေရှာသလား၊ ဒီလိုများ ဖြစ်နေရင် ကျွန်တော်သူ့ကို မြင်ရုံကလေး မြင်ရဦးကျေနပ် ပါတယ် နောင်ကြီးရယ်၊ ကိုယ်တိုင်ပြပေးစမ်းပါ"

ဟု ခယတောင်းပန်လေ၏။

"အစိမ်းဖြစ်သလား၊ ဘာဖြစ်သလားတော့ မသိပါဘူးလေ၊ မောင်မြင်ချင်ရင် ညကျတော့ပြမယ်၊ ဒါပေတဲ့ မောင်တို့ အတ္တုပ္ပတ္တိကလေးကိုလည်း ကျုပ်ကိုပြောဦးမှပေါ့"

"ဟုတ်ကဲ့နောင်ကြီးရယ် ပြောပါ့မယ်၊ ကျွန်တော်တို့အဖြစ် အပျက်ဟာ အတော်ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်ပါပဲ၊ ကဲ-ကဲ-အေးအေးဆေးဆေးပြောရအောင် ဒီမှာထိုင်ပါဦး နောင်ကြီးရယ်"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း ၎င်းအနီးရှိကျောက်တုံး တစ်တုံးပေါ်တွင် ဝင်ထိုင်ရလေ၏။

"ကျွန်တော်တို့ အကြောင်းက ဒီလိုပါနောင်ကြီးရယ်၊ ကျွန်တော်ဟာ ဒီနယ်က ထမုံသူကြီး ဆယ့်နှစ်ယောက်အပေါ်မှာ အုပ်စိုးပိုင်ခွင့်ရှိတဲ့ မြို့စားကြီးတစ်ဦးရဲ့သား ဖြစ်ပါတယ်၊ ဒီကျောက်ဂူကလေးထဲက အလောင်းကတော့

သွားလေသူကျွန်တော့်ရည်းစား စောအုံမြရဲ့ အလောင်းဆိုတာ နောင်ကြီး သိပြီးသားပါ။ အဲ-ဒီစောအုံမြဟာ သာမန်လူစားရဲ့ သားသမီးမဟုတ်ဘဲ ဒီနယ်ရဲ့ အကြီးအကဲဖြစ်တဲ့ စော်ဘွားကြီးရဲ့သမီးပါ။ ဒီနယ်က စော်ဘွားကြီးဟာ နောင်ကြီးလည်းကြားဖူးပါလိမ့်မယ်၊ အခြားစော်ဘွားတွေထက် ကြီးကျယ်ခိုင်လုံပြီး အုပ်စိုးရတဲ့နယ်ကြီးဟာလည်း အင်မတန် ကျယ်ပါတယ်၊ ဩဇာအာဏာလည်း တစ်နယ်လုံးရဲ့အပေါ်မှာ များစွာညောင်းတဲ့ စော်ဘွားကြီးဖြစ်ပါတယ်"

"ကျွန်တော်လည်း မြို့စားကြီးတစ်ဦးရဲ့သားဖြစ်လေတော့ စော်ဘွားကြီးရဲ့ဟော်နန်းမှာ မကြာမကြာသွားပြီး အဖေ့ကိုယ်စား အမှုထမ်းရပါတယ်၊ အဲ-ဒီလို အဆက်အသွယ်ဖြစ်နေရင်း သမီးတော် စောအုံမြအဆောင်ကိုလည်း မကြာခဏလက်ဆောင်အပို့အသရောက်ရပြီး သမီးတော်ကလည်း စောင်းတီးသင်ချင်နေတုန်း ကျွန်တော်ကလည်း စောင်းတီးတဲ့ပညာကို အတော်ကလေး လေ့လာထားဖူးတဲ့အတွက် သမီးတော်စောအုံမြကို စောင်းတီးသင်ပေးဖို့ အကွက်ပေါ်လာပါတယ်။ အဲ- ဒီလို စောင်းတီးသင်ကြရင်းနဲ့ ကျွန်တော်နဲ့ စောအုံမြဟာ တစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရင်းနှီးပြီး တကယ့်မေတ္တာစစ်နဲ့ အချစ်ကြီးချစ်နေကြပါတယ်။ သူ့အဖေကစော်ဘွား၊ ကျွန်တော်က လက်အောက်ခံကျေးတော်မျိုးဖြစ်တဲ့ မြို့စားသားဆိုတော့ အဆင့်အတန်းချင်းကွာခြားလို့ စော်ဘွားကြီးကလည်း စိတ်ချပြီး သူ့သမီးတော်ကို စောင်းတီးသင်ခွင့်ပြုထားတဲ့အတွက် ကျွန်တော်တို့လည်း ဘယ်သူမှမရိပ်မိအောင် အချစ်ကို လျှို့ဝှက်ထားကြပါတယ် . . .

သို့သော် ချစ်သူတို့ထုံးစံအတိုင်း ချစ်တင်းဖွဲ့ဆိုပြီး အချစ်ရဲ့ ထုံးစံကြီးအရ ချစ်ခင်ကြည်ဖြူမေတ္တာသွေးဆူတိုင်း နှစ်ကိုယ်တူချိန်းဆိုပြီး ဟော-ဟိုရှေ့က တောအုပ်ကလေးမှာ မကြာမကြာလာတွေ့ဆုံလို့ အချစ် ဇာတ်လမ်းကို အစွမ်းကုန်ခင်းကြပါတယ်။ အဲ-ဒီတောအုပ်ကလေးမှာ ကျွန်တော်တို့ ကိုးကွယ်တဲ့ မိရိုးဖလာနတ်စင်တစ်ခုလည်း ရှိပါတယ်၊ စောအုံမြဟာ နတ်စင်ကို ကန်တော့ပသဖို့ရမယ်ဖွဲ့ပြီး သူ့ဖခင်စော်ဘွားကြီးကို အခွင့်ပန်လို့ ယုံကြည်စိတ်ချရတဲ့ အခြွေအရံနှစ်ယောက် သုံးယောက်နဲ့ လာမြဲဖြစ်ပါတယ်။

ကျွန်တော်ကလည်း ဟောဒီဂူကလေးတည်မယ့် ကုန်းကလေးပေါ်က အမြဲစောင့်ပြီး တစ်ယောက်နဲ့တစ်ယောက် အချစ်ရှိသလောက် ဖွင့်ပြီးချစ်တင်းနှီးနှောကြတဲ့အခါ စောအုံမြကလေးမှာလည်း ကျွန်တော့်ကို အသည်းရောအူပါ နက်နက်နဲနဲချစ်ရှာလွန်းလို့ "မောင်ကြီးရယ် အစောနဲ့မောင်ကြီး ဘယ်တော့များမှနီးရပါမတုံး၊ ခုလို တိတ်တဆိတ်တွေ့နေကြရုံနဲ့ ပြီးရတော့မှာလား မောင်ကြီးရဲ့" လို့ ညည်းညည်းညူညူ ပြောရှာတဲ့အခါမှာ ကျွန်တော့်မှာလည်း စောအုံမြနည်းတူ နောင်ရေးအတွက် တွေးပြီးပူမိတာနဲ့-

"မောင်ကြီး ဘယ်လိုကြံရပါ့မလဲအစောရယ်၊ အစောက တော်ကြီးဘုရားသမီးဖြစ်နေလို့ မောင်ကြီးကြံဖို့ သိပ်ခက်နေတယ်၊ မောင်ကြီးတို့နဲ့ ဂုဏ်ရည်တူသမီးသာဆိုရင် ဘယ်လိုဖြစ်ဖြစ် ဖွတ်နှစ်ကြံဝံ့ပါတယ်၊ ခုလို အစောနဲ့မောင်ကြီးတို့ ချစ်နေကြတာ၊ တော်ဘုရားသိသွားတဲ့တစ်နေ့ ဒုက္ခတွေ့ကြရမှာပဲဆိုတာ မောင်ကြီးတွေးမိတိုင်း ပူနေတာပဲအစောရဲ့၊ ဘယ်နည်းနဲ့မဆို အစောကို မောင်ကြီးနဲ့ သဘောတူမှာမဟုတ်ဘူး၊ ဂုဏ်ချင်းကမမျှတော့ သဘောတူနိုင်ကြဖို့လည်း ခက်သားကလား၊ မောင်ကြီးသာ စော်ဘွားတစ်ဦးတစ်ယောက်ရဲ့သားဆိုရင် အင်မတန်နေရာကျမှာ၊ ခက်ပါတယ်အစောရယ်၊ မောင်ကြီးနဲ့အစောတို့ရဲ့အချစ်ဟာ တစ်နေ့ကျရင် အလွမ်းနဲ့ဇာတ်သိမ်းရမှာ မုချပဲလို့" ရှေ့အဖို့အကျပ်အတည်းကိုတွေးပြီး စိတ်မအေးတဲ့အတိုင်းပြောမိတဲ့အခါ-

စောအုံမြကလေးမှာလည်း မနည်းကြီးငေးစိုက်သွားရှာပြီး "ဟုတ်တာပဲမောင်ကြီးရယ်၊ အစောတို့အချစ်ဟာ တကယ့်ကိုချစ်တဲ့ အချစ်စစ် အချစ်မှန်မို့ အနှောင့်အယှက်အဖျက် အဆီးအတားရန်တွေနဲ့တော့ ဆက်ဆက်ကြီးတွေ့ရလိမ့်မယ်ထင်တယ်၊ ဒီတော့မောင်ကြီးနဲ့ အစောဟာ ဘယ်အခါမှ သစ္စာမဖောက်ကြစတမ်း ဘယ်လိုဘေးဒုက္ခနဲ့တွေ့တွေ့၊ အချစ်ငွေ့မပြယ်ဘဲ ဘယ်သူနဲ့မှအိမ်ထောင်မပြုစတမ်းဆိုတာ ကျမ်းသစ္စာကျိန်ဆိုထားကြရအောင် မောင်ကြီးရဲ့၊ ဒီတော့မှအစောကလည်း မောင်ကြီးကိုစိတ်ချ၊ မောင်ကြီးကလည်း အစောကိုစိတ်ချမယ်၊ အစောကလည်း မောင်ကြီးကလွဲပြီး ဘယ်သူ့ကိုမှ မေတ္တာမမျှနိုင်တဲ့အတူ စောစောစီးစီးက သစ္စာမူထားမယ်မောင်ကြီးရယ်"လို့ ပြောတဲ့အခါ-

ကျွန်တော့်အတွက်က အရေးမကြီးပေတဲ့ သူကလေးအတွက် အနှောင့်အယှက်တွေ အရေးတကြီးပေါ်ထွက်လာမှာမြင်ပြီး သစ္စာရေသောက်ထားတဲ့ စောအုံမြကလေးသာ ဒုက္ခပိုရှိရှာတော့မယ်ဆိုတာ စဉ်းစားမိတာနဲ့ "သစ္စာရေသောက်တာက အရေးမကြီးဘူး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး အစောမှာ အငိုလွယ်လို့ အရှိုက်ခက်မှာ မောင်ကြီးတွေးသနားတယ်၊ မောင်ကြီးမှာ ယောကျ်ားသားဖြစ်လို့ ကိစ္စမရှိဘူး၊ အစော အစောအတွက်က ခက်လိမ့်မယ်၊ အစောဘက်က အနှောင့်အယှက် အဖျက်အဆီးပေါ်ရင် အစောကို သစ္စာရေက ချုပ်ထားတဲ့အတွက် အစောသာ စိတ်မချမ်းမသာဖြစ်ရမယ်၊ အစောမေတ္တာကို မောင်ကြီးယုံကြည်ပါတယ်၊ အစောသစ္စာရေသောက်ဖို့မလိုပါဘူး၊ မောင်ကြီးအတွက်သာ အစောစိတ်ချလောက်အောင် သစ္စာရေသောက်ပြပါရစေ"လို့ ပြောတာကိုပဲ စောအုံမြမှာသဘောမကျနိုင်ဘဲ နှစ်ယောက်အတူ သစ္စာမူဖို့ကိုသာ အတင်းပြောနေတာနဲ့ သူ့သဘောကိုလိုက်လျောပြီး နောက်တစ်ကြိမ် ဒီနေရာကိုလာရင် သစ္စာရေသောက်ဖို့ ချိန်းလိုက်ရပါတယ်နောင်ကြီးရယ်။

အဲဒါနဲ့ နောက်တစ်ကြိမ် ဒီတောအုပ်ကလေးထဲက တွေ့နေကျနတ်စင်မှာချိန်းတွေ့ကြတဲ့အခါ သူ့လက်ထဲမှာ ရွှေဖလားတစ်လုံးနဲ့ ကျောက်စီရွှေဓားရိုးတပ်ထားတဲ့ သေးငယ်လှတဲ့ဓားမြှောင်ကလေးတစ်ခု ပါလာတာတွေ့ရပြီး အမွှေးနံ့သာတွေပက်ဖျန်းထားတဲ့ ကန်တော့ပွဲတစ်ပွဲ၊ ကြက်ကောင်ကြော်၊ ငှက်ကောင်ကြော်များလည်း ငွေလင်ပန်းကြီးနဲ့ ပြင်ဆင်ထားပြီး ငွေဖလားကြီးတစ်ခုထဲမှာလည်း ကချင်ပြည်နယ်ဖြစ် အကောင်းဆုံးခေါင်ရည်များထည့်ပြီးပြင်ဆင်ထားတယ်၊ ကျွန်တော်ရောက်တဲ့အခါ ဒီကန်တော့ပွဲနဲ့ ခေါင်ရည်များကို မိရိုးဖလာနတ်စင်မှာ ပသတင်မြှောက်အသိသက်သေထားလို့ ရွှေဖလားထဲမှာ ခေါင်ရည်တစ်ဝက် ထည့်ခပ်ပြီး ရွှေဓားမြှောင်ကလေးနဲ့ သူ့လက်မောင်းသွေးနဲ့ ကျွန်တော့်လက်မောင်းသွေးများဖောက်ထုတ်ကာ ခေါင်ရည်တစ်ဝက်ပါတဲ့ ခုနကရွှေဖလားထဲထည့်ပြီး လက်မောင်းသွေးနဲ့ခေါင်ရည်ကို ရောနှောမိအောင် နဟ်တင်ထားတဲ့သဇင်ခက်ကလေးနဲ့မွှေပြီး နတ်ရုပ်ကြီးရှေ့မှာ ကန်တော့ပွဲ၊ ပွဲရံများနဲ့အတူ တင်မြှောက်ပသပြန်ပါတယ်။

"အသင်နတ်မင်း၊ ကျွန်တော်, ကျွန်မတို့ရဲ့ ချစ်ခြင်းကိုခိုင်မြဲအောင် စောင်မတော်မူပါ။ ကျွန်ုပ်တို့ရဲ့အချစ်သည် မကွဲမကွာတစ်သက် လုံးခိုင်မြဲပါစေ၊ အနှောင့်အယှက်အဖျက်အဆီးများကို အသင်နတ်မင်း ဖယ်ရှားပဟားမြစ်ပေး တော်မူပါ၊ ကျွန်ုပ်တို့နှစ်ယောက်ရဲ့ လက်ရိုးသွေးနဲ့ ခေါင်ရည်ကိုပေးဆက်ပါ တယ်၊ ကျွန်ုပ်တို့နှစ်ဦးလည်း အသင့်ရှေ့တွင် အချစ်မပြယ်စတမ်းသစ္စာရေ သောက်ကြမည်ဖြစ်ပါ၍ အသိသက်သေပြုပြီး နောင်ခါသစ္စာမတည် လော်လီ ဖောက်ပြန်သူ၏နှလုံးသားကို အသင်နတ်မင်းခေါင်ရည်နှင့်သုံးစားတော် မူပါ" ဟု စိတ်အားထက်သန်စွာ သစ္စာပြုကြပြီး ရွှေဖလားထဲက သွေးနဲ့ခေါင်ရည်ကို တစ်လှည့်စီကုန်အောင် သောက်လိုက်ကြပါတယ်။

အဲဒီလိုသောက်ပြီးကြတဲ့နောက် ကျန်တဲ့ခေါင်ရည်များနှင့် တြက်ကြော်, ငှက်ကြော်များကို ကျွန်တော်တို့နှစ်ယောက်နဲ့တကွ နောက်ကပါလာကြတဲ့ လူယုံတော်အခြွေအရံမကာလေးများပါ ပျော်ပျော်ပါးပါးစားသောက် မူးယစ်ပြီး ထိုနေ့က ကျွန်တော်တို့နှစ်ယောက် ထူးထူးခြားခြားအချစ်ကြီးချစ်ပြီး အပျော်ကြီး ပျော်ပစ်လိုက်ကြပါတယ်။ အဲဒီလို သစ္စာပြုပြီးကြတဲ့နောက်လည်း ဟော်ထဲမှာ က္ကန္ဓြေမပျက်စောင်းတီး သင်ရင်းနဲ့ မကြာခဏ တောထဲထွက်ပြီး နတ်စင်အနီးမှာ အပျော်ကြီးပျော်ခဲ့ကြပါတယ်။ ကျွန်တော်တို့ကလည်းဟန် ကောင်း၊ အခြွေအရံကလေးများကလည်း နှုတ်လုံကြတော့ ကျွန်တော်တို့ အဖြစ် အပျက်ကို အနံ့မထွက်အောင် လုံခြုံနေတဲ့အတွက် စော်ဘွားကြီးနဲ့တကွ ဘယ်သူမှ မရိပ်မိကြပါ။

ဒါပေမယ့် ကျွန်တော်တို့ကံကြမ္မာက ဒုက္ခဖြစ်ရဖို့ ဖန်လာတဲ့အတွက် မကြာခင်ပဲ သမီးတော်စောအုံမြကို အခြားနယ်က စော်ဘွားသားကျမိုင်း ကလေးတစ်ယောက်နဲ့ လက်ထပ်ပေးရန် ကြောင်းလမ်းစေ့စပ် ပြီးတဲ့အကြောင်း သိရပါရောနောင်ကြီးရဲ့၊ အဲဒီအခါကများ ရှေ့မှာ မသိလိုက်, မသိပါနေရ ပေမယ့် နှစ်ယောက်သားမျက်လုံးချင်းဆိုင်မိတဲ့အခါ စိတ်မချမ်းမသာနဲ့ အသက်ပြင်းရှုလို့သာ နေရပါတယ်။ စောအုံမြကလည်း ကျွန်တော်စိတ်မ ချမ်းသာမှန်းသိလို့ လူလစ်တဲ့အခါတိုင်း "ခက်ကြပြီ ခက်ကြပြီ-အစောတို့ ဒုက္ခ ရောက်ဖို့စလာပြီမောင်ကြီးရယ်၊ ဒါပေတဲ့ အစော မောင်ကြီးကလွဲရင်

ဘယ်ကျမိုင်းသော ဘယ်စော်ဘွားသော ဘာပဲဖြစ်ဖြစ် မချစ်နိုင်ဘူး၊ အစော သစ္စာမဖျက်ဘူး၊ အစောတို့ နတ်ကြီးကလည်း ကြည့်မနေပါဘူး၊ အစောတို့ကို မစမှာပါပဲ၊ ဘာမှ အားမငယ်ပါနဲ့ မောင်ကြီးရဲ့"လို့ အားပေးရှာတဲ့အခါ ကျွန်တော်ဖြင့် သူနဲ့ ဘယ်နည်းနဲ့မှ မပေါင်းရဘူးဆိုတာ အမြဲတွက်ထားမိတဲ့ အတွက် စိတ်လက်မကောင်းတာကြောင့် မျက်နှာမသာယာဖြစ်နေမိပါတယ်၊ အဲဒီလို ကျွန်တော်မျက်နှာ မကောင်းတာမြင်လေ၊ အစောမှာလည်း စိတ် မချမ်းသာလေဖြစ်ပြီး နတ်ကြီးကိုသာ တိတ်တဆိတ်ကြိတ်ပြီး ဆုတောင်း နေရှာတာ တွေ့ရပါတယ်။

ဒါပေတဲ့ မင်္ဂလာကိစ္စကြီးဟာ တစ်နေ့တခြားနီးကပ်လာပြီး စော်ဘွား ကြီးကိုယ်တိုင် သမီးတော်ကိုကျမိုင်းကလေးစောတောက်ထွန်းနဲ့ လက်ထပ်ရန် ရက်ကန့်သတ်ပြီးကြောင်း အမိန့်ရှိတဲ့အခါ စောအုံမြမှာ လွတ်လပ်စွာနေလိုသေး ကြောင်း၊ အိမ်ထောင်မှုရေးအရှုပ်အထွေးကို ဂရုမပြုသေးဘဲ ခမည်းတော် လက်တွင်းသာ ပျော်ရွှင်စွာနေလိုသေးကြောင်း၊ ပရိယာယ်နှင့်အခွင့်တောင်း သော်လည်း စော်ဘွားကြီးက စကားကတိလွန်ပြီးကြောင်း၊ အိမ်ထောင်မှုရေးရာ မှာ အိမ်ထောင်ပြုသည့်အတွက် တစ်စုံတစ်ရာဝန်တက်ရန်မလို နဂိုအတိုင်း အဆောင်တော်ထဲတွင် ချမ်းသာစွာနေရမည်ပင်ဖြစ်ကြောင်း ပြောတဲ့အတွက် စောအုံမြမှာ အကြံအစည်ခက်ပြီး မျက်ရည်နှင့်မျက်ခွက် ဖြစ်နေပါတယ်။

အဲဒီလို မကြံနိုင်လက်မှိုင်ချနေရဆဲမှာပင် မင်္ဂလာနေ့ရက်ဟာ နီးသည်ထက်နီးလာပြီး ဟော်ကြီးတစ်ခုလုံးမှာ ရှိသည့်လူတွေဟာလည်း ဟိုက တစ်စု, ဒီကတစ်စု မင်္ဂလာအခမ်းအနားအတွက် လုပ်ကိုင်ပြင်ဆင် နေကြသည် ကို တွေ့ရတဲ့အခါ ကျွန်တော်တို့မှာ နှလုံးတုန်, ရင်တုန်ဖြစ်ပြီး အသည်း တထိတ်ထိတ်နှင့်နေကြရပါတယ်။ အစောမှာလည်း ကြံရာမရ ဖြစ်လွန်းမက ဖြစ်တာနဲ့ နောက်ဆုံးအရဲစွန့်ပြီး သူဖြင့်ဘယ်နည်းနဲ့မှ လက်ထပ်ဖို့ သဘော မမျှတဲ့အကြောင်း ခုခံပြောတဲ့အခါ စော်ဘွားကြီးမှာ သူ့ဩဇာအာဏာကို တော်လှန်ငြင်းဆန်ရမလားလို့ သမီးတော်ကိုအတော်ပဲမျက်ပြီး ဘယ်နည်းနဲ့ မှလက်မထပ်ဘဲမနေရ၊ မင်္ဂလာကိစ္စအတွက် အားလုံးပြင်ဆင်ပြီးလို့ ရက်ပိုင်း ကလေးမျှသာ လိုတော့တဲ့အတွက် တစ်နယ်လုံးက နယ်စား, မြို့စား, အမှုထမ်း

သားများနဲ့ စောတောက်ထွန်းဘက်က စော်ဘွားမြို့စားများပါ အားလုံးကုန် ပရိသတ်စုံညီရောက်လာကြောင်း ပြောလေတော့ အစောနဲ့ကျွန်တော်တို့မှာ ကြံရာ မရဒုက္ခကြီးရောက်ကြရ ပါတယ်နောင်ကြီးရယ်။

အချစ်ဆိုတာ ချစ်မိပြီဆိုမှဖြင့် မိုးမမြင်, လေမမြင်, မှန်ချင်မှန်, မှားချင်မှား၊ မျက်စိကန်း လမ်းသွားသလို မတရားသော, တရားသော ဘာမှ ဆင်ခြင်တွေးတောခြင်းမပြုနိုင်ဘဲ အသက်နဲ့လဲပြီး အရဲစွန့်ဝံ့ လောက်အောင် အသည်းနှလုံးကို ပူလောင်စေတတ်တဲ့အတိုင်း အစောမှာလည်း ဘခင်စော်ဘွားကြီးရဲ့ မျက်နှာကိုမငဲ့နိုင်၊ ကျွန်တော့်မှာလည်း ရာဇဝတ်ရေးအပြစ်ဘေးကြီးကို မသန့်နိုင်ဘဲ နောက်ဆုံးစွန့်ခြင်းကြီးစွန့်ပြီး တစ်ကိုယ်မြင်းတစ်ကောင်စီနဲ့ သန်းခေါင်ကြက်မတွန်ခင် နယ်လွန်အောင် ပြေးမဟဲ့လို့ ဇွတ်အတင်းထွက်ပြေးခဲ့ပါတယ်။ အစောမှာလည်း သူပိုင်ပစ္စည်းစိန်တွေ, ကျောက်တွေကို လွယ်အိတ်ကြီးတစ်ခုနဲ့လွယ်ပြီး ရှမ်းပုလိပ်အမှုထမ်းသားကလေးအသွင် ဝတ်ဆင်လို့ အချို့ကင်းတပ်ရှိတဲ့ စခန်းများကို ချောချောမောမော လွတ်မြောက်လာပြီး နောက်ဆုံးနယ် နိမိတ်ကျော်ဖြတ်ကာနီး စခန်းကြီးတစ်ခုရောက်မှ နောက်ကလိုက်ဖမ်းတဲ့ တပ်သားတွေမီလာပြီး ကျွန်တော်တို့ကိုတစ်ခါတည်း ဖမ်းလာကြတာပါပဲ။

ဟော်မှာလည်း ဒီအကြောင်းကို အပြင်လူများမသိရအောင် ဖုံးဖိထားပြီး အခန်းတစ်ခုထဲမှာ ကျွန်တော်တို့နှစ်ယောက်ကိုခေါ်လာပြီး စော်ဘွားကြီးကိုယ်တိုင် သမီးတော်ကို ဒေါသကြီးနှင့် အပြစ်ကြီးစွာတင်ပြီး ကြိမ်းမောင်းဆူပွက်ရင်ပဲ အစောကလည်းမခံဘဲ သမီးတော်မချစ်မနှစ် သက်တဲ့လူကို မကြည်ဖြူနိုင်ကြောင်းပြောတဲ့အခါ စော်ဘွားကြီးမှာ အလွန်တရာဒေါသထွက်ပြီး သမီးတော်ကို သေနတ်နဲ့ပစ်မယ်လုပ်တဲ့အခါ အစောမှာ မကြောက်မရွံ့ရင်ကော့ခံပြီး "သမီးတော် နှစ်သက်စုံမက်တဲ့ လူကိုပစ်ပြီး မချစ်မနှစ်သက်တဲ့လူကို ယူရမယ့်အတူဖြင့် သေအောင်သတ်တော်မူပါတော့လို့" ပြောလိုက်ရင်ပဲ စော်ဘွားကြီးမှာ ရင်သွေးဖြစ်တဲ့အတွက် မသတ်ရက်တော့ဘဲ လက်ထဲက သေနတ်ကြီးကို လွှတ်ချလိုက်ပြီး သမီးတော်ကို စူးစူးစိုက်စိုက်စိုက်ကြည့်ရာက-

ယောက်ျားရင့်မာကြီး မျက်ရည်တွေ တွေတွေစီးကျလျက်၊ "တစ်သက်လုံးအလိုလိုက်ခဲ့တဲ့သမီးတော်၊ ငါ့အဖေအရှက်ကို နင်ခွဲရက်တော့မလား၊

စောအုံမြ နင်ငါ့အရှက်ကိုခွဲမယ့်အတူ ငါ့ကိုအသေသတ်လိုက်ပေတော့”ဟု ပြောပြီး သေနတ်ကြီးကို သမီးလက်ထဲထည့်လိုက်တဲ့အခါ စောအုံမြမှာ မွေးဖခင်ရဲ့ဖြစ်ပုံကို တွေတွေကြီးစိုက်ကြည့်ပြီး တစ်ခါတည်း မေ့မြောသွားရှာတယ်၊ အဲဒီအခါကျမှ ကျွန်တော့်ကိုဖမ်းထားတဲ့လူတစ်စုဟာ စော်ဘွားကြီးအမိန့်နဲ့ ကျွန်တော့်ကိုအတင်းအကျပ်အချုပ်နဲ့ ခေါ်သွားပြီး နယ်ခြားကိုပို့လိုက်ပါတယ်၊ နောင်ကိုလည်း စော်ဘွားကြီးနယ်ထဲ ဘယ်အခါမှမလာရအောင် ပလိုက်ပြီး နောင်လာတာတွေ့ရင် အသေရရ၊ အရှင်ရရ ရသလိုဖမ်းစေလို့ အမိန့်ပြန်တမ်း ထုတ်ထားပါတယ်နောင် ကြီးရယ်”

“အော်-ဖြစ်မှဖြစ်ရလေစောဖဦးရယ်၊ နို့ မောင့်ချစ်သူ စောအုံမြ တော့ဘယ်လို”

“ဟုတ်ကဲ့ ကျွန်တော်ပြောပါဦးမယ်၊ အစောကလည်း ဝေခွဲမရနိုင်ဖြစ်ပြီး ယခုလက်ငင်းစော်ဘွားကြီးရဲ့ အကြိုက်လိုက်တော့မယ်၊ ဖခင်စိတ်ချမ်းသာရင်ပြီးရောဆိုတဲ့မနောနဲ့ သဘောရှိစိမ်ဖို့ အခွင့်ပြုလိုက်ပြီးရင် သူထင်သလိုလုပ်ဖို့ ကြိတ်ကြံထားတဲ့လက္ခဏာပါပဲ၊ အဲ-ဒါနဲ့ ချိန်းချက်တဲ့နေ့မှာ လက်ထပ်မင်္ဂလာ အခမ်းအနားကျင်းပပြီး ညနေစောင်း အချိန်ကျတော့ ကျွန်တော်တို့နယ်ကထုံးစံအတိုင်း သတို့သမီးနဲ့သတို့သားကို နှစ်ဖက် မိဘများနဲ့အတူ မိရိုးဖလာနတ်ကိုကန်တော့ဖို့ သွားကြပါတယ်၊ အစောဟာ နတ်စင်ကိုရောက်လို့ ကျမိုင်းကလေးနဲ့အတူ ကန်တော့ဖို့ ယှဉ်ပြိုင်ပြီး ထိုင်မိရင်ပဲ နတ်ရုပ်ကြီးကို စိမ်းစိမ်းဝါးဝါးစိုက်ကြည့်နေသတဲ့၊ သူ့စိတ်ထဲမှာ ကျွန်တော်နဲ့အတူလာပြီး သစ္စာရေသောက်ကြတာတွေ၊ နတ်ကြီးကို လက်ရုံးသွေးနဲ့ ခေါင်ရည်ပေးပြီး ဆုတောင်းခဲ့ရတာတွေ တရေးရေး တွေးမိလာဟန်တူပါတယ်။

တွေးရင်း, တွေးရင်း မျက်ရည်တွေစီးကျလာပြီး နတ်ရုပ်ကြီးကို စိတ်နာလာတယ်ထင်ပါရဲ့ ရုတ်တရက် ရှူးရှူးရှားရှားနဲ့ ဒေါသကြီးလာကာ နတ်ရုပ်ကြီးကို လက်ညှိုးထိုးပြီး “ဟဲ့ နတ်ယုတ်မာကြီး နင်ဟာသစ္စာမရှိဘူး၊ ငါတို့လက်မောင်းသွေးနဲ့ ခေါင်ရည်ပေးတာကိုသောက်ပြီး ငါတို့ ဒုက္ခရောက်နေတာကို နင်မကယ်ဘဲနဲ့ ပြောင်ပြောင်ကြီးကြည့်နေနိုင်ရက်တယ်၊ နင့်ကို ငါမကန်တော့ဘူး” ဆိုပြီး နတ်ရုပ်ကြီးကို နတ်စင်ပေါ်ကယူပြီး ကိုင်ပေါက်

လိုက်တယ်၊ ဒီနောက် နတ်အိုးတွေကိုရိုက်ခွဲ၊ နတ်ပန်းတွေဆွဲလွှင့်ပစ်၊ ကန်တော့ပွဲတွေ တွန်းလှဲပစ်လိုက်တာ၊ အတူပါတဲ့လူတွေဟာ ရုတ်ခနဲအံ့အားသင့်ပြီး ကြောင်ကြည့်နေရသတဲ့။

သူတို့နယ်မှာ အမြတ်တနိုး ကိုးကွယ်ထားတဲ့နတ်ကြီးကို သမီးတော်က မမျှော်လင့်ဘဲ ရုပ်ခနဲထပြီး စော်ကားလိုက်တဲ့အတွက် နတ်ကြီး စိတ်ဆိုးတော့မှာသိလို့ အသက်ထွက်တော့မလောက် ကြောက်ရွံ့တုန်လှုပ်နေကြတဲ့အခါ စော်ဘွားကြီးမှာလည်း ကသောင်းကနင်းဖြစ်နေတဲ့ သမီးတော် စောအုံမြကိုဆွဲထားပြီး "ဟဲ့-သမီး စောအုံမြ၊ ဘယ့်နှယ်ဖြစ်တာလဲ"လို့ ပြောနေတုန်း၊ နတ်စင်အောက်မှာ ရှိတဲ့သရဲငပေါကြီးအရုပ်ဟာ အလိုလိုယိမ်းယိုင်လှုပ်ရှားလာတာ မြင်ကြရသတဲ့၊ တောအုပ်ထဲက ကျားဟိန်းသံတွေ အဆက်မပြတ်ကြားရတော့ ပရိသတ်တစ်စုမှာ နတ်ကြီးကို တောင်းပန်ကြပြီး ကြောက်ဒူးတုန်နေကြဆဲ၊ စောအုံမြမှာ လူကိုယ်မမြင်ရဘဲ တစ်ယောက်ယောက်က ဘယ်လိုလုပ်လိုက်တယ်မသိ၊ ဇက်ကျိုးကျပြီး ဒယီးဒယိုင်သွေးရူး သွေးတန်းနဲ့ အော်ပြေးလိုက်တာ၊ ဟောဒီကုန်းတန်းကလေးပေါ် ကျမှ ပုံလျက်လဲသွားပြီး ပွဲချင်းပြီးသေဆုံးသွားရှာပါတယ်။

စော်ဘွားကြီးနဲ့တကွ ပါလာကြတဲ့လူစုလည်း စောအုံမြပြေးရာကိုလိုက်ကြတဲ့အခါ စောအုံမြရဲ့လည်မျိုမှာ တစ်လက်မလောက်ရှိတဲ့ အစွယ်ရာကြီး လေးပွင့်ဆိုင်သွေးရဲရဲနဲ့ ပွဲချင်းပြီးအသက်ကုန်နေတာတွေ့ရတာနဲ့ ဝမ်းနည်းပက်လက်ဖြစ်ကြပြီး နတ်ကြီးကိုတောင်းပန်ကာ အလောင်းကို ပွေ့ယူကြတော့ စောအုံမြရဲ့အလောင်းဟာ လဲကျတဲ့နေရာမှာပဲ ကျောက်တိုင်ကျောက်ခဲလို ခွာမရဘဲ စွဲမြဲကပ်တွယ်နေသတဲ့၊ လူတွေစုပြီး တအားကုန်မကြိုးသော်လည်း နည်းနည်းမှမကြွဘူးတဲ့ နောင်ကြီးရဲ့၊ အဲဒါနဲ့ အကြံရခက်နေတုန်း ရှမ်းမအပျိုတော်ကလေးတစ်ယောက်ကို သရဲငပေါကြီးဝင်ပူးပြီး "ငါ့နတ်ကြီး စိတ်ဆိုးတယ်၊ ငါ့နတ်ကြီးကို စော်ကားတဲ့အကောင်မကို နတ်ကြီးအမိန့်အရ လည်ချောင်းသွေးဖောက်သောက်လိုက်ပြီ၊ နင်တို့ ဒီအလောင်းကိုမယူရဘူး၊ ဒီအလောင်း ငါပိုင်တဲ့အတွက် ဒီနေရာမှာပဲ သင်္ဂြိုဟ်ရမယ်လို့ ပူးပြောတာနဲ့ စောအုံမြအလောင်းကို ဘယ်သူမှမယူဝံ့တော့ဘဲ ဒီနေရာမှာပဲ

အပေါ်က ကျောက်စလင်းဂူ ကလေးတည်ထားလိုက်ရပါသတဲ့နောင်ကြီးရယ်။

ကျွန်တော့်မှာ ဒီလိုဖြစ်ပျက်နေတုန်း နယ်ခြားမှာအချုပ်နဲ့ကျနေလို့ မလာရပါ၊ နောက်လက်ထပ်ပွဲပြီးလောက်မှ အချုပ်က လွှတ်လိုက်လို့ အစော ရဲ့သတင်းကို နယ်ခြားကနားထောင်တော့ ဒီအကြောင်းတွေကြားရတာနဲ့ သူတို့နယ်မလာရဘူးဆိုပေတဲ့ အစောရဲ့အလောင်းရှိတဲ့ဂူကလေးကိုမြင်ချင် လွန်းလို့ ဘာဖြစ်ဖြစ်ဆိုပြီး စွန့်လာခဲ့ရပါတယ်၊ ကျွန်တော်အစောအတွက် ဘယ်လောက်ဒုက္ခဖြစ်ရတယ်ဆိုတာ ရုပ်သာကြည့်ပါတော့ နောင်ကြီးရယ်၊ ဒီအနီးအနားက ဘယ်မှလည်းခွဲမသွားရက်လို့ ဂူကလေးနဲ့ အနီးဆုံးဖြစ်တဲ့ ဟိုဘက်နယ်စပ်မှာ အမြဲနေပြီး ကျွန်တော့်ရည်းစားရဲ့ ဂူကလေးကို နေ့တိုင်းလာ-လာကြည့်နေပါတယ်၊ တစ်နေ့နေ့ ကျွန်တော့်ကို တွေ့လို့ သူတို့ဖမ်းချင်လည်း ဖမ်းပါစေ၊ ကျွန်တော်လူ့ပြည်မှာ ကြာကြာမနေချင်ပါဘူး၊ အစောရှိတဲ့ဘဝကို မြန်မြန်ရောက်ပါစေလို့ ဆုတောင်းပါတယ်၊ ဒါပါပဲ နောင်ကြီးရယ်၊ ဒုက္ခသည် မကလေးဟာ ခုနေအခါ ဘယ်ဌာန, ဘယ်ဘဝများရောက်နေရှာပါလိမ့်မလဲ၊ ကျွန်တော့်ကို ရောက်ရာဘဝဆီက နည်းနည်းများ သတိရပါလေစဆိုတာ သိချင်စမ်းလှပါတယ်ခင်ဗျာ"

ဟု ပြောရင်း၊ စောဖဦး၏အသံများမှာ တုန်ရီလာပြီး မချုပ်မတည်း နိုင်၊ မျက်ရည်တွေ တဖြိုင်ဖြိုင်ကျလာရှာသည်ကို တွေ့ရလေရာ ကျွန်တော် လည်း အကြောင်းဆိုးသူနှစ်ဦးအား အထူးသနားကရုဏာသက်မိလေတော့၏။

"မငိုပါနဲ့ စောဖဦးရယ်၊ ယောကျ်ားပဲ အားတင်းမှပေါ့၊ သူ့ခမျာလည်း ဖြစ်ရာဘဝက မောင့်ကိုသတိရတဲ့လက္ခဏာပါပဲ"

ဟု ပြောလိုက်လျှင်၊ စောဖဦးတွင် စိတ်ဝင်စားလာပြန်ကာ-

"ဘာပြောတယ်နောင်ကြီးရဲ့၊ သူဖြစ်တဲ့ဘဝကနေပြီး ကျွန်တော့်ကို သတိရနေတယ်ဟုတ်လား၊ နောင်ကြီးဘယ့်နှယ်ကြောင့်သိရသလဲ၊ သူဘယ် ဘဝ ရောက်နေသလဲ၊ နောင်ကြီးနည်းနည်းပါးပါးသိရင် ကျွန်တော့်ကို တဆိတ် အမိန့်ရှိစမ်းပါခင်ဗျာ"

"ဘာဖြစ်နေတယ်ဆိုတာတော့ အခုမပြောနိုင်သေးဘူးမောင်ရဲ့၊ နောက်မှ ကျုပ်တို့အတတ်နဲ့ စစ်ဆေးပြီးပြောမယ်၊ အခုလောလောဆယ်

မြင်ချင်ရင်တော့ ယနေ့ည မောင့်ကို အတပ်မြင်ရအောင်ပြမယ်၊ သူ့ခမျာ မောင့်ကိုသတိရပုံပဲ၊ သို့သော်လည်း မောင်ပြောပြတဲ့ ဟို-သရဲကြီးရဲ့ရန်က ရှိနေရှာတယ်၊ ရောက်နေတဲ့ဘဝမှာတောင် ချောင်ချောင်ချိချိ စိတ်ရှိ, လက်ရှိ နေရပုံမပေါ်ဘူး၊ ကိုင်း-ကိုင်း-မောင့်ရည်းစားကိုမြင်ချင်ရင် ယနေ့ ည ညဥ့်နက် အောင်စောင့်ပေတော့"

"ကျေးဇူးပါပဲနောင်ကြီးရယ်"

"ဒီမှာမနေနဲ့မောင်၊ ကျုပ်တို့စခန်းချတဲ့နေရာ ဒီဘက်နား ကလေး မှာပဲရှိတယ်၊ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ဆရာကြီးလည်းပါသေးတယ်၊ တပည့်ငယ် ကလေးနှစ်ယောက်လည်းရှိတယ်၊ လာ-လာ-လိုက်ခဲ့"

ဟု ပြောကာ၊ ကျွန်တော်တို့စခန်းချရာ ညောင်မုတ်ဆိတ်ပင်ကြီး အောက်သို့ မြင်းနှင့်တကွ စောဖဦးကိုခေါ်လာခဲ့လေသတည်း။

***

ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီးအား စောဖဦး၏ အကြောင်း များကိုပြောပြကာ ညဥ့်အခါကတွေ့မြင်သော အဖြစ်အပျက်များကိုလည်း စောဖဦးကိုတစ်ဆင့်ပြောကြားခြင်းဖြင့် မူလကစိတ်လျှော့ လက်လျှော့အသက် ကိုသေပါတော့ဟု ဆုတောင်းနေမိသော စောဖဦးမှာ စောအုံမြကိုမြင်ရမည်ဆိုရုံ နှင့်ပင် သေရာမှပြန်ရှင်လာတော့မလောက် ဝမ်းမြောက်အားတက်နေရှာသည် ကို တွေ့မြင်ရလေ၏။

သို့နှင့် ထိုနေ့ ညနေအချိန် ရောက်သည့်တိုင်အောင် စိတ်အားထက် သန်စွာ စောင့်စားနေခဲ့ကြရာ နေခြည်ကင်းပျောက် ညဥ့်ဘက်သို့ ရောက်ခဲ့ပြီဖြစ် ၍ တောတောင်တစ်ဝိုက်တွင် မိုက်မှောင်မြည်းနက်လျက် တောကြက်, တော ငှက်တို့ အိပ်တန်းမှလန့်ဖျပ်ပျံသန်းကြသံနှင့် ပုစဉ်းရင်ကွဲတို့ဆူညံစွာ အော်မြည် သံ, ကျားဟိန်းသံ, တော်ဟီးသံများဖြင့် ကျောက်ပါးလိလိရှိတော့၏၊ ကျေးဇူးရှင် ဆရာကြီးမှာ ပုတီးဝတ်ဖြည့်လျက် ရှိလေ၏။ ဆရာတပည့်ငယ်နှစ်ယောက်မှာ ကား ကျွန်တော်တို့ပြောဆို တိုင်ပင်ကြသောစကားကြောင့် ထိုညအတွက် အထူးအဆန်းမြင်ရတော့မည်ဟု မအိပ်မနေ၊ တကဲကဲစောင့်၍နေကြလေ၏။

ယင်းသို့ စကားတပြောပြောနှင့် အချိန်ကိုဆိုင်းငံ့နေကြရာ အရှေ့ဘက်တောင်တန်းကြီးပေါ်မှ လဝန်းကြီးလည်း တစ်စတစ်စထက်ကြွ လာပြီဖြစ်သောကြောင့် အလင်းရောင်ဝင်စပြုသော တောကြီးမှာ ဝိုးဝါးမှုံထင်လာလေ၏။ ထိုမှတစ်ဆင့်ထက်တစ်ဆင့် လမင်းကြီးမြင့်ခဲ့လေရာ တောတောင်ကုန်းတန်းများလည်း ယခင်ကထက်ထင်ရှားစွာ ပေါ်လွင်လာလေ၏။

ကျွန်တော်နှင့် စောဖဦးတို့လည်း စိတ်အားထက်သန်စွာ စောင့်စားနေကြရာ နောက်ဆုံးတွင် လမင်းလည်း ထိန်လင်းကြည်လင် မြူနှင်းတွေကင်းစင်သဖြင့် မျက်မြင်အာရုံစုမှာလည်း တစ်ခုစီ, တစ်ခုစီ ပြတ်သားစွာ တွေ့မြင်နိုင်လေပြီ၊ တောင်ဘက်ဆီမှ တစ်ချက်တစ်ချက်ဝှေ့ရမ်းလိုက်သော လေကြမ်းကလေးအားဖြင့်လည်း ကျောက်ဂူကလေးအနီးရှိ ပန်းပင်များမှာ တယိမ်းယိမ်းတယိုင်ယိုင် အခိုင်ချင်းထိကာ, ထိကာ လှုပ်ရှားပြောင်းနွဲ့လျက်နေကြလေ၏။

ပန်းပေါင်းစုံမှ မွှေးထုံသင်းပျံ့သော ရနံ့ကလေးများမှာလည်း လေပြည်ထဲတွင် ပျော်မြူးပြေးလွှားကစားလျက်ရှိကြလေ၏။ ဤမျှသာယာသောအချိန်တွင် ကျောက်ဂူကလေး၏ နံရံတစ်ဖက်၌ မည်းနက်သော အရိပ်တစ်ခုသည် တဖြည်းဖြည်းပေါ်မှန်းမသိပေါ်လာသည်ကို တွေ့ရလေ၏။

"စောဖဦး ဟိုမှာကြည့် ဂူနံရံပေါ်မှာ အရိပ်တစ်ခုပေါ်နေတယ် မြင်ရဲ့လား"

ဟု ကျွန်တော်ကပြောပြလိုက်ရာ စောဖဦးမှာ စိတ်အားထက်သန်စွာနှင့် . . .

"မြင်ပါတယ်နောင်ကြီး၊ ဟော ဟော နည်းနည်းတောင်လှုပ်လာပြီ"

"ဟော ရှေ့တိုးလာပြီ၊ ဒဲ-အဲ-အလင်းထဲရောက်လာပြီ၊ ကြည့်စမ်း"

"အမယ်လေး အစောပါ၊ အစော, အစော, နောင်ကြီး ကျွန်တော် သူ့ဆီသွားပါရစေ"

ကျွန်တော့်မှာ စောဖဦး၏လက်ကိုဆွဲထားလျက် . . .

"နေဦးမောင်, နေဦး၊ ဘာဖြစ်တယ်ဆိုတာ အစအဆုံးကြည့်ပါဦး၊ ဟော . . . မြင်ရဲ့လား၊ ပန်းပင်တွေထဲမှာ ပျော်ပျော်ပါးပါးဝတ်မှုန်တွေကို ကစားနေတယ်၊ ဟောပန်းခိုင်တွေချိုးပန်လို့"

"အမယ်လေး-အစော-အစော၊ သူ့မှာတော့ ပျော်လို့ပါလား နော်"

"ဘဝသစ်ကိုမောင်ရဲ့ ဒါပေတဲ့ အမြဲမပျော်ပါဘူး၊ ဟော-ပြောရင်း, ဆိုရင်း တစ်ခုခုတွေးပြီး မျက်နှာကလေးညှိုသွားပြီ၊ ဘဝဟောင်းကို အောက်မေ့တာပဲစောဖဦးရဲ့ ဟိုမှာမြင်ရဲ့လားကွဲ့ လည်တိုင်ကလေး တမော့မော့နဲ့ အတော့်ကို မျှော်လိုက်တာပဲ"

"နောင်ကြီး သူကျွန်တော့်ကို မျှော်တယ်ထင်ပါရဲ့၊ ဟော ငိုပြီး မျက်ရည်သုတ်နေတယ်၊ အစော-အစော၊ မောင်ကြီးဒီမယ်အစောရဲ့"

"မောင်-တိုးတိုး, တိုးတိုး၊ အသာနေဦး"

ထိုအခိုက်၌ တစ်ဖက်သောတောအုပ်ဆီမှ တောကြက်, တောငှက်တွေ ရုတ်တရက် ဆူညံလန့်ဖျပ်သံနှင့် မရှေးမနှောင်း တောခွေးကြီး များ၏ ဝမ်းနည်းကြေကွဲစွာ အူကြသော အသံများကို ကြားရလေ၏။

"နောင်ကြီး၊ တောခွေးအူတဲ့အသံတွေပါကလား"

ဟု အထိတ်တလန့်ပြောကာ၊ စောအုံမြ၏ အမူအရာများကို ဝမ်းနည်းဝမ်းသာမျက်နှာထားနှင့် အားရတင်းတိမ်ခြင်းမရှိအောင် ကြည့်နေသောစောဖဦးမှာ တစ်ဖက်သော တောအုပ်ဆီမှ မည်းမည်းမည်းမည်းနှင့်ထွက်လာသော သရဲငပေါကြီးကို မမြင်ဘဲရှိလေ၏။ သို့နှင့် သရဲကြီးအနီးသို့ကပ်မိမှ-

"နောင်ကြီး-နောင်ကြီး၊ ဟိုမှာ သရဲငပေါကြီးဆိုတာထင်တယ်၊ အစောကို ဘယ့်နှယ်လုပ်မလဲမသိဘူး၊ လက်ကြီး၊ ဟော-အစောကိုဖမ်းညှစ်ပြီ၊ ကျွန်တော်မခံဘူး၊ ခုသွားပြီးဓားနဲ့ခုတ်မယ်"

ဟု ပြောပြီး၊ လွယ်ထားသောဓားကိုထုတ်ကာ ဂူဆီသို့ပြေးသွားမည်လုပ်သဖြင့် ကျွန်တော်လည်း အတင်းဆွဲထားရကာ . . .

"စောဖဦးနေဦးလေ၊ အိုရှေ့လောမကြီးပါနဲ့၊ ခုမှခံရတာမဟုတ်ပါဘူးမောင်ရဲ့၊ သေတဲ့နေ့ကစပြီး သရဲကြီးရဲ့အညှင်းခံနေရတာနဲ့ တူပါ တယ်"

ဟု ပြောသည့်တိုင်အောင် . . .

"အို . . . ဘာပဲဖြစ်ဖြစ်နောင်ကြီးရယ်၊ ကျွန်တော့်မျက်စိအောက်မှာ နှိပ်စက်နေတာ မကြည့်နိုင်ဘူး၊ သွားမယ်ဗျာ"

ဟု ပြောကာ၊ ဓားတဝင့်ဝင့်နှင့် ရန်းနေပြန်သောကြောင့် တပည့်ငယ်နှစ်ယောက်ကိုပါခေါ်ပြီး စောဖဦးကိုချုပ်ကိုင်တားဆီးထားရပြန်လေ၏။ သို့နှင့် ထိုအချိန်အခါတွင် စောအုံမြမှာ သရဲငပေါကကုပ်ချီးလျက် သွေးစုတ်ပြီး ဂူထဲသို့ပြန်သွင်းလိုက်ကာ ခွေးနက်ကြီးများနှင့်အတူ လာလမ်းအတိုင်း ပြန်တော့မည်ပြုနေသည်ကို တွေ့ရလေရာ စောဖဦးမှာလည်း ဒေါသတကြီးနှင့် အသားများဆတ်ဆတ်တုန်လျက် ကြိတ်မနိုင် ခဲမရဖြစ်နေရှာလေ၏။

"နောင်ကြီးရယ် တဆိတ်ခွင့်ပြုပါ၊ ဒီသရဲကို ကျွန်တော်ဓားနဲ့ လိုက်ပြီး ခုတ်စမ်းပါရစေ"

"နာနာဘာဝကို ဓားနဲ့ခုတ်လို့ မောင်, မောရုံရှိတော့မပေါ့"

"ဒါဖြင့်ဘယ့်နှယ်လုပ်မလဲ၊ အစောကိုနောက်မတွေ့ရတော့ဘူးလား၊ ခုအစော ဘာဖြစ်သွားပြီလဲနောင်ကြီးရဲ့"

"ကိုင်း-ကိုင်း-လာ, လာ၊ ဟော-ဒီဆေးအစ်ထဲက အင်းနဲ့ဆေးကြိမ်ယူခဲ့"

ဟု ပြောပြီး၊ ကျွန်တော်လည်း စောဖဦးနှင့်တပည့်ငယ်နှစ်ယောက်ကိုခေါ်ကာ ကျောက်ဂူကလေးရှိရာသို့ လာခဲ့လေ၏။

သို့နှင့် ဂူအနီးရောက်လျှင် ထိုင်ကြပြီး အထက်ဆရာကြီးများ အမိန့်နှင့်သရဲငပေါကြီးကို ဆေးကြိမ်ဖြင့်ရိုက်၍ခေါ် လိုက်ရာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ထင်ရှားရှားမည်းနက်သော ကိုယ်ကြီးနှင့် တောအုပ်ဆီသို့ သွားနေသော သရဲငပေါကြီးလည်း တစ်ခါတည်း နောက်ကျွမ်းပြန်ကာ ကျွန်တော်တို့ရှေ့မှောက်သို့ ရောက်လာလေ၏။

ကျွန်တော်လည်း ကျေးဇူးရှင်ဆရာကြီးသွင်းပေးသည့် အထက်လမ်းမှော်ပညာဖြင့် ငပေါကြီးအား အကျိုးအကြောင်းစစ်ဆေးမေးမြန်းရာ ငပေါကြီးမှာ ရှမ်းနတ်ကြီး၏လက်ရင်းတပည့်ကြီးဖြစ်ကြောင်း၊ ရှမ်းနတ်ကြီးအမိန့်အရ နတ်ကြီးကိုစော်ကားမှုဖြင့် စောအုံမြ၏လည်ချောင်းသွေးကို ဖောက်သောက်ရပြီး ၎င်း၏လိပ်ပြာကိုပါ မိမိအားရှမ်းနတ်ကြီးက အပိုင်စားရန်ဆုပေးထားကြောင်း။ စောအုံမြမှာအယူတိမ်း၍ အစိမ်းမ ဖြစ်နေပါသော်လည်း မိမိကချုပ်ချယ်ထားခြင်းကြောင့် ၎င်း၏ဂူတွင်းမှ ထွက်ခွင့်မရ၊ ညဥ့်အချိန်ကျမှ

လူ့သဏ္ဍာန်ဖန်တီးလျက် ခေတ္တခဏ ထွက်ခွင့်ရပြီး လူဖြစ်စဉ်က လည်ချောင်းသွေးဖောက်သောက်ရသကဲ့သို့ ညစဉ်သောက်လေ့ရှိကြောင်း ပြောလေ၏။

ကျွန်တော်လည်း သရဲငပေါ်ကြီးအား ယခုလောက်ညှင်းဆဲရလျှင် သင့်တော်ပြီဖြစ်ကြောင်း၊ အစိမ်းမ သွားလိုရာသို့သွားခွင့်ပြုဖို့ အကြောင်းပြောလေလျှင် ငပေါ်ကြီးမှာ အစိမ်းမကို မလွှတ်နိုင်ကြောင်း၊ တင်းမာစွာခေါင်းခါ၍ငြင်းနေသဖြင့် နောက်ဆုံးတွင် သရဲငပေါ်ကြီး၏ ဆရာဖြစ်သူရှမ်းနတ်ကြီးအား အမိန့်ပြန်၍ ရှမ်းနတ်ကြီးပူလောင်လှသဖြင့် ငပေါ်ကြီးကိုအစိမ်းမအား လွှတ်လပ်ခွင့်ပေးလိုက်ရန်ပြောကြားမှ ငပေါ်ကြီးမှာ လက်လျှော့ပေးလိုက်ပြီး ပျောက်ကွယ်သွားလေတော့၏။

အနီးတွင်ထိုင်နေသော စောဖဦးတို့လည်း အနီးတွင်ဘာမှ မမြင်ရဘဲကျွန်တော်တစ်ယောက်တည်း တီးတိုးပြောဆိုနားထောင်နေသည်တို့ကို ကြောင်ကြည့်နေကြလေ၏။ ထို့နောက် ကျွန်တော်လည်း ဂူထဲကအစိမ်းမကလေးစောအုံမြကို အမိန့်ပြန်ခေါ်ကာ စောဖဦးကို ကိုယ်တိုင်ပြစေရာ စောဖဦးမှာမိမိအားဝမ်းနည်းကြေကွဲအသည်းလှိုက်ဖို ငိုယိုကြည့်နေရှာသော စောအုံမြကိုမြင်ရလျှင် . . .

"အစော . . အစော၊ အမယ်လေးအစောရဲ့"

ဟု ခေါ်ကာ တအားပြေး၍ ပွေ့လိုက်သည်နှင့် တစ်ပြိုင်နက် စောအုံမြပျောက်သွားပြီး စောဖဦးမှာ ထိုနေရာတွင်ပင် ဟပ်ထိုးကြီးလဲ ကျန်ရစ်လေ၏။ အစိမ်းမကလေး စောအုံမြလည်း စောဖဦးနှင့်မနီးမဝေးတွင် ပေါ်လာပြန်ရာမျက်ရည်စများကို ခါးစည်းတဘက်ကလေးနှင့်သုတ်ပြီး . . .

"မောင်ကြီးရယ် အစောအနားမကပ်ပါနဲ့၊ အစောပူလွန်းလို့ပါ၊ အစောမှာ ဇာတ်မတူတဲ့အစိမ်းမ ဖြစ်နေလို့ မောင်ကြီးအနားလာချင်ပေတဲ့ မလာနိုင်တဲ့ဘဝပါမောင်ကြီးရယ်"

ဟု သနားစဖွယ်တောင်းပန်ပြောဆိုလေရာ စောဖဦးလည်း လဲရာမှခေါင်းထူထပြီး စောအုံမြကို ဝမ်းနည်းစွာကြည့်လျက်-

"အမယ်လေး အစော-အစော၊ မောင်ကြီးအစောနဲ့အတူလိုက်ခဲ့ပါရစေ အစောရဲ့။ မောင်ကြီးကို သနားရင် အစောဘဝကို ခေါ်ယူပါ တော့"

ဟု လှိုက်လှဲစွာပြောလေလျှင် စောအုံမြမှာ ရင်ကလေးကို မလျက် ခေါင်းကိုတဖြည်းဖြည်းရမ်းကာ-

"အစောဘဝကို မလာချင်ပါနဲ့ မောင်ကြီးရယ်၊ အစောကို နတ်ကြီးက ခွင့်လွှတ်ပါပြီ။ မောင်ကြီးနေတဲ့ဆီကို အစောလိုက်ခဲ့ပါ့မယ်။ မောင်ကြီးနေတဲ့ အိမ်အနီးအနားမှာ အစောကိုထားပါမောင်ကြီးရဲ့"

ဟု မဲ့မဲ့နှင့် ပြောလေလျှင် . . .

"ကိုင်း-စောဖဦး၊ မောင်နေတဲ့ဌာနကို စောအုံမြလိုက်လာလိမ့်မယ်။ သူလည်း လူ့ဘဝနီးပြီ၊ ရက်ပိုင်းလောက်လိုတော့တယ်၊ မောင်နေတဲ့ အိမ်မှာ ဘယ်သူများရှိသလဲ"

ဟု ကျွန်တော်ကမေးပေးမှ စောဖဦးလည်း အားရဝမ်းသာနှင့်-

"နောင်ကြီး၊ ကျွန်တော်နေတဲ့အိမ်မှာ ကျွန်တော့်ကိုစောင့်ရှောက် ပြုစုနေတဲ့ ရှမ်းအစေခံလင်မယားရှိပါတယ်။ အစောလိုက်မယ်ဆိုရင် ကျွန်တော် ခေါ်သွားပါ့မယ်။ ဟိုရောက်ရင် အစောနဲ့ နီးနီးကပ်ကပ် မနေရပေမယ့် ခုလို အစောရဲ့ ပုံသဏ္ဍာန်ကလေးကို နေ့တိုင်းမြင်နေရရင် ကျေနပ်ပါပြီ နောင်ကြီး ရယ်"

ဟု ပြောသဖြင့် ကျွန်တော်လည်း အစိမ်းမမစောအုံမြကို စစ်ဆေးပြီး ရင်းမှာလူ့ဘဝနီးကြောင်း။ အခွင့်သင့်က စောဖဦးနှင့်အနီးဆုံး တွေ့နိုင်မည့် နေရာတွင် သန္ဓေစွဲဝင်မည်ဖြစ်ကြောင်း။ အစိမ်းဘဝမကျွတ်မီ အချိန်အခါတွင် စောဖဦးမြင်စေရန် ကိုယ်ထင်ပြ၍ နေ့စဉ်တွေ့မည်ဖြစ်ကြောင်း သိရှိရသည့် အတိုင်း စောဖဦးအား အကျိုးအကြောင်းအလုံးစုံ မှာထားလျက် နောက်တစ်နေ့ နံနက်စောစောတွင် စောဖဦးနေရပ်ပြန်ရန် ပြင်ဆင်ပြီးသောအခါ အစိမ်းမ ကလေး စောအုံမြအား စောဖဦးနောက် လိုက်ပါသွားရန် အမိန့်ပြန်ရလေသည်။

စောဖဦးလည်း ဆရာကြီးကိုဦးချလျက် ကျွန်တော်တို့အား နှုတ်ဆက် ကာ . . .

"အစောရေ၊ လာလာ သွားကြစို့"

ဟု ခေါ်ပြီး မြင်းပေါ်သို့တက်ကာ ခရီးထွက်ရှာလေရာ ကျွန်တော်လည်း နောင်အကြောင်းထူးသည့်အခါ အကျိုးအကြောင်းသိသာရန် စာရေးစေလို

ကြောင်း။ ကျွန်တော်၏မန္တလေးမြို့ နေရပ်လိပ်စာအပြည့်အစုံပေးကာ မှာကြားလိုက်ပြီး မြင်းကလေးစီး၍ တဖြည်းဖြည်းဝေးသွားသော စောဖဦးကို ကြည့်မျှော်ရင်း ကျန်ရစ်ခဲ့ရာ စောဖဦးမှာ တစ်စုံတစ်ရာ မမြင်ရသော်လည်း ကျွန်တော်၏ အထက်မှော်ရှိသော မျက်စိတွင်ကား စောဖဦးမြင်းအနီးမှ အစိမ်းကလေး စောအုံမြပါသွားသည်ကို တွေ့မြင်လိုက်ရလေသတည်း။

သို့နှင့် ကျွန်တော်မှာ ဆရာကြီးနှင့် ခရီးရှိသလောက်လိုက်ပါ၍ ကာလကြာမြင့်ပြီး ထိုအကြောင်းများကို မေ့ပျောက်သလောက်ဖြစ်သွားသော်လည်း နောက်ဆုံး၌ မန္တလေးမြို့ရှိ ကျွန်တော်၏နေရပ်သို့ ပြန်လည်ရောက်ရှိ၍ အေးချမ်းစွာ နေထိုင်မိပြီဖြစ်သော အချိန်အခါတွင် အောက်ပါအတိုင်း စောဖဦးထံမှ စာတစ်စောင်ရောက်လာလေ၏။

နောင်ကြီးခင်ဗျား။

နောင်ကြီးကျေးဇူးကြောင့် ကျွန်တော်၏ တည်းခိုနေထိုင်ရာစခန်းသို့ ပြန်ရောက်သော အခါ အစောအတွက်အိမ်နံဘေးရှိ မက်မန်းပင်ကလေးတွင် နေရာထိုင်ခင်းပေးထားပြီး ကျွန်တော်နှင့်လည်း နေ့တိုင်းပင် တွေ့မြင်နေရသဖြင့် ယခင်က လွမ်းဆွတ်ပူဆွေးခဲ့ရသောစိတ်များမှာ အတော်ပင်သက်သာရာရခဲ့ပါသည်။

ထိုသို့နေ၍ ရက်များမကြာမီပင် အစောသည်ကျွန်တော်၏ အစေခံရှမ်းမဝမ်းတွင် ဝင်စားမည့်အကြောင်း အိပ်မက်ပေးပြီး နောက်တစ်နေ့ကစ၍ အစောကိုယ်တိုင်ပြခြင်းကို မတွေ့ရတော့ပါ၊ ၎င်းနောက်အစေခံရှမ်းမမှာ ထုံးစံမွေ့တာအတိုင်း ပဋိသန္ဓေနေ့လစေ့၍ သမီးမိန်း ကလေးတစ်ယောက် ဖွားမြင်ပါသည်၊ မည်သူမျှချော့မရအောင်ငိုပါသည်၊ ကျွန်တော်ကောက်ယူချီသောအခါကျမှ အငိုရပ်စဲပါသည်။

ကလေးသည် တစ်စတစ်စကြီးပြင်းကာ ယခုသုံးခါလည်သမီးရှိလာပြီး အစော၏ နောက်ဘဝကအကြောင်းတွေကို တစ်လုံးမကျန်ပြန်ပြောနိုင်ရုံမက ကျွန်တော့်ကိုလည်း မောင်ကြီးဟူ၍ ယခင်စောအုံမြဘဝက ခေါ်သလို ခေါ်နေပါသည်၊ ကျွန်တော်ကလည်း အရင်နာမည်အတိုင်း အစောဟု မှည့်ခေါ်ထားပါသည်။

အစောကို သူ့မိဘများထံမှ ကျွန်တော်ကအပိုင် တောင်းယူကျွေးမွေးလျက် ယခင်က အဆွေးများကို ဖြေဖျောက်နေရပါတော့သည်။ နောင်ကိုလည်း တစ်နေ့ထက်တစ်နေ့ ကျွန်တော်စိတ်ချမ်းသာရတော့မည်ဖြစ်ရုံမက ယခင်ကလောကကြီးကို ငြီးငွေ့လျက် အသက်ကိုသေစေရန် ဆုတောင်းမိသောစိတ်များပင် ပျောက်ပြယ်ခဲ့ပါပြီ။

ရင်းပြင် ယခုအခါ ကျွန်တော်၏ဖခင်မြို့စားကြီးကွယ်လွန်ပြီဖြစ်၍ စော်ဘွားကြီးကလည်းစိတ်ပြေကာ ကျွန်တော့်ကိုမြို့စားကြီးအရာ ဆက်လက်ခန့်ထားခြင်းခံရပါသည်။ အစောကိုလည်း စော်ဘွားကြီးက သူ့မွေးပါရစေဟု မကြာခဏတောင်းနေပါသည်။ သို့ရာတွင် ယခုအခါကျွန်တော်လုံးဝပိုင်ဆိုင်နေပြီး အစောကလေးအား စော်ဘွားကြီးလက်သို့ မည်သည့်နည်းနှင့်မျှ မပေးနိုင်, မပေးရက် ကျွန်တော်၏မျက်စိအောက်မှ တစ်ခဏတာမျှအပျောက်မခံတော့ပါ။

နောင်ကြီး၏ဂုဏ်ကျေးဇူးများကိုလည်း တစ်နေ့မပြတ်သတိရလျက်ရှိပါသည်၊ နောင်ကြီးအားလပ်ပါလျှင် တစ်ခေါက်တစ်ခါ ကျွန်တော်တို့မြို့ရွာသို့ အလည်အပတ်ရောက်လာစေလိုပါကြောင်း၊ နောင်ကြီး၏မေတ္တာကြောင့် ကျွန်တော်တို့ကျန်းမာစွာ ရှိကြသကဲ့သို့ နောင်ကြီးတို့ ကျန်းမာချမ်းသာစေကြောင်း၊ နေ့စဉ်ဆုတောင်းမေတ္တာပို့လျက်ရှိပါသည်ခင်ဗျား။

"စောဖဦး"

(. . . . .)မြို့စားကလေး။

ဟု တွေ့ရသဖြင့် ကျွန်တော်လည်း မုဒိတာတရားနှင့်သူတစ်ပါး စိတ်ချမ်းသာသည်ကို များစွာနှစ်လိုဝမ်းမြောက်ရပါတော့သတည်း။

ဟ ဟ ဟ

# ဝိညာဉ်ဟောင်း

(၁၉၃၇-ခု၊ ဇူလိုင်လတွင်ရေးသည်။)

တောင်ဘက်ကိုးခရိုင်နယ်ဟူ၍ ထင်ရှားကျော်ကြားသော ကျောက်ဆည်ဒိစတြိတ် မြစ်သားမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလွန်စည်ကားသည့် ဘုရားပွဲတော်ကြီးသို့ နှစ်စဉ်နှစ်တိုင်း အထက်ရှမ်းပြည်နယ်ရှမ်းရွာက ကုန်သည်များနှင့် မြန်မာကုန်သည်၊ ကုလားတရုတ် စသောကုန်သည်အပေါင်းတို့သည် ၎င်းပွဲတော်ကြီးသို့ သောင်းသောင်းဖြဖြ ရောက်လာကြကာပါလာသော ကုန်ပစ္စည်းတို့ကို ဆိုင်တည်ခင်းလျက် သူ့ထက်ငါ အားကြိုးမာန်တက်ရောင်းချလျက်ရှိကြမြဲဖြစ်သည့်အတိုင်း "ဘုရားဖူးရင်း-ကုန်ဝယ်ရင်း"ဆိုသလို ဥဒဟိုလာရောက်ကြသော ပရိသတ်များမှာလည်း ဘုရားပွဲဈေးတန်းကြီးတွင် ကြိတ်ကြိတ်တိုး၍ နေမြဲဖြစ်လေ၏။

ယခုရေးသားလတ္တံ့သောအကြောင်းအရာ အတ္ထုပ္ပတ္တိများမှာလည်း လွန်ခဲ့သော ငါးနှစ်ကျော် ခြောက်နှစ်ခန့်အခါက ထိုဘုရားပွဲတော်ကြီးမှ အစပြု၍ ဖြစ်ပွားခဲ့ကြသော အကြောင်းများဖြစ်လေရာ ထိုနှစ်ဘုရားပွဲတော်ကြီးအခါတိုင်းလောက် မစည်ကားနိုင်အောင်ရှိသော အကြောင်းတစ်ခုသည် ထိုဒိစတြိတ်နယ်တွင် ကြောက်ရွံ့စဖွယ် ရုတ်တရက်ပေါ်ပေါက်လာခဲ့လေ၏။

"မက်ခလောင်"ရောဂါသည် ရှမ်းပြည်နယ်တောင်ကျချောင်းရေများနှင့် ဆက်သွယ်သောထိုနယ်တွင် အတော်ဒုက္ခပေးလိုက်သကဲ့သို့ ယခုလည်း လူအများစုဝေးလာရောက်ရာဖြစ်သည့် ဘုရားပွဲတော်ကြီးတွင် ဘယ်အရပ်မှ အငွေ့အသက်ကပ်၍ ပါလာသည်မသိရဘဲ ဘွားခနဲ ရုတ်ခြည်းပေါ်ပေါက်လာသော ဝမ်းရောဂါဆိုးကြီးသည် ပွဲတော်အတွင်းရှိလူများကို နီးရာကပ်၍ သတ်ညှစ်ဖမ်းစားလျက်ရှိလေရာ တစ်ရက်က နှစ်ရက်၊ နှစ်ရက်ကသုံးရက်၊ တိုးလုံးပက်လက် ပိုးစိုးပက်စက် သေပျောက်ကြရကား . . .

ဘုရားပွဲလာသူများမှာ ကျီးလန့်စာစားနှင့် ရုတ်တရက်ထွက်ပြေးသူပြေး၍ တချို့မှာလည်း ပြေးချင်လျက်မပြေးသာ ဆွေမျိုးညာတကာ သွေးနီးရာတစ်စုံတစ်ယောက်က ကောက်ကာငင်ကာ ဝမ်းရောဂါဖြစ်လာသဖြင့် ကြောက်ရွံ့စွာပြုစုကုမ နေရသူနေရလျက်၊ တချို့လည်းကိုယ့် အထဲမှ မရှုမလှ သေဆုံးရသောကြောင့် မျက်ရည်စက်လက် ကြောက်သည်ကတစ်ဖက်နှင့် အသက်ဆံဖျား နေဖြစ်ရှာကြသောကြောင့် ပြီးခါနီး ဘုရားပွဲမှာ "ကျီးလန့်ဖုတ်ဖုတ်"ဆိုသလို ခြောက်ကပ်ကပ်ကြီးဖြစ်လေရာဆိုင် ကန္နားနှင့်လူများမှာလည်း အချို့မှာပစ္စည်းများကိုမျှ ကောင်းစွာမသယ်ပိုးနိုင်ဘဲ ကမန်းကတန်း ပြေးကြရလျှင် အချို့မှာ ကိုယ်နှင့်အတူပါသူများ မကျန်းမမာဖြစ်နေသောကြောင့် မလွဲမကင်းသာဘဲ ကြောက်ကြောက်နှင့် အရဲစွန့်ပြုစုနေရှာလေ၏။

ထိုအတွင်း တောင်သာနယ်မှ ဘုန်းတော်ကြီးတစ်ပါးရောက် လာလေရာ ထိုဘုန်းတော်ကြီးမှာ ကာလဝမ်းရောဂါ ဒိဋ္ဌပျောက်ပွဲတွေ့ ဆေးတစ်လက်ပါလာသောကြောင့် ရောဂါဖြစ်ဆဲသူများကို ဇီဝိတဒါနသဘောနှင့် လတ်တလော မေးမြန်းစုံစမ်းပြီး အစွမ်းထက်မြက်လှသော ထိုဆေးတစ်လက်နှင့် ရောဂါဖြစ်နေသူများကို ကုမလျက် အသက်တစ်ချောင်းကယ်ဆယ်ခြင်း၊ ရောဂါမငြိတွယ်သေးသူများကိုလည်း ကူးစက်ခြင်းဘေးမှ ထိုဆေးနှင့်ကာကွယ်ပေးခြင်းဖြင့် ကျန်လူအပေါင်းမှာ ချမ်း သာရာရကြပြီး အမှုလွန်ပြီး သေဆုံးသူများအတွက်ပင် ဤထက်မြက်လှသောဆေးစွမ်းကောင်းကို မမှီဝဲလိုက်ကြရသဖြင့် နှမြောတသမိရှာကြလေ၏။

ဘုန်းတော်ကြီးမှာလည်း လွန်ပြီးသူများအတွက်ပင် သနား ကရုဏာ

သက်မိကာ မိမိအရောက်နောက်ကျရသည်ကိုပင် တဖျစ်တောက်တောက် ဖြစ်နေပြီး ဝေဒနာအသည်းအသန်ဖြစ်နေသူတို့အား ကြိုးစားကုမ၍နေလေရာ ထိုဝေဒနာသည်တို့အထဲမှ ဤအတ္ထုပ္ပတ္တိတွင် ပါမည့်သူများကား မနန်းရင်ခေါ် ရှမ်းမအပျိုကလေးတစ်ဦးနှင့် မသန်းကြည်ခေါ် မြန်မာမကလေးတစ်ယောက် ဖြစ်လေ၏။

မနန်းရင်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့မှ ရှမ်းဖက်ကုန်သည် ဦးစောဖေ-မနန်းစောတို့၏ တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ သမီးပျိုချော ကလေးတစ်ယောက်ဖြစ်ပြီးလျှင် မြစ်သားဘုရားပွဲတော်ကြီးသို့ နှစ်စဉ်မိဘများနှင့်အတူဆင်းလာပြီး ရှမ်းဖက်ခေါ် သနပ်ဖက်ပိုများနှင့် လက်ဖက်ခြောက်များကို အမြောက်အမြားဆိုင်တည်ခင်း ရောင်းချသူများဖြစ်လေသည်။

ဤနှစ်မှာလည်း အခါတိုင်းနည်းတူ မိသားတစ်စုကုန်ပစ္စည်းများနှင့် ဆင်းလာကြရာမှ မနန်းရင်မှာ ရုတ်တရက်ရှောင်တခင် ဝမ်းရောဂါဝင်ရောက် ကပ်ငြိလာသဖြင့် မိဘများ မျက်ကလဲဆန်ပျာနှင့် ချစ်လှစွာသော သမီးကလေး အတွက် မျက်ရည်စက်လက် တသက်သက်ငိုကြွေးရင်း အရေးတကြီးပြုစုလျက် နေကြရ၏၊ မနန်းရင်မှာ ဝေဒနာသည်း၍ အမြောကြီးနစ်မြောနေစဉ် တောင်သာကုန်း ဘုန်းတော်ကြီးလည်း ပွဲဈေးတန်းတွင် ဒုက္ခရောက်နေသူများ စုံစမ်းရာ၌ မနန်းရင်ကိုတွေ့သောကြောင့် သွေးစမ်းကြည့်ပြီး ငိုကြီးချက်မဖြစ်နေသော မနန်းစောအား . . .

"ဒကာမကြီးသမီး နစ်မြောနေတာပါ၊ မသေပါဘူး ဟောဒီ ဆေးကို ရေနွေးနဲ့ တစ်နာရီတစ်ကြိမ်ကျ၊ ဝမ်းထဲကိုဝင်အောင် အာခေါင်ကို ဇွန်းနဲ့ ကန့်တိုက်ပေးပါ၊ မကြာခင် ချမ်းသာလာပါလိမ့်မယ်၊ ဒကာကြီးနဲ့ ဒကာမကြီး တို့လည်း တစ်ကိုယ်တစ်ခွက်စီ အကွယ်အကာရအောင် သောက်ထားကြ"

ဟု ပြောကာ၊ ဆေးတစ်ထုပ်ပေးသနား ကယ်မသွားသောကြောင့် ဦးစောဖနှင့် ဒေါ်နန်းစောတို့လည်း သမီးကလေးအတွက် စိတ်အားထက်သန်စွာ အမှာအတိုင်း တစ်နာရီတစ်ကြိမ်ကျ ဆေးများတိုက်လျက် မျက်တောင်မခပ် စူးစိုက်ကြည့်ကာ အကဲခပ်နေရှာကြလေ၏။

သို့နှင့်ပင် ဘုန်းတော်ကြီး၏ဆေးမှာ အထင်အရှားသိသာ ထူးခြားလာ ဘိအလား ငြိမ်သက်နေသောမနန်းရင်၏လက်ကလေးများ လှုပ်ရှားပူနွေးလာရာ ကပင် တစ်စတစ်စသက်သာလာပြီး လုံးလုံးကြီးမထနိုင်, စကားကောင်းစွာ မပြော နိုင်သေးစေကာမူ မိမိတို့ဘက်သို့ ပါလာပြီဖြစ်ကြောင်း ကောင်းစွာရိပ်မိလာရ ကား ကယ်ဆယ်သွားသော ဘုန်းတော်ကြီးအား ကျေးဇူးတင်၍မဆုံး တကုန်း ကုန်းရော်ရမ်းမှန်းဆပြီး ဦးအချကြီးချ၍ နေမိကြကာ ပါလာသောဝန်စည်ပစ္စည်း များကို သိမ်းဆည်းထုပ်ပိုးကြလျက် လူမမာမနန်းရင်ကိုဆောင်ကြဉ်းကာ နေရင်း ဌာနဖြစ်သော ကျောက်မဲမြို့သို့ ပြန်သွားရှာကြလေသတည်း။

***

"ကိုလှရေ-ကျွန်မတော့ ဒီတောင်ကတတ်နိုင်တော့မယ်မထင်ဘူး၊ ကိုလှကိုရောဂါကူးပြီး ဒုက္ခကြီးရောက်နေပါဦးမယ်၊ အထည်ဆိုင်ကို သိမ်းပြီး ပြန်ပါတော့၊ ကျွန်မကိုမငဲ့ကွက်ပါနဲ့၊ သေရမယ့်အတူမထူးပါဘူး၊ ပစ်သာထားခဲ့ ပါတော့၊ ကျွန်မတစ်ယောက်အတွက် ငဲ့ကွက်နေရင် အားလုံးဒုက္ခဖြစ်ကြတော့ မှာပဲ"

ဟု ဝေဒနာအသည်းအသန်ဖြစ်နေသော ဇနီးသည်ကလေးက ငဲ့ညှာစွာပြောသည်တိုင်အောင်လည်း လင်သားဖြစ်သူပိုးကုန်သည်ကလေး မောင်လှမှာ ရကာစမယားကလေး မသန်းကြည်အား ရက်စက်စွာပစ်ထား မည်ဝေးစွ၊ မယားသည်ကလေးခံစားရသောဝေဒနာကို မိမိသာ ပခုံးပြောင်း ယူ၍ဖြစ်က ယူမည်ဖြစ်သောကြောင့်-

"သန်းရယ် ဘယ်လိုစကားတွေပြောနေတာလဲ၊ အားမငယ်စမ်းပါနဲ့ အသန်းရဲ့၊ သန်းမသေနိုင်သေးပါဘူး"

ဟု အားပေးစကားပြောကာ ယုယကြင်နာစွာ ပိုက်ပိုက်ထွေးထွေးနှင့် ဆေးဝါးတိုက်ကျွေး ကုမနေရသော်လည်း မသန်းကြည်၏ဝေဒနာမှာမသက်သာ ရုံမက တစ်စတစ်စတိုး၍ကျွမ်းလာပြီး တညည်းညည်း တညူညူ, တလူးလူး တလှိမ့်လှိမ့်ဖြစ်ရာက တစ်ချက်တစ်ချက်တွင် ကယောင်ချောက်ချားဖြစ်လာ သောအခါ မောင်လှမှာ ဇနီးသည်ကလေးအတွက် အသက်ချင်းပင်ဝင်၍ လဲလိုက်ချင်တော့လေ၏။

"ငါမှားတာပဲ ငါမှားတာပဲ၊ လောဘဇောတိုက်ပြီး ပွဲဈေးရောင်းလိုက်လာမိလို့ ခမျာမဖြစ်သင့်ဘဲနဲ့ ရေတိမ်မှာနစ်ရရှာတော့မယ်၊ အသန်း-အသန်းမရှိရင် ကျုပ်လည်းမနေဘူးနော်"

ဟု တစ်ထောင့်ကတီးတိုးပြောကာ မျက်ရည်မဆယ်နိုင်အောင် ရှိရှာလေ၏။ မသန်းကြည်မှာလည်း ပြင်းထန်လှသောဝေဒနာကြောင့် အလူးအလဲဖြစ်ရာမှ နောက်ဆုံးတွင် သတိကင်းကွာသေငယ်ဇောနှင့် နစ်မြောနေရှာလျှင် မောင်လှမှာ မလှုပ်မရှက်ငြိမ်သက်နေရှာသော ဇနီးသည်ကလေးအား သေပြီဟု အထင်ရောက်ပြီး ပရိဒေဝမီးကြီးတောက်ရတော့ကာ မသန်းကြည်ကိုပွေ့လိုက်ဖက်လိုက်လုပ်ပြီး-

"အသန်းရေ-မသန်းကြည်ရေ၊ အစက နေရစ်ခဲ့ပါကွယ်လို့၊ ကျုပ်အတန်တန် တောင်းပန်သားနဲ့ မင်းကျုပ်စကား နားမထောင်ဘဲ ဇွတ်လိုက်လာတဲ့အတွက် ရေတိမ်မှာ နစ်ပါပကောလားကွဲ့၊ ကျုပ်တစ်ယောက်တည်း ဘုရားပွဲဈေးရောင်းလိုက်တာကို စိတ်မချဘူးဆို၊ ခုတော့ မင်းတစ်ကိုယ်ကောင်း ကြွသွားတာကောင်းသလား သန်းရဲ့၊ ကိုလှနဲ့ ဘယ်တော့မှမခွဲဘူးဆိုပြီး ရက်ရက်စက်စက်ကြီးပစ်သွားပလား မသန်းကြည်ရဲ့"

ဟု ဖွဲ့နွဲ့ကာ၊ မရှက်နိုင်မကြောက်နိုင်ရှာဘဲ အာဂန္တုမသာအဖြစ်နှင့် ရက်ရက်စက်စက်စွန့်ပစ်ခဲ့ရတော့မည့်အရေးကို တွေးလိုက်တိုင်းအသည်းနာပြီး ရကာစဇနီးကလေးအတွက် မျက်ရည်စက်လက် ဖြစ်နေစဉ် . . .

"ဟဲ့-ဟဲ့-ဒကာလေး ဘာဖြစ်သတုံး၊ ဩော်-ဟိုဒကာမကလေးလည်း ဝမ်းရောဂါဖြစ်သလား"

"မှန်ပါတယ်ဘုရား၊ ဒါတပည့်တော်ရဲ့မိန်းမပါ၊ တစ်မြို့တစ်ရွာကလာပြီး အာဂန္တုမသာ ဖြစ်ရရှာပြီဘုရာ့၊ အရှင်ဘုရားကြွလာတာနဲ့ အဆင်သင့်ပဲ၊ တပည့်တော်တို့မှာ ဈေးရောင်းလာရင်း ဒုက္ခဖြစ်ရတဲ့အတွက် ဘုန်းကြီးရဟန်းတောင် ဘယ်မှာပင့်ရမယ်ဆိုတာမသိဘူးဘုရာ့"

"ဟဲ့-ဒကာလေးရဲ့ နေစမ်းပါဦး၊ ဘယ်အချိန်ကဆုံးသလဲ၊ ငါလည်း ခုပဲဟိုဘက်တန်းကကြွလာတာ၊ ဒကာငိုသံကြားတာနဲ့ ဝင်ကြည့်သဟဲ့"

"အခုပဲငြိမ်သွားတယ်ဘုရား၊ ခုနင်က ကယောင်ကတမ်းတွေ ပြောပါသေးတယ်၊ နှစ်ရက်ထဲအပြင်းအထန်ဖြစ်တာဘုရာ့"

"ဟော့ ဒါဖြင့်နေစမ်းပါဦးဒကာရယ်၊ ဒါမျိုးဟာ မြောပြုနေတတ်တာလည်းရှိသေးတယ်၊ ဟိုဘက်က ရှမ်းကုန်သည်မကလေးတစ်ဦးလည်း လူကြီးတွေကသေပြီထင်နေတာ ငါဝင်စမ်းမှမြောနေမှန်းသိလို့ ဆေးဝင်အောင်တိုက်ဖို့ပေးပြီး ခုပဲထွက်လာခဲ့တာကလား"

"အမယ်လေး ဒါဖြင့်ကြည့်ပါဦးဘုရာ့၊ တပည့်တော် ကျေးဇူးမမေ့ပါဘူးဘုရား"

"အေး-အေး-ငါ သွေးစမ်းကြည့်ဦးမယ်၊ မှန်း-မှန်းအလို အနွေးသားပဲလဟဲ့-မသေဘူး, မသေဘူး, ဒကာမကလေး ကံကောင်းသေးလို့ ငါနဲ့ တွေ့ရတယ်၊ မြောနေတုန်းပါကလား ဟဲ့-ဒကာရေပေး-ရေနွေးပေးစမ်း"

မောင်လှမှာ ဆုံးရှုံးပြီးသောအဖိုးတန်ရတနာပစ္စည်းတစ်ခု လက်ထဲသို့ပြန်ရောက်လာသကဲ့သို့ အားတက်ဝမ်းသာခြင်းကြီးမက ဝမ်းသာလှသောကြောင့် တောင်သာဘုန်းကြီးအမိန့်အတိုင်း ရေနွေးများ ချက်ချင်းရအောင်ရှာဖွေပေးလေ၏။ ဘုန်းကြီးလည်း ပုလင်းထဲမှ ဆေးတစ်ထုပ်စာခန့်ပေးခဲ့ပြီး-

"ကဲ-ဒကာ ဟော-ဒီဆေးကို ကွမ်းရိုးနဲ့ ငါးတို့, တို့၊ ဇွန်းထဲမှာ ရေနွေးနဲ့အတူမွှေပြီး ဒကာမကလေး ဝမ်းထဲရောက်အောင်သွင်းပေတော့၊ တစ်နာရီတစ်ကြိမ်တိုက်ကွဲ့၊ ဒီရောဂါက ကူးစက်မှာလည်းစိုးရိမ်ရတယ်၊ ဒီတော့ ဒကာလေးလည်း အကာအကွယ်ရအောင် တစ်ခွက်သောက်ထား၊ ကဲ-ကဲ-ဘုန်းကြီးလည်း သွားတော့မယ်၊ တခြားဒုက္ခသည်တွေကိုလည်း ရှာဖွေပြီး ဇီဝိတဒါနကြံ့ကြိုက်တဲ့အခိုက်ပြဦးမှကွဲ့၊ ဘုန်းကြီးလည်း ဒီသတင်းအစက မကြားပါဘူးကွယ်၊ ဘုရားပွဲကြုံတာနဲ့ ဘုရားဖူးရင်း ကြွလာခဲ့တာ၊ ကံအားလျော်စွာ အသင့်ပါလာတာကြောင့် တတ်နိုင်သလောက် စောင့်ရှောက်ရတာကပဲ"

ဟု ပြောကာ၊ ကြွတော့မည်ပြုလျှင် မောင်လှသည် ဘုန်းတော်ကြီးကိုရုတ်တရက်မကြွရန် အတန်တန်တားသော်လည်းမရ . . .

"ဒကာတို့တစ်ဦးတည်းနဲ့ ကိစ္စမပြီးသေးဘူးဟဲ့၊ အချိန်မကျွမ်းခင် ဘုရားပွဲခင်းထဲလျှောက်ပြီး ဒုက္ခရောက်တဲ့လူများကို ရှာဖွေကုသပေးရဦးမယ်"

ဟု အမိန့်ရှိကာ ဇွတ်ကြွသွားသောကြောင့် မောင်လှမှာမတားသာ တော့ဘဲ ဘုန်းကြီးပေးခဲ့သော ဆေးများကိုသာ တစ်နာရီလျှင်တစ်ကြိမ်ကျ မသန်းကြည်၏အာခေါင်ကို ဇွန်းနှင့်မ၍သွင်းပေးခဲ့ရာ ဆေးသုံး ခွက်မျှ သွင်းမိလျှင်ပင် မလှုပ်မယှက်ငြိမ်သက်နေသော မသန်းကြည်မှာ လှုပ်ရှား ညည်းညူဖော်ရလာလျှင် မောင်လှမှာ ထ၍ကရတော့မလောက် ဝမ်းမြောက် ကာ ဆေးကိုသာ ဆက်လက်၍သွက်သွက်ကြီးတိုက်လေတော့၏။

"သန်းရေ-သတိရလာပြီနော်၊ သန်း မသေနိုင်တော့ဘူး၊ မာလာတော့ မယ်၊ သန်းကံကောင်းလွန်းလို့ ဆေးစွမ်းကောင်းနဲ့ ကယ်မယ့် ဘုန်းတော်ကြီး တစ်ပါး အလိုလိုရောက်လာတယ်"

ဟု အားရဝမ်းသာ ပြောရှာသော်လည်း သတိရသဖြင့် လှုပ်ရှား လာသောမသန်းကြည်မှာ အလွန်တရာအားအင်ကုန်ခမ်းပင်ပန်းနွမ်းယိ နေသောကြောင့် သတိရလာ၍ လှုပ်ရှားဖော်ရသည်မှတစ်ပါး စကားကောင်း စွာမပြောနိုင်သေးဘဲ ရှိရှာလေ၏။

မောင်လှလည်း မသန်းကြည်မှာ ဝမ်းရောဂါဆိုးကြီးမှ မသေမပျောက် ကံကောင်းထောက်သောကြောင့် အသက်ချမ်းသာရာရကာ တစ်စထက်တစ်စ မိမိဘက်သို့ပါလာတော့မည်ကို စိတ်ချရသဖြင့် ဝမ်းသာအားရနှင့်ပင် ဆိုင် ကန္နားကို ရုတ်သိမ်းကာ အိပ်ရာမှကောင်းစွာမထနိုင်သေးသော လူမမာအား မော်တော်ကားဖြင့်တင်ဆောင်လျက် အမရပူရမြို့ရှိ မိမိတို့နေအိမ်သို့ ပြန်လာ ခဲ့လေရာ အခြားသောဝေဒနာရှင်များအတွက် မည်ကဲ့သို့ရှိသည်မသိရသော် လည်း ကျောက်မဲမြို့သူမနန်းရင်နှင့် အမရပူရသူ မသန်းကြည်တို့မှာ နစ်မြော နေသောအချိန်သည်လည်းကောင်း၊ တစ်ချိန်တစ်ခါတည်း ချိန်းချက်ထား ဘိသကဲ့သို့ တစ်ပြိုင်တည်း တိုက်ဆိုင်ညီညွတ်လျက်ရှိလေသတည်း။

မောင်လှသည် မိမိနေရင်းဌာနဖြစ်သော အမရပူရမြို့သို့ရောက်ခဲ့ရာ ရောင်းရေးဝယ်မှုကို တစ်စုံတစ်ရာဂရုမပြုနိုင်ဘဲ သေမင်းခံတွင်းမှ အနိုင်နိုင် ဆွဲလုခဲ့ရသော ဇနီးသည်ကလေးမသန်းကြည်အတွက် မျက်စိ တစ်မှိတ်မျှ

စိတ်မချဘဲ ကိုယ်ဖိရင်ဖိကြည့်ရှုပြုစု၍နေသည်သာမက မောင်လှ၏ မိဘဆွေမျိုးတို့သည်လည်းကောင်း၊ မသေကောင်း, မပျောက်ကောင်း ကံကောင်းထောက်မ၍ အသက်ချမ်းသာရာရလာသော မသန်း ကည်အား ခြေမကိုင်မိ, လက်မကိုင်မိနှင့် သူ့ထက်ငါ လာရောက်ကြည့်ရှုပြုစုနေကြလေရာ မသန်းကြည်မှာ ကောင်းစွာစကားမပြောနိုင်သေးစေကာမူ အစာအာဟာရကလေးများ စားနိုင်စပြုရာက တစ်နေ့ထက်တစ်နေ့ အားပြည့်တင်းလာလျက် ငုတ်တုတ်ထိုင်နိုင်လာလေ၏။

လင်ယောကျ်ားနှင့်တကွ ဆွေသားမျိုးသားတစ်စုတို့က ယုယုယယ ပြုစုဖေးမလျက် အရေးပါနေကြသော်လည်း နာလန်ထလူမမာ မသန်းကြည်မှာ ရှေးအခါက စကားသွက်လက်လှသူတစ်ဦးဖြစ်သော်လည်း မမာပြီးမှ စကားအနည်းကြီး နည်းသွားရုံမက လင်ယောကျ်ားဖြစ်သူ မောင်လှနှင့်တကွ မိဘဆွေမျိုးတစ်စုက ယုယုယယ မေးမေးစမ်းစမ်းပြုကြသည်တိုင်အောင် စကားဟဟပြန်ပြောဖော်မရဘဲ မျက်လုံးကြီးအပြူးသားနှင့် အနီးရှိလူများကို ကြောင်စီစီကြီး စိုက်ကြည့်နေတတ်ပြီး တစ်ခါတစ်ရံလည်း မျက်လုံးထဲတွင် မျက်ရည်တွေအရွှဲသားဖြစ်နေရှာသည်ကို တွေ့မြင်ကြရပြီး အများအားဖြင့်လည်း မသန်းကြည်မှာ တစ်စုံတစ်ရာကို စိတ်တိုင်းမကျနေဘိအလား စကားများစွာမပြောသည့်အပြင် မေးထူးခေါ်ပြောပြောသမျှ ကလေးလောက်တွင်လည်း အလွန်စိတ်တိုနေဘိအလား တိုနံ့နံ့ငေါက်ဆတ်ဆတ်ကြီးပြောတတ်ကာ အခါများစွာလည်း မိမိအနီးသို့ လာရောက်ပြုစုနေသူ မိဘဆွေမျိုးများအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသော သူစိမ်းတရံဆန်များပမာ မေးနိုင်မှ တစ်ခွန်းတလေ ပြန်ပြောဖော်ရသောကြောင့် မိဘများမှာ ယခင်ကနှုတ်ချိုဖော်ရွေချက်လက်လှသော မသန်းကြည်၏ ထူးခြားသောအမူအရာကို အကဲခတ်မှန်းမသိ၊ အကဲခတ်ကာနေကြလေရာ ယင်းသို့အကဲခတ်ကြရင်းကပင် မသန်းကြည်မှာ အင်အားပြည့်တင်းရာက လမ်းများပင် လျှောက်နိုင်စပြု၍ လာလေ၏။

"သန်းရေ-နေကောင်းလာပြီနော်၊ သန်းဘာစားမလဲ၊ သန်း အတော်ပိန်သွားတာပဲနော်၊ အားရှိမယ့်အစာကလေးတွေ ကြိုးစားပြီး စားပေး၊ ကိုလှ သန်းစားဖို့ ကြက်ဥပူတင်းအဝယ်ခိုင်းလိုက်တယ်ကွဲ့"

ဟု လင်ဖြစ်သူက ယုယုယယပြောလျက် အရိုးပေါ်အရေတင် အတော်ပင်ပိန်သွားသော လက်မောင်းသားကလေးများကို ကိုင်တွယ်ကြည့်ရှု လိုက်ရာမှ မောင်လှပြောတာဆိုတာတွေကို အကြောင်သား ငေးနားထောင်နေသော မသန်းကြည်မှာ မိမိလက်မောင်းသားကို ပိုင်စိုး ပိုင်နင်းကိုင်တွယ်ကြည့်ရှုသော မောင်လှလက်များကို ရုတ်တရက်ပုတ်ချလိုက်ပြီး မျက်နှာထားကြီးနှင့်ကြည့်ကာ-

"အို-ဘယ့်နှယ်လုပ်တာလဲ၊ ရှင့်ကိုလည်း ကျွန်မမသိပါဘူး၊ ဒီလိုသူများသားသမီးကို ကိုင်လား၊ တွယ်လားလုပ်တာဟာ ရှင်တို့အကျင့်လား"

ဟု ကက်ကက်လန်အောင် ရန်တွေ့လိုက်လေရာ ကိုယ့်မယား ကိုယ်ကိုင်တွယ်ကြည့်မိသော မောင်လှမှာ ဆတ်ဆတ်ခါရန်တွေ့လိုက်သော မသန်းကြည်၏မျက်နှာကို ရုတ်တရက် အံ့အားသင့်စွာ ကြည့်လိုက်မိလေ၏။ မသန်းကြည်လည်း ရှက်သွေးမွှန်ကာ မျက်နှာကလေး နီရဲနေသောကြောင့် မောင်လှမှာ မိမိမယားအစစ်ဖြစ်နေသောသူက ထူးထူးခြားခြား မမျှော်လင့်သောစကားပြောလိုက်သဖြင့် တရေးရေးနှင့်တွေး၍ ပြုံးမိကာ . . .

"အသန်း ဒီမယ်လေမသန်းကြည်ရဲ့၊ ဒါမင့်လင်မောင်လှပါကွဲ့၊ မင့်မျက်လုံးများ သေသေချာချာပွတ်ကြည့်ပါဦး၊ ဘယ်သူထင်နေလို့လဲ"

ဟု ပြောရာ၊ မသန်းကြည်လည်း ခေါင်းကို အတွင်ခါလျက် . . .

"ကျွန်မနာမည် မနန်းရင်၊ ဘယ်ကမသန်းကြည်ဟုတ်ရမှာလဲ၊ ကျွန်မအပျိုရှင့်၊ ဘယ်က လင်မှမရှိဘူး၊ ရှင်တို့ ကျွန်မကို ဒီခေါ်လာပြီး မတော်မတရားမပြောကြနဲ့"

ဟု ရှူးရှူးရှားရှား ဒေါသကြီးစွာနှင့် ပြောလိုက်ရာ၊ မောင်လှမှာ မသန်းကြည် ကတောက်ကတက်ပြောလာသည်ဟု စိုးရိမ်စိတ်ဖြစ်ပေါ်လာပြီး

"မသန်းကြည်၊ အသန်း သတိထားပါကွယ်၊ ဘာတွေလျှောက် ပြောနေတာလဲ"

"ကျွန်မနာမည် မနန်းရင်လို့ပြောနေတာ၊ ဘယ့်နှယ်ကြောင့် မသန်းကြည် မသန်းကြည်နဲ့ ခေါ်နေရတာလဲ၊ ကျွန်မကျောက်မဲက ရှင်တို့ ဘာလုပ်မလို့ ဒီကိုခေါ်လာတာလဲ၊ အဖေနဲ့အမေတို့ကော ဘယ်မှာတုံး"

"သတိထားပါဆိုနေ၊ မသန်းကြည် မင်း ကျုပ်မိန်းမ မသန်းကြည်ပါ"

"ရှင်အရမ်းမစွပ်စွဲနဲ့ ကျွန်မမှာလင်မရှိဘူး၊ အပျို ကျွန်မအဖေ ဦးစောဖေတဲ့၊ အမေကဒေါ်နန်းစော ကျွန်မနာမည်က မနန်းရင်"

"တယ်-စိတ်ညစ်စရာ ကောင်းနေပါပြီ၊ မသန်းကြည် မင်းရူးနေသလား"

"ရှင်ပြောနေတဲ့ မသန်းကြည်ဆိုတာ ရူးချင်ရူးမယ်၊ ကျွန်မ မရူးဘူး"

ထိုအခိုက်တွင် မသန်းကြည်၏မိဘများရောက်လာရာ မောင်လှလည်း မသန်းကြည် ထူးခြားစွာပြောဆိုနေများကို တစ်ဆင့်ပြောကြားသောကြောင့် အဘိုးကြီး၊ အမယ်ကြီးတို့လည်း မိမိတို့သမီးအနီးသို့ ရောက်လာကြကာ မျက်စောင်းတခဲခဲဖြစ်နေသော မသန်းကြည်ကိုကြည့်လျက်-

"ဟဲ့သမီး မသန်းကြည်၊ နေကောင်းရဲ့လား"

"လာပြန်ပြီ တစ်ယောက်ကလည်း မသန်းကြည်၊ ကျွန်မနာမည် မနန်းရင်တဲ့ရှင့်"

"ဩော် ငါ့သမီးဘာဖြစ်တာလဲ၊ ငါနှင့်အဖေ ဟောဟိုဟာသမီး အမေ၊ အဖေနဲ့အမေက ငါ့သမီးကို မသန်းကြည်လို့ နာမည်ပေးထားတာပဲ၊ ဟောဒါက သမီးရဲ့လင် မောင်လှလေ"

"မဟုတ်ပါဘူး၊ ဦးကြီးတို့ လူမှားနေပြီထင်တယ်၊ ဘယ်ကလာ ဦးကြီးတို့ သမီးဟုတ်ရမလဲ၊ ကျွန်မနာမည် မသန်းကြည်မဟုတ်ပါဘူး၊ ကျောက်မဲမြို့က ဦးစောဖေ ဒေါ်နန်းစောတို့ရဲ့သမီး မနန်းရင်ဆိုတာ ကျွန်မပဲ"

"ငါ့သမီး မမာပြီးမှ စိတ်ဂယောက်ဂယက် ဖြစ်သွားပြီထင်တယ်၊ သမီးအသန်း သတိထားပါအေ၊ အမေညည်းကြောင့် စိတ်မကောင်းဘူး၊ မောင်လှရေ မင်းတို့ မင်္ဂလာဆောင်တုန်းကရိုက်ထားတဲ့ ဓာတ်ပုံကလေး ယူလိုက်ပါဦး၊ သတိလစ်နေပြီထင်တယ်၊ ဟော-ဒီမှာသမီးရဲ့ ငါ့သမီး မသန်းနဲ့ မောင်လှနဲ့ မင်္ဂလာဆောင်တုန်းက ကန်တော့ပွဲရှေ့ကထားပြီး ရိုက်ခဲ့တဲ့ဓာတ်ပုံကလေး ကြည့်ပါဦး၊ ရှေးဟောင်းနှောင်းဖြစ်လည်း ပြန်ပြီးစဉ်းစားပါဦးသမီးရဲ့"

ဟု ဆိုကာ ဓာတ်ပုံကိုပြလေ၏။ မသန်းကြည်လည်း ကန်တော့ပွဲရှေ့တွင် နှစ်ယောက်စုံတွဲ ယှဉ်ရိုက်ကူးထားသော မင်္ဂလာသတို့သား, သတို့သမီး နှစ်ယောက်၏ပုံကိုကြည့်ကာ. . .

"အိုဒီထဲကဟာတွေကို တစ်ခါမှမမြင်ဖူးပါဘူး၊ ဩော်-ဩော်-ဒီဘက်ကလူကတော့ သူနဲ့ခပ်ဆင်ဆင်ပဲ"

ဟု ဆိုကာ၊ မောင်လှကို လက်ညှိုးထိုး၍ပြလေ၏။

"ဟုတ်တယ်လေ ဒါကတော့ မောင်လှပဲ၊ ဒီမိန်းကလေးကတော့ ငါ့သမီးပုံလေ၊ ဓာတ်ပုံထဲကမျက်နှာနဲ့ ငါ့သမီးမျက်နှာနဲ့ တထေရာတည်းပါကလား၊ မှန်ထဲမျှားလည်းကြည့်ပါဦး၊ ဒါကြောင့်ငါ့သမီးမသန်းကြည်နဲ့ မောင်လှ မင်္ဂလာဆောင်တုန်းကရိုက်တဲ့ ဓာတ်ပုံကိုပြန်ကြည့်ရင် ငါ့သမီး သတိရအောင်လို့ ပြတာအေ့"

"ဟာ-ကျွန်မ မသန်းကြည်မဟုတ်ပါဘူး၊ ကဲ-ဒီမှန်ထဲမှာ-"

ဟု ဆိုကာ၊ မသန်းကြည်သည် ထောင်ထားသော မှန်ကြီးတစ်ချပ်ရှိရာသို့ စိတ်နှင့်မာန်နှင့် လျှောက်သွားပြီး မှန်ထဲမှမိမိအရိပ်ကိုမြင်ရသည်နှင့် တပြိုင်နက် မျက်လုံးပြူးသွားကာ . . .

"အို-အို-ဒါကဘယ်သူလဲ၊ ကျွန်မ မဟုတ်ဘူး၊ ကျွန်မမဟုတ်ဘူး၊ ကျွန်မမျက်နှာ ဒီမျက်နှာမျိုးမဟုတ်ပါဘူး၊ အမယ်လေး ဘုရားကယ်တော်မူပါ၊ ကျွန်မ ဘယ်လိုဖြစ်ပြီး ဒီကိုရောက်လာတာလဲ"

ဟု ဆိုရင်း ကြုံကြုံပါအောင်ငိုလေရာ၊ အဘိုးကြီး, အမယ်ကြီးနှင့်တကွ မောင်လှတို့မှာ မသန်းကြည်၏ ထူးခြားစွာပြောင်းလွဲချက်ကို စဉ်းစားကွက်မမြင်နိုင်အောင် စိတ်ရှုပ်၍နေကြလေ၏။

မသန်းကြည်မှာလည်း ထိုနေ့မှအစပြုပြီး တငိုတည်းငို၍သာနေပြီးလျှင် အိမ်သားမြင်သမျှကိုဖမ်းဆွဲပြီး . . .

"အမယ်လေး ကျွန်မကို ကျောက်မဲပြန်ပို့ကြပါ၊ ကျွန်မအဖေနဲ့ အမေကိုလွမ်းလှပါပြီ၊ ဒီအိမ်ကိုဘာပြုလို့ ခေါ်လာကြတာလဲ၊ ကျွန်မ ပြန်ပါရစေတော့"

ဟုသာ ပူဆာငိုကြွေးနေတော့လေရာ၊ အပူဆာခံရသူများမှာလည်း အခြားလူများမဟုတ်ဘဲ မောင်လှ၏မိခင်ဖခင်များနှင့် မသန်း ကြည်၏ မိခင်ဖခင်များပင်ဖြစ်ကြလေရာ တစ်သက်လုံးမိမိတို့နှင့်အတူ နေလာသည့်သမီး၊ မိမိတို့ချွေးမအစစ်အမှန်ဖြစ်ပါလျက်က ကျောက်မဲမြို့ သို့ပြန်ပို့ရမည်ဆိုသည်

မှာ မသန်းကြည်ကေန္တ ရူးနောက်နေ၍သာ စွဲလမ်းမိရာကိုပြောသည်ဟု အထင်ရောက်လျက် စိတ်ရှုပေါက်ပြီး ထင်ရာလျှောက်သွားမည်စိုးရိမ်သည့်အတွက် မသန်းကြည်အား မျက်စိအောက်က အပျောက်မခံဘဲ အမြဲစောင့်ရှောက်၍နေရပြီးလျှင် မောင်လှမှာလည်း မိမိမယားဖြစ်ပါလျက် အနီးအပါးသို့မှ အကပ်မခံဘဲ အခန်းထဲဝင်မိရုံနှင့်ပင် . . .

"ရှင်မလာနဲ့၊ ရှင်နဲ့ကျွန်မနဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်မ ရှင့်မယား မသန်းကြည်မဟုတ်ဘူး"

ဟု ပြောကာ၊ ဟစ်အော်ငိုကြွေးနေသောကြောင့် မောင်လှမှာ မသန်းကြည်၏အနီးသို့မျှ မကပ်ဝံ့တော့ဘဲ ခပ်ခွာခွာနေလိုက်ရသောအခါ ချစ်စ, ခင်စ, ကြင်နာစ မယားကလေးမို့ ကြားလေသွေးသည်ပင် ဝေးသည်ထင်နေသော အခိုက်အတန့်တွင် ဘယ်ကြမ္မာဝင်၍ မွေသည်မသိ၊ မသန်းကြည်၏ ရုပ်ပကတိက ဇွတ်အမွေ့ သန်းကြည်မဟုတ်ရကြောင်းနှင့် ခေါင်းမာစွာငြင်းကွယ်နေသဖြင့် မချင့်မရဲဝမ်းနည်းစိတ်ရှုပ် ခေါင်းကိုသာအတွင်ကုတ်၍ မှိုင်ပုံထုတ်နေရလေတော့သတည်း။

မဖြစ်ဘူးလေ-မဖြစ်နိုင်ဘူး၊ ဒီလိုသာနေသွားရရင် အပျက် ပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုတာလို ဖြစ်နေတော့မယ်၊ သူ့ဟာက တစ်သက်လုံး ဒီအချိုးအတိုင်းဖြစ်သွားရင် တစ်ယောက်နဲ့တစ်ယောက်ကြည့် ႃလို့မှ အားမရသေးတဲ့အခါမျိုးမှာ အခုလိုလာပြီးဖြစ်ရတာ ကေန္တသွေးရိုး သားရိုးတော့မဟုတ်နိုင်ဘူး၊ ပယောဂပူးပြီး ရူးရတဲ့အရူးမျိုးနဲ့တူတယ်၊ ပယောဂဆရာကောင်းကောင်းရှာပြီးကုမှပဲဟု မောင်လှစိတ်ထဲတွင် အကြံ ပေါ်လာကာ ကောင်းမေ့ကျော်မေ့ဆိုသော ဆရာများကို ရှာဖွေစုံစမ်းလျက် မသန်းကြည်ကိုကုသလေရာ အချို့စားပေါက်ထွင်လေ့ရှိသော ယောင်ဝါး ဆရာတို့မှာ-

"ဟာ . . ဒီကလေးမ ဝေဒနာဟာ သွေးရိုးသားရိုးမဟုတ်ဘူး၊ ရိုးရာနတ်ပမ်းစားတာ"

ဟူ၍လည်းကောင်း၊ အချို့ကလည်း ရွာသူနှင့်အနောက် ကတော်တို့ အိမ်တွင်းနှင့်ပင်းပြီး တစ်ကျိုပ်ဟည်း, တစ်ဉာဏ်တည်းဖမ်းစား ထား တာကလား၊

အဲဒါကြောင့် "ကန်တော့ပွဲ ဘယ်နှပွဲပြင်၊ ရေစင်ဖိုးဘယ်နှကျပ်ထည့်" အစရှိသည့်ညှင်းပေါက်များကိုထွင်ကြလျက် အချို့ကလည်း . . .

"မောင်လှကို တစ်စုံတစ်ယောက်သောမိန်းမက ချစ်ကြိုက်နေသောကြောင့် မသန်းကြည်နှင့်ကွဲစေရန် အောက်လမ်းဆရာများနှင့် ပင်းပြီး အမုန်းကြီးမုန်းအောင် အပင်းတိုက်ထားသည်"

ဟူ၍လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံထင်မြင်ချက်ပေး၍ ဆေးဝါး, အင်း, အိုင်များဖြင့် ကုစားကြသောအခါ မသန်းကြည်မှာ ဦးစွာပထမသော် မိမိဘာမှမဖြစ်ပါဘဲလျက် ဆေးဝါးအင်းအိုင်များနှင့် ကုရမည်လားဟု ပေးသောဆေးများကိုမသောက်ဘဲ ခုခံရန်တွေ့လျက်-

"မသောက်ဘူး၊ ဒီဆေးတွေကို ကျွန်မမသောက်ချင်ဘူး၊ ရှင်တို့ ကျွန်မကိုခေါ်လာပြီး ဘာမှမဖြစ်ဘဲနဲ့ ဒီဆေးတွေကိုမကျွေးကြပါနဲ့"

ဟု ငိုချည်တစ်ခါ၊ ရန်တွေ့ကာတစ်မျိုး ငြင်းဆန်နေခဲ့ရာ ခပ်ကြမ်းကြမ်းဆရာတစ်ယောက်ကမူ-

"ဟဲ့-စုန်းမ၊ နင်ဘာမာယာများနေရတာလဲ၊ မသန်းကြည် ကိုယ်ထဲ နင်ဝင်ပူးနေတာ ငါမသိဘူးမှတ်သလား၊ ရော့-သောက်ဆိုသောက်၊ မသောက်ရင် နင့်လည်ပင်းဆံစုနဲ့ ရစ်ဖမ်းပြီး ခပ်ကြမ်းကြမ်းရိုက်ရလိမ့်မယ်"

ဟု ဆိုသောကြောင့် မသန်းကြည်မှာ မိမိကို မောက်မောက်မာမာ ပြောလိုက်သည့်အတွက် ဆတ်ခနဲ ဒေါသထွက်လာပြီး ဒေါသတကြီးနှင့်-

"ဟဲ့ ခွေးဆရာ၊ နင်ကလားငါ့ကို မောက်မောက်မာမာပြောရတာ၊ ငါဘာမှမဖြစ်ဘဲနဲ့ နင်တိုက်တဲ့ဆေးကို ဘာလို့သောက်ရမှာတုံး၊ ငါစုန်းမလည်း မဟုတ်ဘူး၊ ကျောက်မဲမြို့ကဖက်ကုန်သည် ဦးစောဖေသမီး မနန်းရင်ဆိုတာ မကြားဖူးဘူးလား"

ဟု ကက်ကက်လန်အောင် ရန်တွေ့နေသောကြောင့် ဆရာလုပ်သူမှာ စုန်းမက ပမာမခန့်ပြန်ပြောသည်ဟု ရှက်ရမ်းရမ်းပြီး-

"ကဲ-ကြည့်ကြစမ်းခင်ဗျ၊ အာဂလာတဲ့စုန်းမ၊ ကျုပ်ပယောဂဆရာလုပ်လာတာကြာပါပြီဗျာ၊ ပညာသည်အမျိုးမျိုးနဲ့လည်း တွေ့ခဲ့တာများပါပြီ၊ ကျုပ် ခြေရာချင်းထပ်လာခဲ့တဲ့အရပ်တွေပါ၊ အောက်လမ်းပညာမှန်ရင် သူတို့

နယ်က နည်းခံရတာချည်းပဲ၊ အဲသည်လို အရပ်ကလူတွေတောင် ကျုပ်ရောက်လာကြတယ်ဆိုရင် တစ်ခါတည်း ပြားပြားဝပ်နေကြတာ၊ အခုမှ ဒီ-ဘာမဟုတ်တဲ့ ကလေကဝ စုန်းမအစုတ်အနုတ်က ကျုပ်ကို ပမာမခန့်လုပ်တာ မခံနိုင်ဘူးဗျာ၊ ဆရာမှန်းသမားမှန်းသိသွားအောင် တစ်ချီတစ်ပွဲတော့ စမ်းပြလိုက်ရဦးမှာပဲ"

ဟု ပြောရာ၊ မောင်လှနှင့်တကွ မသန်းကြည်၏မိဘများမှာ . . .

"ဆရာကောင်းသလိုသာ ကြည့်လုပ်ပါတော့ဆရာရယ်၊ ကျွန် တော်၊ ကျွန်မတို့တော့ မသန်းကြည် မိမွေးတိုင်း, ဖမွေးတိုင်း ဖြစ်လာတာသာ မြင်ချင်ပါတယ်"

ဟု ဆရာကိုသာ ပုံအပ်နေကြသောကြောင့် ပယောဂဆရာလည်း မသန်းကြည်အား ဆံစုနှင့်လည်ပင်းကို ချည်နှောင်ရန်ကြိုးစားလေရာ မသန်းကြည်မှာလည်း တွန်းထိုးရုန်းကန် ခုခံဖယ်ရှားလျက်ရှိသောကြောင့် အခြားလူများကိုကူညီ၍ ဖမ်းကိုင်ပေးစေလျှင် မသန်းကြည်မှာ တစ်ယောက်နှင့်အများ အင်အားချင်းမမျှသောကြောင့် နောက်ဆုံးတွင် လည်ပင်း၌ဆံစုနှင့် ရစ်ပတ်ခြင်းကိုခံလိုက်ရလေ၏။

ပယောဂဆရာလည်း ကြိမ်လုံးကြီးတဝင့်ဝင့်နှင့် ဖြစ်လာကာ မသန်းကြည်၏လည်ပင်းတွင် စည်းနှောင်ထားသောဆံစုကို ချုပ်ကိုင်ပြီး-

"ဟဲ့-နင့်နာမည်ဘယ်သူလဲ"

"ငါ့နာမည် မနန်းရင်"

ဟု ခက်ထန်စွာပြောလေ၏။ ဆရာလည်း ခေါင်းကြီးညိတ်ပြီး-

"အင်း ဟုတ်ပြီ၊ ဟုတ်ပြီ မိနန်းရင် နင်ဘယ်ရွာကလဲ"

"ကျောက်မဲကဟဲ့"

"ငါ့ဆရာ-ဘာကြောင့်မိုက်မိုက်ရိုင်းရိုင်းပြောရသလဲ ရိုရိုသေသေပြော"

"ပြောနိုင်ပေါင်၊ ငါ့ကိုဘာမှမဖြစ်ဘဲနဲ့ ဆေးတိုက်တဲ့ဆရာ၊ ဘာဆရာလဲ၊ နွားသင်းကွပ်တဲ့ဆရာလား"

"သယ်-ကြည့်စမ်း မိုက်ရိုင်းလိုက်တာ၊ ကိုင်း-ဒါလောက်ရှိတဲ့ စုန်းမ ရိုက်ပြလိုက်ရဦးမယ်"

"ထိကြည့်စမ်း၊ ဘာလဲ နင်က ငါ့ကို စုန်းမမှတ်နေသလား၊ စမ်း ထိစမ်း"

ဟု ကိုယ်စောင်းတိုက်၍ပြောလေရာ၊ ဆေးဆရာလည်း-

"သယ် . . ဒီစုန်းမ ကဲလှပါကလား၊ ကိုင်း . . မလှုပ်နိုင်အောင်ချုပ် ကိုင်ပေးကြစမ်း"

ဟု ပြောသောကြောင့် အိမ်ရှိလူများမှာ ဆရာ၏အမိန့်အတိုင်း မသန်း ကြည်ကို ဝိုင်း၍ချုပ်ကိုင်ပေးကြရာ မသန်းကြည်လည်း မိမိကို ဖမ်းပေးသူ များလက်မှ ရုန်းကန်နိုင်သလောက်ရုန်းကန်ပြီး ပါးစပ်ကလည်း "မိမိကိုမတရား ဖမ်းပြီး မနှိပ်စက်ကြပါနဲ့၊ ကျောက်မဲကို ပြန်ပို့ကြပါ၊ ငါ- စုန်းမ မဟုတ်ပါဘူး"

ဟု ကြွက်ကြွက်ဆူအောင် ဟစ်အော်ပြောဆိုနေသော်လည်း ယင်းသို့ အော်လေ-စုန်းမပူးပြီး အကြမ်းဖက်လာလေအထင်ရောက်ကြပြီး ကျပ်တည်းစွာ ချုပ်ကိုင်ပေးကြသဖြင့် စုန်းမဟု အပြီးနှင့်ရိုက်ချင်သော ဆရာလည်း ကြိမ်လုံးကို တအားလွှဲပြီး မနားဘဲရိုက်လေတော့ရာ မသန်းကြည်မှာ နာကျင်လှသဖြင့် ငယ်သံပါအောင် ဟစ်အော်ငိုကြွေးလျက်ရှိ ရှာလေ၏။

"ဟဲ့-စုန်းမ ကြောက်ပလား၊ ငါမှန်းသိပလားဟဲ့"

"စုန်းမ မဟုတ်ပါဘူးဆရာရယ်၊ ကျွန်မကိုမတရားမနှိပ်စက်ပါနဲ့၊ နာလှပါပြီ"

"ဟင် ခုတောင် မာယာများတုန်းပါကလား၊ ဟဲ့-စုန်းမမဟုတ် ဘဲနဲ့၊ ဘာဖြစ်လို့ မသန်းကြည်ကို ဝင်ပူးနေရသလဲ နင်အခုအချိန်ကစပြီး ထွက်သွား လိုက်"

"ကျွန်မဘယ့်နှယ်လုပ်ပြီး ထွက်ရမှာလဲ ဆရာရဲ့၊ မထွက်တတ်ဘူး၊ ဒါလည်း ကျွန်မရဲ့ကိုယ်မဟုတ်ပါဘူး၊ ကျွန်မကိုယ် ကျွန်မမှတ်မိပါတယ် ဒီလို အသားမညိုပါဘူး"

ဟု ပြော၍ ဝမ်းနည်းစွာငိုရှာလေလျှင် ဆရာလည်း စုန်းမ မိမိကို ကြောက်သွားပြီဟု အထင်ရှိကာ ဆေးခွက်ကိုတိုက်ရန် လက်ကမ်းလျက်-

"ဟဲ့-စုန်းမ ခုမှငိုလား၊ ရယ်လားနဲ့ မာယာများမနေနဲ့၊ ငါပေးတဲ့ ဆေးကို အခုသောက်လိုက်၊ မသောက်ရင် နောက်ထပ် သည့်ထက်နာ အောင်ရိုက်ဦးမယ်"

"ကဲ-ပေးပေး သောက်မှ နားအေးမယ့်ကိစ္စမို့ ခုပဲသောက်ချ လိုက်ပါ့မယ်၊ ဆေးသောက်ပကောလို့ စုန်းမလို့မထင်လိုက်ပါနဲ့၊ ကျွန်မ စုန်းမ မဟုတ်ပါဘူး၊ ရှင်တို့လက်ထဲရောက်နေတဲ့အခါမို့ မသောက်ပြန်ရင် စုန်းမဆိုပြီး ရိုက်နှက်မှာစိုးလို့ သောက်ရတာနော်၊ စုန်းမ မထင်ပါနဲ့"

ဟု ဆိုကာ၊ မသန်းကြည်လည်း ဆေးများကိုသောက်ပြလေ၏။ ဆရာနှင့်တကွ မောင်လှတို့အိမ်သားများမှာ မသန်းကြည်၏အမူအရာကိုသာ အရိပ်ကြည့်လျက် နေ့စဉ်ရက်ဆက် ဆေးဝါးမန္တန်ဖြင့် ပယောဂချွတ်လွှဲနေကြရာ မသန်းကြည်မှာမူ ဤအတိုင်းသာ ရှိနေသဖြင့် မောင်လှမှာ ဇနီးကလေး အတွက် တရေးရေးစိတ်ပူကာ ဆရာအမျိုးမျိုးကို ကြိုးစားရှာဖွေပြသ၍ နေလေသတည်း။

***

ယင်းကဲ့သို့ မသန်းကြည်ကို ပယောဂအစွဲဟု ချွတ်လွှဲနေသော အခိုက်အတန့်မှာ ကျွန်တော်နှင့်ကျေးဇူးရှင် အထက်ဆရာကြီးတို့မှာ "ပေါကြို" ခေါ် ဘော်ကြိုဘုရား၏ အာရုံခံတန်ဆောင်းအတွင်းဝယ် တည်းခိုလျက် နေထိုင်ဆဲဖြစ်လေ၏။ ကျွန်တော်၏ကျေးဇူးရှင်ဆရာကြီးမှာ တိုက်နယ်တစ်ဝိုက်တွင် အတော်ပင်ထင်ပေါ်ကျော်စောလျက် ကြည်ညိုသူတွေ, ပြုစုလိုသူတွေပေါ်သော်လည်း ဘော်ကြိုဘုရားရင်ပြင်တော်တွင် အဓိဋ္ဌာန်ပုတီးဝင်ရန်ကိစ္စကြီးရှိသောကြောင့် မြို့ထဲရပ်ထဲတွင် တည်းခိုခြင်းမပြုဘဲ ဘုရားရင်ပြင်မှာပင် ကိစ္စငြိမ်းတည်းခိုနေရကား ကျေးဇူးရှင်ဆရာကြီးရောက်နေကြောင်း သိသောတပည့်များကမူ ဆရာကြီးနှင့်ကျွန်တော်တို့အတွက် သစ်သီးမျိုးစုံနှင့်တကွ သက်သတ်လွတ်ဟင်းများဖြင့် စီမံထားသော ထမင်းအုပ်များ၊ လေးလေးမြတ်မြတ် အထပ်ထပ်အပို့ရောက်လာကြသည်မှာ ကျွန်တော်တို့နှင့်အတူပါသော တပည့်ငယ်နှစ်ယောက်မှာ သိမ်းဆည်းလက်ခံရသည်ပင် လက်မလည်နိုင်အောင်ရှိလေ၏။

ကျေးဇူးရှင်ဆရာကြီးလည်း အဆိုပါဘုရားရှေ့တော်တွင် ကိုးည တိတိအဓိဋ္ဌာန်ဝင်မည်ဖြစ်လေရာ ကျွန်တော့်အားလည်း အရပ်ရပ်ကိစ္စများကို ဆရာ့ကိုယ်စား အာဏာပိုင်လွှဲအပ်ထားသောကြောင့် ထိုကိုးရက်အတွင်း ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်လာပါက ဆရာ့ကိုယ်စား ကျွန်တော်ပင် ဆောင်ရွက်ရန်တာဝန်ကျလျက်ရှိသောကြောင့် အစစအရာရာ လုံ့လဝီရိယကြီးစွာနှင့် နေရစဉ်အတွင်း ကျေးဇူးရှင်ဆရာကြီး အဓိဋ္ဌာန်နှစ်ရက်မြောက်သောနေ့တွင် သီပေါမြို့ပေါ်မှ ကျွန်တော်တို့အသိတစ်ဦးမှာ အခြားညှော်သည်တစ်ဦးကို ခေါ်လျက် ကျွန်တော်ရှိရာသို့ အရေးတကြီးရောက်လာသည်ကို တွေ့ရလေ၏။

"ဆရာလေး ဟောဒီက ဦးစောဖေက ဆရာကြီးဆီပို့ပေးပါလို့ အရေးတကြီးရောက်လာတာနဲ့ လာခဲ့ရပါတယ်၊ သူ့ခမျှာ ဆရာတို့ကိုလိုက်ရှာနေတာ ရက်အတော်ကြာပြီဆိုပဲ"

ဟု သီပေါမြို့သား မောင်ဝဏ္ဏကပြောသောကြောင့် ၎င်းနှင့် အတူပါသော ဦးစောဖေဆိုသူ ဘကြီးတစ်ဦးက-

"ဟုတ်ပါတယ်ဆရာရယ်၊ ဘကြီးမှာ အရေးတကြီးလိုက်ရှာနေတာ၊ အရက် နှစ်ဆယ်လောက်ရှိပါပြီ၊ ဟိုတလောက လားရှိုးမှာရှိသလိုလို သတင်းကြားတာနဲ့ အဲဒီကိုလိုက်သွားပါသေးတယ်၊ ဟိုရောက်တော့ အောက်မြို့သွားသလိုလို အထက်နယ်စပ်အထိသွားသလိုလို, သဲကွဲအောင် မသိရတာနဲ့ ဟိုလိုက်မေး၊ ဒီလိုက်မေးနဲ့ နောက်ဆုံးသီပေါရောက်လာပြီး ဟော-ဒီက ဘကြီးရဲ့ တူတော်ကလေး မောင်ဝဏ္ဏကိုမေးလို့သာ ကံအားလျော်စွာ လာတွေ့ရပါတယ်"

"ဩော်-ဖြစ်မှဖြစ်ရလေဘကြီးရယ်၊ တွေ့ချင်တော့လည်း အလွယ်နဲ့ လာတွေ့ရပါကလား၊ အနို့-ကျွန်တော်တို့ကို ရှာတာက ဘာကိစ္စ"

"ဒီလိုပါဆရာရယ်၊ ဘကြီးက ကျောက်မဲမြို့က ရှမ်းဖက်အကြီးအကျယ်ရောင်းတဲ့ ဦးစောဖေဆိုတာပါပဲ၊ ဘကြီးမှာ မနန်းရင်ဆိုတဲ့သမီးပျိုကလေးတစ်ယောက်ရှိပါတယ်၊ လွန်ခဲ့တဲ့နှစ်လကျော် သုံးလလောက်တုန်းက မြစ်သားဘုရားပွဲကိုဆင်းပြီး ဖက်ရောင်းကြရာမှ နှစ်တိုင်းပျော်ပျော်ပါးပါး မြတ်စွန်းတဲ့ငွေတွေပိုက်ပြီး ပြန်လာခဲ့ရမြဲဖြစ်သော်လည်း ဒီအကြိမ်တော့ ဝမ်းရောဂါတွေဖြစ်ပြီး လာတဲ့လူတွေ အတော်ဒုက္ခရောက်လိုက်ကြပါတယ်"

"ဒီအထဲက ဘကြီးသမီးကလေးမနန်းရင်ဟာ ကောက်ခါ၊ ငင် ခါ ဝမ်းရောဂါဖြစ်လာလို့ ငါ့သမီးတော့ မရှုမလှနဲ့ ပစ်ခဲ့ရပြီလို့ အသည်းနှလုံး ပြုတ်မတတ်၊ ပူဆွေးနေကြတုန်း ဘုန်းကြီးတစ်ပါး ဆေးစွမ်းကောင်းနဲ့ကုလို့ ဘကြီးသမီးမှာ သေတွင်းကထွက်လာရပါတယ်၊ ဒါနဲ့ ဘကြီးတို့လည်း သမီး သက်သာတာနဲ့ တပြိုင်နက် ကိုယ့်မြို့ကိုယ့်ရွာ ပြန်ပြေးလာပြီး သမီးကလေးကို အင်အားပြည့်လာအောင် တဖြည်းဖြည်းကုမလာရာက သမီးကလေးဟာ အင်အားပြည့်ပြီး အိပ်ရာထဲကလည်း ထနိုင်ရော၊ ဘကြီးနဲ့ သူ့အမေကို စိမ်းစိမ်းကြည့်ပြီး . . .

ရှင်တို့ဘယ်ကလဲ၊ ကျွန်မကို ဘာပြုလို့ ဒီခေါ်လာကြသလဲ၊ ကျွန်မ ယောက်ျားကိုလှကော ဘယ်မှာနေရစ်သလဲနဲ့ ထူးဆန်းတဲ့စကား တွေပြောပြီး အဖေအမေကိုလည်း တစ်ခါမှမမြင်ဖူးတဲ့လူတွေရယ်လို့ သူ့ပါးစပ်ကပြောနေ တော့ ဘကြီးတို့မှာအံ့အားသင့်ပြီး ဟဲ့-သမီးမနန်းရင် ဘာတွေပြောနေသလဲ၊ သတိထားပါဦးလို့ ပြောလိုက်ရင်ပဲ၊ ဟင်-ကျွန်မ နာမည်မနန်းရင်မဟုတ်ပါဘူး၊ မသန်းကြည်တဲ့၊ ကျွန်မလင်ကကိုလှတဲ့၊ ကိုလှနဲ့ ကျွန်မနဲ့ မင်္ဂလာဆောင်တာ ခြောက်လလောက်ပဲရှိပါသေးတယ်။ ကျွန်မတို့အမရပူရမြို့ကပါ၊ အဖေနဲ့ အမေကလည်း ရက်ကန်းထောင်တယ်၊ ဒါနဲ့-ဘကြီးတို့အဒေါ်တို့ ကျွန်မကို ဒီခေါ်လာကြသလား၊ ကျွန်မယောက်ျားကောလို့ မေးနေတာပဲ-

ဘကြီးတို့မှာလည်း သူ့ပြောပုံ ဆိုပုံတွေ မတွေးတတ်အောင် ဖြစ်နေ တယ်။ ဘကြီးတို့သမီးဟာ အပျိုအရွယ် ဣန္ဒြေရှင်ကလေးပါ၊ မိဘ မောင်ဘွား ရှေ့မှာ ဟီရိဩတ္တပ္ပကင်းစေတတ်တဲ့စကားမျိုး အပြုအမူမျိုး၊ ဘယ်တော့ကမှ မပြုမမူ မပြောဆိုခဲ့ပါဘဲနဲ့ အခုမှလင်စကားသားစကား တွေ ပြောနေရုံမက နေ့ရှိသမျှ ကျွန်မလင်ကိုလှဆီပြန်ပို့ကြပါဆိုတာ ငိုတစ်လှည့်ရှိုက်တစ်ခါ မနားတမ်းပြောနေတော့တာပါပဲဆရာလေးရယ်၊ ဘကြီးတို့မှာလည်း သမီး ကလေး ဒီလိုဖောက်ဖောက်ပြန်ပြန်ဖြစ်နေတဲ့အတွက် ရှက်လည်းရှက်၊ သနား လည်းသနား နေ့စဉ်နဲ့အမျှ တငိုငို တရယ်ရယ်နဲ့ လူကြားလို့ မကောင်းအောင် ဖြစ်နေလေတော့ အမှောင့်ပယောဂဝင်နှောင့်ယှက်နေတယ်ထင်ပြီး ဆရာတွေ တစ်ဦးပြီးတစ်ဦး ခေါ်ကုတာပါပဲ-

ပယောဂဆရာကလည်း ပယောဂယှဉ်တယ်ဆိုပြီး ကုကြ၊ ဗိန္ဓော ဆရာတွေကလည်း မီးယပ်နဲ့ယှဉ်ပြီးကုကြ၊ ဓာတ်ဆရာများကလည်း ဓာတ်ပျက် တယ်၊ ဓာတ်တိုင်ငုတ်တယ်ဆိုပြီး ဓာတ်ပေးကုကြနဲ့ အမျိုးမျိုး စုံပါလေရော၊ သမီးကလေးမှာလည်း နည်းနည်းမှမထူးခြားဘဲ ကျွန်မ လင်ကိုလှဆီပြန်ပို့ကြပါ ဆိုတာ အမြဲပူဆာနေတော့တာပဲ၊ အဲ-ဒါကြောင့် ကြံရာမရဖြစ်နေတာနဲ့ ဆရာတို့သတင်းကြားရတဲ့အတွက် လိုက်ပင့်ပါတယ်၊ တဆိတ်ဘကြီး သမီး ကလေးဒုက္ခကို ကယ်ဆယ်ပါဆရာရယ်"

ဟု သမီးအတွက် သောကတက်နေရှာသော ဦးစောဖေကပြောလျှင် မောင်ဝဏ္ဏလည်း-

"မှန်ပါတယ်ဆရာရယ်၊ ဒီသူငယ်မဟာ ကျွန်တော်နဲ့လည်း မောင်နှမ ဝမ်းကွဲတော်ပါတယ်၊ တဆိတ်လိုက်ပြီးစောင့်ရှောက်ပါဦး"

ဟု ပြောသောကြောင့် ကျွန်တော်လည်း ကျေးရွာရှင်ဆရာကြီး လွှဲအပ် သည့်အတိုင်း ဦးစောဖေရှိရာသို့လိုက်ပါရန် အာမခံလိုက်ရလေ၏။

သို့ဖြစ်၍ နောက်တစ်နေ့မှာပင် ကျေးရွာရှင်ဆရာကြီးအပါးတွင် ပြုစုစောင့်ရှောက်ရန် တပည့်ငယ်နှစ်ဦးကို ကောင်းစွာသွန်သင်မှာကြားထား လျက် ဆေးဝါးလက်နက်အပြည့်အစုံယူကာ ဦးစောဖေနှင့်အတူ ကျောက်မဲမြို့ သို့ လိုက်ပါလာခဲ့ရပေ၏။ ၎င်းတို့နေအိမ်သို့ရောက်လျှင် ဦးစောဖေနှင့် ဒေါ်နန်းစောတို့လည်း ကျွန်တော့်အားပျာပျာသလဲ ပြုစုရှာကြပြီးလျှင် ၎င်းတို့၏ သမီးပျိုကလေး မနန်းရင်ဆိုသူအား ကျွန်တော်၏ ရှေ့မှောက်သို့ တွဲခေါ် လာလျက်-

"အဲဒီသူငယ်မပါပဲဆရာရယ်၊ တဆိတ်ကြည့်ပါဦး"

ဟု ဦးစောဖေက ပြောသောကြောင့် ကျွန်တော်လည်း သူငယ်မ ၏အရိပ်အကဲကို သာမန်အားဖြင့် ကြည့်ရှုစုံစမ်းရာ သူငယ်မမှာ ဆရာပေါင်း များစွာ၏ စုံစမ်းမှုကြောင့် စိတ်တိုနေဘိအလား ကျွန်တော့်အားလည်း စိတ်တိုစွာ ကြည့်နေသည်ကို တွေ့မြင်ရလေ၏။

ထို့နောက် သူငယ်မ၏ဘယ်ဘက်လက်နှင့် ညာဘက်လက်များကို သွေးစမ်းကြည့်သောအခါ သွေးတိုးပုံမှာ ပယောဂအရိပ်အချည်ဆို၍ တစိုးတစိ

မျှမပါဘဲ ပကတိလူများသွားလာလှုပ်ရှားရိုးအတိုင်း ဖြစ်နေပြီးလျှင် သူငယ်မ၏ မျက်လုံး ကြည့်ပုံများမှာလည်း စိတ်တိုနေရုံမှတစ်ပါး ပယောဂအငွေ့အသက် အလျဉ်းမပါကြောင်း၊ တွေ့မြင်ရသောကြောင့် ဦးစောဖေအပြောအားဖြင့် အမှောင့်ပယောဂ ဖမ်းစားထားသည်ဟု တစ်ထစ်ချယုံကြည်လာမိသော စိတ်များပင် ပျောက်ပျက်လွင့်ပါးသွားလေတော့၏။

သို့ကြောင့် အတွေးအခေါ်ခက်၍နေလေရာ တစ်နည်းအားဖြင့်လည်း ပယောဂအစွဲတို့မည်သည်မှာ ကြောက်ရွံ့ရမည့်ဆရာသမားလာလျှင် လူကောင်းပကတိပမာ ဟန်ဆောင်ကာ မာယာနှင့် လှည့်ဖြားတတ်ခြင်းလည်း ရှိတတ်သောကြောင့် ဤသူငယ်မတွင်အကယ်စင်စစ် ပယောဂအစွဲရှိ၊ မရှိ အတပ်သိရစေခြင်းငှာ ကျေးဇူးရှင်ဆရာကြီး အရေး ကြီးသော အကြောင်းကိစ္စ ရှိမှ အသုံးချစေတတ်သော ဣစ္ဆာသယမျက် ကွင်းဆေးတော်ကြီးဖြင့် ကျွန်တော်၏မျက်လုံးကိုကွင်း၍ ကြည့်ရှုလိုက်သောအခါ အခါတိုင်းမူအစွဲရှိသူမှန်က စုန်း၊ ကဝေ၊ မြေဖုတ်စသောသူတို့၏အကောင်အထည်၊ အရိပ်အငွေ့ကိုတွေ့မြင်ရမြဲ ဖြစ်သော်လည်း ယခုမိန်းမပျိုတွင် တစ်စုံတစ်ရာအစွဲရှိသည်ကို မတွေ့မြင်ရဘဲ လူကောင်း ပကတိသာတွေ့ရသဖြင့် . . .

"ဘကြီးသမီးမှာ ဘာအစွဲမှမရှိ၊ ပကတိလူကောင်းအတိုင်း ဖြစ်ပါတယ်"

ဟု ပြောလိုက်လျှင်ပင် မနန်းရင်တွင်စိတ်တိုသဖြင့် ခပ်အိုအိုနေသော မျက်နှာသည် တစ်ခါတည်းရွှင်လန်းကြည်လင်လာပြီး-

"မှန်ပါတယ်ဆရာရယ် ကျွန်မဘာအစွဲမှမရှိဘဲနဲ့ လာသမျှ ဆရာတွေက စုန်းပယောဂအစွဲရှိတယ်ပြောပြီး ဆေးဝါးတိုက်၊ စုန်းပူးတယ်ဆိုပြီး ရိုက်သူကရိုက်နဲ့ ကျွန်မမှာသူတို့မတရားနှိပ်စက်တာခံနေရပါတယ်၊ ရိုးရိုးဆရာတွေကလည်း မီးယပ်ရောဂါရှိတယ်ဆိုပြီး မီးယပ်ဆေးတွေ ကျွေးလိုကျွေးကြနဲ့ သူတို့ တတွေစားလမ်းဖွင့်ကြလွန်းလို့ ကျွန်မမှာမချိမဆန့်နဲ့ ဒုက္ခသိပ်ခံနေရတာပဲ၊ ဆရာကမှတကယ့်ရိုးရိုးအတိုင်း မှန်သလို ဖွင့်ပြောဖော်ရတဲ့အတွက် သိပ်ကျေးဇူးတင်မိပါတယ်"

ဟု ပကတိလူကောင်းများ စကားပြောသလို တည်ကြည်စွာ ပြောနေသည်ကို တွေ့ရပေ၏။

ကျွန်တော်လည်း သူငယ်မအားထပ်မံစုံစမ်းရန်အကြံရကာ ဦးစောဖေပြောထားသောစကားနှင့်ကိုက်မကိုက်၊ တိုက်ဆိုင်ကြည့်လိုသောကြောင့်-

"ဆရာက လမ်းမှန်အတိုင်း ဖြစ်စေလိုတဲ့ဆန္ဒရှိတယ် သူငယ်မရဲ့၊ ဒီတော့ ဆရာမေးတဲ့စကားများကိုလည်း စိတ်ရှည်ရှည်နဲ့ မှန်တဲ့အတိုင်း ဖြေဆိုစမ်းပါ"

"မေးပါဆရာရယ်၊ ဒီလိုအေးအေးဆေးဆေးဆရာမျိုးဆိုရင် ကျွန်မ စိတ်မတိုပါဘူး၊ ဟို-ဆရာတွေကတော့ သူတို့က တစ်ယူသန်ကြီးနဲ့ မတရားနှိပ်စက်ကြလွန်းလို့ပါ"

"အေး-အေး-ကောင်းပြီ ဆရာမေးမယ်၊ သူငယ်မဟာ ဟောဒီက ဦးစောဖေ၊ ဒေါ်နန်းစောတို့ရဲ့ တစ်ဦးတည်းသော သမီးပျိုကလေး မနန်းရင်ဆိုတာ ဒီအိမ်သားတွေနဲ့တကွ တစ်မြို့လုံးကသိကြတယ်၊ အဲ- ဒါကို ခုတလော သူငယ်မက ကျွန်မ မနန်းရင်မဟုတ်ပါဘူးလို့ ဘာဖြစ်လို့ ပြောင်ကွယ်ဝှက်ပြောနေရသလဲ၊ အဲ-ဒီလိုပြောတဲ့အတွက် သူငယ်မမှာ ကိုယ့်ဒုက္ခကိုယ်ရှာသလိုဖြစ်နေတယ်၊ ပယောဂအစွဲလည်းမရှိဘဲနဲ့ ဒီလိုပြောခြင်းဟာ ဘာကို ရည်ရွယ်ချက်ရှိလို့လဲ"

"ဘယ်လို ရည်ရွယ်ချက်မှ မရှိပါဘူးဆရာရဲ့၊ ကျွန်မဟာ မနန်းရင်မဟုတ်တာလည်း အမှန်ပါပဲ၊ ဒီလူတွေလည်း ကျွန်မတစ်ခါမှမမြင်ဖူးတာအမှန်ပါပဲ၊ သူတို့ဟာ ကျွန်မရဲ့မိဘများမဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မရဲ့ မိဘအရင်းများဟာ အမရပူရမြို့မှာ ရက်ကန်းထောင် ဆရာဦးချစ်ဆိုင်နဲ့ဒေါ်ကြင်စိန်တို့ ဆိုတာပါပဲ၊ ကျွန်မနာမည်လည်း မနန်းရင်မဟုတ်ပါဘူး၊ မသန်းကြည်ပါ၊ ကျွန်မယောကျ်ားနာမည်က ကိုလှတဲ့၊ ကျွန်မလင်သားနဲ့ကျွန်မ ပျော်ပျော်ပါးပါးနေလာကြတာကို သူတို့ဘယ်လို အကြံအစည်နဲ့ ကျွန်မကို ခေါ်လာကြမှန်းမသိဘူးဆရာရဲ့၊ ကျွန်မနေရပ် ကို ပြန်ပို့ပါဆိုလို့လည်း ပြန်မပို့ကြဘူး၊ အဲ-ဒါဆရာကြည့်ပြောပေးနိုင်ရင် ပြောပေးပါဦးရှင်၊ ဆရာ့ကိုမြင်ရတာနဲ့လည်း ကြည်ညိုပြီးအားကိုးပါတယ်၊ ကျွန်မမှာ လင်တကွဲ

သားတကွဲနဲ့ ဒီအရပ်ရောက်လာပြီး သူတို့ဝိုင်းနှိပ်စက်သရွေ့ မျက်စိသူငယ်နဲ့ ခံနေရပါတယ်၊ ကျွန်မမိဘယောက္ခမများ လင်သားများလည်း ကျွန်မအတွက် သိပ်စိတ်ပူနေရှာကြတော့မှာပဲ ဆရာရဲ့၊ တဆိတ်ကျွန်မကို ဒုက္ခအေးအောင် ကူညီပေးခဲ့ပါဦး"

ဟု ပြောနေပြန်ရာ ကျွန်တော်လည်း သူငယ်မပြောပုံဆိုပုံကို စဉ်းစား မရနိုင်အောင်ရှိခဲ့သောကြောင့် ထိုနေ့တစ်နေ့လုံးပင် အမျိုးမျိုး၊ အဖုံဖုံ လှည့်ပတ် မေးမြန်းစုံစမ်းလျက်ရှိလေရာ သူငယ်မမှာလည်း ယခင် အတိုင်းပင် သူ၏ အမည်မှာမသန်းကြည်ဖြစ်၍ မိဘလင်သားများရှိရာ အမရပူရမြို့သို့ လိုက်ပို့ ပါမည့်အကြောင်းလောက်ကိုသာ အရေးကြီးစွာပြောနေသောကြောင့် နောက် ဆုံးတွင် သူငယ်မအား လိုက်ပို့မည်၊ ပျော်ပျော်ရွှင်ရွှင် ဖြီးဖြီးလိမ်းလိမ်းနေပါဟု အလိုက်အထိုက်ပြောလိုက်သောအခါ ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက် လှသောကြောင့် ထိုင်ရာမှ ကပျာကယာထပြေးကာ မှန်တင်ခုံရှိရာသို့ ဖြီးလိမ်း ပြင်ဆင်ရန်သွားပြီးလျှင် ၎င်း၏ရုပ်ပုံကို မှန်ခုံတွင်ကပ်၍ ကြည့်လိုက်ကာ အထိတ်တလန့်ဟစ်အော် လိုက်လျက်-

"အမယ်လေး-ဒီကိုယ်ဟာ ကျွန်မကိုယ် မဟုတ်ပါဘူး၊ ဘယ့်နှယ် ဟာလဲ လုပ်ကြပါဦး၊ အို-ဆရာရဲ့-ဒါကျွန်မလည်းမဟုတ်ပါဘူး၊ ဒါကျွန်မလည်း မဟုတ်ပါဘူး ဘယ်သူတုံး၊ ကျွန်မမျက်နှာဟာ ဒီလိုဖြူစပ်စပ်ရှမ်းရုပ်မျိုး မဟုတ်ပါဘူး"

ဟု ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ငိုကြွေးလေရာ ကျွန်တော် နှင့်တကွ ဦးစောဖေ ဒေါ်နန်းစောတို့မှာ မနန်းရင်၏ထူးဆန်းပုံကို အမျိုးမျိုး အဖုံဖုံစိတ်ရှုပ်ထွေး၍နေကြရပြီးလျှင် မနန်းရင်အားလည်း ငိုကြွေးခြင်းမှ ရပ်စဲစေရန် ချော့မော့ထားလိုက်ရပြီးနောက် ကျွန်တော်နှင့် ဦးစောဖေတို့ လင်မယားနှစ်ယောက်လည်း တစ်ညလုံးပင် ခေါင်းချင်းဆိုင်၍တိုင်ပင်လျက် ရှိကြလေ၏။

"ဘကြီးရဲ့ သူငယ်မဟာ ပယောဂအစွဲမရှိတာလည်းအမှန်ပဲ၊ သူဟာ ဘကြီးရဲ့သမီး မနန်းရင်အစစ်မဟာပြီးကာမှ အမရပူရမြို့သူ မသန်းကြည်ပါလို့ ဇွတ်ပြောပြီး သူ့ကိုယ်သူမှသူ မဟုတ်ရကြောင်း ငြင်းနေတော့ သိပ်ခက်နေတယ်၊

ကျွန်တော့်သဘောကတော့ ဘာပဲဖြစ်ဖြစ်အကြောင်း သိရအောင် အမရပူရ မြို့ကို လိုက်သွားကြရင် မကောင်းဘူးလား”

“ဆရာ့သဘောပါပဲဆရာရယ်၊ ပယောဂမဟုတ်ဘဲနဲ့ ခုလို ဖောက်လွဲဖောက်ပြန်ဖြစ်နေတော့ အစဉ်းစားရလည်း သိပ်ခက်နေတယ်၊ သူဒါလောက်တန်းတန်းစွဲ ပြောနေတော့လည်း အကျိုးအကြောင်း ဘယ်လိုဆိုတာ သိရအောင် သွားကြတာပဲကောင်းတယ်ထင်ပါရဲ့”

ဟု ပြောသောကြောင့်၊ ကျွန်တော်သည် နောက်တစ်နေ့မှာပင် ဦးစောဖေတို့မိသားတစ်စုကိုခေါ်ကာ အမရပူရမြို့သို့ဆင်းလာခဲ့ကြလေ ၏။

***

သွားရမည် ဆိုကတည်းက ဝမ်းသာအားရဖြစ်ကာ တပြုံးပြုံး တရွှင်ရွှင်လိုက်ပါလာခဲ့သောမနန်းရင်မှာ အမရပူရမြို့ပေါ်သို့ ခြေချမိလျှင်ပင် ကျွန်တော်တို့မှာ ရက်ကန်းထောင်ဆရာ ဦးချစ်ဆိုင်အိမ်နှင့် ပိုးကုန်သည် မောင်လှတို့နေအိမ်ကို မေးမြန်းစုံစမ်းနေလျှင်ပင် မနန်းရင်က သွက်လက် ဖျတ်လတ်စွာ ရှေ့ကတက်လာပြီး-

“ဆရာရဲ့ သူတို့တွေ မေးနေစရာ မလိုပါဘူး၊ ကျွန်မ ယောကျ်ား အိမ် ကျွန်မသိပါတယ်၊ ဆရာတို့ ကျွန်မနောက်ကသာ လိုက်ခဲ့ကြပါ”

ဟု ဆိုကာ၊ ထိုမြို့သို့ အရင်က တစ်ကြိမ်မျှ မရောက်ဖူးသော မနန်းရင်မှာ ကျင်လည်သွက်လက်စွာနှင့် ထွက်သွားခဲ့ရာ ကျွန်တော်တို့ လည်း ၎င်း၏နောက်မှ တကောက်ကောက်လိုက်ပါလာခဲ့ရလေ၏။

မနန်းရင်လည်း အစဉ်တစိုက်သွားလာနေရာမှ အိမ်တစ်အိမ် ပေါ်သို့ စွတ်စွတ်ရွတ်ရွတ်တက်သွားသောကြောင့် ကျွန်တော်တို့လည်း နောက်မှ လိုက်ခဲ့ကြရာတွင် မနန်းရင်မှာ အိမ်ပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ဧည့်စိမ်းများရောက်လာသောကြောင့် အံ့အားသင့်စွာ ကြည့်နေသော အသက် အစိတ်အရွယ်ရှိသော ယောကျ်ားပျိုတစ်ဦးထံသို့ အပြေးကလေးသွားရင်း-

“အမယ်လေး-ကိုလှ-ကိုလှ-အသန်းပြန်လာပြီလေ ကိုလှရဲ့”

ဟု အော်ပြောကာ အဆိုပါယောကျ်ားပျိုကိုဖက်၍ ဝမ်းနည်းပက်လက်ငိုလိုက်လေ၏။ မောင်လှဆိုသူမှာလည်း မိမိအိမ်ပေါ်သို့တက်၍

ရုပ်ခနဲဖက်၍ ငိုလာသောမိန်းမပျိုအား အံ့သြစွာစိုက်ကြည့်နေမိစဉ် မသန်းကြည်၏မိဘယောက္ခမများ ထွက်လာကြပြန်ရာ မောင်လှကိုဖက် ငိုနေသောမသန်းရင်မှာ ဦးချစ်ဆိုင်တို့ လင်မယားထံသို့ ပြေးသွားပြန်ပြီး-

"အမေနဲ့အဖေ အသန်းပြန်လာပြီ၊ အသန်းအမေတို့ကို လွမ်းလွန်းလို့ ငိုနေတာပဲမေမေရဲ့၊ ကိုလှ, ဘဘနဲ့မမတို့ကိုလည်း သတိရပါတယ်"

ဟု မျက်ရည်တလည်လည်နှင့် ပြောနေရာ၊ မောင်လှနှင့်တကွ အဘိုးကြီး, အမယ်ကြီးများမှာ တစ်ခါမှမမြင်ဖူးသော မနန်းရင်အား အံ့အားသင့်၍သာ ငေးကြည့်နေမိကြလေ၏။

ထိုအခိုက် အိမ်ရှေ့ခန်းမှ လူသံ, သူသံတွေကြားသောကြောင့် အိမ်ခန်းတွင်းမှ မသန်းကြည်ထွက်လာခဲ့ရာ အိမ်ရှေ့ခန်းတွင် မနန်းရင်နှင့် အတူပါလာသော ဦးစောဖေနှင့်ဒေါ်နန်းစောတို့ကို မြင်လိုက်သည်နှင့် တစ်ချက်တည်း . . .

"အမယ်လေး-အဘနဲ့ အမပါကလား၊ သမီးလေး ဒီမှာဒုက္ခရောက်နေတယ်အဘရဲ့"

ဟု ပြောရင်း ပြေးလာပြီး၊ ဒေါ်နန်းစောတို့လင်မယားကို အားရပါးရဖက်၍ ငိုလိုက်ပြန်လေ၏။ မောင်လှနှင့်တကွ မသန်းကြည်၏မိဘများမှာ အံ့သြကြသည်ထက် အံ့သြနေကြရုံသာမက ကျွန်တော်နှင့်တကွ ဦးစောဖေ၊ ဒေါ်နန်းစောတို့မှာလည်း အံ့သြတကြီးဖြစ်၍နေကြရပေတော့ ၏။

သို့နှင့် မသန်းကြည်ကိုယ်နှင့် မနန်းရင်စိတ်ဖြစ်၍ မနန်းရင်ကိုယ်နှင့် မသန်းကြည်စိတ်ဖြစ်နေကာ အလွဲလွဲအချွတ်ချွတ်နှင့် ကိုယ့်ဆိုင်ရာ မိဘလင်သားတို့ကို ဖက်၍ငိုနေကြရာမှ မနန်းရင်မှာ-မသန်း ကြည်ကိုကြည့်လျက်-

"ကိုလှရေ-ဟောဒီမှာ ကျွန်မကိုယ်လေ၊ အို-ဘယ်လိုဖြစ်ရတာတုံး"

ဟု စိတ်ရှုပ်စွာပြောသကဲ့သို့ပင် မသန်းကြည်ကလည်း မနန်းရင်ကိုကြည့်ကာ-

"အဘရေ၊ ဟိုမှာ ကျွန်မကိုယ်ပါကလား၊ ဘယ်လိုဖြစ်ပြီး လွဲနေကြရတာလဲ"

ဟု စဉ်းစားမရဟန်ဖြင့် ညည်းညည်းညူညူပြောကာ တစ်ယောက်ကိုတစ်ယောက် အပျောက်မခံ တင်းကျပ်စွာဖက်ထားကြလေရာ ကျွန်တော်လည်း ၎င်းတို့နှစ်ယောက် ထူးဆန်းစွာ မှားယွင်းနေကြပုံကို အမျိုးမျိုးအဖုံဖုံ တွေးနေရာမှ မောင်လှနှင့်တကွ ၎င်းတို့အိမ်သူအိမ်သားများနှင့် ဦးစောဖေ၊ ဒေါ်နန်းစောတို့ကို ဆက်သွယ်မိတ်ဖွဲ့ပေးကာ ၎င်းတို့၏အဖြစ်အပျက်များကို အပြန်အလှန်ပြောကြရာမှပင် နှစ်ဦးစလုံးဘုရားပွဲတွင် ဝမ်းရောဂါဖြစ်၍ နစ်မြောကြပုံ၊ တောင်သာဘုန်းတော်ကြီး၏ဆေး ကိုမှီဝဲရ၍ ဝေဒနာခံရသူများ အသက်ချမ်းသာရပုံနှင့် မနန်းရင်နှင့် မသန်းကြည်တို့မှာလည်း ဘုန်းကြီးဆေးဖြင့်ပင် နစ်မြောရာမှ သတိရကာ အသက်ရှင်ခဲ့ကြရကြောင်း။

နေအိမ်သို့ပြန်ရောက်၍ နာလန်ထလာသည်တိုင်အောင် ပြုစုခဲ့ပြီး လုံးလုံးကြီးကျန်းမာလာသည်နှင့် တစ်ပြိုင်တည်း မနန်းရင်မှာ မသန်းကြည်ဟု ငြင်းဆိုနေလျက် မသန်းကြည်ကလည်း မနန်းရင်ပါဟု ငြင်းဆိုနေကြသဖြင့် မိဘလင်သားများမှာ ပယောဂအမှောင့်ပူးဝင်သည် ထင်၍ ဆရာအမျိုးမျိုးနှင့် ကုသခဲ့ရကြောင်းများကို ပြန်ပြောင်းပြောပြ၍ ဇာတ်လှန်လိုက်ကြရာတွင် ကျွန်တော်လည်း တစ်နည်းတစ်လမ်းတွေးခန်းပေါ်၍ လာလေ၏။

"ကဲ-ကဲ-ဘကြီးနဲ့ မောင်လှတို့ရဲ့ ဘာမှအထွေအထူးမတွေးကြနဲ့တော့၊ သူတို့နှစ်ယောက်ဟာ ဝေဒနာခံစားနေကြရာက တစ်ပြိုင်တည်း နစ်မြောနေပြီး သတိရတော့လည်း တစ်ပြိုင်တည်းသတိရကြရာက ဝိညာဉ်ချင်း အလွဲလွဲအမှားမှား ဖြစ်သွားတာနဲ့တူတယ်၊ ဒါကြောင့်သာ စုန်းပူးနတ်တိုက်မဟုတ်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် အံ့သြလောက်အောင် မှားနေတာကလား မောင်လှရဲ့"

ဟု ပြောလိုက်လေရာ မောင်လှသည်လည်းကောင်း၊ ဦးစောဖေတို့သည်လည်းကောင်း အတန်ကြာ ငေးစိုက်တွေဝေ စဉ်းစားနေကြပြီးလျှင် နှစ်ဦးစလုံးကပင်-

"ဒီလိုဆိုရင် ခက်တာပေါ့ဆရာလေးရယ်၊ ကျုပ်သမီးမှာလည်း အပျိုအရွယ်ကလေးတန်မဲ့ မောင်လှရဲ့မိန်းမ မသန်းကြည်ဖြစ်ရတော့မလား၊ မောင်လှမှာလည်း သူ့မိန်းမ မသန်းကြည်မှန်ပါရက်နဲ့ မနန်းရင်ရဲ့ ဝိညာဉ်ကြောင့်

အနားကိုမှ အသိအကပ်မခံဖြစ်နေလေတော့ သူလည်း မယားတစ်ယောက်လုံး ဆုံးရတော့မလို ဖြစ်နေတယ်၊ မိန်းကလေးများမှာလည်း ကိုယ့်မိဘလင်သားနဲ့ အတူနေရတဲ့ဘဝမဟုတ်တော့ စိတ်ဒုက္ခရောက်နေကြတော့မှာပဲ၊ တဆိတ် လောက်တတ်နိုင်ရင် ကယ်ပါဦးဆရာရယ်"

ဟု ပြောဆိုနားပူနေကြရာ ကျွန်တော်တို့ အထက်လမ်းပညာမှာ သမထဝိပဿနာလိုက်စားသူများဖြစ်ကြ၍ စိတ်ဝိညာဉ်ကို နိုင်နင်းသည်ဆိုစေ ကာမူ ဝိညာဉ်နုတ်ယူခြင်း၊ ဝိညာဉ်ပြောင်းလွဲခြင်းစသော အလုပ်များကို စက်ဆုပ်စွာရှောင်ကြဉ်ထားကြသူများဖြစ်ရကား အဆိုပါသူငယ်မ နှစ်ဦး၏ ဝိညာဉ်ဟောင်းများကို နေသားတကျပြန်ဖြစ်ရန် မပြုပြင်အပ် သကဲ့သို့ဖြစ်ရ သောကြောင့် ထိုကိစ္စကို ကျွန်တော်တို့ကိုယ်တိုင်မပြုပြင်ဘဲ နောက်နောက်က ကျွန်တော်တို့ သစ္စာရေတိုက်ထားခဲ့သော အောက်လမ်းဆရာတစ်ဦးကို အမိန့် ပြန်၍ခေါ်လိုက်ရလေလျှင် နောက်တစ်နေ့၌ အောက်လမ်းဝိဇ္ဇာဆရာကြီး တစ်ဦး ရောက်လာ၍ ကျွန်တော်ကပင် ဤသူငယ်မနှစ်ယောက်မှာ ဝိညာဉ်ချင်း များယွင်းနေသောကြောင့် မိမွေးရင်းအတိုင်း နေသားတကျဖြစ်စေရန် ပြုပြင် ပြောင်းလွဲပေးလိုက်ရန် အမိန့်ချလိုက်သောအခါ အောက်လမ်းဆရာလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် သူငယ်မနှစ်ဦးကို ယှဉ်အိပ်စေလျက် အောက် လမ်းပညာစွမ်းဖြင့်ပင် ဝိညာဉ်နှစ်ခုကို တစ်ပြိုင်နက်နုတ်ယူလိုက်ပြီး တစ်ယောက် ဝိညာဉ်ဟောင်းကို တစ်ယောက်သို့ ပြောင်းလွဲထည့်အပ်ပေးလိုက်ကာ ထိုသူငယ် မနှစ်ယောက်အား အိပ်ရာထဲမှာပင် သုံးရက်လုံးလုံး လိပ်ပြာသိပ်ထားစေပြီး လျှင် နောက်ဆုံးရက်စေ့မှ ဝိညာဉ်လိပ်ပြာကို နှိုးပေးထားခဲ့ကာ အောက်လမ်း ဆရာ ပြန်သွားလေ၏။

ထို့ကြောင့် မသန်းကြည်နှင့်မနန်းရင်တို့မှာ ဝိညာဉ်ဟောင်း အမှန်ကို ရကြသဖြင့် မသန်းကြည်မှာ ပကတိမူလကိုယ်နှင့်ပင် လင်ယောကျ်ားနှင့် မိဘများကိုပြန်တွေ့ရ၍ ဝမ်းမြောက်ရှာသကဲ့သို့ မနန်းရင်မှာလည်း မိမိ၏ မိဘရင်းများကို ပကတိမူလကိုယ်နှင့်ပြန်လည်တွေ့ဆုံရသောအခါ ဝမ်းမြောက် ၍ မဆုံးနိုင်အောင်ရှိရပြီးလျှင် မောင်လှနှင့် ဦးချစ်ဆိုင်တို့သည်လည်းကောင်း၊ ဦးစောဖေနှင့်ဒေါ်နန်းစောတို့မှာလည်းကောင်း၊ တစ်သက်လုံးမှောက်၍ ဒုက္ခ

ရောက်မည့် ကိစ္စကြီးကို တစ်ခဏနှင့်ပြင်ဆင် ပြုပြင်ပေးစေသော ကျွန်တော့်အား များစွာကျေးဇူးတင်ကြရှာပြီးလျှင် ဝိညာဉ်ဟောင်းကို ပြောင်းလဲပြုပြင်ပေးသွားပေသော အောက်လမ်းဆရာကြီးကိုလည်း သူ့နေရာနှင့်သူ အသုံးကျသောကြောင့် ယုတ်နိမ့်သော ပညာပင်ဖြစ်သော်လည်း ချီးမွမ်းဖွယ်ကောင်းကြောင်းပြောကြကာ မနန်းရင်နှင့် မသန်းကြည်တို့က တစ်ကိုယ်လျှင် ငွေသုံးရာစီ အောက်လမ်းဆရာကို ကျေးဇူးဆပ်လိုကြောင်း ပြောကြသဖြင့် ကျွန်တော်လည်း အောက်လမ်းဆရာကြီးအား အမိန့်ပြန်၍ တစ်ဖန်ခေါ်ပေးခဲ့ရပြီး ကျေးဇူးရှင်ဆရာကြီးရှိရာ ဘော်ကြိုဘုရားရင်ပြင်တော်သို့ ပြန်လာခဲ့ပေသတည်း။

S S S

# ရန်သူပိုင်နက်

(၁၉၃၃-ခုနှစ်၊ ဒီဇင်ဘာလတွင်ရေးသည်။)

နောင်-နောင်-နောင်-ဟူသောမောင်းသံကလေးမှာ စည်ကားပြည့်နှက် လူသွားလူလာတွေကြိတ်ကြိတ်တိုးနေသော ဘုရားပွဲခင်း၏ တစ်ဖက်ရှိ ပွက်ပွက်ဆူညံနေသော လူသံ, သူသံများ၏အကြားမှ စူးစူးဝါးဝါး အဆက်မပြတ်ပေါ်ထွက်နေလေ၏။

"လာကြ, လာကြတစ်ယောက်တစ်မူး ထူးတာတွေမြင်ရလိမ့်မယ်၊ ရပ်ကြည့်လို့ အမြတ်မရှိဘူး၊ ဝင်ကြည့်ရင်မြင်စိမယ်၊ နတ်မောက်နယ်က အလမ္ဘာယ်ဆရာထွန်းကြီးကိုယ်တိုင် ပရိသတ်တွေမမြင်ဖူးတဲ့ ထူးထူးဆန်းဆန်း အံ့မခန်းအသည်းထိတ်စရာတို့ကို ဒိဋ္ဌမြင်ရမယ်၊ တစ်သက်မှာတစ်ခါကြုံရတဲ့ ပွဲအထူးမို့ တစ်မူးမက တန်ပါတယ်ဗျ"

ဟူ၍လည်းကောင်း တနောင်နောင်မြည်သော မောင်းသံ ကလေးနှင့် အတူ ရှံဝမှတဏာစာနှင့်အခါခါအော်နေသော မောင်းသမား၏ အသံများမှာလည်း ဘုရားပွဲဈေးတန်းလျှောက်နေကြသူများကို တအောင့်တနားရပ်၍ နားထောင်မိစေ၏။

ဇာတ်ရုံမှာ ယာယီဆောက်လုပ်ထားသောကပ်မိုး ဝါးကြူထရံကာ ခေတ္တအဆောက်အဦတစ်ခုဖြစ်လေရာ ထရံပေါက်မှ ချောင်းမြောင်း ကြည့်သူ ကလေးလူကြီး တက်ဘုန်းကြီးတွေလည်းမနည်းပေ။ ပွဲကန်ထရိုက်က တဟဲဟဲ မောင်းထုတ်နေကာမှ ခေတ္တခဏသာရှဲသွားလျက် ရုတ်တရက်လူတွေ ပြန်ရောက်လာကြပြန်လေ၏။

ကြည့်ပြီး၍ ထွက်လာသူတွေလည်း ကြိတ်ကြိတ်တိုး၊ မကြည့်ရသေး၍ ရပ်စောင့်နေသူတွေလည်း တရုန်းရုန်း၊ မြင်မဆုံး, ရှုမဆုံး ပရိသတ်တွေ ထွေးထွေးလုံး၍နေလေရာ မြွေအလမ္ပာယ်နတ်မောက် ဆရာထွန်းကြီးဟူသော အမည်ကား ပရိသတ်တို့၏ပါးစပ်ဖျားတွင် သီး၍နေတော့၏။

ကြည့်ပြီးသူများပါးစပ်မှ ရင်ဘတ်စည်တီး၊ အံ့သြကြီးစွာနှင့် ချီးမွမ်းသံတို့လည်း ဆူဆူညံလျက်ရှိလေ၏။ မြန်မာအချင်းချင်းတွင်မဆိုထားဘိ၊ တရုတ်, ကုလား, အင်္ဂလိပ်များပင်လည်း ရုံထဲတွင်တိုးခွေ့ဝင် ရောက်ကြည့်ရှုကြသောကြောင့် ပြောသလောက်ထက် ပို၍စွမ်းသောကြောင့်သာ ဤမျှလူကြိုက်များသည်ဟူ၍ကား ထင်ရှားလျက်ရှိလေတော့၏။

ဆရာထွန်းကြီးကား အသက်လေးဆယ်ခန့်မျှရှိ၍ အသားညိုညို, ဝဝတုတ်တုတ်, နှုတ်ခမ်းမွေးကောင်းကောင်း၊ ကျောက်ပေါက်မ အတော်များသော မျက်နှာတွင် ခပ်ပြဲပြဲရှိသောပါးစပ်တွင်းမှာ ကွမ်းယာကို အမြဲပုံထားလျက် အလွန်တည့်တန့်ကြွေကြီးလှသောမျက်နှာထားကြောင့် ၎င်းကိုမြင်ရလျှင် ရုပ်ကိုမြင်ရုံနှင့်ကြောက်ရွံ့ခုံညားစေလောက်သည့် အဟန့်များပါရှိသကဲ့သို့ ဖြစ်လေ၏။

ဆရာထွန်းမှာ မြွေများကိုသူမတူအောင် အထူးနိုင်နင်းသူဖြစ်သောကြောင့် အလုပ်ကိုအတော်သားသားနားနားနှင့် နာမည်ထင်ရှားအောင် လုပ်လိုသည်တစ်ကြောင်း၊ မိမိပညာနှင့်အကျိုးစီးပွားဖြစ်အောင် ရှာလိုသည် တစ်ကြောင်း၊ အောက်လမ်းပညာနှင့် မိမိတို့အကျွမ်းဝင်သော အလမ္ပာယ်ပညာရပ်များကို မီးခဲပြာဖုံးပမာ သေးသိမ်တိမ်ကောလာသည်ကို မခံချင်သော ဆန္ဒကြောင့်တစ်ကြောင်း၊ တပည့်တပန်းအစုံနှင့် မြွေကြီး, မြွေငယ်ပေါင်း စုံလင်မြောက်မြားစွာယူဆောင်လျက် အမြို့မြို့သို့ ထွက်ခဲ့ခြင်းဖြစ်လေ၏။

ဆရာထွန်းပြသသော မြွေများအနက် ပုပ္ပါးတောင်စောင်းရှိ "နဂါးလယ်"ခေါ်သော ရွာအနီးရှိ တောင်ကြားကြီးထဲမှ ဆရာထွန်းကိုယ်တိုင် သစ္စာခံ၍ဖမ်းလာသော ငန်းမြွေကြီးနှစ်ကောင်မှာ ဆရာထွန်းပိုင် မြွေအပေါင်းတို့တွင် အကြီးဆုံးသော မြွေကြီးများဖြစ်ရာ မြွေ၏အရှည်မှာ ပေနှစ်ဆယ်ကျော်ကျော်မျှရှိ၍ အလုံးမှာလူ၏ပေါင်ရင်းတမျှရှိပြီး ညိုမည်းသောအရောင်

တွင် အကြေးရာများရေးရေးထင်လျက် ရုတ်တရက်သော်ဆိုင်းဝိုင်းမှ နဂါးရုပ်ကြီးသဖွယ် ထင်ရလေ၏။

ဤမျှကြီးမားသောမြွေကြီးများမှာ မြွေပခြုပ်ကြီးတစ်ခုတစ်ခုလျှင်သုံးတင်းဝင်ပုတ်ကြီး တစ်ခုစာလောက်ကြီးမားပြီး သယ်ပိုးရာတွင်လည်း ပခြုပ်ကြီးတစ်ခုလျှင် ထမ်းပိုးကြီးနှစ်ခုကန့်လန့်လျှိုလျက် ကူလီလေး, ငါး, ခြောက်ယောက် ညွတ်ကျအောင်ထမ်းယူရပြီးလျှင် တစ်ကောင်တစ်ကောင်လျှင်အမဲသားငါးပိသာမျှ နေ့စဉ်ကျွေးရသော တာဝန်ကြီးနှင့် အခြားမြွေကလေး, မြွေကြီးများ၏စားစရိတ်တာဝန် တပည့်တပန်းများအတွက် ဆိုင်း, တီးဝိုင်းသမားများ၏တာဝန်စရိတ်စကမှာ ဆရာထွန်းကြီးတွင် အမည်ထင်ရှား လူသိများ၍ ကျော်ကြားသလောက် တာဝန်များလေရာ အဝင်နှင့်အထွက်ကာမိရုံသာအကျိုးခံစားရရှာလေ၏။

သို့သော်-ဆရာထွန်းကြီးမှာ ပင်ပန်းသလောက် မိမိကိုယ်ကျိုးများစွာမရှိစေကာမူ သူတို့၏ပညာ အဖိုးတန်ကြောင်း လူသိရန်နှင့်တပည့်တပန်းပေါ်များ ပညာပြန့်ပွားရေးကိုလိုလားသော အာသီသကို အရင်းခံထားသူဖြစ်သောကြောင့် များမကြာမီကပင် အင်္ဂလိပ်လူမျိုးပိုင်ဆပ်ကပ်အဖွဲ့ကြီးတစ်ခုမှ ဆရာထွန်းကြီးအဖွဲ့၏အပြ, အသနှင့် ၎င်းတို့၏ဆပ်ကပ်ပွဲကို တွဲဖက်ပြသရန် လာရောက်စကားကမ်းလှမ်းလျက်ရှိသည်ကို ကြားရလေ၏။

ဆရာထွန်းကြီးကလည်း မြန်မာလူမျိုးတို့၏ ဂုဏ်သတင်းကိုနိုင်ငံခြားသားများ သိစေလိုသောစေတနာနှင့်လိုက်ပါမည်ဟူသော အာမဝန္တာခံထားလိုက်သော်လည်း မြန်မာပြည်အရပ်ရပ်ကို မြို့ရွာနှံ့စပ်အောင် လိုက်ပြပြီးမှသာ အိန္ဒိယနှင့် ပသျှူးကျွန်းဆွယ်စသည်များကို ရှေးဦးစွာသွားလျက်အနောက်ဥရောပတိုက်ဘက်သို့ ခရီးလှည့်ထွက်ရန် ရည်သန်ထားကြောင်းသိရပါသည်။

ဆရာထွန်း၏မြွေအလမ္ပာယ်ပြပွဲအစီအစဉ်မှာ ဇာတ်စင်အောက်မှအတီးဝိုင်းသမားများက ပဏာမနတ်ဒိုးနှင့်တီးကြပြီး ကတ္တီပါ ကားကြီးများအောက်တွင်ရှိသော ရှန်ပန်းတည်ခင်းထားသည့် စားပွဲကြီးပေါ်တွင် ကန်တော့ပွဲ

ကြီးပေါင်းငါးပွဲပြင်လျက် ကျောက်ဖယောင်းတိုင်ကြီးများထွန်းပြီးလျှင် ဆန်မန်းထည့်သော ကလပ်ကြီးတစ်ခုကို အင်းပေါင်းစုံချထားသည့် ဂဠုန်ရုပ်ပါသော အင်းလက်ကိုင်ပဝါတစ်ထည်နှင့်ဖုံးအုပ်ထားလျက် ဆရာထွန်းကိုယ်တိုင် ဂါထာ, မန္တန်အမျိုးမျိုးရွတ်ဆိုမန်းမှုတ်ကာ ပွဲပြမည့်နေရာတစ်ဝိုက်ကို ဆန်မန်းဖြင့် စည်းသုံးတန်တားခြင်း၊ အရုပ်လေးမျက်နှာ, အရုပ်ဆယ်မျက်နှာသို့ ဆန်မန်းများကို ကြဲမြှောက်ခြင်း စသော အကာအကွယ်အစောင့်အရှောက် အဟန့်အတားများ ပြုလုပ်ပြီး မြွေကလေး, မြွေကြီးအသီးသီးတို့ကို တပည့်ယောကျ်ားများနှင့်ကိုယ်တိုင် တစ်မျိုးပြီးတစ်မျိုးပြသခဲ့ပြီး နောက်ဆုံးအသားယူ၍ ပရိသတ်စွဲလောက် အောင်ပြသောအခန်းမှာ အထက်ဖော်ပြခဲ့သော ငန်းညီနောင်ခေါ် မြွေငန်းကြီးနှစ်ကောင်ကို ဆရာထွန်းကြီး၏တူမဖြစ်သူ မမယ်ခနှင့် မမယ်လှတို့ပါ ဆရာထွန်းကြီးကိုယ်တိုင် အထူးအသားယူ၍ပြသလေ၏။

ပြသပုံမှာဆရာထွန်းကြီးသည် တပည့်များကို ငန်းမြွေကြီးတွေထည့်ထားသော ပုတ်ကြီးနှစ်ခုကို ကန်တော့ပွဲများ၏တစ်ဖက်တစ်ချက်တွင် ထားပြီး ဆရာထွန်းကြီးကိုယ်တိုင် အနီးမှစောင့်ကြည့်ကာ ငန်းညီနောင်၏ ပါးစပ်ကို စုတ်ပြခြင်း၊ တီးတိုးအမိန့်ပြန်ခြင်းမှ မင်းသားအသွင် ပုဆိုးခါးတောင်းကျိုက်ဝတ်ဆင်ထားသော ဆရာထွန်း၏တူမ, မမယ်ခနှင့် မမယ်လှတို့ ညီအစ်မတို့မှာ ငန်းညီနောင်ကို နှစ်ပါးသွားစုံတွဲကပြစေ၏။

မမယ်ခနှင့်မမယ်လှတို့ညီအစ်မမှာ ရုပ်ရည်သနားကမားနှင့် အသက် ၂၀ ကျော်အရွယ် အပျိုကလေးများသာဖြစ်ကြသော်လည်း ဆရာထွန်းကြီး၏ပညာအမွေခံကလေးများ ဖြစ်ကြလေရာ အခြားတပည့်တွေထဲမှ ထိုမြွေကြီးနှစ်ကောင်ကို မလှမ်းဝံ့ကြသော်လည်း ၎င်းတို့ညီအစ်မမှာ အေးအေးဆေးဆေး ပြသအသုံးတော်ခံနိုင်ကြပေရာ အခြားတပည့်များထက် မည်မျှပညာထက်မြက်သည်ကို အထူးဖော်ပြရန်မလိုတော့သကဲ့သို့ ရှိပေ၏။

ယင်းသို့ မမယ်ခ, မမယ်လှတို့သည် ပရိသတ်ပွဲကျအောင်၊ စွဲမက်အောင် အမြဲအသုံးတော်ခံတတ်သော မြွေပြနည်းများမှာ ပေ ၂၀ ကျော်ရှည်လျား၍ ငှက်ပျောပင်ရင်းကြီးများလောက် ကိုယ်လုံးကြီးလှသော ငန်းမြွေကြီးများကို သူတို့ကိုယ်၌ ခြေကစ၍ ဦးခေါင်းအထိ ရစ်ပတ်လာစေပြီးမှ မြွေ၏

ပါးစပ်နှင့် ၎င်းတို့ပါးစပ်ကိုစုပ်ပြခြင်း၊ မြွေကြီးများကို ပါးပျဉ်းကြီး တကား ကားထ၍ ဒေါသထွက်လာအောင်ဆွပေးပြီး တအားလွဲ၍ ပေါက်ကာနီးမှ လက်ဝါးပြ၍တားပြီး မြွေကြီးများ၏ဒေါသမာန်ကို ချိုးနှိမ်ငြိမ်ဝပ်စေခြင်း၊ ပေနှစ်ဆယ်ကျော်ရှိသောမြွေကြီးကို အမြီးဖျား ကလေးနှစ်ပေလောက်မျှသာ မြေသို့ထောက်စေ၍ လေထဲတွင် ကိုယ်ကြီးကို မတ်မတ်ထားလျက် ဆိုင်းတီး လုံးချက်နှင့်ကိုက်အောင် တောင်ယိမ်း, မြောက်ယိုင်လုပ်ပြစေခြင်း။

ဗျည်းသုံးဆယ့်သုံးလုံးသဏ္ဌာန်ကို ငန်းမြွေကြီးများကိုယ်ဖြင့် ကွေးကောက်ပြစေခြင်း၊ မြွေကြီးများကို မင်းသမီးသဏ္ဌာန်နှင့် မောင်မောင်, မိမိ ဖွဲ့နွဲ့၍ သစ္စာနှံပြခြင်း၊ မြွေကြီးများမှာ လူတစ်ယောက်ကို ချောင်ချောင်ကလေး မျိုပစ်နိုင်လောက်အောင်နှင့် လူတစ်ယောက်၏ အရိုးကိုဖြစ်ဖြစ်ကျိုးသွားစေနိုင်လောက်အောင် အကောင်အထည်ကြီးမားသော ဒေါသမာန်စောင်ကြီးလှသည့် ငန်းမြွေကြီးများဖြစ်သော်လည်း မမယ်ခ,မမယ်လှတို့၏ ချယ်လှယ်သမျှခံနေရ ရှာလျက် ဒေါသထွက်အောင်ဆွလိုက်လျှင် အပြင်းအပြဒေါမာန်ထ၍ လက်ဖဝါး-ခြေဖဝါးတစ်ခုခုနှင့်ပြ၍ ဟန့်တားလိုက်သောအခါမှာလည်း ပေါက်တော့မည့်ဆဲဆဲမှ လွဲဖယ်ရှောင်ရှား မာန်လျှော့ပြောင်းပျော့၍သွားရရှာသောအခါ တစ်ခါ တစ်ရံ ကြည့်ရသူမြင်ရသူဖြစ်သော ပရိသတ်များကို မဆိုထားဘိ၊ နေ့စဉ်နှင့်အမျှ တွေ့မြင်ရနေသော ဆရာထွန်းကြီး၏တပည့်တစ်ဦးဖြစ်သူ ကျွန်တော့်မှာပင် မြင်ရတိုင်း-မြင်ရတိုင်း အံ့ဩ၍မဆုံးနိုင်အောင်ရှိပေ၏။

ကျွန်တော်လည်း ဆရာထွန်းကြီးနှင့်မတွေ့မီ ဤကဲ့သို့မြွေ အလမ္ပာယ်၊ မျက်လှည့်၊ လက်လှည့်၊ ပဥ္စလက်စသောပညာများနှင့် စုန်း- ကဝေနှင့် တစ္ဆေ-သရဲစသည့် အောက်လမ်းပညာရပ်များကို လားလားမျှမယုံ၊ မြွေဆေးကောင်း၊ ပယောဂကောင်းကောင်း နိုင်နင်းကြသောဆရာများ၊ မည်သို့မည်ပုံ အစွမ်းထက်မြက်ကြောင်းများကို တစ်ဆင့်စကားပြောသံတွေ ကြားရသော်လည်း အနည်းငယ်မျှယုံကြည်စိတ်မရှိ ဖြီးသည်, ညာစားသည်ဟုသာ ထင်မှတ်ခဲ့ပြီးလျှင် အင်္ဂလိပ်ကျောင်းတွင်သာကြီးပြင်း လာခဲ့ရသူဖြစ်ခြင်းကြောင့် မည်သူ့, မည်သို့ပင်ယုံလောက်အောင်ပြောပြော၊ သောလုံး, ရယ်လုံးတို့ဖြင့်သာ ပြောင်လှောင်လာခဲ့ဖူးသူဖြစ်ခဲ့ရာ-

နောက်ဆုံးတွင် အဆိပ်ပြင်းထန်လှသော မြွေတစ်ကောင် အကိုက်ခံရပြီး လူမှန်းမသိ အဆိပ်တက်၍ သေဘက်သို့ သုံးပုံနှစ်ပုံမျှ ရောက်နေစဉ်ကံအားလျော်စွာ ဆရာထွန်းကြီးရောက်လာသည်နှင့် ကြုံကြိုက်၍ ၎င်း၏ပြုစုကုသခြင်းဖြင့် အသက်ရှင်၍လာခဲ့ရသည်တွင်မှ အနည်းငယ်ယုံကြည်သလိုလိုဖြစ်လာပြီး ဆရာထွန်းကြီးနှင့်အတော်နီးစပ်ခဲ့ရာမှ တစ်စတစ်စယုံကြည်သည်ထက်ယုံကြည်လာပြီးနောက် ဆရာထွန်းကြီး၏ ပညာရပ်များကိုပင်တပည့်ခံချင်စိတ်တွေ တိုးပွားလာသောကြောင့် ၎င်းနှင့်အတူလိုက်ပါခဲ့တော့ရာအဆိုပါငနီးညီနောင်မှာ ကျွန်တော်နှင့်အတူ ဆရာကြီးကိုယ်တိုင် ပုပ္ပါးတောင်စောင်း "နဂါးလယ်"ရွာအနီးရှိ တောတောင်ကြီးထဲမှ တအံ့တသြဖမ်းဆီးယူဆောင်လာခြင်း ဖြစ်ပေ၏။

ထိုငနီးညီနောင်၏အကြောင်းရင်းမှာကား ပုပ္ပါးတောင်စောင်း"နဂါးလယ်"ရွာအနီးတစ်ဝိုက်တွင် ရွာသူရွာသားတို့သည် မိမိတို့ပိုင်ဆိုင်သောနွားကွဲများကို တောထဲသို့ နွားကျောင်းထွက်ကြမြဲ ထုံးစံအတိုင်း အမြဲပင်နံနက်မှညနေနွားရိုင်းသွင်းချိန်တိုင်အောင် ကျောင်းထားသော နွားများကို ညနေ နေဝင်ရီးရီအချိန်များတွင် ရွာသို့ပြန်သွင်းလာကြလျက် နွားများမှာလည်း အစေ့အင့်ပြန်ပါလာကြမြဲဖြစ်သော်လည်း မကြာမီအခါကမှ တစ်နေ့လျှင်နွားများတစ်ကောင်-နှစ်ကောင်လျော့၍လာသဖြင့် ဤသို့နေ့စဉ်နှင့်အမျှ လျော့ပါးပါများခဲ့သော် နွားကျောင်းသားများနှင့် နွားရှင်များမှာ မတွေးတတ်အောင် ဖြစ်လာကြပြီးကျေးရွာထုံးစံအရ နွားသူခိုးများရှိ၍သာ ဤသို့လျော့ပါးလာသည်ဟု ထင်ကြသည့်အတိုင်း အမျိုးမျိုးထောက်လှမ်းစုံစမ်းကြသော်လည်း အချည်းနှီးမျှရှိကြလေ၏။

သို့သော် တစ်နေ့သောအခါတွင် နွားကျောင်းသားတစ်ဦးသည်နွားကျောင်းနေစဉ် မိမိနွားများ အလန့်တကြားပြေးလာကြလျက် ရိုးပြတ်ကလေးတစ်ဖက်မှလည်း နွားကလေးတစ်ကောင် ပြင်းထန်စူးရှစွာ အော်ဟစ်သံကြားရသောကြောင့် နွားကျောင်းသားမှာ ကမ်းပါးပြတ်ရိုးကလေးထိပ်ဆီသို့ပြေးသွားကြည့်ရှုလိုက်လျှင် တောင်ကျချောင်းကမ်းပါးပြတ်တွင် ရေစားထားသောလိုဏ်ခေါင်းကဲ့သို့ဖြစ်နေသည့် အခေါင်းကြီးအတွင်းမှ မဆန့်အင်မတန်

ကြီးလှသော မြွေကြီးတစ်ကောင်မှာ ခေါင်းပိုင်းသာသာ မျှလောက်သာအပြင် ထွက်ပြီး နွားပေါက်ကလေး၏အမြီးမှနေ၍ မျိုနေသည်ကို တွေ့ရလျှင် နွားကျောင်းသားသည် နေ့ရှိသမျှ ရွာထဲကနွားတွေ ပျောက်ရှနေသည်မှာ ဤမြွေကြီး၏လက်ချက်ပင်ဟု အတပ်သိလာပြီး-

မြွေကြီးကို ခုခံသတ်ဖြတ်ရန်မှာကလည်း မြွေကြီးမှာအလွန်ကြီးလှသော သတ္တဝါကြီးဖြစ်သောကြောင့် မိမိတစ်ဦးတည်း အားနှင့်မနိုင်၊ တစ်ရွာလုံးဝိုင်းဝန်းမှ ဖြစ်နိုင်မည့်အလုပ်ဖြစ်ကြောင်းတွေးမိသဖြင့် မိမိနွားများကိုခေါက်ကာ ရွာဆီသို့အပြေးအလွှားပြန်လာခဲ့ပြီး သူကြီးထံပြေးပြောရာ ရွာသူကြီးလည်း ချက်ချင်းပင်မောင်းထု၍ ရွာသားများကို အကျိုးအကြောင်းပြောလျက် တစ်အိမ်တစ်ယောက် လက်နက်အပြည့်အစုံနှင့်လာစေရန် အမိန့်ပေးကာ မြွေကြီးရှိရာသို့ အမြန်တပ်ချီ၍လာကြလေ၏။

မြွေကြီးမှာ ရွာသားတွေရောက်လာသောအခါတွင် နွားပေါက်ကလေးကို မျိုပြီးကာစဖြစ်လျက် မလှုပ်မရှက်ငြိမ်သက်နေဆဲကိုတွေ့ရလျှင် သူကြီးအမှူးရှိသော ရွာသားတစ်စုတို့လည်း တုတ်၊ ဓားလက်နက်များနှင့် ဩသံပေး၍ အနီးသို့ ရိုက်သတ်ရန်ပြေးဝင်ကြရာ မြွေကြီးမှာ ထိုမျှ ဆူညံသောင်းကျန်းစွာ လူအုပ်ကြီးဝင်လာသော်လည်း ထိတ်လန့် တုန်လှုပ်သည့် လက္ခဏာဆို၍ စိုးစဉ်းမျှမရှိဘဲ ငြိမ်သက်စွာနေရာမှ ကျယ်ဝန်းသော ပါးစပ်ကြီးကိုဖြဲလျက် တစ်ချက်မျှရှူးခနဲမှုတ်ထုတ်လိုက်သောအခါ မည်းမည်းပြာပြာ မီးခိုးတွေလို အခိုးတွေပန်းထွက်လာပြီး တအားပြေး တက်သော လူတစ်စုမှာလည်း အရှိန်ပြင်းစွာရင်ဆိုင်ထွက်လာသော မြွေကြီး၏ အခိုးတွေက တအားတွန်းပစ်လိုက်ဘိအလား အားလုံးပင် ပက်လက်လန်လဲကျသွားကြလေ၏။

ထို့နောက်လဲသူတွေ ကပျာကယာလူးလဲထရာ၌ မြွေကြီးမှာ လိုဏ်ဝတွင်မရှိတော့ဘဲ တွင်းထဲသို့ ပြန်ဝင်သွားပြီး တွင်းနှုတ်ခမ်းမှာ အခိုးတွေသန်းနေသည်ကိုသာ တွေ့ရသောကြောင့် မည်သူမျှအနီးသို့ တိုးမသွားဝံ့ကြတော့ဘဲ-

"မဖြစ်ဘူးဟေ့-ပြန်ကြစို့၊ မြွေဆရာကောင်းကောင်းရှာပြီး နှိမ်နင်းမှဖြစ်မယ်၊ ဒီအတိုင်းထားရင်လည်း ရွာကနွားတွေပြုတ်ပြုတ်ပြုန်းကုန်မှာ ဆရာကောင်းသာ မြန်မြန်ရှာကြပေတော့"

ဟု ပြောပြီး မြွေဆရာကောင်းကောင်းကို အမြန်ဆုံးရှာဖွေကြလေရာ အလမ္ပာယ်ဆရာ၊ မြွေဆရာတွေအလွန်တရာပေါများကြသည့်အထဲမှ အရဲဆုံးနှင့်အတော်ဆုံး ဆရာများကိုတွေ့လာကြသော်လည်း တချို့မှာလိုက်လာပြီး မြွေကြီးအကြောင်းကြားရုံနှင့် လက်လျှော့ပြန်သွားလျက် အချို့လည်း တတ်သလောက်အစွမ်းကုန်, ပညာကုန်အမိန့်ပြန်ခေါ်သော်လည်း မြွေကြီးမှာ တွင်းနှုတ်ခမ်းဝသို့မှ မပြူလာသောကြောင့် အရှက်တကွဲပြန်သွားကြရပြီး အချို့ဆရာတစ်ဦးနှစ်ဦးမှာလည်း တွင်းထဲမှအခိုး ထုတ်မှုတ်လိုက်ရုံနှင့်ပင် လန့်ပြေးရှာကြလေ၏။ အချို့ဆရာတို့ကား-

"မြွေကြီးလျှင် မန္တရားမနိုင်ဘူးတဲ့သူကြီးရဲ့၊ မြွေကြီးက မဆန့်အင်မတန်ကြီးနေတာ၊ ဘယ်ဂါထာ, ဘယ်အင်းမှ သူ့ကိုပူပြင်းအောင် မထတ်နိုင်တဲ့အပြင် မြွေကြီးဟာ ကေန္တရိုးရိုးမြွေမျိုးမဟုတ်ဘူး၊ နတ်မြွေဗျ၊ ဒီတော့-သူ့ကိုသွားပြီး ယီးတီးယားတားလုပ်လို့ ဖြစ်မှာမဟုတ်ဘူး၊ ကျုပ်တို့ ခင်ဗျားတို့ အားလုံးသေကုန်ကြလိမ့်မယ်"

ဟု ပြောကာ၊ တွင်းနားမျှမကပ်တော့ဘဲ ဆေးလွယ်အိတ်ကလေးနှင့် ကောက်ကောက်ပါ ပြန်သွားကြရှာလေ၏။ သို့သော်ရွာသူ ရွာသားတို့မှာ မလျှော့သောဇွဲဖြင့် ရဲရင့်သတ္တိပြည့်စုံသောဆရာတစ်ဦး တွေ့လာခဲ့ကြရာ ထိုဆရာမှာ အတော်စွမ်းရုံမက မိုက်မိုက်ကန်းကန်း ပြုဝံ့သောသတ္တိနှင့်-

"ဟာ-ခင်ဗျားတို့ဘာမှမစိုးရိမ်ကြနဲ့၊ မြွေလှောင်ဖို့ ခြင်တစ်ခုကိုသာ မြန်မြန်ပြင်ထား၊ တောမြွေသော, နတ်မြွေသော ကျုပ်ကြောက်ရမယ့် ဆရာမဟုတ်ပါဘူး၊ ကြီးချင်တိုင်းကြီးပါစေ၊ ဒီလိုမြွေမပြောနဲ့ အမောက်နီ ကြီးနဲ့ နဂါးတောင် ကျုပ်ကတီကောင်လို အပျော့စားထားတဲ့ဆရာပါ၊ မယုံရင် ကျုပ်နဲ့ တပါတည်းလိုက်ခဲ့၊ ခင်ဗျားတို့ကြောက်ရင် မြေပြင်မှာမနေနဲ့၊ သစ်ပင်တွေပေါ်ကတက်ကြည့်ကြ၊ ဒီမြွေကို ကျုပ်ရအောင်ခေါ်ပြမယ်၊ မန်လည်အရပ်မှာ နတ်မြွေ, နတ်မြွေနဲ့ ရွှေနပေ့စီးတော် မြွေကြီးတစ်ကောင်၊ လုံးပတ်ကြီးဟာ ထန်းပင်လုံးကြီးလောက်ရှိတာတောင် ဂါထာတစ်အုပ်နဲ့ ဖမ်းချုပ်လာခဲ့တဲ့ ဆရာပါဗျ၊ မကြောက်ကြပါနဲ့"

ဟု ရဲရဲကြီးအာမခံပြီး ဆေးလွယ်အိတ်ကြီးနှင့် မြွေတွင်းအနီးသို့ အခြားဆရာများထက် ထူးကဲပိုမိုပြီး ကပ်သွားရာ သစ်ပင်ပေါ်မှကိုယ်စီ ကိုယ်စီ ကြည့်နေသော ရွာသားများမှာ အားရဝမ်းသာနှင့်-

"အင်း-ဒီဆရာဟာ ငါတို့ပင့်လာသမျှထဲတော့ အတော်ပဲစွမ်းတဲ့ လက္ခဏာပဲ"

ဟု အသီးသီး လက်တို့ချီးမွမ်းလျက် စိတ်အားထက်သန်စွာ ကြည့်နေကြသောအခါ ဆရာလည်း မြွေတွင်းအနီးတွင်ထိုင်ပြီး ဆေးလွယ်အိတ်ထဲမှ တို့တို့တိတိတွေထုတ်၍ ရွတ်ဖတ်မန်းမှုတ်နေလေရာ ချွေးတဒီးဒီးနှင့် မနည်းကြာပင်ပန်းနေရှာလေ၏။

သို့သော် မြွေကြီးလည်းထွက်မလာ၊ အခါတိုင်းလို အခိုးအငွေ့တွေလည်း မလွှတ်သောကြောင့် စောင့်စားနေကြရာက ဆရာမှာလည်း အနည်းနည်း၊ အဖုံဖုံ၊ တဥဥ၊ တဖွဖွ၊ ပွစိပွစိနှင့် နှုတ်ခမ်းချင်းထိနေရင်း အင်းတစ်ခုမှောက်ကာ အပေါ်ကဆေးဖယောင်းတိုင်တစ်ခုကို ထွန်းလိုက်ပြန်လေ၏။

သို့နှင့် တစ်ခဏမျှကြာလေသော် တောင်အော်သလိုလို၊ ကမ်းပါးပြိုသလိုလို၊ တဟီးဟီးတုန်လှုပ်သောအသံကြီးတွေ ပေါ်လာပြီး မည်းမှောင်နေသောတွင်းဝတွင် ဖြူဖြူအရာတစ်ခုလာဆို့နေသည်ကိုတွေ့ရမှ မြွေကြီးခေါင်းပြူလာကြောင်းသိရလေ၏။ ဆရာကြီးလည်း ငါ့ဂါထာစွမ်းပေ၏ဟု စိတ်အားထက်သန်လာပြီး ကြည့်နေသူများအား-

"ဟော့ မြင်ကြရဲ့လား ထွက်လာပြီ၊ ဒါကြောင့်ဆရာက ဒီမြွေလောက်ကို မမှုပါဘူးလို့ တာဝန်ခံရဲတာပေါ့"

ဟု လှည့်၍ဝါကြွားလိုက်လျှင်ပင် ရွာသားတွေမှာ ယခင်ဆရာများအစွမ်းဖြင့် မြွေကြီး၏အရိပ်အငွေ့ကိုမျှ မမြင်ရဘဲ ယခုဆရာနှင့်ကျမှ ခေါင်းပြူပြသေးသည်ဟု အတွေးနှင့်အားတက်ဝမ်းသာနေရှာကြလေ၏။

မြွေကြီးမှာ တဖြည်းဖြည်း သုံးလေးပေလောက်တွင်းဝသို့ပေါ် ပေါက်လာပြီး ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်ချနှင့် ယောပုဆိုး ခါးတောင်းမြှောင်လှအောင် ကျိုက်ထားလျက် ဆေးလွယ်အိတ်ကြီးလွယ် ပိုးထားသော

ဆရာအား မလှုပ်မယှက်ငြိမ်သက်စွာကြည့်နေပြီး ပါးစပ်ကြီးကိုဖြကာ လေဖြင့် စုပ်ယူလိုက်သည်နှင့်တစ်ပြိုင်နက် ဟန်ရေးဝါရေးနှင့် အာဏာပေးနေသော မြွေဆရာမှာ ဆေးလွယ်အိတ်ကလေးနှင့်တပါတည်း မြွေကြီး၏ပါးစပ်ထဲသို့ စွပ်ခနဲဝင်သွားသည်ကို တွေ့မြင်ကြရသောအခါ သစ်ပင်ပေါ်က ကြည့်နေကြသောရွာသားများမှာ-

"ဟာ-မဖြစ်ဘူးဟေ့ တို့ပါသေနေမယ်၊ ပြေးကြမှပဲ"

ဟု ကြောက်ရွံ့ထိတ်လန့်စွာပြောပြီး ရွာသို့တစ်စုကြီး ပြေးခဲ့ကြရလေတော့၏။

သို့ကြောင့် ထိုမြွေကြီး၏ရန်ကို ကာကွယ်နိုင်မည့် နိုင်နင်းသော ဆရာများကို မမှာဝံ့သလောက်ရှိပြီး လက်အလျှော့ကြီး လျှော့ရတော့ မလောက်ဖြစ်နေကြစဉ် ကျွန်တော်နှင့်ဆရာထွန်းကြီးတို့သည် ထိုမြွေကြီး၏သတင်းကို ကြားရသောအခါ ဆရာထွန်းကြီးမှာလည်း ကျွန်တော်၏ အကြံဉာဏ်ပေးခြင်းအရ မြွေအလမ္ပာယ်ပြသခြင်းကို ခမ်းခမ်းနားနားကလေး ချဲ့ထွင်လုပ်ကိုင်တော့မည်ရှိရာ မြွေအကြီးဆုံးများကို လိုက်လံရှာဖွေနေဆဲဖြစ်သောကြောင့် ထိုသတင်းကိုတစ်ဆင့်စကားပြောကြားလျှင် ကြားခြင်းအပြင်းစိုင်း၍ထွက်ခဲ့ကြပါကြောင်း။

ရွာရောက်၍ အကျိုးအကြောင်းတွေစုံစမ်းပြီး မြွေဖမ်းလာကြောင်း ပြောပြလျှင် ရွာသူကြီးနှင့်တကွ ရွာသားများက ဝမ်းသာသော်လည်း ဆရာထွန်းကြီးအား အထက်က ဒုက္ခတွေ့သွားသောဆရာတို့၏ အဖြစ်အပျက်ကို ပြောပြပြီး မနိုင်လျှင်မကိုင်ဖို့ တားမြစ်သတိပေးကြရှာသေး၏။

သို့သော် ဆရာထွန်းကြီးကား ကိစ္စမရှိကြောင်း စိတ်မပူကြဖို့အကြောင်း ပြောလျက် ခိုင်ခန့်သောကြိမ်ပုတ်ကြီးနှစ်ခုကိုရက်စေ၏။ ရွာသားများကမူကား-

"ဆရာရယ်-မြွေကတစ်ကောင်တည်းရယ် ပုတ်ကြီးနှစ်လုံးတောင် ဘာလုပ်ဖို့လဲ"

ဟု မေးကြ၍ အချို့ကလည်း ဆေးလွယ်အိတ်ပါ မြွေကြီးဗိုက်ထဲရောက်သွားရသောဆရာကို နမူနာတင်လျက်-

"အင်း-မြွေဖြင့်နိုင်မယ်, မနိုင်မယ်မသိသေးဘူး၊ ထည့်စရာလုပ်တာကအရင်၊ သြော်-မြင်ရချည်သေး, မြင်ရချည်သေး"

ဟု ပြောင်လှောင်ကြရာ ဆရာထွန်းကြီးကား-

"မင်းတို့မသိပါဘူးကွာ၊ ငါအင်းနဲ့စီးကြည့်လို့ မြင်ပြီးပါပြီ၊ ဒါကြောင့် အဆင်သင့်ထည့်ရအောင် ပုတ်နှစ်လုံးအရက်ခိုင်းတာပေါ့"

ဟု ခပ်ပေါ့ပေါ့ပြောလေ၏။ မြွေဖမ်းမည့်နေ့ကား အထူးစည်ကားလှပေ၏။ နဂါးလယ်ရွာတွင်မျှမက ရွာနီးချုပ်စပ်တို့ကပါ လာရောက်ကြည့်ရှုကြလေရာ သစ်ပင်ကြီးငယ်တို့တွင် ကြည့်ရှုသူတို့သီး၍နေကြလေ၏။

ဆရာထွန်းကြီးကား မြွေကြီးနေသောတွင်းဝနှင့် ငါးလံကွာလောက်တွင် ကန်တော့ပွဲသုံးပွဲပြင်လျက် သူ၏အထက်ဆရာ့ဆရာများနှင့် ဆိုင်ရာကိုအခွင့်ပန်ကြားပြီး မိမိအလုပ်ကို အခြားသောစုန်း, နတ်, ကဝေ,တစ္ဆေ, မှင်စာတို့မနှောင့်ယှက်နိုင်ရန် အင်းအတန်တန် ဂါထာမန္တန်အမျိုးမျိုး၊ တန်ခိုးကြီးဆေးဝါးများကာရံ၍ ဆေးဖယောင်းတိုင်ကြီးတွေ မြိုင်မြိုင်ထွန်းကာ အထူးမှာ ယူရက်လုပ်စေသောပုတ်ကြီးနှစ်လုံးကိုလည်း ကန်တော့ပွဲများအနီးတွင် အဆင်သင့်အဖုံးများကိုဖွင့်ထားပြီး ဆရာထွန်းကြီးမှာ မန္တန်ကျူး၍နေလေ၏။

စောင့်ဆိုင်းကြည့်ရှုနေသော ပရိသတ်လူထုကြီးမှာလည်း တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်နေလေရာ လေသလပ်သော သစ်ရွက်ဖက် အခြောက်တစ်ခု၏လှုပ်ရှားသံကိုပင် ထင်ရှားစွာကြားနိုင်ပေ၏။

ပရိသတ်များ၏စိတ်တွင်ကား ဤမြွေကို ဆရာမနိုင်ဘူးဟူသော အယူက ရာခိုင်နှုန်းခုနစ်ဆယ့်ငါးလောက် ရှိနေကြောင်းသိရလေရာ ဆရာထွန်းကြီးမှာလည်း ထိုအကြောင်းကို ကောင်းစွာရိပ်မိသည့်အတိုင်း ကျွန်တော့်အား တီးတိုးစကားဖြင့်-

"ငါ့တပည့်၊ မောင်အောင်ကြီး ဆရာ့ကို အများကတယ်မထင်ကြဘူးကွဲ့၊ ဆရာလည်းမနိုင်ဘဲနဲ့တော့ ဒီဇာတ်ကိုမစီးပါဘူး၊ သို့သော်လည်း သတိဆိုတာ ပိုတယ်လို့မရှိဘူး၊ တကယ်လို့များ ကံမကောင်းအကြောင်းမသင့်လို့ ဆရာတစ်စုံတစ်ခုဖြစ်သွားရင် ငါတပည့်က ဆရာ့တူမနှစ်ယောက်ကိုစောင့်ရှောက်ပြီး ဆရာယခုကြံစည်တဲ့ အလမ္မာယ်ပွဲကြီးကိုလည်း ငါ့တပည့်က ခေတ်ပညာတတ်ပီပီ ရှေ့ဆောင်ပြီးဖြစ်မြောက်အောင် ပြုလုပ်ပါလေကွယ်"

ဟု မှာကြားသဖြင့် ကျွန်တော့်မှာလည်း စင်စစ်အားဖြင့် ခေတ်ပညာ တတ်ယောကျ်ားဖြစ်ပါလျက် ဤဆရာထွန်းကြီးနှင့်တွဲဖက်နေမိသည်မှာ သူ၏ပညာကိုတပည့်ခံလိုရင်း ကိစ္စတစ်ခုတည်းကြောင့်ပါဟု ဆိုခဲ့ပါလျှင် ကျမ်းကျိန်လွတ်မည်မထင်။ မမယ်ခနှင့်မမယ်လှတည်းဟူသော ပန်းနှစ်ပွင့် အနက်မှ အလှကျက်သရေဆောင် မျက်တောင်ကော့ ကော့နှင့် မက်အောင် ဆော့တတ်သော မျက်လုံးကလေးနှစ်ခု၏ ပိုင်ရှင်မကလေး မမယ်လှကို လိုချင်မျက်မှန်း အချစ်စိတ်တမ်းမိသဖြင့် တတန်းလန်းလန်းလိုက်ပါခဲ့သူဖြစ် ရကား ဆရာထွန်းမှာကြားသမျှကို မြေဝယ်မကျ နားထောင်ပါမည်ဟု တည် ဖြောင့်သောနှလုံးဖြင့် ရှင်ပြုံးစွာ အာမဝန္တာ ခံလိုက်မိပါတော့၏။

ဆရာထွန်းကြီးလည်း ကျွန်တော်အာမခံပြီးသည့်နောက် စိတ်နှလုံး ပေါ့မြောက်သွားဘိအလား အမူအရာဖျတ်လတ်စွာနှင့် ဂါထာ မန္တန်တို့ကို စိတ်အားထက်သန်စွာ ရွတ်ဖတ်မန်းမှုတ်နေခဲ့ရာ တိတ်ဆိတ် ငြိမ်သက်သော ဌာနကြီးတစ်ဝိုက်တွင် မကြာမီ တဟဲဟဲမြည်သောအသံ ကြီးတစ်ခုကိုကြားရပြီး မြွေတွင်းကြီးတည်ရှိရာ ကမ်းပါးပျက်ကြီးမှာလည်း တော်လျှောင်လည်းသကဲ့သို့ တုန်ဟီးသောအသံကြီးများ ဖြစ်ပေါ်လာသည်ကို ကြားရလေရာ ဆရာထွန်း ကြီးမှာ စိတ်အားထက်သန်တက်ကြွလာသလောက် သစ်ပင်တွေပေါ်မှ ကြည့်ရှု နေကြသည့် ပရိသတ်တစ်စုမှာ ဘုရား ဘုရားတလျက် နိုင်မှနိုင်ပါ့မလားဟု ရင်တထိတ်ထိတ်နှင့်စိတ် ပူပင်စွာ ကြည့်နေကြရှာသည်ကို တွေ့ရလေ၏။

ဆရာထွန်းလည်း ဂဠုန်တောင်အင်းကြီးနှစ်ချပ်ကို လက်ဖြင့် တဖျပ် ဖျပ်ပုတ်ကာ ဒုတိယအကြိမ် ဂါထာကျူးလိုက်လျှင် မည်းနက်သော မြွေတွင်းကြီး အဝ၌ ဖြူဖြူဖွေးဖွေးအရာကြီး ပြူထွက်လာသည်ကို တွေ့ရလေ၏။

"မြွေကြီးဟေ့-မြွေကြီးထွက်လာပြီ၊ အရင်လို အခိုးတွေမမှုတ်ဘူးဟေ့၊ ခပ်အေးအေးထွက်လာပါကလား၊ ဒီဆရာကြီးဟာ တို့တွေ့ခဲ့သမျှ ဆရာတွေထဲ အတော်ဆုံးပဲဟေ့"

ဟု အသီးသီးချီးမွမ်းပြ၍ တချို့ကလည်း-

"ဟေ့-ချီးမွမ်းတာမစောနဲ့ဦးနော်၊ တော်တော်ကြာ မြွေပါးစပ်ထဲ စွပ်ခနဲရောက်သွားတာ မြင်နေရဦးမယ်။ အရင်ဆရာလည်း ခုလိုပဲမြွေကြီး ထွက်လာပြီးမှ မာကလာပင် တက်ရရှာတာ၊ အစအဆုံး စောင့်ကြည့်ကြဦး"

ဟု ပြောနေကြသံများမှာ အုပ်အုပ်အုပ်အုပ်နှင့် ပျံကျဈေးလူ စည်ချိန်ကဲ့သို့ ရှိလေ၏။

ဆရာထွန်းလည်း အင်းဖြင့်ပြီးသောလက်ဝါးနှင့်မြွေကြီးကို အမိန့်ပြန်ကာ ရပ်ခေါ် လိုက်ရာ မာန်စောင်ကြီးမားသော မြွေကြီးပင် ဖြစ်လင့်ကစား ဦးခေါင်းကလေးမြေသို့လျှိုးပြီး ကြောက်ရွံ့ကျိုးနွံစွာ တရွေ့ရွေ့တိုးလာသည်ကို တွေ့ရလေ၏။

ဆရာထွန်းလည်း တဖြည်းဖြည်း နီးလာသော မြွေကြီးအား အဆင်သင့်အဖုံးဖွင့်ထားသော ပုတ်ကြီးအတွင်းသို့ဝင်သွားရန် လက်ဖြင့် ညွှန်ကြားလိုက်သောအခါလည်း ပေါင်လုံးတမျှကြီးမားလှသောမြွေကြီးမှာ ဆရာထွန်း၏အာဏာကို တစ်သဝေမတိမ်း လိုက်နာဘိအလား ရှောရှော-ရှောရှောနှင့် ပုတ်ကြီးအတွင်း ဝင်သွားရှာတော့၏။

ဆရာထွန်းလည်း ပုတ်ကြီးကို လုံခြုံစွာ ပိတ်ဆို့ထားလိုက်လျှင် ကြည့်နေသူအများမှာ လက်ဖျားခါပြီး ချီးမွမ်းသံဆူပွက်သွားလေ၏။ ဆရာထွန်းလည်း နောက်ထပ်ဆက်လက်ခေါ်ပြန်ရာ ယခင်မြွေကြီးနှင့် မရှေးမနှောင်းပင် အရွယ်တူ-အလုံးတူ မြွေကြီးတစ်ကောင် ထွက်လာပြန်ပြီး အခြားပုတ်ကြီးတစ်ခုတွင် ဝင်၍ခွေရရှာပြန်လေ၏။

"ဟယ်-မြွေကြီးမှနှစ်ကောင်တောင်ပါကလား။ အထီးနဲ့အမ ဖြစ်မှာပဲ၊ ကြီးလည်းကြီးတဲ့အကောင်ကြီးတွေပါပဲကွယ်။ ဒါကြောင့်သာ တို့နွားတွေ တစ်နေ့တစ်ကောင်နှစ်ကောင် အမြဲပျောက်ရတာပဲ၊ အစားအစာအကောင်းတွေချည်းစားရလို့ ဝချင်တိုင်းဝပြီး ကြီးချင်တိုင်းကြီးနေကြပါကလား၊ ဒီဆရာကြီးကိုလည်း အထူးချီးမွမ်းထိုက်ပါပေတယ်ကွယ်"

စသည်တို့ဖြင့် တအံ့တသြပြောမဆုံးနိုင်အောင် ရှိလေ၏။ ဆရာထွန်းလည်း မြွေကြီးများ မိမိလက်ဝယ်သို့ရောက်လျှင် ကြည့်ရှုရန် လိုက်လာသော ပရိသတ်များကို ပြန်လွှတ်ပြီးသူနှင့်ကျွန်တော်နှစ်ဦးထဲ အထူးကိစ္စများ ဆောင်ရွက်ရန်ကျန်သေးသဖြင့် ကန်တော့ပွဲကြီးအနီးမှာ ဆရာထွန်းနှင့်အတူ နေရစ်ခဲ့ရပေ၏။

ဆရာထွန်းသည် အင်း၊ အိုင်၊ ခါလှည့် လက်ဖွဲ့၊ မန္တရားများကို အမျိုးမျိုး မန်းမှုတ်စီရင်ပြီးနောက်-

"ကဲ-ကိစ္စတော့ပြီးပြီ၊ တပည့်ရေ ဒီမြွေကြီးဟာ သာမညမြွေမျိုး မဟုတ်တဲ့အတွက် အတော်ခက်ခက်ခဲခဲစီမံပြီး ငါးနှစ်စေ့တဲ့နေ့ပြန်လွှတ် ပါမယ်ဆိုတာ သစ္စာပြုလာခဲ့ရတယ်"

ဟူ၍ ပြောဖူးသည်ကိုလည်း အတော်စွဲမြဲစွာမှတ်သားမိခဲ့ပေ၏။

သို့နှင့် ဆရာထွန်းသည် ထိုမြွေကြီးနှစ်ကောင်ကို ခက်ခဲစွာ ဖမ်းယူခဲ့ပြီး အခြားသောမြွေကြီးမြွေငယ်တို့နှင့်တကွ တပည့်လက်သား ဝိုင်းတီးသမား အစုံနှင့် ခမ်းခမ်းနားနားရုံသွင်းပြသလာခဲ့ရာ ရောက်လေရာ မြို့ရွာတိုင်းမှာပင် ဆရာထွန်းကြီးအမည်မှာ ငန်းညီနောင်နှင့်မယ်လှ၊ မယ်ခတို့၏အမွှန်းတင်ခြင်း ဖြင့် အထူးကျော်ကြားလူကြိုက်များ၍လာခဲ့ လေ၏။

ယခု ကျွန်တော်တို့ရောက်လာပြသနေသော အရပ်ကား ပခုက္ကူ အနောက်၊ ပေါင်းဝမြို့ ရွှေစည်းခုံဘုရားပွဲတော်ဖြစ်လေရာ ထိုအရပ်မှာ ချင်းတွင်းနယ်၊ ယော၊ ဂန့်ဂေါ၊ ထီးလင်းစသောနယ်များနှင့် ချင်းကဒူးနယ်၊ ကသည်းနယ်က လူစုံတို့ပါ အရောင်းအဝယ်မျိုးစုံနှင့် ဘုရားဖူး ရောက်လာကြ သောကြောင့် စည်ကားလှသောဘုရားပွဲခင်းကြီးမှာ လူပေါင်းအတော်စုံလင်စွာ တွေ့ရှိရပေ၏။

ယင်းသို့ လူစုံခြင်းသည်လည်း ပညာသည်မျိုးစုံအောင် ဖန်တီးထား သကဲ့သို့ရှိလေရာ ဆရာထွန်းကြီး၏ဇာတ်ရုံကြီးမှာ နေ့စဉ် ပရိသတ်ပြည့်ကျပ် လျက် ရှိသလောက် ပညာစမ်းကြသော အောက်လမ်းပညာသည်တွေ အတော် ပေါများ၍နေလေ၏။

ကျွန်တော်လည်း ဆရာထွန်းကြီး၏ နည်းခံတပည့်တစ်ဦးဖြစ်သည့် အားလျော်စွာ နယ်ခံပညာသည်များက ဆရာထွန်းကြီးအား ပညာစမ်းကြ သည်မှာ တစ်နေ့လျှင်လေး၊ ငါး၊ ဆယ်ဦး ပုံသေရှိနေကြောင်း သိရလျက် ဆရာထွန်းကြီးကလည်း မိမိကိုပညာစမ်းသမျှ ပညာသည်တို့အား "နင်တို့ကို ငါနိုင်သည်"ဟူသော အထိမ်းအမှတ်ဖြင့် နောင်ကြဉ်အောင် အနည်းငယ်စီ တုံ့ပြန်လွှတ်မြဲဖြစ်သောကြောင့် အကြောင်းသိ သွားကြရာ ၎င်းတို့နယ်သူ နယ်သားအချင်းချင်း ခေါင်းချင်းရိုက်၍ နေကြကုန်၏။

"အာဂဆရာကြီးဟေ့-သူ့ကိုယ်သူယုံလို့ ဒီနယ်ထဲကိုလာဝံ့တာ၊ ငါတို့ရွာခံတွေကတောင် ညှံ့ရာကျနေပြီ၊ ဒီအတိုင်းမှန်ရင် ငါတို့အရပ် နာမည်ပျက်တော့မယ်၊ တစ်ယောက်ချင်းမနိုင်ရင် အများနဲ့ဝိုင်းပြီးနှိမ်နင်း ပစ်မှပဲ၊ တို့နယ်ထဲလာပြီး တို့ခေါင်းပေါ်စကြီးလျှောက်နေတာမခံကြနဲ့၊ အရှက်တကွဲဖြစ်ပြီး ပြေးရအောင်ကြံမှပဲ"

ဟူသော သွေးစည်းညှိနှိုင်းခြင်းဖြင့် ဆရာထွန်းကြီးအား နှိမ်နင်းကြရန် ကြိုးစားနေကြကြောင်း သိရလေ၏။

ဆရာထွန်းလည်း မိမိကိုအလစ်တွင် စောင့်ဖမ်းနေကြသည့် နယ်ခံပညာသည်များအကြံကို ရိပ်မိသဖြင့် အစစအရာရာ, သတိဝီရိယနှင့်အနည်းငယ်မျှ အတိမ်းအစောင်း အမေ့အလျော့မရှိရအောင်ဂရုပြု၍နေပြီး တူမနှစ်ယောက်နှင့်တကွ ကျွန်တော်တို့တပည့်တွေကိုလည်းလို လေသေးမရှိရအောင် သတိပေးကာ အကွယ်အကာတို့ကိုလည်း နိုင်နင်းစွာပြုပြင်စီမံပေးထားလေ၏။

မယ်ခနှင့်မယ်လှတို့မှာ ဆရာထွန်းကြီး၏တူမများဖြစ်ကြသည် တစ်ကြောင်း၊ ပညာဘက်က မာန်တက်ကြွနေသူကလေးများ ဖြစ်သည် တစ်ကြောင်း၊ အရွယ်နှင့် ရုပ်ရည်လှပခြင်းကလေးများကို အစွဲပြု၍တစ်ကြောင်း၊ ဆရာထွန်း၏တပည့်လက်သားများကို ၎င်းတို့နှင့်အဖက်တန်သည်ဟူ၍ပင်မထင်ဘိအလား စကားရောနှောပြောဆိုခြင်းမရှိ မျက်နှာထိမျက်နှာထားနှင့် ခိုင်းစရာရှိမှအခန့်စားခိုင်းတတ်ကြသောကြောင့် အခြားသော တပည့်များက ၎င်းတို့ညီအစ်မနှစ်ယောက်ကို မျက်မွေးစူးကြသော်လည်း ဆရာကြီး၏တူမများဖြစ်သည်တစ်ကြောင်း၊ ၎င်းတို့၏ပညာရည်ကို လန့်ကြသည်တစ်ကြောင်းကြောင့် ခေါင်းမဖော်ဝံ့အောင်လန့်နေကြရလေ၏။

ထိုသို့ အများအပေါ်တွင် မောက်မော်သောနှလုံးဖြင့် အဖက်မလုပ်၊ အရေးမစိုက်နေကြသော်လည်း ကျွန်တော့်ကိုကား မယ်ခ, မယ်လှတို့ ညီအစ်မနှစ်ယောက်စလုံးပင် အစကမောက်သလောက် တဖြည်းဖြည်းနှင့်အရေးတယူအရောတဝင်ပျူငှာလာကြသည်မှာ ကျွန်တော်က ခေတ်ပညာတတ်ဖြစ်၍ ပညာခံရန်လာသော တပည့်ချင်းတူစေကာမူ အစစအရာရာသွားလာဆောင်ရွက်ခရီးထွက်ရာ၌သော်လည်းကောင်း-

ပွဲပြရာ, ကြော်ငြာရာ လူသိများ၍ သားနားအောင် ပြုဖွယ်ရာ အစီအမံများကို ခေတ်မီရန်နှင့် လူမျိုးခြားတို့ မျက်လှည့်ပြပွဲ, ဆပ်ကပ်ပွဲများ၏နည်းကိုမှီးကာ၊ ပြုပြင်ဖန်တီးပေးခြင်း၊ ကုန်းလမ်း, ရေလမ်းသွားလာကူးသန်းကြရာ၌လည်း နှောင့်နှေးကြန့်ကြာခြင်းမရှိစေရန်တို့ကို နည်းညွှန်လမ်းပြ လုပ်ကိုင်စီမံပေးခြင်းတို့ကြောင့် ပညာခံတပည့်ပင်ဖြစ်သော်လည်း ဆရာထွန်းကြီးကိုယ်တိုင်က အထူးအရေးပေးပြီး လက်ရုံးကြီးတစ်ဆူကဲ့သို့ အားကိုးအားထားပြုနေလေရာ မယ်ခနှင့်မယ်လှတို့မှာလည်း ဦးကြီး၏အားထားရာ လူတစ်ယောက်မှန်းသိလာကြပြီး တဖြည်းဖြည်း လေးနာလာရုံမက-

"ကိုအောင်ကြီးရယ်-ကျွန်မတို့လည်း ဦးကြီးနဲ့ နိုင်ငံခြားတွေ, ဘာတွေလိုက်ရဦးမှာဆိုတော့ အောက်ကျ နောက်ကျမဖြစ်ရအောင် အင်္ဂလိပ်လိုကလေးနည်းနည်းပါးပါး ပြောနိုင်, ရေးနိုင်အောင်သင်ပေး စမ်းပါ"

ဟု ကပ်နေကြသည့်အပြင် ဦးကြီးလုပ်သူကလည်း-

"အေး-အေး-သင်ပေးလိုက်ပါ၊ မောင်အောင်ကြီးရယ်"

ဟု အခွင့်ပြုလိုက်သည်မှအစပြု၍ ရေးနိုင်, ဖတ်နိုင်ရှိလာကြသည်တိုင်အောင် ကျွန်တော်နှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေထိုင်လာခဲ့ကြရာ ယခုပေါင်းဝရွှေစည်းခုံဘုရားသို့ ရောက်လာကြသောအခါမူ ညီအစ်မနှစ်ယောက်နှင့် ကျွန်တော်မှာ သွားအတူ, စားအတူ, မခွဲမခွာ ပူးတွဲ၍သာနေကြသောကြောင့် အခြားသူများမြင်လျှင် အရောတဝင်နေသော မောင်နှမတစ်စုဟူ၍သာ ထင်မှတ်စရာရှိပေတော့၏။

ကျွန်တော်ကား အငယ်မကလေးမယ်လှကိုသာ အချစ်စိတ်ယိမ်းယိုင်လျက်ရှိသော်လည်း မယ်လှတွင်မက အစ်မကြီးဖြစ်သူ မယ်ခကပါ ခပ်ပါပါ မဆွတ်ခင်ကည္တတ်ချင်သယောင်ယောင် အမူအရာပြနေသောကြောင့် မယ်ခစိတ်ကျေနပ်အောင် မေတ္တာတုံ့ပြန်သမှုပြုလိုက်ချင်စေကာမူ ဤစိတ်ကူးမျိုးမှာ တရားလွန်ရာကျနေသဖြင့် မသင့်သည့်အကြံကို စိတ်ထဲတွင် လက်မခံဝံ့ဘဲ စိတ်ထဲတွင်ကြိတ်၍ဖြေဖျောက်နေရပြီး အကြီးမမယ်ခကိုလည်း စိတ်ဝမ်းမနည်းစေခြင်းငှာ အလိုက်ဘာသာနေခဲ့ရလေရာ-

အငယ်ဖြစ်သူ မယ်လှတွင်လည်း ညီအစ်မအရင်းအချာဖြစ်စေ ကာမူ ဥစ္စာပစ္စည်းကိုသာ ဝေငှယူနိုင်မည်၊ အချစ်ကိုဝေငှမယူနိုင်ဟူသော မိန်းမ သဘာဝ စိတ်သဘောအတိုင်း မယ်ခက ကျွန်တော်နှင့်ရင်းရင်းနှီးနှီး ပြောဆို နေထိုင်သောအခါ ဝန်တိုမိစ္ဆာနှင့် မျက်နှာတအိုအိုနေသည်ကို တွေ့မြင်ရပါများ လျှင် ကျွန်တော့်တွင်လှေနံနှစ်ဖက်နင်းရန်မကြံဝံ့ရုံမက အတွင်းကြိတ်ချစ်နေ သော မယ်လှကိုပင် ချစ်ကြောင်းအတိအလင်းမဖွင့်ဝံ့သေးဘဲ နှစ်ဦးလုံးကျေနပ် စိတ်ချမ်းသာစေရန် သူ့လိုလို, ငါ့လိုလိုဝိုးတိုး ဝါးတား ပြုထားရလေ၏။

မည်သူ့ကိုမျှချစ်ကြောင်း ဖွင့်ဟမပြောရသေးသဖြင့် ကိုယ့်အတွေး, ကိုယ့်မျှော်လင့်ချက်များနှင့် ကျွန်တော်ဖွင့်ဟမည့်အချိန်အခါကို ငံ့မျှော်နေကြရာ ကျွန်တော်မှာလည်း အမှန်စင်စစ်အားဖြင့် မယ်လှကို ချစ်ခင်ခဲ့သောစိတ်ဇွဲ ကြောင့် ဆရာထွန်းကြီးနှင့်ပူးတွဲပါလာသူဖြစ်စေကာမူ အကြီးမကို ငဲ့ညှာသနား၊ အားတုံ့အားနာစိတ်များကြောင့် ရည်မှန်းချက်ကို မဖွင့်ဝံ့သေးဘဲ ရှိခဲ့လေ၏။

မယ်ခကလည်း မယ်လှနှင့်နီးစပ်သွားမည်စိုး၍ နှစ်ယောက်ချင်း အလစ်မခံ၊ မယ်လှကလည်း မယ်ခနှင့်နီးစပ်သွားမည်စိုး၍ နှစ်ယောက် ချင်းပစ် မထားဘဲ တစ်ယောက်အကဲကို တစ်ယောက်ကြည့်၍နေခဲ့ရာ ကျွန်တော့်မှာ ဘယ်အခါမျှ ညီအစ်မနှစ်ယောက်နှင့်မကွဲကွာ သုံးဦးဖိုခ နောက်ဆိုင်ကာသာ နေခဲ့ရသောရက်တွေသာ များခဲ့ပေ၏။

ယင်းသို့နေရသဖြင့်လည်း ကျွန်တော့်မှာ ကျွန်တော်ချစ်နေသော မယ်လှကလေးက အတိအလင်းဖွင့်ဟမည့် မေတ္တာစကားကို မျှော်လင့်အားထား နေမှန်းသိလေ၊ ပြောထုတ်ချင်လှလေ၊ မယ်ခအလစ်ကို မရလေ နေခဲ့ရသော ကြောင့် စိတ်လေးပင်ပန်း မချမ်းမသာဖြစ်လာခဲ့ရာ မယ်လှကလည်း မယ်ခ အတွက် ကျွန်တော်အခါမရနိုင်ဖြစ်နေကြောင်း ရိပ်မိ၍လားမသိ၊ ယနေ့အဖို့ တွင် ငန်းညီနောင်အလှည့်သို့ရောက်သော အခါ-

ညီအစ်မနှစ်ယောက်ထွက်နေကျအတိုင်း ဖြီးလိမ်းပြင်ဆင်ထွက်ရန် မယ်လှမှာ စောစောကပင် ရင်ဘတ်နာ၍ ယနေ့ပွဲမထွက်နိုင်ကြောင်းပြောပြီး စောစောကြီးအိပ်ရာဝင်နေသဖြင့် အချိန်ကျသောအခါ ပရိသတ်အား မယ်လှ နေထိုင်မကောင်း၍ မယ်ခတစ်ဦးတည်း အသုံးတော်ခံရသည့်အကြောင်း

စ်သူ မယ်လှတွင်လည်း ညီအစ်မအရင်းအချာဖြစ်စေ ကာမူ
ဝေငှယူနိုင်မည်၊ အချစ်ကိုဝေငှမယူနိုင်ဟူသော မိန်းမ
ာအတိုင်း မယ်ခက ကျွန်တော်နှင့်ရင်းရင်းနှီးနှီး ပြောဆို
န်တိုမိစ္ဆာနှင့် မျက်နှာတအိုအိုနေသည်ကို တွေ့မြင်ရပါများ
င်လှေနံနှစ်ဖက်နင်းရန်မကြံဝံ့ရုံမက အတွင်းကြိတ်ချစ်နေ
ချစ်ကြောင်းအတိအလင်းမဖွင့်ဝံ့သေးဘဲ နှစ်ဦးလုံးကျေနပ်
သူလိုလို, ငါလိုလိုဝိုးတိုး ဝါးတား ပြုထားရလေ၏။
ိမျှချစ်ကြောင်း ဖွင့်ဟမပြောရသေးသဖြင့် ကိုယ့်အတွေး,
များနှင့် ကျွန်တော်ဖွင့်ဟမည့်အချိန်အခါကို ငံ့မျှော်နေကြရာ
း အမှန်စင်စစ်အားဖြင့် မယ်လှကို ချစ်ခင်ခဲ့သောစိတ်ငွဲ
ကြီးနှင့်ပူးတွဲပါလာသူဖြစ်စေကာမူ အကြီးမကို ငဲ့ညှာသနား၊
များကြောင့် ရည်မှန်းချက်ကို မဖွင့်ဝံ့သေးဘဲ ရှိခဲ့လေ၏။
လည်း မယ်လှနှင့်နီးစပ်သွားမည်စိုး၍ နှစ်ယောက်ချင်း
ာလည်း မယ်ခနှင့်နီးစပ်သွားမည်စိုး၍ နှစ်ယောက် ချင်းပစ်
တ်အကဲကို တစ်ယောက်ကြည့်၍နေခဲ့ရာ ကျွန်တော့်မှာ
စ်မနှစ်ယောက်နှင့်မကွဲကွာ သုံးဦးဖို့ခ နောက်ဆိုင်ကာသာ
ွသာ များခဲ့ပေ၏။
နေရသဖြင့်လည်း ကျွန်တော့်မှာ ကျွန်တော်ချစ်နေသော
ခတိအလင်းဖွင့်ဟမည့် မေတ္တာစကားကို မျှော်လင့်အားထား
ာထုတ်ချင်လှလေ၊ မယ်ခအလစ်ကို မရလေ နေခဲ့ရသော
င်ပန်း မချမ်းမသာဖြစ်လာခဲ့ရာ မယ်လှကလည်း မယ်ခ
အခါမရနိုင်ဖြစ်နေကြောင်း ရိပ်မိ၍လားမသိ၊ ယနေ့အဖို့
လှည့်သို့ရောက်သော အခါ-
နှစ်ယောက်ထွက်နေကျအတိုင်း ဖြီးလိမ်းပြင်ဆင်ထွက်ရန်
ာပင် ရင်ဘတ်နာ၍ ယနေ့ပွဲမထွက်နိုင်ကြောင်းပြောပြီး
ဝင်နေသဖြင့် အချိန်ကျသောအခါ ပရိသတ်အား မယ်လှ
မယ်ခတစ်ဦးတည်း အသုံးတော်ခံရသည့်အကြောင်း



တောင်းပန်ပြီးလျှင် မယ်ခနှင့်ငန်းကြီးတစ်ကောင်သာလျှင် ထွက်၍ ပြသနေရလေ၏၊

ယင်းသို့အပြင်တွင် ဆရာထွန်းကြီးနှင့်မယ်ခတို့ ပွဲပြနေခိုက် ကျွန်တော်လည်း အရိပ်အဆင်ကြည့်၍ မယ်လှထံအနည်းငယ်ကပ်သွားမိ ရာ မယ်လှကလည်း သူ့အနားနီးနီးနေစေလိုသော အရိပ်လက္ခဏာပေါ်လာသည်နှင့် ရဲစိတ်ကိုမွေးပြီး မယ်လှအနီးတွင်ထိုင်မိရာက အခွင့်အခါမရသဖြင့် အနေ့နေ့-အရက်ရက် ကြိတ်မှိတ်ထားခဲ့ရသည့် အချစ်စကား ဂိုဒေါင်ကြီးကို တစ်ကြိမ်တစ်ခါတည်း အိတ်သွန်ဖာမှောက် ထုတ်ပြလိုက်ရသည်ကအစ တစ်ယောက်နှင့်တစ်ယောက် သိသိသာသာကြီး သမီးရည်းစား ဖြစ်သွားပါတော့သည်။

ဤညက အခါကောင်းကြီးရသဖြင့် အားရပါးရကြီးထိုင်ရာမထ၊ အချစ်ကို ထုတ်ဖော်လိုက်ကြသည်မှာ အချိန်မည်မျှကြာသွားသည်ဟူ၍မျှ သတိမရ၊ အစ်မကြီးမယ်ခ၏အခန်းပြီးစီး၍ ကျွန်တော်တို့အနီးသို့ရောက်လာမှပင် နှစ်ယောက်သားသတိဝင်လာကြပြီး အစ်မကြီးကို အားတုံ့ အားနာ ကြည့်လိုက်မိသောအခါလည်း အစ်မကြီးမယ်ခမှာ ပြုံးရယ်လျက်နေသော မျက်နှာကို တွေ့ရစေကာမူ ထိုပြုံးရယ်ခြင်း၏အနှစ်အသားမပါ အသည်းကျွမ်းနေရာက အနိုင်နိုင်ဟန်ဆောင်ရသော မစင်ကြယ်သည့် ပြုံးရယ်ခြင်းမျိုးကြီးသာ ဖြစ်ကြောင်း ကျွန်တော်ကိုယ်တိုင် အစင်းသိဖြစ်ရကား စကားဖာ၍ ထိုနေရာက ထသွားတော့မည်ပြုလျှင်ပင်-

"ကိုအောင်ကြီးကလည်း ဘယ်သွားဦးမလို့လဲ၊ ဒီနားမှာပဲနေ ရောပေါ့၊ ကိုအောင်ကြီး ဒီနားနေတာဟာ လူမမာအတော်သက်သာသွားပုံရတယ်၊ ဆေးဖိုးဝါးခမကုန်ဘဲနဲ့ ပျောက်ရင်လည်း တစ်လက်စတည်း သက်သာသွားအောင်နေလိုက်ပါတော့လား-"

ဟု ငေါ့ငေါ့နှင့်ခပ်ပြုံးပြုံး မေးထိုးပြောလိုက်သောအခါ ကျွန်တော့်မှာ မျက်နှာတွေ ပူရှိန်းသွားသော်လည်း မယ်လှတွင် အစ်မဖြစ်သူကို မျက်လုံးတစ်ချက်လှန်ကြည့်လိုက်ပြီး-

"ညည်းအပူမရှိပါဘူးအေ၊ ငါ့စိတ်နဲ့ငါနေတာ ညည်းကဘာများ ဝန်တိုမိစ္ဆာဖြစ်ရပြန်တာလဲ"

ဟု ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်ကား ၎င်းတို့အနားမှ ခပ်သုတ်သုတ်ထလာခဲ့ရာ ညီအစ်မမှာ ဘာများဖြစ်ကျန်ရစ်သည် မပြောတတ်၊ ပါးစပ်တလှုပ်လှုပ်နှင့် တစ်ယောက်တစ်ပြန် အချီအချစကား စစ်ထိုးနေကြသည်ကိုသာ အဝေးမှမြင်ရပါတော့သတည်း။

အစ်မကြီးလည်း ထိုနေ့ကစ၍ ကျွန်တော့်ကို ယခင်ကလောက် မလိုက်စားတော့ဘဲ ခပ်လွှဲလွှဲ ခပ်ဖယ်ဖယ်ရှောင်ရှားနေတတ်ပြီး ကျွန်တော်နှင့် မယ်လှတို့ နီးနီးကပ်ကပ်နေထိုင်သည့်အနားကိုလည်း လားလားမျှမသီပါ၊ တော်ရာကသာ ရှောင်လွှဲနေတတ်ရှာပြီးလျှင် ၎င်း၏မျက်နှာမှာလည်း တစ်နေ့ ထက်တစ်နေ့ ညှိုးငယ်နေရှာတော့ကာ ပိန်လှီဖျော့တော့သော လူမမာ ကလေးသဖွယ်ဖြစ်လာသည်ကို တွေ့ရ၏။

ကျွန်တော်နှင့်မယ်လှတို့မှာကား ထိုနေ့ကအစပြု၍ ပွင့်ပွင့်လင်းလင်း နှင့် အချစ်ကိုနှီးထားကြသူများဖြစ်၍ တခစ်ခစ်နှင့်တွေ့တိုင်း ပျော်ရွှင်ခဲ့ကြ သလောက် မယ်ခတွင် ညှိုးခြောက်နွမ်းနယ်အပူသယ် ဖြစ်နေရှာသည်ကိုတွေ့ ရလျှင် ကျွန်တော့်မှာ မသနားဘဲမနေနိုင်။ နဂိုကပင် လူကဲ့ရဲ့ မခံရဘူးဆိုပါက ညီအစ်မနှစ်ဦးစလုံးသို့ မေတ္တာစာတ်ဖုံးလွှမ်းနေချင်သူဖြစ်ရကား မယ်ခအတွက် တွေးမိတိုင်း ဝမ်းနည်းပက်လက် ဖြစ်မိတော့သဖြင့် မယ်လှနှင့်သမီးရည်းစား ဘာဝ ချစ်စကား, ကြိုက်စကားတွေ ပြောချင်သလိုပြောနေရာကပင်-

"ဩော်-ဒါနဲ့ အစ်မကြီးလည်း သနားပါတယ် အလှရယ်၊ မျက်နှာ လည်းမကောင်းဘူး၊ တမှိုင်မှိုင်, တတွေတွေနဲ့ မနည်းကြီးကို ပိန်နေရှာပြီ"

ဟု ပြောလိုက်မိသောအခါ မယ်လှမှာ ကျွန်တော့်အား မျက်စောင်း တစ်ချက်ထိုးကြည့်လိုက်ပြီး-

'ဟင်းနော်-ကိုအောင်ကြီး၊ ရှင်ဘာပြုလို့ သနားရပြန်တာလဲ၊ ရှင် သနားတာဟာမရိုးဘူး၊ သူ့ဟာသူဘာဖြစ်နေနေ၊ ရှင်အနေသာကြီးပါ၊ ဒီလို ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ပါနဲ့၊ အချစ်ဆိုတာ သိပ်အဆိပ်ပြင်းတယ်နော်၊ အင်မတန်လည်း လောဘကြီးတယ်၊ ကိုယ်တစ်ဦးတည်းပိုင်ရမယ့် အချစ်ကို

သူများနဲ့ဝေခွဲပြီး မယူနိုင်ဘူး၊ အခု-အစ်မအရင်းမို့ ဒါလောက်ကြည့်နေသေးတာ၊ လူတစ်မ်းသာဆိုရင် ပညာနဲ့စေစားလို့ သေတာကြာလှပြီ"

ဟု ခပ်ထန်ထန်ကလေး ပြောလိုက်သောကြောင့်-

"ဩော်-လှရယ်၊ ကိုကိုက ရိုးရိုးသနားတာပါ။ မဟုတ်တာမထင်ပါနဲ့၊ မင်းတို့တစ်မ်းလည်း မဟုတ်ကြဘူး၊ ညီအစ်မအရင်းကြီးပါ၊ တစ်ယောက်ကို တစ်ယောက်ညှာတာမှပေါ့"

ဟု လေအေးအေးနှင့်ပြောသော်လည်း -

"အို-ကိုကိုရယ်၊ ကိုကိုအနေသာကြီးပါ၊ အလှနဲ့ကိုကို ချစ်ကြတော့မယ်ဆိုတာကို အသိသားနဲ့ သူကစပ်ကြားကဝင်ပြီး အချစ်သူခိုးလုပ်ချင်တာကို အလှကညီအစ်မမို့ခံတာနော်။ သူ့ဟာသူ မှိုင်ရှိမကလို့ မတ်တတ်ကလဲပြီး ရင်ထက်ခြမ်းကွဲသေစမ်းပါစေ၊ သနားစရာမဟုတ်တော့ပါဘူး၊ သူများခုတ်ရာကို သူမနေသာလို့ လက်ဝင်လျှိုတဲ့ဥစ္စာပဲ"

ဟု အကြင်နာကင်းမဲ့စွာ ပြောလိုက်ခြင်းမှာ ကျွန်တော့်တွင် ချစ်သူဖြစ်၍ အပြစ်မမြင်နိုင်သော်လည်း သူ၏အစ်မကြီးမယ်ခအတွက်မှာမူ တစ်ဖက်သတ်သနားစရာ ဖြစ်နေလေတော့သတည်း။

ယင်းသို့ပင် ညီမနှင့်အစ်မစိတ်ဝမ်းကွဲပြီး ခပ်တန်းတန်းဖြစ်နေကြရာ ဆရာထွန်းကြီးမှာ ထိုသို့သော အချစ်နှင့်ပတ်သက်၍ အတွင်းရေး ရှုပ်ထွေးနေသော ညီအစ်မနှစ်ယောက်၏အကြောင်းကို မရိပ်မိဘဲ ကျွန်တော်တစ်ယောက်တည်းသာလျှင် တစ်ယောက်ငဲ့ရ, တစ်ဦးညှာရနှင့် ဗျာများနေခဲ့ရလေ၏။

ရှေးက ညီအစ်မ စည်းစည်းလုံးလုံး ငန်းညီနောင်ကို ပြုသအသုံးတော်ခံကြသော်လည်း ယခုအခါမလွှဲမကင်းသာ၍ အချင်းချင်းအပေးအယူအချိတ်အဆက်တို့ကို လက်လှည့်သင့်သလို လုပ်ရစေကာမူ တစ်ယောက်နှင့်တစ်ယောက် စူအောက်အောက် မျက်နှာကြီးများနှင့်သာ ဝတ်ကြေ, ဝတ်ကုန်လုပ်ကိုင်ကြသဖြင့် စပ်ကြားကအကြောင်းသိဖြစ်သူ ကျွန်တော့်မှာ မနေသာမထိုင်သာအောင် ဖြစ်ရပါတော့သည်။

သို့ကြောင့် တစ်နေ့သောအခါတွင် မယ်လှအလစ်မှာ သနားစရာကောင်းနေသော မယ်ခကို ကျေရာကျေကြောင်းတောင်းပန်ပြီး ညီအစ်မစည်းစည်းလုံးလုံးနေထိုင်ရန် စေ့စပ်ပေးမည်ဟူသောအကြံဖြင့် အခါအခွင့်ကိုစောင့်ခဲ့ရာ တစ်နေ့သ၌တွင် ဆရာထွန်းကြီးနှင့်မယ်လှတို့ ပေါင်းဝဘုရားပွဲပွဲဈေးတန်းသို့ အဝယ်အခြမ်း ထွက်သွားခိုက်တစ်ယောက်တည်းညှိုးငယ်စွာထိုင်နေရှာသောမယ်ခအပါးသို့ ကပ်သွားကာ-

"မမယ်ခရယ်- ခင်ဗျားကြည့်ရတာ တမှိုင်မှိုင်နဲ့ နေထိုင်မကောင်းဘူးထင်ပါတယ်၊ စောစောကကြည့်ပြီး ဆေးကလေး၊ ဝါးကလေးကြည့် စားစမ်းပါဦးဗျာ၊ ကျွန်တော်လည်း ခင်ဗျားမြင်ရတိုင်း စိတ်မချမ်းသာဘူးဗျ၊ ကိုယ့်ကိုယ်ကိုယ်ပျော်အောင်နေပါ၊ စိတ်ညစ်စရာတွေကိုချည်းလည်း လျှောက်တွေးမနေပါနဲ့၊ ကိုယ့်စိတ်ကိုယ် ညှဉ်းတယ်ဆိုတာ ကိုယ်သာဆင်းရဲတာ၊ ဘယ်သူကမှဝင်ပြီး ခံဖော်ရမှာမဟုတ်ဘူး"

ဟု မချိလှသောမျက်နှာကို မဖုံးကွယ်နိုင်ဘဲ စိတ်ထဲရှိသမျှ ပြောထုတ်လိုက်မိရာ မယ်ခမှာ ကျွန်တော့်အား မျက်ရည်လည်သော မျက်လုံးကြီးများနှင့်လှန်ကြည့်လိုက်ကာ-

"သိရက်သားနှင့်မေးမှ မေးပလေတယ် ကိုအောင်ကြီးရယ်၊ ကျွန်မဝေဒနာဟာ စိတ်ဝေဒနာပါ၊ ဘယ်ဆေးနဲ့ကုကု သက်သာရာရဖို့ကတော့မရှိပါဘူး၊ ခုလို ကိုအောင်ကြီးက ကရုဏာမကင်း ကြင်နာစိတ် အရှင်းမလွတ်သေးဘဲ သတိတရမေးဖော်၊ စမ်းဖော်ရသေးတဲ့အတွက် ကျွန်မထင်သလောက်ထက် ကံမဆိုးသေးဘူးဟဲ့လို့ ဝမ်းသာမိပါရဲ့၊ ဒါပေတဲ့ ဘဝရဲ့ကုသိုလ်က ခုလိုမရှင်းမလင်းတဲ့ကိစ္စမှာ စိတ္တဇနာဝင်ပြီး မကြာခင်သေရဖို့ အကြောင်းပါ..လား၊ မပြောတတ်ဘူးနော်-

အော်-အချစ်အချစ် မရှက်နိုင်တော့ဘူး ကိုအောင်ကြီးရေ- အချစ်ရောဂါဟာ တယ်ဆိုးပါကလား၊ ကြုံရတာကလည်း တရံဆံသူစိမ်း မဟုတ်ဘဲငဲ့ညှာရမယ့်ကိုယ့်ညီမကလေးမို့ပါပဲ၊ တခြားလူသာဆိုရင် ဒါလောက်စိတ်ဆင်းရဲမခံပါဘူး၊ ကျွန်မရဲ့အဖိုးတန်တဲ့ပညာတွေဟာ ဒီလိုကိုယ်ရေးကြုံတဲ့နေရာကျမှအသုံးမချရရင် ဘယ်နေရာသုံးမလဲ၊ ဩော်- ခုတော့ ကိုယ့်ထဲကသွေးသားမို့

မနည်းကြီးစိတ်ကို ထိန်းထားရတယ် ကိုအောင်ကြီးရဲ့၊ ကျွန်မညီမကလေး အပေါ်မှာ ဘယ်လောက်အထိ စိတ်ဆင်းရဲခံပြီး ညှာတယ်ဆိုတာ ရှင်သာ သိပါစေ၊ ကိုအောင်ကြီးသဘော သက်သက်တော့ ကျွန်မဘက်ကိုလည်း မေတ္တာ ညွတ်ရက်ဆိုတာသိပါရဲ့၊ သို့ပေတဲ့ ဟို-ကောင်မက ဆတ်ဆတ်ကြဲမို့ ကိုယ့် မေတ္တာကိုယ်သိမ်းပြီး ခပ်ငြိမ်းငြိမ်းနေလိုက်ရတာကိုလည်း ရိပ်မိပါတယ်"

ဟု မကွယ်မဝှက် ဟုတ်သမျှတွေ နှုတ်ကဖွင့်ထွက်ရင်း တရှိုက် ရှိုက်ငို နေရှာသောအခါ ကျွန်တော့်မှာလည်း ရင်ထုမနာကြီးဖြစ်လျက်-

"စိတ်ကိုဖြေပါတော့ မမယ်ခရယ်၊ ဘာမဟုတ်တာနဲ့ စိတ်ညစ်တော့ မခံနဲ့တော့နော်၊ ကျွန်တော် ဒါတွေသိတယ်ဗျ မမယ်ခရဲ့၊ နှစ်ယောက်ပြိုင် အချစ်ဆက်ရမှာကလည်း မတော်လွန်းတဲ့အတွက် ဇွတ်နှစ်ပြီး သူ့ဘက်ငိုက် လိုက်ရတာပါ၊ မေတ္တာပိုလို့ အလိုလိုယိမ်းသွားတယ်တော့ မထင်ပါနဲ့ မမယ် ခရယ်၊ မမယ်ခမျက်နှာကိုမြင်တိုင်း စိတ်မချမ်းမသာဖြစ်ပြီး တောင်းပန်နေချင် တာ ကြာလှပါပြီ၊ အလှကလည်း စိတ်ကလက်တစ်ဆစ်မို့ သူ့အလစ်ကိုကြည့် နေရလို့ ဒါလောက်ကြာသွားတာပါ"

ဟု ဝမ်းနည်းစွာနှင့်ပြောမိသောအခါတွင်-

"သိပါတယ် ကိုအောင်ကြီးရယ်၊ ရှင့်အပေါ်မှာ အပြစ်မရှိပါဘူး၊ နဂိုကလည်း အပြစ်မမြင်ဘဲ ချစ်ခင်မိတဲ့လူမို့ နည်းနည်းမှ စိတ်နာဖို့သတိ မရပါဘူး၊ ရှင် ကျွန်မအနား လာပြုစကားပြောချင်မှန်းလည်းသိပါရဲ့၊ ဟို- ကောင်မက ဝန်တိုမိစ္ဆာဖြစ်နေလို့ ဆင်ခြင်နေရမှန်းလည်းသိပါတယ်၊ ဩော်- မိလှ-မိလှ-သိပ်မိုက်တဲ့ညီမ၊ သိပ်ရက်စက်တဲ့ညီမ၊ ကျွန်မ သူ့အပေါ်ကို အများကြီးညှာတယ်နော်၊ ကိုအောင်ကြီးရဲ့ ငါစိတ်ညစ်လို့ သေချင်သေ ငါ့ညီမကလေးပျော်ပျော်နေရ ချစ်သူနဲ့ ပျော်ပျော်ပေါင်းရပါစေ၊ ငါဝင်ပြီး အနှောင့်အယှက်မပြုပါဘူးဆိုတဲ့ စေတနာနဲ့ နောက်ဆုတ်မှန်းမသိ နောက် ဆုတ်နေလိုက်တာအမှန်ပါ၊ ကျွန်မကြံရင် ဒင့်ထက် သာတဲ့ပညာသည်တောင် မခံနိုင်ပါဘူး၊ အခုတော့ ဒင်းကချစ်သူအားကိုး နဲ့အချစ်ဆိပ်, အချစ်မာန် တက်ပြီး ကျွန်မကိုရက်ရက်စက်စက်ကြီး ပြောလိုက်တာတွေ ကြားပါတယ်၊ ကိုအောင်ကြီးရဲ့ ဟို-တစ်နေ့ကများ မားခုတ်ရာ လက်လျှိုသလေး, ဘာလေးနဲ့

သူကကျွန်မကို လင်လုဖက် ရန်ဖက်ကြီးထင်ပြီး အမုန်းကြီးမုန်းနေပေတဲ့ ကျွန်မကတော့ ကိုယ့်ညီမကလေးရယ်လို့ ညှာပါတယ်၊ ကိုယ့်ကိုယ်ကိုယ် အသည်းကျွမ်းခံပြီး ညှာနေပါတယ်"

ဟု တိုင်တည်ပြောဆိုနေရှာလေရာ ကျွန်တော်လည်း မမယ်ခမှာ အစ်မကြီးပီပီ သဘောထားကြီးရှာပုံများကို ချီးမွမ်းကာ သနားခြင်းကြီးမကာ သနားနေမိလျှင် "အင်း ငါမှားတယ်၊ ငါမှားတယ်၊ မမယ်ခဟာ သဘောကြီးပြီး သည်းခံတတ်ရှာတယ်၊ ခုလိုမုန်းသိ သူနဲ့ဆက်မိရင် အကောင်းသား၊ ဟို- စုဖုရားကလေးကတော့ တယ်ပြီးဝန်တို၊ အမြင်တို တာပဲ"ဟု ငေးစိုက်စဉ်းစား နေဆဲ ဘွားခနဲမယ်လှပြန်ရောက်လာပြီး ကျွန်တော်တို့အနီးသို့ ခါးကြီး ထောက်ရပ်လိုက်ကာ-

"ဟင်-တယ်တော်ကြပါကလား၊ ကျုပ်မရှိတုန်း ဒီလိုချည်း တိတ် တိတ်ပုန်း စခန်းသွားနေကြတာ ဘယ်လောက်ကြာပလဲ"

ဟု အထင်မှား၊ အထင်လွဲနှင့် မဟဲတရဲမေးလိုက်ရာ မယ်ခမှာ "ညည်းပြောချင်ရာသာပြော"ဟူသောသဘောဖြင့် သည်းခံသောအနေနှင့် နေလိုက်စေကာမူ ကျွန်တော့်မှာမနေသာတော့ဘဲ-

"အလှ-အလှ-အထင်မလွဲနဲ့၊ ကိုကိုတို့ ရိုးရိုးတန်းတန်းစကား ပြောနေတာ အလှဒီလိုပြောလိုက်ရင် မဟုတ်ဘဲနဲ့ ခံရတဲ့တစ်ဖက်သားမှာ ဘယ်လောက်နစ်နာမလဲ၊ ဒေါသကိုချည်းပဲ ရှေ့မထားပါနဲ့"

ဟု ပြောလိုက်စေကာမူ ကျွန်တော့်ကိုပါ မျက်နှာကြီးစူ၊ မျက်စောင်း ကြီးထိုးပြီး-

"ရှင်ကဘာလဲ၊ ရိုးပုံရိုးပန်းနဲ့ တိတ်တိတ်ပုန်းဆန်းနေတာ၊ အမှုနဲ့ တန်းလန်းကြီးမိနေတာတောင် ကွေ့လည်ချောင်ပတ်နဲ့ လင်ငတ်မ, လင်ခိုး မဘက်က ရှေ့နေလိုက်နေပြန်ပလား၊ သွား-ပြန်-ရှင့်နေရာရှင်နေပါ၊ နောက် တစ်ခါ ဒီလိုသာမိရင် ရှင့်အသက်မရှိဘူးလို့သာ အောက်မေ့ပါ၊ ဟို-မဟတ္တာ ကလည်း ကျုပ်ရည်းစားကို အယားထိုးလုဝံ့တာများ အံ့ဩပါရဲ့၊ ညီမလင်ကို ကြောင်တောင်ဝင်နှိုက်တဲ့မိန်းမ မကြာခင်သိရလိမ့်မယ်- ထွီ"

ဟု တံထွေးပက်ထွေးပြီး ထွက်သွားရာ ကျွန်တော့်မှာလည်း ကြံရာမရ ခေါင်းအောက်ချပြီး နေရာသို့ပြန်ခဲ့ရလေတော့၏။

ကျွန်တော်နှင့်မယ်လှမှာ လူသိနတ်ကြား မပေးစားရသေးသော ကြောင့် လင်မယားဟူ၍မဖြစ်နိုင်၊ မခေါ်ပိုင်၊ မည်သူမျှလည်းမသိရ သေး၍ ဆူစရာ, ပွက်စရာရှိသမျှကို လူသိရှင်ကြား မဖွင့်ဝံ့ကြသေးသည့် အလျှောက် သုံးဦးသားသာလျှင် တတွတ်တွတ်, တတိုးတိုးအမျိုးမျိုး ဆူပွက်၍နေရတော့ရာ အစ်မကြီးမယ်ခမှာ အထူးအထွေမပြောရှာတော့သော်လည်း ကျွန်တော်နှင့် မယ်လှတို့မှာကား နှစ်ယောက်သားတကြိတ်ကြိတ် စကားများနေရပေ၏။

ကျွန်တော်က အစ်မကြီးကို မကောင်းမထင်သင့်ကြောင်း၊ ဟိုက သဘောကြီး၍ ညီမကိုညှာတာကြောင်း၊ ကျွန်တော်နှင့်လည်း အနည်းငယ်မျှ အထင်မမှားဖို့အကြောင်းတွေ နားဝင်အောင် အမျိုးမျိုးကြိုးစား၍ ပြောလေရာ ကျွန်တော်ပြောလေ, ပြောလေပင် မယ်လှမှာ ပိုမိုဒေါသထွက်ပြီး အစ်မကြီး ဘက်ကို ကျွန်တော်ပါနေပြီဟု မတရားသဖြင့် တစ်ထစ်ချအထင်လွဲကာ-

"အို-ရှင်ဘာပြောပြော၊ ကျွန်မအယုံအကြည်မရှိဘူး၊ ရှင့်မယား ငယ်အကြောင်း ရှင်ကအကောင်းတွေ သိပ်ပြောနေတာယုံရမလား၊ ယုံနိုင် ပေါင်၊ ရှင့်မယားငယ်ကို ရှင်က ကျုပ်ထက်ပိုချစ်လို့ အကောင်းပြောသလား၊ ဟုတ်လား"

စသည်ဖြင့် တုန်တခိုက်ခိုက်နှင့် ဒေါသစရိုက်ကြမ်းနေတော့ရာ-

"အလှ-အလှ-သတိထား၊ လူကြားကုန်မယ်၊ သူ့ကို မယားငယ်တွေ, ဘာတွေခေါ်ရအောင် မင်းကမယားကြီးမို့လား၊ မင်းနဲ့ငါနဲ့လည်း မညားရသေး၊ မမယ်ခနဲ့ကျုပ်နဲ့လည်း ဘာမှမဖြစ်ရသေးဘဲနဲ့ မင့်စကားတွေဟာ သိပ်ပြီး နယ်လွန်နေပါပေါ့လား"

ဟု အနည်းငယ်စိတ်ထွက်လာသောကြောင့် ခပ်ပြတ်ပြတ်နှင့် မာဆတ်ဆတ်ပြောလိုက်မိရာ မယ်လှတွင် အထူးပိုမိုဒေါပွလာပြီး -

"ဟင်-ရှင်ကကျုပ်နဲ့ လွန်လွန်ကျူးကျူးကြိုက်နေရာက ဟို- အရှုပ် မကြောင့် နောက်ဆုတ်ချင်လို့ ဒီလေပေါက်မျိုးထွက်လာတာလား၊ အို-သိမယ်- သိမယ်၊ မိလှအကြောင်း ဒီနေ့ည ကောင်းကောင်းသိရစေ့မယ်၊ ကိုယ်သွားရမယ့် လမ်းက ဆူးညှောင့်ခလုတ်ကန်သင်းတွေ အကုန်ရှင်းပစ်မယ်သိလား"

ဟု တရှုးရှုးတရှားရှားရေရွတ်နေသဖြင့် "ဆိုလေကဲလေ-မန်းလေပြလေ"ဆိုသောစကားပုံအတိုင်း ကျွန်တော်ပြောသမျှ သူ့ဒေါသကို ထိုးဆွပေးနေသကဲ့သို့ ရှိသောကြောင့် နောက်ဆုံးတွင်-

"အလှ-အထင်မမှားပါနဲ့ကွယ်၊ ဘယ်တော့မှ နောက်မဆုတ်ဘူး၊ မင့်အပေါ် သစ္စာမဖောက်ပါဘူး၊ ဒီစကားတစ်လုံး နောက်ဆုံးမှတ်ထားပါ"

ဟု ပြောကာ စိတ်ရှုပ်ရှုပ်နှင့်၊ ဘုရားပွဲခင်းထဲသို့ လျှောက်လည်နေမိပါတော့သည်။

**ဆရာ**ထွန်းကြီးအမှူးပြုလျက် မယ်ခ, မယ်လှ တပည့်တပန်းတို့၏ သတိဝီရိယနှင့် ခိုင်လုံလှသောပညာတို့ကြောင့် ပညာစမ်းမည့်, အရှက်ခွဲမည့် ပညာသည်တွေပေါလှ၍ အမေ့အလျှော့ကို အမြဲတမ်းချောင်းမြောင်းနေသော ရန်သူ့ပိုင်နက်ဖြစ်သည့်နယ်အတွင်းတွင် ဤနေ့ ဤရက်အထိ မည်သည့်ရန်သူ၏ပညာမှ တိုးမပေါက်လာကြဘဲ နယ်တွင် ခေါင်းမော်နေကြရသော ဆရာထွန်းကြီးနှင့်ကျွန်တော်တို့ တပည့်တစ်သိုက်မှာ သတိဝီရိယမလစ်ဟင်းစေရန် အကာအရံခိုင်လုံ၍ ရေပက်မဝင်အောင် စေ့စပ်သေချာခြင်းဖြင့် တစ်ဖက်ရန်သူ၏ လက်ချက် မဝင်နိုင်ဘဲရှိခဲ့ပြီးသော်လည်း-

ဆရာထွန်းကြီးမသိရဘဲ အတွင်းရေးရှုပ်ထွေးနေကြသူ မယ်ခ, မယ်လှတို့ညီအစ်မအနက် အစ်မဖြစ်သူက ချုပ်တည်းစောင့်စည်း၍ သည်းခံနိုင်စေကာမူ အငယ်ဖြစ်သူမယ်လှမှာ တရှုးထိုးဒေါသစရိုက် ကြောင့် မိုက်ကန်းချင်သောစိတ်တွေ ဝင်မွှေနေပြီး ကျွန်တော်တို့လူတစ်စုထဲတွင် ဆရာကြီးကလွဲ၍ မယ်ခ, မယ်လှတို့နှစ်ယောက်မှာ ပညာတူအတန်းအစားများဖြစ်ကြ၍ ၎င်းတို့နှစ်ယောက် ကမောက်ကမဖြစ်နေကြသောအခါ ခေါင်းကမိုးမလုံသော အိမ်ပမာ မိုးရေတွေ ဒလဟောဝင်လာ စရာသာရှိတော့သဖြင့် ဤအရေးကိုတော်ရုံနှင့် မအေးက ဆရာကြီးအသိ ပေး၍ အေးချမ်းစေမည်ဟု စဉ်းစားကာ ပွဲပြချိန်နီးမှ ရုံသို့ ပြန်လာခဲ့ပါ၏။ ဆရာကြီးလည်း အကျိုးအကြောင်းမသိရှာသောကြောင့်-

"အံမာ-မောင်အောင်ကြီးနှယ်ကွယ်၊ လည်လိုက်တာ၊ မိုးစုတ်စုတ်ချုပ်မှ ပြန်လာပါတော့လား"

ဟု ပြောပြီး-

"ကဲ-ကဲ-ပွဲစတော့မယ် အဝတ်များလဲဟေ့၊ ခေတို့, လှေတို့ကော ပြီးကြပြီလား၊ ဒီည ခရိုင်မင်းကြီးနဲ့ အရေးပိုင်များ လာကြည့်မလို့တဲ့၊ အထူး ကြိုးစားကြကွဲ့၊ မျက်နှာဖြူတွေရှေ့မှာ တို့မြန်မာရဲ့အစွမ်းသတ္တိကိုပြပြီး ဂုဏ်ယူ ကြရလိမ့်မယ်"

ဟု ပြောသဖြင့် ကျွန်တော်လည်း စိတ်အားထက်သန် လျှင်မြန် ပေါ့ပါးစွာ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်လုပ်ကိုင်ထားလေ၏။

သို့နှင့် အချိန်ကျ၍ ပရိသတ်များ ရုံထဲတွင်ပြည့်ကျပ်ကာ မျက်နှာဖြူ အရာရှိကြီးတွေလည်း စုံညီရောက်လာကြပြီဖြစ်၍ ပွဲစတင်ထွက်ပြီး ကျွန်တော် က ပွဲမန်နေဂျာလူကြီးအဖြစ်နှင့် အင်္ဂလိပ်လိုလက်ချာ များထွက်ပေးလိုက်ရ သေး၏။

ထို့နောက် ထုံးစံအတိုင်း တစ်ခန်းပြီးတစ်ခန်းပြသခဲ့ရာက နောက်ဆုံး မယ်ခ, မယ်လှတို့နှင့်နင်းညီနောင်ထွက်ပြရာ အစ်မကြီးမှာ ပကတိအတိုင်း ထွက်လာ၍ အကြောင်းကိုသိရှိစိတ်ချမိသော်လည်း မယ်လှမှာ မျက်နှာပုပ်ကြီး နှင့်ဖြစ်လေရာ ကျွန်တော့်စိတ်တွင် စနောင့်စနင်းဖြစ်လာသောကြောင့်-

"အလှ-စိတ်ကောင်းကောင်းထားပြီး ကြိုးစားလိုက်ပါကွယ်၊ လူမျိုးခြား တွေကြည့်နေတဲ့အခါ ကောင်းကောင်းကြီးဂုဏ်ယူပြလိုက်ပါ"

ဟုပင် အနီးတွင်ရပ်၍ သတိပေးလိုက်မိပေ၏။ ပရိသတ်များနှင့် မျက်နှာဖြူအရာရှိများလည်း မယ်ခ, မယ်လှနင်းညီနောင်ပြခြင်းကို လက်ခုပ် သြဘာ မြောက်မြားစွာပေးကြပြီး အလွန်တရာအံ့သြချီးမွမ်းကြလေ၏။

မယ်လှမှာ ခပ်တည်တည်နှင့်ခါတိုင်းကဲ့သို့ပင် လုပ်ကိုင်ပြသနေ သော်လည်း အစ်မကြီးမယ်ခမှာ အခါတိုင်းထက် အထူးပိုမိုကြိုးစား၍ မြွေငန်း ကြီးများကို ညီမမယ်လှထက်ပို၍ ဆိတ်ဆွကစားလျက် အားတက်သရော ပြသနေရှာသည်ကို တွေ့မြင်ရပေ၏။

ထိုအခိုက်မှာပင် မယ်ခကစားနေသော မြွေကြီးမှာ ပျစ်ခနဲ ကျင်ကြီး တွေပါလိုက်ရာ ဆရာကြီးနှင့်တကွ ကျွန်တော်ပါ အနှောင့်အယှက်ပေါ် လာပြီဟု စိုးရိမ်ကြလျက် ပွဲခင်းဘက်နှင့် ဇာတ်ရုံနောက်ပိုင်းသို့ ရန်သူကို မျက်လုံးဂဏ္ဍာမငြိမ်အောင် ကြည့်ရှုရှာဖွေ၍ နေကြရပေ၏။ ဆရာထွန်းကြီး

လည်း မယ်ခ, မယ်လှနှင့် မြွေကြီးနှစ်ကောင်ကို စည်းတားပြီး ဘေးကရန်သူ မနှောင့်ယှက်နိုင်ရန် ကာရံပေးလိုက်လေ၏။

မယ်ခလည်း မကြောက်မရွံ့ရဲဝံ့စွာပင် အမျိုးမျိုးပြသ၍ ဆိတ်ဆွကာ ပြုနေရာ အခါတိုင်းလိုပင် မြွေကြီးကလည်း ဒေါသနှင့် တအားလွှဲ၍လွှဲ၍ ပေါက်လိုက်သောအခါ ဆေးဖဝါးနှင့် ဟန့်တားလိုက်သည်နှင့် တပြိုင်နက် ပေါက်မည့်ဆဲဆဲက ဖယ်လွှဲသွားရှာလေရာ နောက်ဆုံးတစ်ချီတွင် မြွေကြီး အမြီးကို တစ်ချက်ဆွလိုက်ကာပေါက်စေပြီး အနီးရောက်၍ အဟန့်လိုက်မှာ မြွေငန်းကြီးက ရှောင်လွှဲမသွားဘဲ ခြေမကြားသို့တစ်ချက် ပေါက်မိသွားသော အခါ အနီးကစောင့်ရှောက်နေသော ဆရာထွန်းကြီးမှာ မျက်လုံးဝိုင်းသွားသဖြင့် ကျွန်တော်လည်း ထိတ်လန့်တကြား မယ်ခကို ဂရုပြု၍ကြည့်နေမိရာ မမယ်ခမှာ ညီမကိုတစ်ချက်မျှ မျက်စောင်းထိုး၍ ကြည့်လိုက်ပြီး အပြုံးအရယ်မပျက် မြွေငန်းကြီးနှင့်ရှေးကထက် ပေါ့ပါးဖျပ်လတ်စွာ ကစားနေကြသည်ကိုတွေ့ရ လျှင် ဆရာထွန်းကြီးနှင့် ကျွန်တော်တို့မှာလည်း ကိစ္စမရှိတန်ရာဟု စိတ်အေး သွားကြပါတော့၏။ ပရိသတ်တို့၏ ဆူညံသော ဩဘာသံမှာလည်း တရံမစဲ နားကွဲမတတ်ရှိပေ၏။

သို့နှင့် နောက်ထပ် ဆယ့်ငါးမိနစ်လောက်ပြသပြီး အချိန်စေ့၍ ပွဲသိမ်း လိုက်သဖြင့် ကတ္တီပါကား ချလိုက်သည်နှင့်တပြိုင်နက် မယ်ခမှာ ပကတိ အကောင်းသားက ဖြတ်ခနဲလဲကျသွားရာ ကျွန်တော်နှင့်ဆရာ ထွန်းကြီးမှာ မမယ်ခအနီးသို့ အပြေးရောက်သွားလျက် မယ်ခမှာ ဆရာ ထွန်းကြီးလက်တွင် ပိုက်ဖက်ထားပြီးဖြစ်ကာ မယ်လှမှာကား ရပ်နေရာက ကျောက်ရုပ်ပမာ မလှုပ်မရှား အစ်မကြီးမယ်ခအား စိုက်ကြည့်နေသည်ကို တွေ့ရလေ၏။

အပြင်ပရိသတ်များကား ကတ္တီပါဇာတ်ကားဖုံးထားပြီးဖြစ်၍ ဇာတ်ခုံ ပေါ်ကအဖြစ်အပျက်ကို မသိကြတော့ဘဲအပြင်သို့ တသိုက်ပြီး တသိုက်ထွက် သွားကြရာ ရုံထဲတွင် ဟာလာဟင်းလင်း ကျန်ရစ်ခဲ့ပေ၏။

ဆရာထွန်းကြီးလည်း တူမကိုပွေ့ပိုက်ကာ တစ်ယောက်ယောက်က နှောင့်ယှက်လေပြီဟု အံတကြိတ်ကြိတ်နှင့်ဖြစ်ကာ အတတ်ပညာနှင့် ရန်သူကို ဂလဲ့စားချေရန်ပြင်ဆင်ပြီး-

"သမီး-သမီး-ငါ့တူမနေသာရဲ့လား-"

ဟု ယုယစွာမေးမြန်းရှာလေ၏။ မယ်ခကား မျက်နှာတစ်ခုလုံး ညှိုမည်းလာပြီး-

"ဦးကြီး-ဦးကြီး-ကျွန်မ အားကြိုးမာန်တက် ကစားနေလို့ သတိလစ်အသွားမှာ အသားထဲက လောက်ထွက်တာ ဦးကြီးရဲ့၊ ကျွန်မရဲ့ ရန်သူဟာ အပြင်ကလာတာမဟုတ်ဘူး၊ အတွင်းရန်ပါ၊ မိလှ-မိလှ အမိုက်မ ကျွန်မကို ရန်ငြိုးထားပြီး ဒင်းအတတ်နဲ့သေအောင် တိုက်လိုက်တာ ဦးကြီးရဲ့၊ ကျွန်မ အမျိုးမျိုးသည်းခံခဲ့ပေတဲ့ ဒီတစ်ခါတော့ လက်စား ပြန်လိုက်ပြီ၊ ဒင့်ကို ပွဲပြနေတုန်းကထဲက မိုင်းခနဲလဲသေအောင်လုပ်မလို့ဟာ ဒီညမှာ လူမျိုးခြားတွေလာကြည့်တဲ့ညမို့ အစစဂုဏ်ယူပြရမယ့်အထူး ပွဲကြီးမို့ မပြီးမချင်း ကျွန်မအသက်ကို အောင့်ပြီး ဒင့်ကိုလည်း လက်စားမပြန်သေးဘဲနဲ့ ကြွေမပျက်ပြခဲ့တယ်၊ အခုပွဲလည်းသိမ်းရော ဒင့်ကိုလည်း တန်ပြန်ခတ်ပြီး ကျွန်မလည်းအားလျှော့လိုက်တာနဲ့ မတ်တတ်ကလဲသွားတာပဲ၊ ကျွန်မအတွက် ဘာမှမလုပ်ကြနဲ့တော့၊ မရဘူး၊ မရဘူး၊ လွန်ကုန်ပြီ၊ ဟိုကောင်မလည်းသေတော့မှာ၊ ကျွန်မ-မနေရတဲ့ အတူ ဒင်းသေတာပဲ အေးတယ်-"

ဟု ပြောပြီး မယ်ခမှာဆရာကြီးလက်ပေါ်တွင် အသက်ပျောက်သွားရှာလေ၏။

ဆရာထွန်းကြီးလည်း တူမအကြီးသေရသည့်အတွက် မိမိလက်ရုံးကြီးတစ်ဖက်ပြတ်သလို အားလျော့သွားပြီး တစ်ဖန်လည်း မိုက်မဲသော တူမငယ်ကို အပြစ်တင်လိုသော မျက်နှာနှင့် လှည့်ကြည့်လိုက်သောအခါ မယ်လှမှာ မတ်တတ်ကြီးပင် အသက်ကုန်နေပြီဖြစ်ကြောင်း သိရှိရသဖြင့် သက်ပြင်းကြီးတစ်ချက်ချကာ-

"ဩော်-အမိုက်မ-အမိုက်မ-နင့်အတတ်နဲ့ နင်စူးပါပကော-"

ဟု ပြောလျက် မယ်ခဘက်သို့ပြန်လှည့်ကာ-

"ငါ့တူမကြီး ငါ့တူမကြီး သေကာနီးတာတောင် မြန်မာတွေရဲ့ ကျက်သရေဆောင်ပြီး ဂုဏ်မပျက်ရအောင် ကြွေရရနဲ့ ပွဲပြသွားရှာ သေးတယ်နော်၊ အင်း-လူမျိုးကွဲ အရာရှိကြီးတွေရဲ့ ရှေ့တွေမှာ ဂုဏ်မပျက်ပေတဲ့ ရန်သူ

ပိုင်နက်မှာ ခုလိုလာပြီး ကိုယ့်အချင်းချင်း အတွင်းရန်ဖြစ်ရတာ ရှက်စရာကောင်းလှသကွာ-"

ဟု တောက်ခေါက်ကာညည်းပြီး အတန်ကြာကြီးငြိမ်သက်စွာ အကြံထုတ်၍နေလေ၏။

ကျွန်တော်ကား သနားစရာကောင်းသော မယ်ခအတွက်လည်းကောင်း၊ အချစ်အတွက်နှင့် ရက်စက်စွာစွန့်စားလိုက်သော မယ်လှအတွက်လည်းကောင်း၊ အကြောင်းရင်းသိသူဖြစ်သည့်အတိုင်း နှစ်ဦးစလုံးကိုပင် သနား၍မဆုံးနိုင်အောင်ရှိပါတော့၏။ ထို့နောက် အတန်ကြာအောင် စိတ်ကူးထုတ်နေသော ဆရာထွန်းကြီးလည်း ရုတ်တရက်အကြံရကာ . . .

"ဟေ့-မောင်အောင်ကြီး၊ ငါ့သမီးတွေ ရန်သူ့ပိုင်နက်ထဲမှာ သေတယ်ဆိုတဲ့သတင်းကို အကျော်စောမခံဘူးဟေ့၊ သူတို့ဟာသူတို့ လုပ်သေကြပေတဲ့ အပြင်ရန်ကြောင့်သေရတယ်၊ ဆရာထွန်း ဒီနယ်ကို အရှုံးပေးသွားရပြီဆိုတဲ့ မဟုတ်သတင်းတွေ အဖြစ်မခံနိုင်ဘူး။ ဒီတော့ သူတို့ အလောင်းနှစ်ခုကို ငါ့တပည့် သရဲဘိုးဝနဲ့သာဒုတ်တို့ကို ဝင်နေစေမယ်၊ ငါတို့လည်း နက်ဖြန် ဒီနယ်ကထွက်ပြီး တို့နေရပ်အရောက်ပြန်မယ်၊ ရောက်မှ လှလှပပသင်္ဂြိုဟ်ရအောင်ကွာ၊ မဟုတ်ဘဲနဲ့ အရှက်ကွဲမခံချင်ဘူး"

ဟု ပြောလျက် မယ်ခ, မယ်လှတို့အလောင်းများ ဖုတ်သွင်း၍ လှုပ်လှုပ်ရှားရှားနေထိုင်ကြစေပြီး နောက်တစ်နေ့မှာပင် ပစ္စည်းများသိမ်းဆည်းလျက် ရုတ်တရက်နေရပ်သို့ပြန်လာခဲ့ကြကာ ကိုယ့်ရွာရောက်မှ မယ်ခ, မယ်လှတို့ကို ဖုတ်ထုတ်ပြီး ကောင်းစွာသင်္ဂြိုဟ်လိုက်ရလေ၏။

ဆရာကြီးလည်း လက်ရုံးကဲ့သို့အားကိုးရသော တူမများသေဆုံးသည့်အတွက် စိတ်လက်မချမ်းမသာ ဖြစ်နေရှာသောကြောင့် ပွဲပြရန်ခရီးကိုပင် ရုတ်တရက်ဆက်လက်မထွက်သေးဘဲ ခေတ္တဆိုင်းငံ့ထားသောကြောင့် "ကျွန်တော်လည်း စိတ်ပြေလက်ပျောက် ခေတ္တအနားယူကာ ဆရာထွန်းကြီးထံမှ ခေတ္တထွက်ခွာ၍ ပညာရှာရန် အထက်ရှမ်းပြည်နယ်သို့ တက်လာခဲ့ရင်း ယခု ဆရာလေးနဲ့တွေ့ရတာပါပဲခင်ဗျာ"ဟု မောင်အောင်ကြီးကိုယ်တိုင် ခင်းခင်းကျင်းကျင်းပြောပြသော အဖြစ်အပျက်များကို ကြားရပြီးနောက် ၎င်းအား

အကျိုးမထူးခြား၍ အကုသိုလ်များ၊ ရန်များသောအလုပ်ကို မလုပ်စေလိုကြောင်း ဖျောင်းဖျနားချပါသော်လည်း မောင်အောင်ကြီးက-

"ကျွန်တော် ဒီပညာတွေသင်တာဟာ လူတွေကိုနှိပ်စက်ဒုက္ခပေးချင်လို့ မဟုတ်ပါဘူး ဆရာလေးရယ်၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားနဲ့ နိုင်ငံခြားသွားပြီး ဂုဏ်ယူချင်လို့ပါ၊ ဒီပညာဟာ ကိုယ့်အမျိုးသားအချင်းချင်းတွေကို နိုင်ရာညှင်းလုပ်နေဖို့ မသင့်တော်ပေမယ့် လူမျိုးခြားတွေဆီသွားပြီး အစွမ်းပြရင်တော့ အတော်စီးပွားဖြစ်ဖို့ပါပဲ"

ဟု ဖွဲကောင်းကောင်းနှင့် တက်လူပီပီပြောပြသည်ကို သဘောတူရမည်အခက်, ကန့်ကွက်ရမည်အခက် ရုတ်တရက်မဆုံးဖြတ်နိုင်အောင် ဖြစ်ရပါတော့သတည်း။

ဒ ဒ ဒ

# တစ်ဘီးလိမ့်မေတ္တာ

(၁၉၃၃-ခု၊ အောက်တိုဘာလတွင်ရေးသည်။)

"မောင်ရယ်၊ ခင့်ကိုချစ်တယ်, ချစ်တယ်နဲ့ ဒီလိုနဲ့ပြီးရတော့မှာ လားမောင်၊ ဟိုအကောင်ကြီးကလည်း အမြဲပိုးပန်းကြံစည်နေတော့ ခင်ဖြင့် အနေအထိုင်, အသွားအလာ, အစားအသောက်မှစ၍ အင်မတန် ကျပ်တည်း ဆင်းရဲလှပါတယ်၊ ဒီဒုက္ခကို မောင်အမြန်ကယ်မှ လွယ်လွယ်နဲ့ အေးရတော့ မယ်မောင်"

ဟု လူလှသလောက်သဘောကောင်းပြီး အပြောချိုလှသော အပျို ချောကလေး၏တောင်းပန်ခယ နွမ်းလျသော မျက်နှာကလေးနှင့် ပြောလိုက် ခြင်းခံရသော ကျွန်တော့်မှာ အသက်တမျှချစ်ခင်လှစွာသော ရည်းစားသည် မခင်ယုံကလေးကို ပွေ့ဖက်ယုယစွာ ရင်ခွင်တွင် သိမ်းပိုက်ထားရာမှ ရယ်မော ကာ-

"ဘာ-ဘာပြောတယ်မခင်ယုံ၊ အနေအထိုင်, အသွားအလာ, အစား အသောက်ကျပ်တယ်-ဆင်းရဲတယ်-ဟုတ်လား၊ ဟား-ဟား-ဟား- ယုံစရာပဲ ခင်ယုံရယ်၊ ယုံစရာပဲ၊ ဘုရားကြီးရှမ်းပွဲရပ်တစ်ခွင်မှာ ရွှေဒင်္ဂါးတွေ တင်းနဲ့ချင်ပြီး အင်မတန်ချမ်းသာနေတဲ့ပွဲကတော်ကြီး ဒေါ်နန်းစိန်သမီး ကလားဗျာ၊ ဆင်းရဲ တာသိပ်ယုံစရာပဲ"

ဟု ဆိုကာရယ်သဖြင့် မခင်ယုံက ကျွန်တော့်ကျောကို နှစ်ချက်လောက် ပျောတီးလိုက်ပြီး-

"ပိုက်ဆံမရှိတဲ့ ဆင်းရဲတာကို ပြောတာမဟုတ်ဘူးရှင့်သိရဲ့လား၊ ဟိုတောင်ပိုင်စော်ဘွားရဲ့ အမတ်ကြီးသားဆိုလား, တူဆိုလား၊ ဟောဟိုဒေါ်တုတ်တို့ပွဲရုံဘက်မှာ တစ်ခါ, တစ်ခါ လက်ဖက်ခြောက်တွေလာလာချရင်းတည်းတဲ့ ပါးစပ်ပြပြ, သွားမည်းမည်းနဲ့ ဘောင်းဘီပြာမွဲမွဲကြီးဝတ်ပြီး ပိုးပဝါတစ်အုပ်လုံးပေါင်းထားတဲ့၊ လူကြီးကခင့်ကို မဲမဲသဲသဲပိုးလွန်းလို့ နို့ပြီး တချို့ဆရာရဲ့ဆေးတွေဝါးတွေကလည်း အင်မတန်စွမ်းလေတော့ ခင်ဖြင့်အောက်တောင်ဆင်းပြီး လမ်းမလျှောက်ဝံ့ဘူးမောင်ရဲ့ သိပလား"

ဟု ဆိုမှ ကျွန်တော့်စိတ်ထဲတွင်မျက်ပြီး ဒေါသကလေးထွက်ကာ-

"အောင်မယ်-ရာရာရောက်ရောက် ဘယ်ကောင်လဲ၊ ခင့်ကို ပိုးတာ၊ အမဲရိုးနှယ်ဟင်းအိုးမှအားမနာ၊ ပြစမ်းပါခင်ရယ် ဘယ်ကောင်လဲ မောင်တစ်ခ်. တည်းသွားသတ်ပစ်မယ်"

"အို-မောင်ကလည်း သူ့ဘာသာ သူပိုးတာ၊ သတ်ဖို့ဥပဒေမရှိပါဘူးမောင်ရဲ့၊ လွတ်လပ်တဲ့အပျိုဆိုရင် ဟိုကလိုချင်, ဒီကလိုချင်နဲ့ ဒီလိုချည်းပဲ၊ ဒီလိုဖြင့် သူများတွေရဲ့အပိုးမခံရအောင် မြန်မြန်မင်္ဂလာဆောင် ယူပါတော့လားမောင်ရဲ့၊ လူကြီးချင်းလည်းပြောပြီးဆိုပြီး၊ မောင်နဲ့ခင်နဲ့ လည်း တစ်ယောက်နဲ့တစ်ယောက်ချစ်နေပြီးဥစ္စာ၊ မောင်ဘာကြောင့် ဒါလောက်အချိန်ဆွဲရတာလဲ"

ဟု လှပသောနှုတ်ခမ်းကလေး မစူတစူစိတ်လုပ်ဟန်အမူနှင့် ငိုတော့မည့်ပမာပြောလေရာ ကျွန်တော့်မှာ နှလုံးအသည်းကိုကလိ ၍ဆွဲလိုက်သကဲ့သို့နင့်ခနဲဖြစ်ကာ-

"ကိုင်း-ကိုင်း-မငိုပါနဲ့ခင်ရယ်၊ ဒီလထဲမှာ မင်္ဂလာဆောင်ဖို့ ဖေဖေ့ကိုပူဆာပါ့မယ်၊ ဖေဖေနဲ့မေမေ့သဘောက သားတစ်ယောက်မို့ မင်္ဂလာပွဲကို အကြီးအကျယ် ချီးမြှောက်ချင်လို့ အရင်စလိုမလုပ်တာပါ၊ ခင်ကမြန်တာကြိုက်လို့ ကတိုက်ကရိုက်မင်္ဂလာဆောင်တော့ တချို့က တောင်တောင်မြောက်မြောက်တွေးကြမှာ မစိုးရိမ်ဘူးလားခင်ရဲ့"

"ဟင့်အင်း-မစိုးရိမ်ပေါင်၊ ကိုယ်ကြိုက်တဲ့လူနဲ့ ကိုယ်မင်္ဂလာ ဆောင်တာ၊ မြန်သည်ဖြစ်စေ, နှေးသည်ဖြစ်စေ ဘာတွေးပူစရာလိုသလဲ၊ တကတဲ သူ့ဖင့်ဒီလိုနဲ့ချည်းခဲ့နေတာပဲ၊ ခင်ကလည်း ခဲ့တာများတော့ နည်းနည်းမှ မကြိုက်ဘူး မောင်ရဲ့"

"ဩော်-ခင်ကခဲ့တာမကြိုက်ရင် မခဲ့ပါဘူးဗျာ မြန်မြန်ပဲမင်္ဂလာ လုပ်ပါမယ်၊ သို့သော်-နောက်တော့မဆူနဲ့နော်၊ ခဲ့သင့်တဲ့အလှည့်ကျတော့ ခဲ့ရလိမ့်ဦးမယ်"

ဟု ရယ်လား, မောလားနှင့် ကစားကျီစယ်ကာပြောဆိုနေကြစဉ် ကျွန်တော်တို့နှစ်ယောက် ထိုင်နေကြသော တိုက်ရှေ့ဝရံတာလသာသော ကြမ်းပြင်ပေါ်သို့ တစ်တောင့်ထွာခန့်ရှိသော ကြိုးအပြတ်ကလေးတစ်ခု ဖြတ်ခနဲကျလာလေ၏။

ကျွန်တော်တို့လည်း ထူးဆန်းစွာကျလာသော ကြိုးကလေးကို အရေးမထားမိသဖြင့် ကိုင်တွယ်ကြည့်ရှုခြင်းမပြုဘဲ အချစ်ရေယဉ်ကြောတွင် နစ်မြောလျက်ရှိကြစဉ် ရှူးရှူးရှူးရှူးနှင့်နီးကပ်စွာမြည်သော အသံတစ်ခုကိုကြားရသဖြင့် နှစ်ယောက်သားနားစွင့်ထောင်ရင်း တောင်တောင်မြောက်မြောက်ကြည့်မိကြရာ ယခင်ကျလာသောကြိုးအပြတ်ကလေးမှာ ရှူးရှူးရှားရှားမြည်ပြီး ကျွန်တော့်အားရွေးချယ်ကာ ရန်မူလျက်ပေါက်မည် ချိန်ရွယ်နေသည်ကိုတွေ့ရလျှင် မခင်ယုံက ထိတ်လန့်စွာ ကျွန်တော့်ကိုဖက်လိုက်ပြီး-

"မောင်-ဟိုမှာ၊ မြွေကြီး-မြွေကြီး"

ဟု အော်ရမည့်အစား ယခင်ကြိုးပြတ်ကလေးကို သတိရ၍ စကားမှားပြီး-

"ခမောင်-ဟိုမှာ၊ ကြိုးကြီး-ကြိုးကြီး"

ဟု ပျာယီးပျာယာနှင့် အော်ပြောလိုက်သည်နှင့် တပြိုင်တည်း ကျွန်တော်တို့လည်း အံ့ဩခြင်းကြီးမက အံ့ဩလှစွာကြည့်နေမိစဉ် ယခင်မခင်ယုံ လန့်အော်လိုက်သံကိုကြားသဖြင့် ဒေါ်နန်းစိန်နှင့်တကွ တိုက်ရှိ အစေခံများပါ လာရောက်မေးမြန်းကြသောအခါ ကြိုးမှ မြွေဖြစ်ပုံ၊ မြွေမှ ကြိုးဖြစ်ပုံများကို ပြောဆိုလေရာ ဒေါ်နန်းစိန်က . . .

"အင်း-မင်းတို့ကို မကောင်းကြံတဲ့လူရှိပြီ၊ ဒီကြိုးဟာ ကိုကိုလေးကို သတ်ဖို့လွှတ်လိုက်တဲ့တိုက်မြွေပဲ၊ ကြိုးကြီး-ကြိုးကြီးလို့ ကံအားလျော်စွာ ယောင်အော်လိုက်တာ၊ သူ့နံကိုနှိမ်လိုက်သလိုဖြစ်ပြီး ကြိုးပြန်ဖြစ်သွားတာပဲ၊ ကဲ-မင်းတို့လည်း တာရှည်ဒီအတိုင်းထားလို့မဖြစ်ဘူး၊ မြန်မြန် ပေးစားမှနေရာ ကျလိမ့်မယ်၊ ကိုရာကျော်နဲ့မလေးကြီးတို့ကိုပါ ပြောဦးမှပဲ"

ဟု ဆိုကာ၊ ထိုအခါမှစပြီး နှစ်ဦးမိဘတိုင်ပင်ကာ အချိန်ကြန့်ကြာစွာ မဆွဲဘဲ ကျွန်တော်နှင့်မခင်ယုံကို ပရိသတ်ဗိုလ်ပုံအလယ်တွင် တင့်တယ်စွာ ထိမ်းမြားလိုက်ကြသဖြင့် "မရွယ်ဘဲနှင့်စော်ကဲမင်းဖြစ်" ဆိုသလို ရက်တိုတို နှင့်ပင် အကြင်လင်မယားဘဝသို့ ဝမ်းသာအားရ ရောက်ရှိခဲ့ကြလေတော့ သတည်း။

***

ယင်းသို့ ကျွန်တော်နှင့်မခင်ယုံတို့ ထိမ်းမြားမင်္ဂလာပြုသော ခုနှစ် သက္ကရာဇ်ကား ၁၉၂၆ခု-ဇွန်လ-၃၀ရက်နေ့ ဖြစ်လေ၏။ ကျွန်တော်နှင့် မခင်ယုံတို့မှာ ချစ်လှစွာသမီးရည်းစားဘဝမှ လူကြီးမိဘသဘောတူ ညီညွတ်စွာ ထိမ်းမြားပေးစားလိုက်သော အကြင်လင်မယားဘဝသို့ ရောက်ရှိကြသောအခါ တစ်ယောက်နှင့်တစ်ယောက် မျှမလောက်ချစ်ကာ တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာညှာတာ၍မဆုံးနိုင်အောင် ရှိခဲ့ကြသဖြင့် မိဘနှစ်ဦးမှာလည်း သားနှင့်သမီးကို အထူးစိတ်အေးကာ အရိပ်ကြည့်၍ ပီတိဖြစ်နေရှာကြလေ၏။

ပွဲနေ့, ပွဲထိုင်, အလှူ, မင်္ဂလာဆောင်စသည်တို့ကိုလည်းကောင်း၊ ဘုရားပွဲ, နတ်ပွဲ, ဉာတ်ကထိန်ပွဲစသည်တို့ကိုလည်းကောင်း၊ ဘိုင်စကုတ် ကားလဲတိုင်းသော်လည်းကောင်း၊ လင်မယားနှစ်ယောက်လုံး ပူးတွဲ, ပူးတွဲနှင့် အမြဲရောက်နေကြပြီးလျှင် ယုတ်စွအဆုံး အခြားတွင်သွားလာလည် ပတ်ပျော် ပါးရန်မရှိသောအခါ အသိမိတ်ဆွေများရှိရာသို့ သွားရောက်လည်ပတ်ခြင်းဖြင့် မပျင်းနိုင်အောင်ရှိကြလေ၏။

မခင်ယုံမှာ ကျွန်တော်၏မယားဖြစ်၍ "ကိုယ့်ငါးချဉ်ကိုယ်ချဉ်" ရခြင်း မဟုတ်ပါ၊ အဆင်းရှိသလောက် အချင်းရှိ၍ လိမ္မာပိရိ၊ မိန်းမမြတ် လက္ခဏာ ပီသသော မိန်းကလေးတစ်ယောက်ဖြစ်လေရာ ကျွန်တော့်ကို လွန်စွာချစ်ခင်

အားကိုးလျက် ကျွန်တော်ကသူ့အားမည်မျှလောက် ချစ်အားပိုသည်ကို သိသော်လည်း မည်သည့်အခါမျှ ရောင့်တက်ခြင်းမရှိ မယားဝတ်ငါးပါးကျေပွန်လျက် အလုပ်အကိုင်အရောင်းအဝယ်နှင့်ပတ်သက်၍ အကြံအစည်ထုတ်ရသောအခါတွင်လည်း အားကိုးပြုလောက်သော မိတ်ဆွေကြီးတစ်ယောက်ကဲ့သို့ပင် တိုင်ပင်နှီးနှောကာ အကြံအစည်ပေးတတ်ပြီးလျှင် မခင်ယုံပေးသောအကြံအတိုင်း လိုက်နာပြုလုပ်ပါလျှင်လည်း မည်သည့်အခါမဆို ကိုယ်၌ အကျိုးရှိခဲ့သည်ချည်းဖြစ်သောကြောင့် မခင်ယုံမှာ မိတ်ဆွေနှင့်တူသော မယားသက်သက်ဖြစ်သည်ဟု ခေါ်ရမည်ဖြစ်သော်လည်း တစ်နည်းအားဖြင့်-

ကျွန်တော်တစ်ယောက်တည်း အိပ်ပျော်နေသည့်အခါ အနားမှာ ထိုင်စောင့်လျက် မှက်, ခြင်, ယင်, သန်းစသောဘေးမှ လွတ်ကင်းအောင် ယပ်တောင်ကလေးတဖျပ်ဖျပ်ခပ်ပေးကာ ချမ်းအေးသောအခါဖြစ်လျှင်လည်း ခြုံစောင်ကိုလုံအောင် ထွေးလျက်သိပ်ပေးပြီး ကလေးများကို မိခင်ဖြစ်သူက ကြင်နာစွာ စောင့်ရှောက်သကဲ့သို့ရှိသောကြောင့် ကျွန်တော့်အပေါ်တွင် မိခင်နှင့်တူသောမယားဟု အမည်ပေးချင်ပြန်ရာတွင် လင့်အတွက် အစားအသောက် ပြုပြင်ကျွေးမွေးရာ၌လည်းကောင်း၊ အဝတ်အဆင် ပြုပြင်ရာ၌လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်ပြုပြင်ပေးရာ၌လည်းကောင်း၊ ငွေပိုင်ဝယ်ထားသောကျွန်မကလေးနှင့်မခြားဖြစ်သည်မျှမက လင်နှင့်မယားပင်ဖြစ်သော်လည်း အနေအထိုင်, အပြောအဆိုမှာ လွန်စွာသိပ်သည်းကျစ်လျစ်လျက် ဟီရိဩတ္တပ္ပတည်းဟူသော ရှက်ကြောက်ခြင်းတရားတို့မှာ မောင်ကြီးနှင့်နှမငယ်အလား မည်သည့်အခါမျှ ကလက်တက်တက် ရှက်တက်တက်မရှိ ပိရိသိမ်မွေ့လှသောကြောင့်-

မခင်ယုံမှာ မယားအပြား(၇)ပါးတွင် သခင်နှင့်တူသော မယား၊ သူသတ်နှင့်တူသောမယား၊ ခိုးသူနှင့်တူသောမယားဟု ဆိုအပ်သော ယုတ်သော (၃)စားမျိုးမှလွတ်ကင်းကာ အမိနှင့်တူသောမယား၊ ကျွန်နှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသော မယားစသဖြင့် အကောင်း (၄)စားတွင် ထိပ်တန်းမှအောင်ပန်းဆူးနိုင်သော မယားကလေးဖြစ်ခဲ့ရာ ကျွန်တော်၏မိဘများမှာလည်း သား၏ကုသိုလ်ကို ချီးမွမ်း၍မဆုံးဖြစ်ကာ ချွေးမကလေးကို ချစ်ခင်မြှောက်စား၍ အားမရနိုင်အောင် ရှိခဲ့လေသတည်း။

မခင်ယုံနှင့် ကျွန်တော်အကြောင်းပါပြီးနောက် သုံးလကျော်ကျော်လောက်ရှိခဲ့ရာ တစ်နေ့တွင်မခင်ယုံသည် ရှမ်းပွဲရပ် ၎င်း၏မိခင် ဒေါ်နန်းစိန်တိုက်သို့အလည်သွားရာ ညနေ ၅-နာရီလောက်တွင် ဒေါ်နန်းစိန်ပါလိုက်ပို့ရင်း ပြန်လာကြလေ၏။

ထိုအခါ ဒေါ်နန်းစိန်တိုက်မှာ ရှမ်းပြည်နယ်မှ လက်ဖက်ခြောက်ကုန်သည်များနှင့်ဆက်သွယ်လျက်ရှိ၍ ရှမ်းကုန်သည်များထံမှ အထူးမှာယူပြီးလက်ဆောင်ပေးကြသော လက်ဖက်စို, လက်ဖက်ခြောက်များ၊ ပဲပုတ်ခြောက်များနှင့်ကောက်ညှင်းကို အမျိုးမျိုးပြုပြင်ထားသော စားဖွယ်သောက်ဖွယ်မုန့်ပဲသရေစာများ၊ တစ်ဆင့်လက်ဆောင်အဖြစ်နှင့် ယူဆောင်သယ်ပိုးလာရာ ထိုအစားအစာမျိုးမှာ အခြားသူတို့ထက် မခင်ယုံကသာ၍ ကြိုက်နှစ်သက်တတ်သဖြင့် စုံရေမက်ရေစားသောက်နေသောအခါ မခင်ယုံတွင် အစာမကြေတတ်သောဝေဒနာအခံရှိသဖြင့် ကျွန်တော်ကပင် ၎င်းအစားအစာများကို များစွာမစားရန် သတိပေးမိ သေး၏။

နောက်တစ်နေ့၌ပင် မခင်ယုံမှာ အစာမကြေ လေထိုးသောဝေဒနာသည် ပြင်းထန်စွာနှိပ်စက်ခဲ့လေ၏။ ကျွန်တော်မှာ ချစ်စွာသော မယားဖြစ်သဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဝီရိယကြီးစွာပင် ဆရာဝန်အမျိုးမျိုးကို ခေါ်ယူကုသရာ ၄-၅ရက်အတွင်းမှာပင် အပြင်းအပြ, အလူးအလိမ့် ခံစားရသောမခင်ယုံ၏ဝေဒနာမှာ သက်သာပျောက်ကင်းသွားသော်လည်း မခင်ယုံမှာ ရှေးအခါကလောက် မည်သူ့ကိုမျှစကားမပြောဘဲ နှုတ်နည်း၍သွားပြီးလျှင် အမြဲပင်ညှိုးငယ်စွာမှိုင်တွေစဉ်းစားလျက် တစ်ခါတစ်ရံမှာမူ နှုတ်ခမ်းစူကာ တစ်စုံတစ်ရာသဘောမကျသကဲ့သို့ ဖြစ်နေသဖြင့် ကျွန်တော်ကအနီးသို့သွားကာ ယုယုယယမေးမြန်းသော်လည်း တစ်စုံတစ်ရာပြန်လှန်ပြောဆိုခြင်းမပြုဘဲ ရုတ်တရက် စိတ်လုပ်၍သာ ထသွားသဖြင့် ကျွန်တော့်မှာ "မခင်ယုံ ငါ့ကို ဘာများ စိတ်ကောက်နေသလဲ၊ ငါဘာများသူမကြိုက်တဲ့အလုပ်-လုပ်မိပါလိမ့်မလဲ" စသည်ဖြင့် စဉ်းစားသော်လည်း ကျွန်တော်၌လည်းကောင်း၊ မခင်ယုံအပေါ်၌ သမီးရင်းတမျှ ချစ်ခဲ့ရှာကြသော ကျွန်တော်၏မိဘများ၌လည်းကောင်း၊ မခင်ယုံ စိတ်ကောက်စရာ၊ အပြစ်အနာဟူ၍ အနည်းငယ်မျှ တွေ့မရရှိလေ၏။

သို့နှင့်လည်း သုံးလေးရက်တိုင်အောင် မခင်ယုံမှာ စိတ်ကောက်မပြေ၊ မေး၍လည်းမရ ကျွန်တော်သူ့အနားသွားထိုင်လိုက်တိုင်း စူဆောင့်ထသွားသဖြင့် မခံမရပ်နိုင်ဖြစ်လာကာ နောက်တစ်ခါ မခင်ယုံထွက်မသွားနိုင်အောင် နောက်ကသိမ်းဖက်ပြီး မျက်နှာချင်းနီးနီးကပ်ကာ-

"ခင်-ဘာဖြစ်တာလဲကွယ်၊ မောင့်ကို ဘာများဒါလောက်စိတ်လုပ်နေရတာလဲ၊ ခင်မကြိုက်တာ မောင်လုပ်မိသလား ပြောပါခင်ရဲ့၊ အို-ဘာပြုလို့ ရှန်းရတာလဲ၊ ပြောလေ-ပြော-ပြော-မပြောရင် မလွှတ်ဘူး၊ ခင်ဘာပြုလို့ ကောက်နေတယ်ဆိုတာပြောရမယ်၊ မောင့်အပြစ်ရှိရင် ခင်ကျေနပ်အောင် တောင်းပန်မယ်၊ ဒီလိုမောင့်ကို ပယ်နေတာမခံနိုင်ဘူး၊ ပြောစမ်းပါခင်ရဲ့"

ဟု မေးသော်လည်း မခင်ယုံသည် ဘာမှမပြော လက်မှဖွတ်ရှန်းကာ မျက်စောင်းကြီးထိုး၍သာနေသောကြောင့်-

"ခင်ရယ်-မောင့်ချစ်တယ်ဆို၊ ဒီလိုမညှင်းဆဲပါနဲ့ကွယ်၊ မောင့်မှာ ဘယ်လိုအပြစ်မျိုးရှိလို့ စိတ်ဆိုးတယ်ဆိုတာ သိပါရစေဦးခင်ရယ်၊ ခင်က ဘာမှ မပြောရင် မောင်ဘာသိမလဲခင်ရဲ့၊ ခင်လိမ္မာသားနဲ့ မမိုက်ပါနဲ့ခင်ရယ်၊ မောင့်ချစ်တယ်ဆို၊ အို-ရှန်းပြန်ပြီ၊ ဒီတစ်ခါမရဘူးခင်ရေ့ ပြောမှလွှတ်မယ်၊ ပြောလေ, မောင့်ကိုဘာပြုလို့"

ဟု မေးနေစဉ် မခင်ယုံသည် ကျွန်တော်၏လက်များကို ရှန်းကန်တွန်းဖယ်နေရာမှ ကျွန်တော့်အား မှုန်မှုန်ကြီးစိုက်ကြည့်ပြီး-

"ဘာမှမဖြစ်ဘူး၊ မုန်းလို့မုန်းတယ်၊ ဒီမျက်နှာမကြည့်ချင်ဘူး- ထွီ"

ဟု ပြောရင်း, ဆိုရင်း ကျွန်တော်၏မျက်နှာကို ပက်ခနဲ တံတွေးထွေးကာ ချာခနဲလှည့်ထွက်သွားရကား ကျွန်တော့်မှာ အံ့အားကြီးသင့်လျက် တစ်သက်နှင့်တစ်ကိုယ်မကြုံဖူးသော ဝမ်းနည်းခြင်းဖြင့် ဝမ်းနည်းစွာကြည့်ကာ ပေရေနေသော တံထွေးများကိုသုတ်လျက် အသက်ပေးချစ်သောမယားက အသက်ပေးချစ်သောလင်ကို ပြင်ပြင်ကြီးစိမ်းကား၍ မုန်းတယ်မကြည့်ချင်ဘူးဟု တံထွေးနှင့်ထွေး၍ ပြောသွားခြင်းမှာ မခင်ယုံသည် ကျွန်တော့်အပေါ်တွင် တစ်စုံတစ်ရာ နာကြည်းလောက်သော အပြစ်မြင်၊ အထင်မှားယွင်းခြင်းကြောင့်သာ ယခုလိုပြောသည်ဟု တွေးထင်စရာရှိသော်လည်း မိမိအပြစ်ကိုမေးမရ၊ တွေးမရနှင့် မအေးစပြုလာလေ၏။

လင်မယားဘာဝ ညအခါ၌ ကိုယ့်အိပ်ရာ, ကိုယ့်ခုတင်တွင် ယခင်လိုဝင်၍ အိပ်ပြန်ပါသော်လည်း အနီးသို့အကပ်မခံ၊ လျင်မြန်စွာထပြီး တစ်နေရာတွင်သွား၍အိပ်တတ်ရာ ကျွန်တော့်မှာ မခင်ယုံအအိပ် အနေဆင်းရဲမည်စိုး၍-

"ကိုင်း-ခင် ဒီအပြင်မှာမအိပ်ပါနဲ့၊ ခြင်ထောင်ထဲဝင်အိပ်ပါ၊ မောင်ခင့်နေရာလာမအိပ်ပါဘူး"

ဟု နောက်ဆုံးလျှော့ပေးမှ သူ့နေရာသူ သွားအိပ်တတ်ပြီး သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မှပင် ကျွန်တော်ဝင်အိပ်နိုင်လေတော့သည်။ ဤနည်းအားဖြင့် ဆယ့်ငါးရက်ခန့်မျှ ကျော်လွန်လာသောအခါ ကျွန်တော့်မှာမခင်ယုံ စိတ်မပြေသေးသည့်အတွက် စိတ်လက်မကောင်းဖြစ်သောကြောင့် စိတ်ဒုက္ခရောက်လျက်သာ ရှိရလေတော့၏။

တစ်ညတွင် မခင်ယုံသည် နှစ်ခြိုက်ပျော်ရွှင်စွာ အိပ်ချေပြီဖြစ်၍ ကျွန်တော်လည်း သူ့အနီးတွင်ဝင်လှဲလိုက်ရာ မကြာမီအိပ်ပျော်သွားပြီးနောက် တစ်စုံတစ်ယောက်က နှိုးလိုက်သကဲ့သို့ ရုတ်ခနဲလန့်နိုးပြီးလျှင် ရှေ့တွင်မြင်ရသောအရာကို အံ့သြခြင်းမကအံ့သြလှစွာ စိုက်ကြည့်နေမိလေတော့၏။

မခင်ယုံသည် လွန်စွာကြမ်းတမ်းခက်ထန်သောမျက်နှာကြီးနှင့် စိမ်းစိမ်းဝါးတော့မည်ကဲ့သို့ကြည့်ရှုကာ လက်ကစားမြှောင်ကြီးနှင့်ချိန်ရွယ်လျက် ရန်သူကိုရက်စက်စွာ ထိုးသတ်တော့မည့်အလား ကျွန်တော့်အား အံသွားများပင်ခဲလျက်ကြည့်နေသည်ကို ခပ်တွေတွေ ဝမ်းနည်းစွာကြည့်ရင်း မျက်ရည်တွေတပေါက်ပေါက် ကျဆင်းလာမိလေ၏။ မခင်ယုံလည်း ကျွန်တော်နိုးလာ၍လားမသိ တွေတွေကြီးရပ်ကာ စိုက်ကြည့်နေလေ၏။

"ခင်-ခင်-ဘယ့်နှယ်လဲ အချစ်ရယ်၊ ပစ်ပယ်ပုံထူးလှချည်ရဲ့၊ မောင့်ကို သတ်ပစ်ချင်လောက်အောင် ဘာအပြစ်ရှိတယ်ဆိုတာပြောပါဦးခင်ရယ်၊ မောင့်အပြစ်ထင်ရှားရင် ခင့်လက်ကစားနဲ့စီရင်ပါ၊ ကြည်လင်စွာ မောင်အသတ်ခံပါမယ်ခင်ရယ်"

ဟု မင်းသားဟန်နှင့် ချွဲသောစကားမျိုးနှင့်ပင် တူသော်လည်း ၎င်းစကားစုကား ကျွန်တော်၏ပြင်းပြစွာ ပူလောင်ဆွေးမြေ့နေသော ရင်ထဲမှ

တိုက်ရိုက်ထွက်လာသောစကားများပင် ဖြစ်တော့၏။ သို့သော် မခင်ယုံသည် သနားစိတ်ကင်းဝေးနေသည့်အလား စကားတုံ့ပြန်ခြင်းမရှိဘဲ ရဲရဲတောက်သောမျက်လုံးကြီးဖြင့် စူးရှထက်မြက်စွာ ကြည့်လျက်သာရှိတော့၏။ ကြာလေလေ ဝမ်းနည်းလာသဖြင့်-

"ပြောပါခင်ရယ်၊ ခင်မကျေနပ်တာ တစ်ခွန်းတည်းဖြစ်ဖြစ် ပြောလိုက်ပါ၊ ပြောပြီးခင်လုပ်ချင်တာလုပ်တော့"

ဟု ရှေ့သို့တိုးကာ မခင်ယုံရွယ်ထားသောဓားကိုကိုင်ရင်း ပြောဆိုတောင်းပန်ရာ မခင်ယုံလည်း လက်ကဓားကိုလွှင့်ပစ်လိုက်ပြီး . . .

"နင့်ကိုသိပ်မုန်းတယ်၊ နင့်မျက်နှာ ငါမကြည့်ချင်ဘူး၊ နင်သေမှအေးမယ်၊ ဒါကြောင့် နင့်ကိုသတ်ပစ်မလို့ နင့်ကိုငါချစ်လို့ ယူတာမဟုတ်ဘူး၊ နင်ဟာငါ့ရန်သူ ငါ့ရည်းစားကို မတရားလုပ်တဲ့ကောင်"

စသည်ဖြင့် ကျယ်လောင်စွာ ကြိမ်းဝါးပြောဆိုကာ ကြမ်းကို ဖနောင့်နှင့်ပေါက်၍ ခုန်လိုက်ပြီးနောက် အကြောင်းမသိလှိုက်လှဲစွာ ရှိုက်ကြီး၊ ငင်ကြီးနှင့် မျက်နှာကို လက်နှင့်အုပ်ပြီးငိုလေ၏။

တစ်အိမ်သားလုံးလည်း လန့်နိုးလာကြပြီး အခန်းတည်းသို့ ပြေးဝင်လာကြလေ၏။ မိဘများက လင်မယားရန်ဖြစ်ကြသည်မှတ်၍ အကျိုးအကြောင်းမမေး ကျွန်တော့်ကိုမာန်မဲကာ မိခင်ဒေါ်လေးကြီးက-

"သမီး-သမီး-မငိုပါနဲ့ သမီးရယ်၊ ဒီအကောင်ကို မေမေတို့ဆုံးမနေပါတယ်၊ တိတ်ပါကွယ်"

ဟု ပြောကာ၊ ခင်ယုံ၏ကျောကလေးကို ဖက်ပွေ့ချော့မော့လျှင် ခင်ယုံလည်း ခေါင်းထောင်ကြည့်ပြီး မိမိကိုဒေါ်လေးကြီးဖက်ထားမှန်း သိလျှင် ဒေါသဝင်လာကာ ရုတ်ခနဲဒေါ်လေးကြီး၏ပါးကို လက်ဝါးနှင့် တအားရိုက်လိုက်ပြီး-

"ဟဲ့-ကောင်မကြီး သွား၊ နင်ငါ့ကိုမကိုင်နဲ့၊ နင်ကိုင်စရာမဟုတ်ဘူး၊ နောက်ဆုတ်နေ-ဆုတ်ဆိုဆုတ် ပါးစုတ်သွားမယ်"

ဟု ရန့်ရင်းကြမ်းတမ်းစွာ ထဘီကိုမ၊ အင်္ကျီလက်ကိုပင့်နှင့် ခင်ယုံ၏နူးညံ့သိမ်မွေ့လှသောစိတ်ကလေးနှင့် မျှော်လင့်ဖွယ်ရာမရှိသော အပြု အမူ၊

အပြောအဆိုမျိုးကို ထူးဆန်းစွာကြားရသောအခါ အားလုံးပင် စိတ်တုန်လှုပ်ချောက်ချားသွားမိကြလေ၏။

ကျွန်တော်၏မိခင်မှာ ပထမ၌ မခင်ယုံစိတ်အလျှောက်, မာန်အလျှောက်, ရိုင်းစိုင်းစွာပြုမူစော်ကားသည်ထင်၍ လွန်စွာဒေါသဖြစ်မိလေ၏။ ကျွန်တော်လည်း မြင့်မိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးအရှင်မွေး မိခင်ကို ခင်ယုံစော်ကားလိုက်သည့်အတွက် အသည်းနှလုံးသွက်သွက် ခါ၍သွားမိပေ၏။ သို့သော် ခင်ယုံမှာငိုကြီးချက်မဖြစ်သွားပြန်၍ အံ့အား သင့်စွာကြည့်နေကြစဉ်-

"ဟား-ဟား-ဟား-ဟား ဝမ်းသာလိုက်လေ၊ ငါလုပ်လိုက်ရတာ ဝမ်းသာတယ်၊ ကိုစောမွန်ရေ လာကြည့်စမ်းပါဦး၊ ခင်ယုံလုပ်လိုက်ပြီ၊ ဟား-ဟား-ဟား"

စသည်ဖြင့်ပြောကာ ခုန်ပေါက်ရယ်မောလိုက်သဖြင့် အံ့ဩ ထိတ်လန့်ကာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ ငေးနေမိကြလေ၏။ ဦးရာကျော်လည်း စဉ်းစားကာ-

"ဟော့-ကိုကိုလေး၊ ဒီဟာမရိုးဘူးကွ၊ ပယောဂ-ပယောဂ-ငိုလား, ရယ်လားနဲ့ ငါ့သမီး ဘယ်တော့မှ ဒီလိုအရှက်အကြောက်ကင်းမဲ့အောင် ကြမ်းကြမ်းတမ်းတမ်း မပြောမဆိုဖူးဘူး၊ ငါ့သမီးအလိမ္မာသူတော်ကောင်း ကလေးပါ၊ ကဲ-ကြာကြာထားလို့ နေရာမကျဘူး၊ ဆရာတစ်ဦးဦးမြန်မြန် ပင့်မှဖြစ်မယ်-"

ဟု ဆိုကာ၊ အစေခံတစ်ယောက်ကို ပယောဂဆရာစုံစမ်းရန် လွှတ်လိုက်မှ ကျွန်တော့်မှာ မခင်ယုံ၏စိတ်နေစိတ်ထားဖောက်ပြန်လာပုံများကို တွေးမိလာ၏။ တစ်စုံတစ်ဦးက မလိုသဖြင့် ကျွန်တော့်ကို အမုန်းတိုက်ထားသည်ကို ပြန်လည်၍တွေးမြင်မိလေ၏။ မိခင်မှာလည်း-

"သမီး-သမီး-ဖြစ်ရလေခြင်းကွယ်"

စသည်ဖြင့် ရင်ဘတ်တတီးတီး ယူကြုံးမရကြီးဖြစ်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိပြာ၍နေရှာလေ၏။

ခင်ယုံမှာ အခြားသောသူများထက် ကျွန်တော့်ကို ပိုမိုမျက်မုန်းကျိုးလေ၏။ ရှေးကမိဘသဖွယ် လွန်စွာကျိုးနွံရိုသေခဲ့သော ယောက္ခမ

များကိုလည်း အိမ်၌မွေးထားသော ကျွန်ကျေးပမာ ကြမ်းတမ်းရိုင်းပျစွာ အော်ဟစ်ဆဲဆိုကြိမ်းမောင်းလျက် တစ်ချက်, တစ်ချက်ရှိက်ကြီးငင်ကြီး ငိုကြွေးကာ တစ်ခါတစ်ခါလည်း ကလက်တီး, ကလက်တက် အရှက်အကြောက် ကင်းမဲ့၍ ကြွေချို့ယွင်းသော စကားများကိုပြောဆိုကာ ဟီလာတိုက်၍ ရယ်လိုက်လေ၏။ ဒေါ်နန်းစိန်လည်း ထိုအကြောင်းကို နောက်တစ်နေ့မှ သိရှိရကား သမီးကိုပြုစုစောင့်ရှောက်ရန် ပြောင်းရွှေ့လာလေ၏။

ကျွန်တော်လည်း ယခုမှပင် မခင်ယုံ၏ ဖောက်ပြန်ပြောင်းလွဲခဲ့ခြင်း၏ အမြစ်ရင်းကို သေချာစွာသိရှိရလျှင် မိမိအပေါ်တွင် မခင်ယုံ အချစ်အခင် လျော့ခဲ့သဖြင့် အသပြာတစ်သိန်းဆုံးရှုံးသော ကုန်သည်ယောကျ်ားကဲ့သို့ မခင်ယုံ၏ အဖိုးထိုက်တန်လှသောအချစ် ဆုံးရှုံးလေပြီ တကားဟုများစွာ ဝမ်းနည်းပူဆွေးခဲ့ခြင်းမှ သက်သာရာရကာ မခင်ယုံ၏ စိတ်ရင်းအတိုင်းမဟုတ် တစ်စုံတစ်ယောက်သော မလိုသူ၏နှောင့်ယှက် ဖျက်ဆီးသောပယောဂအစွမ်းကြောင့် လင်မှန်း, သားမှန်းမသိ၊ ပြောမိ ပြောရာ ပြောနေခြင်းမျှသာ ဆရာကောင်းနှင့်တွေ့က မုချပျောက်ကင်းရမည်ဟု တွေးတောအားတက်ကာ မခင်ယုံကိုသနားသည်မှတစ်ပါး များစွာပူဆွေးခြင်းမရှိလှဘဲ သက်သာရာ ရခဲ့လေ၏။

***

ယခင်က အမြဲချိုပြုံးနေသော မခင်ယုံ၏မျက်နှာကလေးသည် ယခုအခါတွင် အမြဲတန်းအောက်သိုးသိုးသုန်မှုန်လျက် မျက်နှာကြီး ရှစ်ခေါက်ချိုး လုပ်နေတတ်ပြီးလျှင် ယခင်က သာယာငြိမ့်လေး နားဝင်အေးသောစကားသံကလေးများသည် အေးမြသော အနောဒတ်ရေအိုင်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေပြေလေညှင်းပမာ မခင်ယုံ၏နီမြန်းသောနှုတ်ခမ်းကလေးမှ ထွက်ပေါ်လာမြဲဖြစ်သော်လည်း ယခုအခါတွင်ကား မဟာအဝီစိငရဲတွင် အလျှံမစဲတောက်သော မီးကျီးစုအတွင်းမှ ကျော်နင်းဖြတ်သန်းလာသောလေပူကြမ်းကြီးပမာ ခက်ထန်ကြမ်းတမ်း နားမချမ်းသာ စရာကောင်းသော ရေရွတ်ဆဲဆိုငိုမြည်ကြိမ်းမောင်းသော စကားစုများသာ ရွေးချယ်ထွက်ပေါ်လာတတ်လေ၏။

မခင်ယုံ မကျန်းမာသောသတင်းကို ကြားသဖြင့် လာရောက်သတင်း မေးကြသောဆွေမျိုးသားချင်း၊ မိတ်ဆွေရင်းချာများနှင့် အခြားပရိသတ်ခပ်စိမ်း စိမ်းများ စုမိလျှင်ကား မခင်ယုံမှာ အခါတိုင်းထက် ပိုမိုကြမ်းတမ်းလာကာ မကြားဝံ့, မနာသာ၊ မဖွယ်ရာသောအကြောင်းတို့ကိုသာ ပြောဆိုပြုမူတတ် လေ၏။

တစ်ခါတစ်ရံ လူရှင်းလျှင် မခင်ယုံသည် တစ်ယောက်တည်းငြိမ်သက် စွာငေးမောတွေဝေနေရာမှ မျက်ရည်ကြောင်းကလေးများပါးပေါ် စီးကျလာ လျှင် ကျွန်တော့်မှာ ရင်ထုမနာဖြစ်ကာ အနားသို့ဖွတ်လာထိုင်ပြီးလျှင်-

"ခင်ရေ-ခင်သတိရသလား၊ မောင့်ကိုမှတ်မိရဲ့လား"

ဟု ဝမ်းနည်းစွာမေးပြီး ဖေးဖေးမမ, ယုယပိုက်ထွေးလိုက်သောအခါ မခင်ယုံ၏မျက်နှာကလေးမှာ ညှိုးငယ်ဝမ်းနည်းစွာနှင့်စိုက်ကြည့်ကာ-

"မှတ်မိပါတယ်၊ မောင်-ခင့်ယောက်ျားပါ"

ဟု ဆိုလျှင်၊ ကျွန်တော့်မှာ လွန်စွာအားတက်လျက်-

"အို-ခင်ခုလိုတော့ အသိသားပဲ၊ တစ်ခါတစ်ခါ သတိလစ်သွားတယ် ထင်တယ်"

ဟု အားရဝမ်းသာပြောလိုက်သောအခါ မခင်ယုံက ပြုံးပြုံးကလေး-

"ခင်သိပါတယ်၊ သတိမလစ်ပါဘူး၊ ခင့်ကို တကယ်ချစ်ကဲ့လားလို့ မောင့်ကို အချစ်စမ်းနေတာပါ"

ဟု ပြောလိုက်သောအခါ၌ ကျွန်တော့်မှာ ခင်ယုံတကယ် ကောင်း သွားလေပြီဟု ရှေးကထက်အားတက်ကာ-

"ဘယ်လိုပဲအချစ်စမ်းစမ်း၊ မောင်ချစ်တာ, ချစ်တာပဲ, ဆဲလည်းမနာ, ဆိုလည်းမနာ, ရိုက်လည်းမနာ, ခင်ဟာမောင့်ကိုချစ်လို့ နွဲ့ဆိုးဆိုးတတ် တယ်ချည်းထင်ပြီး သည်းခံမှာပဲ"

ဟု အားရဝမ်းသာပြောလိုက်လျှင်-

"ဟင်-ဒါပေတဲ့၊ ခင်ကတော့ မောင့်မချစ်ပါဘူး၊ မောင့်မချစ်ဘဲနဲ့ ယူရတာသိရဲ့လား၊ ခင့်ရည်းစားရှိသေးတယ်မောင်ရဲ့၊ သိချင်သလား၊ ခင့် ရည်းစားဟာလေ၊ အို-သိပ်လှတယ်၊ ခင်သိပ်ချစ်တယ်၊ မောင့်ကိုချစ်တယ်ဆို

တာလေ ခင့်ရည်းစားချစ်တာထက် အပုံတစ်ထောင်ပုံလျှင်တစ်ပုံပဲရှိမယ်၊ တစ်ခါ, တစ်ခါ ခင့်ရည်းစား သိပ်လွမ်းတာပဲ၊ သူကလည်းလွမ်း ရင်လိုက်ခဲ့, လိုက်ခဲ့နဲ့ ခေါ်နေတာကြာလှပြီ၊ ဒီကမောင်ရှိနေလို့ မသွားရတာ၊ မောင်သေရင် ခင့်ရည်းစားဆီလိုက်ရတော့မှာပဲနော်၊ ဩော်-မောင်ကလည်း သေခဲလိုက်တာ၊ သေပါတော့လားမောင်ရယ်၊ ခင်သတ်ပေးမယ်လေ၊ သေပေးမလား"

ဟု လေချိုကလေးနှင့်ချွဲပြီး ကျွန်တော်၏အသည်းနှလုံးတို့ကို ကျွမ်းသဗ္ဗါလန်သွားစေအောင် ပြောနေသောအခါ "ခင်ယုံ, ခင်ယုံ သူ ဘယ်က ရည်းစားရှိရမှာလဲ၊ မဟုတ်နိုင်ဘူး, မဟုတ်နိုင်ဘူး၊ ခင်ယုံရဲ့ ပထမရည်းစားဟာ ငါပဲ၊ ခင်ယုံခုမှ(၁၇)နှစ်ရှိသေးတယ်၊ ၁၃နှစ်-၁၄နှစ်သမီးက ငါနဲ့ကြိုက်လာခဲ့တာ ဘယ်ကလာပြီး တခြားကရည်းစားရှိရမှာလဲ၊ ခင်ယုံ ဒီလိုအစားမျိုးမဟုတ်ဘူး"ဟု ကိုယ်တိုင်သိသောအချက်ကို ကိုယ်တိုင် ထုချေလျက် ညှိုးငယ်မှိုင်တွေနေမိသောအခါ ခင်ယုံမှာ ရယ်မောပြီး-

"ဟော-ဟော-ချစ်တယ်ဆိုပြီး အချစ်စမ်းလိုက်ရင် သူ့မျက်နှာကြီးညိုပြီးငိုမလို ဖြစ်ဖြစ်သွားတယ်၊ ဒါလားချစ်တာ၊ ခင်ကတော့ အလကားကျီစားပြောတာပါ၊ သူက တကယ်စိတ်ဆိုးတယ်၊ လာပါမောင်ရယ်၊ တကယ်ထင်ပြီး ငိုမနေပါနဲ့၊ မောင့်မျက်နှာကလေး ခင်နီးနီးကပ်ကြည့်စမ်းပါရစေ"

ဟု ဆိုကာ၊ ကျွန်တော်၏ကိုယ်ကို သိမ်းကြုံးပွေ့ဖက်လိုက်သောအခါ ကျွန်တော်လည်း အလိုက်သင့်ပါသွားမိလေ၏။

ထို့နောက် မခင်ယုံသည် ကျွန်တော်၏မျက်နှာကို လက်ကလေးနှစ်ဖက်နှင့်ဖေးကာ မော့ချလိုက်ပြီးလျှင် ချစ်ခင်မှုရာနှင့်သူ၏မျက်နှာနားဆွဲကပ်ကာ မျက်နှာချင်းတေ့ပြီးလျှင် သွေးပေါက်ပေါက်ထွက်လာသည့်တိုင်အောင် ကျွန်တော်၏ပါးကို ဒေါမာန်ပွားပြီး တအားဆွဲကိုက်ကာ တွန်းလှဲပစ်လိုက်ပြီးနောက် ခါးထောက်ကာ ဟက်ဟက်ပက်ပက်ရယ်လျက် ဒဏ်ချက်နှင့်ရှုံ့မဲ့နေသောကျွန်တော့်အား လှောင်ပြောင်ကာ ထွက်သွားလေတော့မှ မခင်ယုံကား စင်စစ်သတိမရ၊ ကျွန်တော့်ကိုနှိပ်စက်ရအောင် ပယောဂသက်သက်ဖြင့် ပရိယာယ်ဆင်ပုံကို တွေးမိသောအခါ လွန်စွာအခံရခက်လျက် ရုတ်တရက်ရန်သူကို ပြေး၍သတ်လိုက်ချင်တော့၏။

သို့သော် အဘယ်ကဲ့သို့သော ရန်သူစားဟုမသိ၊ ဘယ်အရပ်ဘယ်ဌာနက ရန်သူဟူ၍လည်းမတွေးနိုင်၊ စိတ်တူသဘောမျှ အလွန်တရာမှ ချစ်ခင်ကြင်နာလျက်ရှိကြသည့် လင်မယားစပ်ကြားတွင် တမင်သက်သက် မနာလိုသဖြင့် နှစ်ကိုယ်ဝေးအောင် အမုန်းဆေးဖော်ပေးသူများကို ကျောက်သားတွင်တင်၍ အရှင်လတ်လတ် ကြိတ်သတ်ပစ်ချင်၏။ ချစ်တုန်း, ခင်တုန်း, တပြုံးပြုံးမှာ မုန်းစရာဖန်လာသော ကံကြမ္မာကိုလည်း အပြစ်တင်မိလေ၏။ မိခင်ဘခင်တို့နှင့် ခင်ယုံ၏အမေ ဒေါ်နန်းစိန်တို့မှာလည်း မှန်ကဲ့သို့ အရိပ်ကြည့်နေသော သမီးမခင်ယုံအတွက် စိတ်လက်ပူဆွေးနေကြပြီးလျှင် ဘယ်ဆရာကောင်းသည်ဆိုလျှင် အူယားဖားယားပြေးခေါ်၊ ဘယ်ဘုန်းကြီးတော်တယ်ဆိုလျှင် ချက်ချင်းပင့်နှင့် ဆရာပေါင်းစုံခဲ့ရာ ဆရာသုံးလေးယောက်မှာမူ မခင်ယုံ၏ရောဂါ ကောင်းကောင်းသက်သာဖို့ဝေးစွ၊ ဆွဲပေးသလို ပိုမိုသည်းသည်ထက်သည်း၍ လာစေလေ၏။

ထိုဆရာများမှာ ပယောဂဝေဒနာ ကုထုံးနည်းအတိုင်း အသိုင်းအဝိုင်းကန်တော့ပွဲတွေ, ရေမန်းတွေ, အင်းအိုင်ခါလှည့်လက်ဖွဲ့စသည်ဖြင့် ဝေဝေဆာဆာပြင်ဆင်လျက် လူနာ၏လက်ကိုသွေးစမ်းခြင်း, ရေမန်းနှင့် ပက်ဖျန်းခြင်းစသော ပထမရှေးဦးစွာကုရမည့်လူနာကို စ၍ကိုင်မိလျှင်ပင် မခင်ယုံမှာမကြောက်မရှက် ပြောင်တက်တက်မျက်နှာမျိုးနှင့် ကန်တော့ပွဲတွေကို တွန်းထိုးဆွဲလှဲပစ်လိုက်ကာ ဆရာကိုဆဲဆိုမောင်းမဲ၊ သျှောင်ကို ဆွဲလျက်ရက်စက်ကြမ်းတမ်းစွာဆော်၍သာ လွှတ်သောကြောင့် ခေါ်လာသောထိုဆရာသုံးလေးယောက်မှာ ဆေးသောက်အောင်တိုက်နိုင်မည် ဝေးစွ၊ မိမိတို့ဆေးအိတ်ကလေးကိုမျှ မယူနိုင်ဘဲ မဟဲတရဲထွက်ပြေးရရှာလေ၏။

လူဝတ်ကြောင်နှင့် ဆရာတို့ကိုလည်းကောင်း၊ ဝတ်ဖြူစင်ကြယ်နှင့်ဆရာများကိုလည်းကောင်း၊ တစ်ဦးပြီးတစ်ဦး ပြောင်းလွှဲပင့်ခေါ်သော်လည်း မခင်ယုံ၏ဝေဒနာမှာမသက်သာ။ အော်၍မလွှတ်သည်ပင် ကျေးဇူးတင်ရမလိုဖြစ်နေလေ၏။ အချို့ပယောဂ ကောင်းလှဆိုသော ဘုန်းကြီးများကိုပင့်၍ပြသရာ၊ အချုပ်အချယ်, အကွပ်အကဲကောင်းလှ၍လားမသိ၊ မခင်ယုံအားကန်တော့ပွဲနားတွင် ရှိခိုး၍ ထိုင်ခိုင်းလျှင်ထိုင်၏။ ရေမန်းကိုသောက်စေသော်

လိုလိုချင်ချင် သောက်လိုက်၏။ ဆေးတိုက်သော်လည်းမငြင်း၊ လက်ဖွဲ့ အင်းအိုင်များကိုမပေးခင် ကိုင်ယူကာလည် ပင်းတွင်ဆွဲတပ်ဝတ်ဆင်ထား လိုက်လေ၏။ သို့သော် ခင်ယုံ၏မျက်လုံးများမှာ ကြောက်ရွံ့ပုံမရ၊ မလေးမခန့်ပြုံ၍ပြသည်နှင့်တူလှ၏။

ယင်းသို့နှင့်ပင် ခြောက်လကျော်ကျော် ခုနစ်လနီးပါးကြာခဲ့လေရာ ကျွန်တော့်မှာ ခင်ယုံ၏ဝေဒနာအတွက် သက်သာကွက်ရမှရနိုင်ပါဦးမလားဟု သက်ပြင်းများချကာ စိတ်ပျက်စွာတွေးမှိုင်မိလေ၏။ မိဘအိမ်သားတစ်စုမှာလည်း ခင်ယုံအတွက်စိတ်လက်မဖြောင့်, တကြောင့်ကြကြ နေ့မအိပ်ရ, ညမအိပ်ရ, ပြုစုစောင့်ရှောက်နေရသောကြောင့် ရက်လရှည်ကြာသော် စိတ်ပန်း, ကိုယ်ပန်းဖြစ်ကာ လက်ပန်းကျနေရှာလေတော့သတည်း။ သို့နှင့်လည်း သမီးကို စိတ်မချသဖြင့် အခိုင်းအစေတို့နှင့် ချည်းလွှဲမထားရက်ရှာဘဲ တစ်ယောက်တလဲအားခဲကာ နေ့ညမပြတ် ကြည့်ရှုအကဲခတ်လျက်ရှိကြရှာလေ၏။ ကျွန်တော့်မှာမူကား ပြောဖွယ်ရာ မရှိ၊ စိတ်ပန်း, ကိုယ်ပန်းမက စိတ်နုံးကိုယ်ချုံးဖြစ်ကာ အအိပ်ပျက်, အစားပျက်နှင့် အရိုးပေါ်အရေကပ်လျက်သာ ကျန်ရစ်တော့၏။

ခင်ယုံ၏ရောဂါမှာ "နေမြင့်လေ-အရှူးရင့်လေ"ဆိုသလို ပို၍သာကြမ်းခဲ့လေ၏။ "ခင်ယုံ လူပြုစားလို့ စိတ်နောက်နေတယ်"ဆိုသောသတင်းမှာ မောင်းကြေးနင်းခတ်သလို ကျော်စောလျက်ရှိလေ၏။ ကျော်စောတဲ့အတိုင်းလည်း ခင်ယုံမှာ သွက်သွက်ခါရူးနေသည့်အလား ရှမ်းသီချင်းများကို ဟစ်အော်သီဆိုခြင်း၊ တစ်ခါ, တစ်ခါ ရှမ်းက ကခြင်း၊ တစ်ခါတစ်ခါ ဟစ်အော်ငိုလိုက်၊ ဘစ်ခါတရံ အားရပါးရရယ်လိုက်၊ တစ်ခါတရံ အိမ်သားတစ်စုကို ရန်သတ္တရုပြုကာ လိုက်လံဆဲဆိုရိုက်နှက်ပုတ်ခတ်ကာ အိမ်ထောင်မှုအသုံးအဆောင်များကို ချိုးဖဲ့ဖျက်ဆီးပေါက်ခွဲချေမွပစ်တတ်လေ၏။ တစ်ခါတရံကား လူအမြောက်အမြား ဝိုင်းဆွဲထား၍ မနိုင်နိုင်အောင် အတင်းရုန်းကန်ထွက်လျက်-

"ဖယ်ကြပါ၊ ဆွဲမထားကြပါနဲ့၊ ကိုစောမွန်ဆီသွားမယ်၊ အို-ငါ့ မကိုင်ကြပါနဲ့"

ဟု ဟစ်အော်ပြောရင်း ရှန်းထွက်၍မရလျှင် ကြိုကြိုးချ၍ငိုကာ ဆွဲထားသောလူများကို ရန်မူရိုက်နှက်တတ်ပြန်လေ၏။ ကျွန်တော့်ကိုမူကား အနီးအနားကပ်၍ပြုစုဖို့မဆိုထားနှင့် အနားတွင် ရိပ်ခနဲမြင် လိုက်ရလျှင်ပင် နီးရာနှင့်ဆွဲ၍ ပစ်ပေါက်ဆဲဆိုလေ့ရှိသဖြင့် တစေ့တစောင်းကသာ ချောင်းမြောင်းကြည့်ရှုပြုစုစောင့်ရှောက်နေရလေတော့၏။

ကျွန်တော်တို့၏ကံအကျိုးပေးကား ဆိုးဝါးလှ၏တကား။ ချစ်စ, ခင်စ, ကြင်နာစဖြစ်သော အကြင်လင်မယားမှန်ပါလျက် တစ်စုံတစ်ယောက်၏ ပယောဂလက်ချက်ကြောင့် နီးလျက်နှင့်ဝေး၊ ချစ်လျက်နှင့်ကွဲနေရသဖြင့် အသည်း ညှာနှလုံးသားကို ဓားတင်၍ဖြတ်သည့်ပမာ လွန်စွာ အခံရခက်လှသောကြောင့် ကွယ်ရာထောင့်ကြားက မယားသည့် မခင်ယုံကို စေ့စေ့ကြည့်ပြီး တရိရိဆွေး လှသဖြင့် တမှိုင်မှိုင်တငေးငေးနှင့် မျက်ရည်ချောင်းကလေးများ ပါးပေါ်တွင် စီးကျနေသည်ကို ယောက္ခမနှင့် မိဘတို့မြင်လျှင် ခင်ယုံကိုသတိမရ၊ ကျွန်တော် ရှိရာသို့ စုကြပြီးလျှင် အနီးတွင်ထိုင်ကာ အားပေးစကားနှင့် ပြောကြားချော့မော့ လျက် သူတို့မျက်ရည်ကိုပင် သူတို့မသိမ်းနိုင်အောင်ရှိလာမှ တော်ရာကိုထ, သွားကြရှာလေသတည်း။

ထိုသို့ စိတ်နွမ်း, လူနွမ်းနှင့် မချမ်းမသာ၊ ရက်လကုန်ခဲ့လေရာ မခင်ယုံ ၏ရောဂါမှာ ဆရာစုံသလောက် တိုးနေသကဲ့သို့ရှိသောကြောင့် "ဆရာများ သားသေ"ဆိုသောပုံကဲ့သို့ ဖြစ်မည်စိုးသည်ကတစ်ဖက်၊ လက်လျှော့ပြီး မကုဘဲလည်းမနေနိုင်နှင့် စိတ်ရှုပ်ညစ်ညူးလှသဖြင့် တစ်ညသောအခါ ကျွန်တော် သည် စိတ်လက်မကောင်းလှသည်နှင့် ဘုရားခန်းသို့ သွားပြီး ဆီမီး, ဖယောင်း တိုင်, ပန်း, ရေချမ်း စသည်များ ပူဇော်ကပ်လှူပြီးလျှင် ငါးပါးသောပဥ္စသီလကို ခံယူကာ အနန္တောအနန္တငါးပါးဟု ဆိုအပ်သောရတနာသုံးပါး, မိဘဆရာသမား များကို ကန်တော့ပြီးလျှင် သုံးဆယ့်တစ်ဘုံကျင်လည်ကုန်သော ဝေနေယျ သတ္တဝါများ မေတ္တာပို့သ အမျှအတန်းပေးဝေပြီးလျှင် မခင်ယုံ၏ဝေဒနာကို လျင်မြန်စွာပျောက်ကင်းအောင် ကုသကယ်ဆယ်နိုင်မည့် ဆရာကောင်း, ဆရာ မြတ်များ အလျင်အမြန်တွေ့ရပါစေသတည်းဟု ဆုတောင်းဆုယူပြုပြီးလျှင် ယခင် ခုနစ်လ, ရှစ်လလောက်ကထဲက အိပ်ရမှန်းမသိ, စားရမှန်းမသိနေခဲ့ရ

သောကြောင့် ပင်ပန်းနွမ်းလျခဲ့ပြီးဖြစ်၍ အိမ်ရှေ့ကြမ်းပြင်ကလေးသို့ထွက်ပြီး ခြေပစ်, လက်ပစ်လှဲလိုက်မိရာ မကြာမီပင် နှစ်ခြိုက်စွာအိပ်ပျော်၍ သွားလေ၏။

ကျွန်တော်သည် မခင်ယုံ၏ဝေဒနာအတွက် စိတ်လက်ပူပင်စွာနှင့် အရှေ့စူးစူးသို့ ခြေလှမ်းသွက်သွက်နှင့် ဆရာရှာထွက်ခဲ့ရာ မကြာမီ အောင်ပင်လယ်ကန်ကြီးကို လွန်မြောက်ခဲ့ပြီးနောက် ရန်ကင်းတောင်ခြေသို့ဆိုက်ရောက်ခဲ့လေ၏။ ကျွန်တော်လည်း စောင်းတန်းလှေကားအတိုင်း ကြည်လင်ပေါ့ပါးစွာတက်သွားရာ မောပန်းခြင်းမရှိဘဲ တောင်ထိပ်သို့ ရောက်ခဲ့ပြီးနောက် အောက်သို့ဆင်းသော အုတ်လှေကားကြီးအတိုင်း ဆင်းလိုက်သွားပြန်ရာ အလောင်းတော်ငါးရံ့မင်းစံတော်မူသော ကျောက်ဂူ လိုဏ်နန်းကြီးအတွင်းသို့ရောက်ခဲ့လေ၏။

ကြည်ညိုဖွယ်ကောင်းလှသော ကျောက်ဆင်းတု, ရွှေဆင်းတု ရုပ်ပွားတော်များကို ကန်တော့ဝတ်ချပြီးလျှင် ရေကန်၏အလယ်တွင်ရှိသော ကျောက်ငါးရံ့ကြီးများကို ကြည့်ရှုနေစဉ် ဝတ်ဖြူစင်ကြယ်နှင့် လွန်စွာကျက်သရေရှိသော လူကြီးတစ်ယောက် အုတ်လှေကားမှတဖြည်း ဖြည်းဆင်းသက်လာပြီး တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့်ဘုရား ရင်ပြင်တော်တွင်ဦးချ ဘုရားဝတ်ဖြည့်နေသည်ကို တွေ့မြင်ရသောအခါ ကျွန်တော်၏စိတ်၌အကြောင်းမသိ ထိုလူကြီးကို ချစ်ခင်ကြည်ညိုပြီးလျှင် အားကိုးချင်သော စိတ်များ ပေါ်ပေါက်လာသဖြင့် ထိုလူကြီးအထတွင် တစ်ခါတည်းပြေး၍ ခြေကိုဖက်လျက်-

"ဘဘကြီးခင်ဗျာ၊ ကျွန်တော့်မိန်းမဒုက္ခကို ကယ်နိုင်ရင်ကယ်တော်မူခဲ့ပါ၊ ကျွန်တော်တို့မှာ ကိုးကွယ်စရာမရှိအောင် အတိဒုက္ခရောက်နေကြပါတယ်၊ သနားသဖြင့် ကရုဏာရှေ့ထား ကယ်မတော်မူပါခင်ဗျာ"

ဟု ခယတောင်းပန်သောအခါ ဆရာကြီးလည်း ကြင်နာစွာ ခေါင်းကိုညိတ်ပြီးနောက် လက်ကိုဆန့်၍ မြှောက်လိုက်လျှင် နွယ်ကြိုးတို့နှင့် ကျပ်တည်းစွာ ရစ်ပတ်တုပ်နှောင်၍ ထားခြင်းခံရသော မခင်ယုံသည် ထိုလူကြီးရှေ့မှောက်သို့ ဘွားခနဲရောက်လာလေ၏။

ဆရာကြီးလည်း သတိမရမြောမေ့နေသောမခင်ယုံအား လက်ဖြင့်ရွယ်ကာ, ရွယ်ကာ သုံးကြိမ်မျှ သပ်ချလိုက်သည်နှင့်တစ်ပြိုင်နက် မခင်ယုံမှာ

အနှောင်အဖွဲ့မှလွတ်မြောက်ကာ မေ့ရာမှသတိရသဖြင့် ရုတ်တရက် ထထိုင်ပြီးနောက် ကျွန်တော်တို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ဝမ်းမြောက်စွာ ဝမ်းသာအားရ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မဆုံးနိုင်အောင် ရှိလေသတည်း။

ကျွန်တော်လည်း ပြုံးခနဲလန့်နိုးရာ အိပ်မက်ထဲက ဝမ်းသာ လက်စ အတိုင်း အရှိန်မပြေ ဝမ်းမြောက်ကြည်လင်လျက်ရှိလေ၏။ ထို့နောက်မှ အိမ်ခန်းတွင်းက မခင်ယုံတရေးနိုးတွင် အော်ဟစ်ဆဲရေးလိုက် သံကြားမှ အကယ်မဟုတ် အိပ်မက်မျှသာဖြစ်ကြောင်းသတိရပြီးလျှင် ဤ တွင်မှလည်း အရှေ့ကျင်း၍ အရှေ့လောကဓာတ်မှ လင်းရောင်ခြည်ပျို့လာသည်ကို မြင်မိသဖြင့် ညကမိမိအိပ်မောကျသွားသည်မှာ အတော်ကလေး ကြာလိုက် မှန်းသိလေ၏။

သို့နှင့် ညကဘုရားရှိခိုးဆုတောင်းမေတ္တာပို့ အိပ်မိသည်ကို တွေးမိကာ အိပ်မက်၏အသွားအလာကို စဉ်းစားမိပြန်၏။ "ငါညက ဆုတောင်းအိပ်လို့ ဒီအိပ်မက်ကိုမြင်တာ၊ အိပ်မက်ထဲကအတိုင်း ရန်ကင်းတောင်ကိုသွားရှာရင် ဆရာကောင်းတွေ့ဖို့နိမိတ်ပဲ၊ ကိုယ်စောင့်နတ်များက အိပ်မက်နှင့်ညွှန်ပြတာဖြစ် လိမ့်မယ်၊ ရန်ကင်းတောင်ဆိုတဲ့အတိုင်း မခင်ယုံရဲ့ရန်သူနဲ့တူတဲ့ ပယောဂ အနှောင့်အယှက်ဘေးရန်တွေ ကင်းပျောက်တော့မယ်၊ အောင်ပင်လယ်ဆိုတာ လည်း ဘေးရန်တွေအောင်မြင်မည့်နိမိတ်ပဲ"ဟု တွေးတောကောက်ယူကာ မည်သူ့ကိုပြောခဲ့ရမှန်းမသိတော့ဘဲ မယားအရေးကြောင့် အရှေ့ဘက်သို့ အရုဏ်မတက်, တတက်တွင် ခပ်သုတ်သုတ် ပြေးခဲ့လေသတည်း။

မောရမှန်းမသိ မချိရာကစိတ်ဖွဲ့နှင့်ခဲ၍လာခဲ့ရာ နေလုံးကြီးရဲရဲ အရှေ့ဘက်တောင်ကြားထဲမှ ဝင်းလက်သောရောင်ခြည်ကို မဖြန့်ဝေသေးဘဲ လောကကြီး၏အကဲကို ချောင်းမြောင်းကြည့်ရှုနေသည့်အလား မပြုတပြု ပေါ်လာလျှင် ကျွန်တော့်မှာ ရန်ကင်းတောင်ထိပ်သို့ ရောက်ရမှန်းမသိ ရောက် လာလေ၏။ ငါးရံ့မင်းတွင်းခေါ် ကျောက်ဂူကြီးအဝမှ အောက်သို့ ငုံ့ကြည့် လိုက်သောအခါ ရောင်ခြည်မသန်း အမှောင်ဖြင့် ဖုံးလွှမ်းလျက်ရှိလေ၏၊

ဆေးအစ်ကြီးကိုလွယ်ကာ ဝတ်ဖြူပုဆိုးနှင့် တဘက်ဖြူကိုလော ဘက်တင်လျက် ငါးရံ့တွင်းအုတ်လှေကားမှ အသက်လေးဆယ်ကျော် အရွယ် ထယ်ဝါခံ့ညား ကျက်သရေရှိသော မျက်နှာထားနှင့်တက်လာသော အဘိုးကြီး တစ်ယောက်ကိုတွေ့ရသောအခါ ကျွန်တော်၏စိတ်မှာ အိပ်မက်ပြန်၍ မက်နေ သည်ဟုပင် အထင်လွဲမိပေ၏။

အိပ်မက်၌တွေ့ရသော ဆရာကြီး၏မျက်နှာဟန်ပန်နှင့် ယခု ဒီမှာ တွေ့ရသောဆရာကြီး၏ပုံဟန်၊ မျက်လုံးမျက်ဖန်စသည်တို့မှာ ရွေးမရအောင် တူညီလှပေ၏။ ကျွန်တော်လည်း တာရှည်ဆွဲမနေတော့ဘဲ အိပ်မက်ထဲက အတိုင်း ကြည်ညိုအားထားလာကာ တစ်ခါတည်းခြေကို ဆီး၍ဖက်လျက်-

"ဆရာကြီးခင်ဗျား၊ ကျွန်တော့်မိန်းမ၏ဒုက္ခကို ကယ်ဆယ်တော် မူပါခင်ဗျား"

ဟု ရှိသေစွာပြောဆိုတောင်းပန်မိရာ ဆရာကြီးလည်း တည်ကြည် ငြိမ်သက်သောအသံနှင့်-

"ဘယ်လိုဒုက္ခကို ကယ်ဆယ်ရမှာလဲမောင်ရဲ့"

ဟု မေးသောအခါ ကျွန်တော်လည်း မခင်ယုံ၏ဖြစ်ပုံကို အစမှ အဆုံးတိုင်ပြန်ပြောပြီးလျှင် ယခင်က ဆရာပေါင်းများစွာ ကုသခဲ့ပုံများကိုလည်း ပြောပြကာ ယခုညတွင် ဆုတောင်းမေတ္တာပြု၍အိပ်ရာ၌ အိပ်မက်ရ၍ အိပ်မက်အတိုင်းထ၍လာခဲ့ရာ ဆရာကြီးနှင့်အခန့်သင့်တွေ့ရကြောင်း ပြောပြ သောအခါ ဆရာကြီးလည်း အနည်းငယ်ပြုံးလျက်-

"အင်း-ဆရာအဓိဋ္ဌာန်ပြုတဲ့အချိန်နဲ့ မောင်ရင်ဆုတောင်းတဲ့ အချိန် တိုက်ဆိုင်မိလို့ နတ်ကောင်း, နတ်မြတ်တို့က အိပ်မက်နှင့်ညွှန်ပြ လိုက်တယ် တူပါရဲ့၊ ဆရာက အထက်လမ်းကကိုးတပည့်ရဲ့"

ဟု ပြောပြီး တစ်ဖန်ဆက်ကာ-

"ဆရာ့မှာ သစ္စာအဓိဋ္ဌာန်တစ်ခုလုပ်ဖို့ အထက်ကအမိန့်ချထား လေတော့ ဒီလိုမတရားသဖြင့် စုန်းတိုက်, နတ်တိုက် ဒုစရိုက်အလုပ်မျိုးနှင့် သတ္တဝါတစ်ဖက်သားကို အကျိုးယုတ်ပျက်စီးစေရန် ပြုလုပ်ထားသဖြင့် ဒုက္ခ ခံစားနေရသူများကို တတ်အားသမျှ ကယ်ဆယ်မယ်လို့ မနေ့ ညကစပြီးနောက်

သုံးနှစ်တိတိ အားထုတ်လုပ်ကိုင်ကယ်ဆယ်ရန် မြတ်စွာဘုရားရှေ့တော်မှာ နတ်အများတိုင်တည်ပြီး အဓိဋ္ဌာန်ပြုလိုက်တယ်၊ ဒုက္ခိတသတ္တဝါတို့အတွက် ဘေးအန္တရာယ်ကိုကင်းရှင်းအောင် ကယ်ဆယ်ရမည်ဖြစ်၍ အတိတ်နိမိတ် ယူကာ ဒီကရန်ကင်းတောင်မှာလာပြီး ရှေးဦးစွာ သစ္စာပြုရတာကလား တပည့်ရဲ့၊ ကဲ-ကဲ-ဆရာကယ်ဆယ်ရတော့မှာပေါ့၊ မောင်ရင်တော့ အဓိဋ္ဌာန်ပြုပြီး ရှေးဦးစွာတွေ့ရသူမို့ ဆရာ့ တပည့်ဦးတစ်ယောက်ဖြစ်ပြီး မောင့်ကုသိုလ်ကံ ထောက်မလို့ တွေ့ရတယ် သဘောထားပေတော့"

ဟု အမိန့်ရှိကာ ကျွန်တော်ပင့်ရာသို့ ကြည်ဖြူစွာလိုက်ပါလာ လေ၏။ တောင်အောက်သို့ရောက်လျှင် နေအတော်မြင့်နေပြီဖြစ်၍ တောင်ခြေရှိရွာထဲတွင် လှည်းငှား၍ပြန်မည်ပြုရာ ဆရာကြီးက-

"တပည့်၊ လှည်းမငှားနှင့်၊ ဆရာ သက်ရှိသတ္တဝါတစ်ဦးတစ်ယောက် ဆွဲဆောင်ထမ်းပိုးသော"ယာဉ်"မျိုးကို မစီးဘူး။ အရိပ်အေးရာက တဖြည်းဖြည်းသွားကြတာပေါ့"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း ဆရာကြီးအလိုကိုနာခံကာ ဆေးအိတ်ကြီးကိုထမ်းလျက် နောက်မှလိုက်ပါလာခဲ့လေ၏။

နံနက်၁၁နာရီလောက်တွင် အိမ်ဝကိုရောက်ကြ၍ အိမ်ပေါ်မှ မိဘတို့မှာ ရင်ဘတ်စည်တီးငိုကြွေးနေကြသော အသံများကိုကြားရသဖြင့် ကျွန်တော့်မှာသွေးသားတွေရပ်စဲပြီး လောကဓာတ်ကြီးတစ်ခုလုံး မည်းမှောင်သွားပြီဟု ထင်မိလေ၏။

"ခင်ယုံ-ခင်ယုံ-အမယ်လေး၊ မတွေးဝံ့ဘူး၊ ဘုရား-ဘုရား-အလာနှောင်းပြီထင်ရဲ့"

ဟု ဘဝင်တထိတ်ထိတ်နှင့် မမေးဝံ့အောင်ရှိနေစဉ်-

"အို-လူကလေးရဲ့၊ မင်းလုပ်ရက်တယ်ကွဲ့၊ အမေတို့ ဘယ်လိုနေရမလဲ၊ မင်းစိတ်ညစ်လို့ ထွက်သွားချင်ရင် တိုင်ပင်ပါဦးတော့လား"

ဟု နောက်ထပ်ပြော၍ ငိုလိုက်သောစကားကိုကြားမှ နံနက်လင်းအားကြီးက ကျွန်တော်မပြောမဆိုဘဲ ထွက်လာခဲ့သည်ကိုသတိရကာ စိတ်ထဲက အပူလုံးကြီး ပြုန်းခနဲကျသွားလေတော့သတည်း။ ကျွန်တော်နှင့် ဆရာကြီးတို့

အိမ်ပေါ်ရောက်ကြသောအခါ ငိုနေသောမိခင်မှာ ဝမ်းသာအားရ ကျွန်တော့်ကိုပြေးဖက်ပြီး-

"အမယ်လေး-သားကြီးရယ်၊ မပြောမဆိုဘယ်ထွက်သွားလိုက်ရတာလဲ၊ အမေတို့ဖြင့် အသည်းကွဲရတော့မယ်၊ မင့်နှယ်ကွယ်၊ နောက် ဒီလို-အိုဆရာတစ်ယောက်ပင့်လာပြန်ပလား"

စသည်ဖြင့် ဝမ်းသာအားရပြောရာ ကျွန်တော်လည်း ဆရာကြီးကိုနေရာထိုင်ခင်းများပေးပြီး အိပ်မက်အရ ကပျာကယာ ရန်ကင်းတောင် သို့ပြေးရကြောင်း၊ ဆရာကြီးကိုလည်း အိပ်မက်ထဲကအတိုင်း တွေ့ခဲ့ရပုံတို့ကို ပြောပြသောအခါ ကျွန်တော်၏အဖေဖြစ်သူ ပွဲစားကြီး ဦးရာကျော်လည်း ဆရာကြီးကိုလွန်စွာကြည်ညိုရှိသေကာ-

"တစ်ခါမှ ငါ့သမီးရောဂါ ရှင်းရှင်းပျောက်ရပေတော့မည်"

ဟု စကားနည်းသလောက် တစ်ခွန်းကောင်း ပြောတတ်သည့် အားလျော်စွာ ပြောလိုက်တိုင်းမလွဲတတ်သဖြင့် ယခုစကားကိုပြောလိုက်သောအခါ တစ်အိမ်သားလုံးပင် မခင်ယုံအတွက် စိတ်လက်အေးချမ်း ရွှင်လန်းဝမ်းမြောက်ကြလေကုန်၏။

ဆရာကြီးလည်း ထိုနေ့၌ပင် နေ့ကောင်းရက်ကောင်းကြုံသဖြင့် နေတက်ချိန်လူနာကိုစ၍ကိုင်ရန် အအပ်ခိုင်းသောကြောင့် မခင်ယုံကို ဆရာကြီးရှေ့သို့သွားရန် ချော့မော့ခေါ်သော်လည်း ငြင်းဆန်ရှောင်ဖယ်၍သာနေသဖြင့် ရုတ်တရက်ခေါ်မရရှိလေ၏။

ဆရာကြီးလည်း ယခင်ဆရာများကဲ့သို့ အပိုအမိုစရိတ်ကုန်စေ သည့်များစွာသောအသိုင်းအဝိုင်းတွေနှင့် အလှိုင်းတကြီးပြု၍မနေဘဲ အိမ်ဦးခန်းတွင်ကန်တော့ပွဲနှစ်ပွဲမျှသာပြင်စေပြီး ဆီမီးဖယောင်းတိုင် ထွန်း၍ ပန်းများနှင့်ကန်တော့ပွဲတစ်ခုကို ဆရာကြီးကိုယ်တိုင်အထက် ဆရာကြီးများကို ကန်တော့ပြီးနောက် ကျွန်တော့်အား လက်ဦးတွေ့ရသည့် တပည့်ဦးဖြစ်သည့်အတွက် ဆရာ့အတွက်အသုံးပြုစေရန် ကျန်သော ကန်တော့ပွဲတစ်ခုနှင့် ဆရာကြီးကိုကျွန်တော်က ကန်တော့စေ၏။

ဆရာကြီးလည်း ဤကဲ့သို့ကန်တော့ပြီးမှ ကျွန်တော့်အား အထက်ဆရာကြီးများကပါ အသိအမှတ်ပြုစေသောတပည့်အဖြစ်သို့ သွတ်သွင်းချီးမြှင့်လိုက်ပြီးလျှင် ကျွန်တော့်အား ငါးပါးပဥ္စသီလတော်မြတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေရန် ဝန်ခံစေပြီးလျှင် နတ်ကြီးငါးပါးစောင့်ရှောက်သော ဆေးများ၊ ဘုရားမော်စသော အထက်လမ်းအင်းများ၊ ပြာချတိုက်ပြီးနောက် ကျွန်တော့်အား ဆရာကြီးနောက်နားသို့ ရွှေ့ထိုင်နေစေ၏။

သို့နှင့် ကျွန်တော့်အလှည့်ပြီးသော်လည်း မခင်ယုံမှာအပြင်သို့ ခေါ်မရ၊ ငြင်းဆန်၍သာနေလေ၏။

"မလိုက်ချင်ဘူး၊ မခေါ်ကြပါနဲ့၊ ကြောက်ပါတယ်ဆိုနေတာ မသိဘူးလား"

စသည်ဖြင့် ဆူညံစွာဟစ်အော်လျက်ရှိလေ၏။ မခင်ယုံ၏ မျက်လုံးများမှာလည်း ထိုအချိန်တွင် ကျီးကန်းတောင်းမှောက်ပမာ ပြေးပေါက်ကိုရှာနေသကဲ့သို့ ဖြစ်နေလေ၏။ ဆရာကြီးသည် အခန်းထဲက မခင်ယုံ စကားပြောသံကိုကြားသဖြင့် ခပ်ပြုံးပြုံးပင်-

"ဟေ့-လာသာလာပါကွဲ့၊ မကြောက်ပါနဲ့"

ဟု လှမ်း၍ပြောလိုက်သောအခါ မခင်ယုံမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး အနီးကလူများကို ရန်ထောင်ကာ-

"ကိုင်း-သူတို့ပြောရတာနဲ့ ဟိုကတောင်ကြားသွားပြီ၊ နင်တို့ကြောင့်ပဲ၊ သွားကြ, သွားကြ နင်တို့မျက်နှာတွေ မကြည့်ချင်ဘူး"

ဟု ပြောရင်း၊ ပြုံးပြုံးဗိုင်းဗိုင်းတွေ့ရာနှင့်ပင် ပစ်ခတ်နှင်ထုတ် နေပြန်သောကြောင့် မည်သူမျှမခင်ယုံအနီးသို့ မချဉ်းကပ်ဝံ့ဘဲ ရှိကြလေ၏။ ထို့နောက် ဆရာကြီးက တစ်ကြိမ်, နှစ်ကြိမ်ထပ်၍ခေါ်သော်လည်း ထွက်မလာ။

"ဟုတ်ကဲ့-လာပါ့မယ်"

ဟုသာပြောလျက် ထွက်လည်းမလာ၊ အခန်းထဲမှာလည်း ငြိမ်သက်စွာမနေနိုင်၊ ထိုင်ချည်, ထချည်, ယီးတီးယားတား လုပ်၍သာနေလေ၏။ နောက်တစ်ကြိမ်ကား ဆရာကြီးသည် အာဏာသံနှင့်-

"ဟေ့-ထွက်ခဲ့လေ၊ ဘာလုပ်နေတာလဲ"

ဟု ဆိုလိုက်မှ၊ ခင်ယုံမှာ အားမတန် မာန်ကိုလျှော့လိုက်ရသည့်ပမာ မကျေချမ်းသောမျက်နှာဖြင့် ဆောင့်ကြီး, အောင့်ကြီးနှင့် ထွက်လာပြီး တံခါးခုံ အနီးမှာပင် ဆောင့်ကြွားကြွားကြီး ထိုင်လိုက်ကာ ဆရာကြီးရှိရာသို့ ကျောခိုင်း၍နေလေ၏။ ဆရာကြီးက-

"ဒီဘက်လှည့်လေ၊ ဘာပြုလို့ ဝေးဝေးကြီးက ထိုင်ရသလဲ၊ ဆရာ့ အနားတိုးလာခဲ့ပါ"

ဟု ခေါ်ရာ၊ ခင်ယုံလည်း တစောင်းဘေးတိုက်ထိုင်နေရာမှ-

"မတိုးပါရစေနဲ့၊ ဒီအနားကနေလည်းတော်ရောပေါ့"

ဟု လှည့်မကြည့်ဘဲ မထီလေးစားပြောလိုက်မှ ဆရာကြီးလည်း မျက်နှာထားကြီးကြီးနှင့်-

"ဟင်း-ချိုချိုသာသာနဲ့ မရချင်ဘူးထင်တယ်၊ နင်ဘယ်ကလဲ၊ ခု ချက်ချင်း ငါ့အနားရောက်အောင်တိုးလဟဲ့"

ဟု ထိုင်ရင်း၊ ကြမ်းကိုဖနောင့်နှင့်တစ်ချက်ဆောင့်လိုက်ရာ ဘေးတိုက် ထိုင်နေသော မခင်ယုံသည် ထိုင်နေရာမှလူးလိမ့်လာပြီး ဆရာကြီးရှေ့တွင် ဒူးတုပ်လျက် လာထိုင်လေ၏။ သို့သော်လူကပါ ကျောမခိုင်း ဝံ့သည့်တိုင်အောင် မျက်နှာကိုဘေးသို့လွှဲထားလျက်ပင် ရှိသေး၏။ ဆရာကြီးလည်း ကျွန်တော့်အား မှန်စီရွှေချ ဆေးအစ်ကြီးထဲမှ နီရဲသော ဆေးတောင့်တစ်တောင့်ကိုယူ၍ ရွှေချ အင်းနှံ့ထားသော ဆေးကျောက်ပျဉ်ကလေးတွင် တင်၍သွေးစေပြီးလျှင်-

"ကိုင်း-ငါ့တပည့်က လူနာ့ရှင်ဆိုသော်လည်း ဆရာ့တပည့်ပေကိုး၊ ဒီနေရာမှာ တပည့်အဖြစ်နဲ့ သုံးရလိမ့်မယ်"

ဟု ဆိုကာ၊ သွေးထားသောဆေးကို ကျွန်တော်၏မျက်လုံး နှစ်ဖက် တွင်ကွင်းပေးပြီး-

"ကဲ-တပည့်၊ သူငယ်မကိုကြည့်နေပေတော့၊ ပြီးတော့ ဘာမြင်တယ် ဆိုတာသာ ဆရာ့ကိုပြောစမ်း"

ဟု ဆိုသောကြောင့် ကျွန်တော်လည်း မခင်ယုံကို စိုက်ကြည့်နေ မိလေ၏။ ဆရာကြီးလည်း ဆေးအစ်ကိုဖွင့်၍ အမွှေးပေါင်းစုံကဲ၍ထား သော ဖန်ဘူးကလေးထဲတွင် ထည့်၍ထားသည့် နှစ်လုံးပြူးရွှေလက်ဖွဲ့ ကလေးကို

ဟု ဆိုသဖြင့်၊ ခင်ယုံကပြုံးပြီး-

"ဟင်-အကောင်းမှတ်လို့ နားထောင်နေတာ၊ သူ့ဖြင့် ဒီလို ချည်းပဲ၊ စကားကောင်းပြောရာက အသောဖောက်ဖောက်လာတတ်တယ်၊ အမြင်ကပ်တော့ ကိုစောမွှန်ဆီလိုက်"

ဟု စကားမဆုံးမီပင်-

"ဟိုက်-တန်တန်-နိမိတ်မရှိတာတွေမပြောနဲ့"

ဟု ဆိုရင်း၊ ခင်ယုံ၏ကိုယ်ကလေးကို ကျွန်တော်၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်စဉ်-

"ဟင်-အလို-အို"

ဟု ဆိုကာ၊ ပြန်ထွက်ရအခက်၊ ရှေ့တိုးရအခက် ကြောင်တက်တက်ဖြစ်နေသော အိမ်စေမကလေး မယ်ခကိုမြင်သဖြင့် မခင်ယုံလည်း ရင်ခွင်မှ ထွက်ကာ ရှက်ရှက်နှင့်ပြုံးပြီး-

"ဟဲ့-မယ်ခ-ဘာတုံး"

ဟု မေးလိုက်မှ-

"အို-ဟို-မ-မ-မ-နက်ကျ-ဆ-ဆ-ဆရာကြီး၊ ထမင်း-စားဖို့ န- န-နသပု-င-င-င-ပျောသီး-ကုန်-ကုန်-ကုန်နေလို့-ဝ-ဝ-"

ဟု စကားမဆုံးနိုင်အောင် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသဖြင့်-

"အို-ဟုတ်လား၊ ဒါဖြင့်သွား-သွား-မြန်မြန်ရအောင်ရှာဝယ်ချေ၊ ဆရာကြီးက သူ့အသက်လည်းမစားတော့၊ မရရင်မဖြစ်ဘူး၊ ဘယ်လောက်ပေးရ, ပေးရ-ဈေးဆစ်မနေနဲ့နော်"

ဟု ငွေစက္ကူတစ်ချပ် ထုတ်ပေးလိုက်သဖြင့် မယ်ခကလေး ထွက်သွားလေရာ ကျွန်တော်တို့မှာ လွတ်လပ်စွာကျန်ရစ်ခဲ့လေတော့သတည်း။

(နောက်အပိုင်း ကျွန်တော်သည် ချစ်လှစွာသော ဇနီးသည် မခင်ယုံကို နှစ်နှစ်ကျော် ခွဲခွာထား၍ မည်သည့်နည်းနှင့် ဆရာကြီး နောက်လိုက်ပါသွားရပုံများ မျှော်ပါ။)

**ကိုတိုးလေး**